www.burmeseclassic.com

# ဇေယျကျော်အောင်

## စဝ်ရန်နိုင်နှင့် ဗြိစ္ဆာမှတ်တမ်း

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

ဦးမြကြီးပါဒေဟုံ

စီစဉ်သူ
ပိုးနဲ့အိ

# ဇော်ထက်အောင်
# စင်ရန်နိုင်နှင့် ပြိဿာမှတ်တမ်း

အသစ်စက်စက် စ/ဆုံး လုံးချင်းဝတ္ထု

မူခွင့်ပြုချက်အမှတ်-၅၀၀၄၆၁၀၆၀၄၊ ၂၀၀၆ခု၊ ဇူလိုင်လ၊ အုပ်ရေ-၅၀၀၊
နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၁၀၀၆၀၅။ ပထမအကြိမ်၊ တန်ဖိုး-၁၀၀၊
နှာဖုံးပန်းချီ-ချစ်ဆန်း၊ ကာလာခွဲ-စိန်နဂါး၊ စာအုပ်ချုပ်-မောင်မောင်၊
မိုးကောခိုင် (၀၁၆၉၂)၊ ချိုတေးသံစာပေ-ရေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်-
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်ခင်စီ (၀၂၅၀၇)၊
ဦးဘောပုံနှိပ်တိုက်၊ တိုက် (၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း
ပါသည်။

မိုးဆမ်းပန်းစာပေမှ တင်ဆက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အခွင့်အခါကောင်းကို စောင့်မျှော်နေသည့် မိုးသက်မုန်တိုင်းသည် ပင်လယ်ပြင်၌ ကြမ်းတမ်းစွာ တိုက်ခတ်ရှာသွန်းနေ၏။ ပင်လယ်ပြင်တစ်ခုလုံးသည် အနက်ရောင်ကမ္ဗလာကြီးတစ်ထည် လွှမ်းခြုံထားသည့်နှယ် မည်းနက်ပိန်းပိတ်[illegible]၍ နေပေသည်။

မဟူရာကောင်းက[illegible]ပြင်မှ မိုးစက်မိုးပေါက်များ တဖောဝေါ ကျဆင်းလျှက်ရှိနေ၏။

ပင်လယ်ရေမျက်နှာပြင်တစ်နေရာ၌ ရေငုတ်သင်္ဘောကြီးတစ်စီးသည် ရေအောက်မှ ရေပြင်ပေါ်သို့ တိတ်ဆိတ်ငြိမ်သက်စွာ တိုးထွက်၍လာသည်။ ရေအောက်သတ္တဝါကြီးတစ်ကောင်၏ လက်မောင်းကြီးများလှုပ်ခါယမ်းလိုက်သကဲ့သို့ ရေလုံးများ သင်္ဘောကိုယ်ထည်၏ဘေး

www.burmeseclassic.com



ဘက်သို့ ဖွားကနဲကျဆင်းသွားသည်။

ကောင်းကင်ယံတစ်ခုလုံးမှာ မှောင်မည်းရှိနေသလို၊ ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ မှောင်မည်းလျက်ရှိနေပေသည်။

ပင်မစက်ထိန်းခန်းအတွင်း၌ အနီရောင်မီးပွင့်တစ်ခု လင်း၍နေ၏။

ရေမျက်နှာပြင်ပေါ်သို့ ကြည့်ရှုသည့် ရေမျက်နှာပြင်ကြည့်မှန်ပြောင်း အပေါ်ဘက်သို့ တဖြည်းဖြည်းနှင့်တက်သွားသည်။

ပင်မစက်ခန်းအတွင်း၌ သင်္ဘောကပ္ပတိန်နှင့် သင်္ဘောအင်ဂျင်နီယာတို့ရှိနေကြသည်။

ကပ္ပတိန်က ရေဒါအော်ပရေတာအား အမိန့်ပေးလိုက်သည်။

'အလယ်တည့်တည့်ကို ချိန်ကိုက်ပြီး နှစ်ခါကြည့်ပါ'

'ကောင်းပါပြီ ကပ္ပတိန် . . .'

ရေဒါအော်ပရေတာသည် လူငယ်တစ်ဦးဖြစ်သည်။ ကြည့်ပျော် ရှုပျော်ရုပ်ရည်မျိုးရှိသည်။ သူသည် သူ့ရှေ့မှ မြင်ကွင်းကို သေချာစွာ စူးစိုက်ကြည့်ရှုနေသည်။ ရာသီဥတုအခြေအနေကြောင့် မြင်ကွင်းမှာ သဲကွဲခြင်းမရှိ။ ရေဒါအော်ပရေတာသည် သူတွေ့မြင်နေရသောအရာသည် အမှန်တကယ်ပင် ဖြစ်နိုင်၊ မဖြစ်နိုင် ထပ်မံ၍ သေချာစွာကြည့်နေသည်။

'၂၃၀ ဒီဂရီ။ ၅၃၀၀ မီတာအကွာမှာ တွေ့ရတယ် ကပ္ပတိန်'

ကပ္ပတိန် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'ဟုတ်ပြီ . . .'





တွေ့ရန် သတ်မှတ်ထားသော သင်္ဘောပင်ဖြစ်ရပေမည်။

ကပ္ပတိန်မှာလည်း အသက်အရွယ်ငယ်သူတစ်ယောက်ဖြစ်သည်။ သူသည် လုပ်ငန်းလုပ်ဆောင်ရာ၌ စေ့စပ်သေချာသူတစ်ယောက်ဖြစ်သည်။

အရာရှိတစ်ဦးက ကပ္ပတိန်ဆီသို့ လျှောက်လာသည်။

ကပ္ပတိန်က . . .

'အားလုံး သတိထားကြပါ။ အောက်ဘက်ခန်းတံခါး ဖွင့်ထားလိုက်'

'ကောင်းပါပြီ'

ထိုအရာရှိက သင်္ဘောအောက်ခန်း၌ ရှိနေကြသော သင်္ဘောသားများအား အင်တာကွန်းမှတစ်ဆင့် ကပ္ပတိန်၏အမိန့်အတိုင်း ထပ်ဆင့်အမိန့်ပေးလိုက်သည်။

အရာရှိဖြစ်သူက . . .

'ကပ္ပတိန်၊ သင်္ဘောအပေါ်တက်ဖို့ အဆင်သင့်ပါပဲ'

ရေငုပ်သင်္ဘော၊ ရေအောက်မှ ရေပြင်ပေါ်သို့ တဖြည်းဖြည်း တက်၍လာနေပေသည်။

ထိန်းသိမ်းရေးစက်ခန်းမှ အရာရှိက လှမ်း၍ပြောနေပေသည်။

'ခြောက်ဆယ် . . . ငါးဆယ် . . လေးဆယ် . . သုံးဆယ်'

ကပ္ပတိန်က လက်မြှောက်၍ အချက်ပြလိုက်၏။

ရေပြင်ပေါ်၌ သင်္ဘောပေါ်၍လာနေပေပြီ။

ကပ္ပတိန်သည် အပေါ်သို့တက်သည့် သံလှေကားအတိုင်း

www.burmeseclassic.com



တက်လာသည်။ အမိုးကို ဖွင့်လိုက်ပြီး သင်္ဘော၏ကြမ်းပြင်ပေါ်သို့ ဆင်းလိုက်သည်။

ရေငုတ်သင်္ဘော၏ပတ်ဝန်းကျင်၌ နှင်းများ၊ မြူများထူထပ်စွာ ကျနေသောကြောင့် မည်သည့်အရာကိုမျှ မမြင်နိုင်ပဲဖြစ်နေသည်။ နှင်းများက ထူထပ်စွာပို၍ ကျလာနေသည်။

အရာရှိတစ်ဦး လှေကားထစ်များအတိုင်း တက်လာသည်။ ကပ္ပတိန်၏ဘေး၌ ယှဉ်၍ရပ်လိုက်သည်။

ရေငုတ်သင်္ဘော၏ပတ်လည် ပတ်ဝန်းကျင်တွင် မည်သည့် မီးရောင်ကိုမျှ မမြင်ရ။ မည်သည့် သင်္ဘော၏အရိပ်အရောင်ကိုမျှလည်း မမြင်တွေ့ရချေ။ ကောင်းကင်ယံဝယ်စက်ခုလုံး၌လည်း ကြယ်ရောင်၊ လရောင်အလျဉ်း မမြင်ရ။

ကပ္ပတိန်သည် စက်ထိန်းခန်းအတွင်းသို့ ပြန်၍ဆင်းလာသည်။

အရာရှိတစ်ဦးက၊ ရေမျက်နှာပြင်ပေါ်သို့ကြည့်သည့် မှန်ပြောင်းဖြင့်ကြည့်နေသည်။ မည်သည့် ထူးခြားမှုမျှမတွေ့ရပေ။

'အခြေအနေအားလုံး ကောင်းတယ် ကပ္ပတိန်'

အရာရှိက ကပ္ပတိန်ကို လှမ်းပြောသည်။

'ကောင်းပြီ . .'

ကပ္ပတိန်ဖြစ်သူသည် မျက်မှောင်ကြုတ်၍ တစ်စုံတစ်ရာကို စဉ်းစားနေပေသည်။ သူ၏စိတ်ထဲ၌ ဘဝင်မကျနိုင်ပဲဖြစ်နေမိသည်။ တစ်နေရာရာ၌ အမှားအယွင်းတစ်ခု ရှိနေနိုင်သည်ဟု ထင်နေမိသည်။





ကပ္ပတိန်သည် သူ၏ရှေ့ဘက်ရှိ ဒိုင်ခွက်ကို စူးစိုက်၍ ကြည့်နေသည်။ ဒိုင်ခွက်မှ ရေအနက်ထိုင်းတာသည့် မြားတံလေးကို သေချာစွာကြည့်နေမိသည်။ ထိုဒိုင်ခွက်သည် ရေအောက်မှ ရေပြင်ပေါ် တိုက်သည့်အခါ၌ ရေအနက်ကို တိုင်းတာပြသသည့် ဒိုင်ခွက်ဖြစ်သည်။

ကပ္ပတိန်သည် ဂျာကင်အင်္ကျီအတွင်း လက်နှိုက်၍ စဉ်းစားနေပေသည်။ သူ၏ရေငုတ်သင်္ဘောသည် လေးနာရီတစ်ကြိမ် ရေပြင်ပေါ်သို့ တက်လာလေ့ရှိသည်။ ရေပြင်ပေါ်မှ အခြေအနေနှင့် ဆက်သွယ်မှုများ သိရှိရန်အတွက်ဖြစ်သည်။

ကြေးနန်းအခန်းထဲ၌ ဆက်သွယ်ရေးအရာရှိသည် သတင်းပို့ရန်အတွက် အလုပ်ရှုပ်နေသည်။ ကပ္ပတိန်သည် မီးအနီရောင်ထွန်းထားသော အခန်းတစ်ခုအတွင်းသို့ ဝင်လိုက်သည်။ စကားဝှက်ညွှန်ကြားလွှာကို မီးခံသေတ္တာထဲမှ ထုတ်လိုက်၏။ ကြိုးမဲ့ကြေးနန်း စကားဝှက်ဖြင့် သတင်းပို့ရန်ဖြစ်သည်။

သူသည် ထိုင်ခုံပေါ်၌ထိုင်လိုက်ပြီး လက်နှိပ်စက်ကို နှိပ်လိုက်သည်။ ပထမဦးစွာ အဖြူရောင်တိပ်ကလေး ထွက်လာသည်။ ထိုတိပ်ပေါ်၌ စာလုံးများရိုက်လိုက်သည်။ အဆုံးထိရိုက်ပြီး နောင် တိပ်ကိုထုတ်ယူ၍ ကြိုးမဲ့ကြေးနန်းအခန်းထဲသို့ ဝင်လာသည်။

ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လိုက်ပြီး တိပ်ခွေပေါ်မှ စာလုံးများကို ပြန်၍ဖြတ်လိုက်သည်။

. . . . .

www.burmeseclassic.com

www.burmeseclassic.com



သူတေသနရေငုတ်သင်္ဘော မဟူရာပင်လယ်နဂါး(၁) ပင်လယ်ရေမျက်နှာပေါ်၌ ရောက်နေသည်။ နေရာ တောင်ဘက် (၆၅)ဒီဂရီ ၄၅မိနစ် ၄၅ဒီဂရီ။ အနောက် အချိန် (၀၂၄၅)။ နောက်ဆက်တွဲ ညွှန်ကြားချက်စောင့်နေသည်။

ကပ္ပတိန်သည် ဆက်သွယ်ရေးအရာရှိထံသို့ အဖြူရောင်တိပ်ကလေးကိုပေးလိုက်သည်။

'ဒီအတိုင်းပဲ သတင်းပို့လိုက်ပါ'

'စိတ်ချပါ . . ကပ္ပတိန် . .'

ကြေးနန်းခန်းမှထွက်လာပြီး ရေဒါသမားထံသို့သွားသည်။ ရေဒါပေါ်၌ ထင်ရှားသော အမှတ်အသားတစ်ခုကို မြင်တွေ့နေရသည်။

'ကပ္ပတိန် . . မီတာ ၃၀၀၀ပဲ ကွာတော့တယ်'

'လှမ်းပြီး မေးကြည့်စမ်း။ ဘယ်ကလာတာလဲ . . ။ ဘယ်သူတွေလဲ။ အခု ဘယ်နေရာမှာရှိနေသလဲ ဆိုတာပါထည့်မေး . .'

ရေဒါအော်ပရေတာက ကပ္ပတိန်၏အမိန့်အတိုင်းတစ်ဘက်မှ သင်္ဘောကို လှမ်း၍မေးသည်။ သို့သော် တစ်ဘက်မှ မည်သို့မျှ တုန့်ပြန်မှုမရှိပေ။

'ဘာမှ ပြန်မပြောဘူး ကပ္ပတိန်'

ကပ္ပတိန် မျက်မှောင်ကြုတ်သွားသည်။ တစ်ခုခု မှားယွင်းနေသလားဟု ပြန်စဉ်းစားနေမိသည်။

ကပ္ပတိန်လှေကားအတိုင်း တက်လာသည်။ ရေငုတ်သင်္ဘောကြမ်းပြင်ပေါ်၌ရပ်၍ ပင်လယ်ပြင်ကိုကြည့်ရှုနေပေသည်။ တဖွဲဖွဲ





ကျဆင်းနေသော နှင်းများနှင့် အရိုးကွဲလုမတတ် အေးစိမ့်အောင် တိုက်ခတ်နေသောလေတို့ကြောင့် ငါးမိနစ်မျှကြာလျှင်ပင်ဗိုက်ခိုက်တုန်မျှ ချမ်းစိမ့်၍လာသည်။

လှေကားအောက်ဘက်မှ အရာရှိတစ်ဦးက . . .

'ကပ္ပတိန်။ အပေါ်ကို ထမ်းပိုးကျက်လွှတ်လိုက်ရမလား'

'ရတယ်။ မလွှတ်နဲ့'

သူတစ်ဦးတည်း နေရသည်ထက် ဘေးမှာလျှင် အဖော်တစ်ဦးရှိနေပါက ပို၍သင့်သည်ကို သိသည်။ သို့သော် သူ၏စိတ်ဓာတ်ကို မြင့်သည့်အနေနှင့် မခေါ်ဘဲ နေလိုက်ခြင်းဖြစ်သည်။

ထို့နောက် အောက်ဘက်သို့ ငုံ၍လှမ်းပြောလိုက်သည်။

'ကျွန်တော်တို့ ရေငုတ်သင်္ဘောက သတ်မှတ်ထားတဲ့နေရာကို သတ်မှတ်တဲ့အချိန်မှာရောက်နေပြီ။ တစ်ဘက်က သူတို့ဘယ်သူတွေ၊ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို ပြန်မပြောဘူး။ ကျွန်တော် အပေါ်မှာပဲ စောင့်နေလိုက်ဦးမယ်'

'ဟုတ်ကဲ့ . . ကပ္ပတိန်'

လှေကားတစ်ဝက်ခန့်အထိ တက်လာသော အရာရှိသည် အောက်ဘက်သို့ ပြန်၍ဆင်းသွားသည်။

ထိုအချိန်မှာပင် . . .

ရေဒါအော်ပရေတာထံမှ အကြောင်းကြားသံ ထွက်ပေါ်လာသည်။

'ကပ္ပတိန် . . မီတာ ၁၇၀၀ကို ရောက်လာနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မီတာ ၁၅၀၀ . . .'

'မီတာ ၁၀၀၀ . . .'

တစ်ဘက်မှ သင်္ဘောသည် လျှင်မြန်စွာခုတ်မောင်းလာနေပုံရသည်။ သတ်မှတ်ထားသည့် အခ်ောဖင်ဖြစ်မည်ဟုသာ ကပ္ပတိန်တွေးလိုက်သည်။ သို့သော် သူ၏စိတ်ထဲ၌ ထူးဆန်းရှိနေသည်ဟု ထင်မိသည်။

တစ်စုံတစ်ခုကို ချက်ချင်းစဉ်းစားမိ၍ အောက်ဘက်သို့ အော်၍ အမိန့်ပေးလိုက်သည်။

'သင်္ဘောကို ကိုးဆယ်ဒီဂရီ အမြန်လှည့်လိုက်'

သူ၏အမိန့်သည် စက်ခန်းသို့ ချက်ချင်းရောက်သွားသည်။

ရေငုတ်သင်္ဘော မဟူရာပင်လယ်နဂါး(၁)သည်၊ ချက်ချင်းပင် ကိုးဆယ်ဒီဂရီလှည့်လိုက်သည်။

တစ်ဘက်မှ သင်္ဘောသည် ရေငုတ်သင်္ဘောနှင့် အလွန်နီးကပ်သော အကွာအဝေးသို့ ရောက်လုနေပေပြီ။ နှင်းများ၊ မြူများနှင့် မှောင်မိုက်၍နေသောကြောင့် တစ်စင်းနှင့်တစ်စင်း အချိန်မရွေး တိုက်မိနိုင်ပေသည်။ အဓိကအချက်မှာ တစ်ဘက်မှ ဦးတည်ချဉ်းကပ်လာသော သင်္ဘောသည် ယခုအချိန်အထိ အချက်ပြပြနေသည်မှာ ပို၍ ထူးဆန်းအံ့ဩဖွယ်ကောင်းနေပေသည်။

ကပ္ပတိန်က ထိုအချက်ကိုတွေးမိသည်နှင့် အောက်ဘက်သို့ လှည့်၍ အော်ပြောလိုက်၏။

'ရေဒါအော်ပရေတာ . . . အခြေအနေ ချက်ချင်း အကြောင်း



ပြန်ပါ'

ရေဒါအော်ပရေတာက . . .

'တစ်ဘက်သင်္ဘောလည်း ကျွန်တော်တို့လို လိုက်ပြီး လှည့်နေတယ်။ ကျွန်တော်တို့ ရေငုတ်သင်္ဘောဆီကို သင်္ဘောဦးတည်ပြီး လာနေတယ် ကပ္ပတိန်'

ကပ္ပတိန်၏ စိတ်ထဲ၌ အကြီးအကျယ်လှုပ်ရှား၍သွားသည်။ အကြောင်းတစ်ခုခု ထူးခြားနေမည်မှာ သေချာသည်။ သူ၏လက်များ အေးစက်၍လာသည်။

မိုးရေစက်များက သူ၏မျက်နှာပေါ်သို့ အေးစိမ့်စွာကျဆင်းနေသည်။ သူသည် လေကို ခပ်ပြင်းပြင်းတစ်ချက် ရှူလိုက်သည်။

ထို့နောက် အသံကုန်အော်လိုက်သည်။

'သင်္ဘောကို စက်ကုန်ဖွင့်ပြီး မောင်း . . .'

သို့သော် . . .

ကပ္ပတိန်၏အမိန့်ပေးသံမှာ နောက်ကျ၍သွားပေပြီ။

တစ်ဘက်မှ သင်္ဘောက ရေငုတ်သင်္ဘောကို တည့်မတ်စွာ ဆောင့်တိုက်ချလိုက်သည်။ ကပ္ပတိန်ကို သင်္ဘောလှေကားရန်းကိုကိုင်ထားလျက်မှ ကြမ်းပြင်ပေါ်သို့ အရှိန်ဖြင့် လွင့်စဉ်ကျသွားသည်။ သူ၏ အမိန့်ပေးသံကိုလည်း မည်သူမျှ ကြားလိုက်ပုံမရပေ။

ကပ္ပတိန်မှာ ကြမ်းပြင်ပေါ်လဲကျနေရင်း သင်္ဘောအောက်ခန်းဆီမှ အရာရှိတစ်ဦး၏ အော်ဟစ်သံကိုကြားနေရသည်။

'အရေးပေါ် . . အရေးပေါ် အမြန်။ ရေလုံအခန်းတွေ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ချက်ခြင်း အမြန်ပိတ်။ ရေလုံတံခါးတွေ အမြန်ပိတ် . . .'

ရေငုပ်သင်္ဘော၏အတွင်းဘက် နံရံများ၌ အနီရောင်အချက်ပြမီးလုံးများ ထင်းလိုက်မှိတ်လိုက်ဖြစ်လာပြီး အရေးပေါ်အချက်ပေးသံများ ဆူညံစွာပေါ်ထွက်၍လာသည်။

ရေငုပ်သင်္ဘောကြမ်းပြင်ပေါ်သို့ ပစ်ကျသွားသော ကပ္ပတိန်ခေတ္တမျှ သတိလစ်၍သွားသည်။ သတိရသည်နှင့် သင်္ဘောလက်ရန်းသံတိုင်ကိုကိုင်၍ ထလာသည်။ သူ၏တစ်ကိုယ်လုံး နာကျင်၍နေပေသည်။

သူ၏မျက်လုံးများ ပြာဝေ၍နေပြီး ရှေ့သို့ကောင်းစွာမမြင်ရပဲ ဖြစ်နေသည်။ မိမိ၏ ရေငုပ်သင်္ဘောကို မည်သည့်သင်္ဘောက ဝင်တိုက်သွားလေသနည်း စဉ်းစား၍မရနိုင်သလို ယခုအချိန်အထိ မည်သည့် အရာကိုမျှ မမြင်ရသေးပေ။

ကပ္ပတိန်၏ရှေ့ဘက်၌ မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည်။

သို့သော် ဝင်တိုက်သွားသောသင်္ဘော မဟုတ်ပေ။

ရေငုပ်သင်္ဘော၏ တစ်ဘက်ကြမ်းပြင်ပေါ်သို့တက်လာကြသည့် ရေညှိရောင်သတ္တဝါလေးကောင်ကို မြင်လိုက်ရသည်။ ထိုသတ္တဝါလေးကောင်သည် ဓါးကိုကိုင်းထားလျှက် အနေအထားဖြင့် သူ့ထံသို့ ဦးတည်၍လာနေကြသည်။ ထိုသတ္တဝါလေးကောင်သည် သူ၏ ရေငုပ်သင်္ဘောကို ဝင်တိုက်လိုက်သည့် သင်္ဘောပေါ်မှ ဆင်းလာခြင်းပင်ဖြစ်ပေလိမ့်မည်။

ထိုသူတို့၏ မျက်နှာများကို မမြင်ရပေ။ မျက်နှာပေါ်၌





ရေကာမှန်ဘီလူး မျက်မှန်များတပ်ဆင်ထားသည်။ ၎င်းတို့သည် ရာဘာရေငုပ်ဝတ်စုံများ ဝတ်ဆင်ထားသည်။ နှာခေါင်း၌ ခါတ်ငွေ့ကာပိုက်များတပ်ဆင်ထား၏။

ကြည့်ရင်းနှင့် ကပ္ပတိန်မှာ အသက်ရှူ၍မရနိုင်သလို ဖြစ်လာသည်။ နှလုံးစုန်နှုန်းမြန်လာပြီး ရင်တွင်း၌ ပြည့်ကြပ်မွန်းသိပ်လာသကဲ့သို့ ခံစားနေရသည်။

သူ့ဆီသို့လာနေသူများမှာ လူသားမျိုးမဟုတ်ပါလေစဟု တွေးမိသည်။ ရင်ခေါင်းတွင်းမှ ဖြစ်ညှစ်၍ အော်ဟစ်ရန်ကြိုးစားကြည့်သည်။ သို့သော် အာခြောက်တရားက လွှမ်းမိုးနေသဖြင့် သူ၏အသံမှာ ခပ်တိုးတိုးပင် ထွက်ပေါ်လာသည်။

'မင်း . . . မင်းတို့ ဘယ်သူတွေလဲ'

ရှေ့ဆုံးမှ ဦးဆောင်လာသူ၏လက်ထဲ၌ အရှည်တစ်ပေကျော်မျှရှိသော ဝက်အူလှည့်ကြီးတစ်ချောင်း ကိုင်ထားသည်။ ထိုလူက ထိုလူက ဝက်အူလှည့်ကို မြှောက်ကိုင်လိုက်၏။ ကပ္ပတိန်က တိမ်းရှောင်ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူ၏လှုပ်ရှားမှုမှာ နှေးတွေးလေးကန်လွန်းလှပေသည်။ ဝက်အူလှည့်တံသည် ကပ္ပတိန်၏ ဦးခေါင်းပေါ်သို့ အရှိန်ပြင်းစွာကျဆင်းလာသည်။

ဖရဲသီးတစ်လုံးကို ထုချေလိုက်သကဲ့သို့သော အသံမျိုးထွက်လာသည်။ ကပ္ပတိန်မှာ ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျသွားသည်။ လူနှစ်ဦးက ကပ္ပတိန်ကို ပင်လယ်ထဲသို့ဆွဲကိုင်၍ ပစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်အူလှည့်ကိုင်ထားသူ ဦးဆောင်၍ ရေငုတ်သဘော်၏ မျှော်စင်အောက်ဘက် လှေကားအတိုင်း လေးဦးသား သွက်လက်စွာ ဆင်းသွားကြသည်။

နောက်ဘက်မှ နှစ်ယောက်က၊ ကျောဝ၌ အော်တိုမက်တစ် ရိုင်ဖယ်ကိုယ်စီ လွယ်ထားကြသည်။ အော်တိုမက်တစ်ရိုင်ဖယ်များကို ရေလုံရန် ပလပ်စတစ်အိတ်ဖြင့် ထည့်ထားသည်။

ထိုလူလေးဦးသည် ပင်မစက်ထိန်းခန်းထဲသို့ ရောက်လာကြသည်။ ရေငုတ်သဘော်မှာ လှိုင်းကြောင့် ဘယ်ညာလူး၍နေသည်။ အတွင်းဘက်၌ အရေးပေါ်ခေါင်းလောင်းမှာ မြည်လျှက်ရှိနေ၏။

ရှေ့မှ လူ၏လက်တစ်ဘက် မြှောက်တက်သွားပြန်သည်။ ဝက်အူလှည့်ဖြင့် အောက်ဘက်မှ တစ်ဦးကိုရိုက်ချလိုက်၏။ အရိုက်ခံရသူမှာ ကပ္ပတိန်ကဲ့သို့ပင် လဲကျသွားသည်။

ထိုအချိန်၌ . . .

သဘော်သားများနှင့် သူတောသူနအရာရှိနှစ်ဦး အိပ်ရာမှ နိုးလာကြသည်။ ထိုလူများသည် စက်ထိန်းခန်းဘက်ဆီသို့ ပြေးလာကြသည်။

သဘော်သားတစ်ဦးဖြစ်သူ 'စံထွန်း'က တွေ့ရာသံချောင်း ရှည်တစ်ချောင်းကောက်၍ ပြေးလာသည်။ ကြမ်းပြင်ပေါ်၌ လဲကျနေသူကိုမြင်လျှင် . . .

'မင်းတို့ . . . တွေ'

ဟုအော်၍ လက်ထဲမှ သံချောင်းဖြင့် ပစ်လိုက်သည်။



အလယ်မှလူက အော်တိုမက်တစ်ရိုင်ဖယ်ကို ဖြုတ်၍ ပလပ်စတစ်အိတ်ကို မဖြုတ်ပဲ လှမ်း၍ပစ်လိုက်သည်။ စံထွန်းပစ်လိုက်သော သံချောင်းရှည်က ရိုင်ဖယ်ကို တည့်မတ်စွာ သွား၍ထိမှန်သည်။ ရိုင်ဖယ်ကျည်ဆန်များမှာ ကြမ်းပြင်ပေါ်သို့သာ ကျဆင်းသွားသည်။

စံထွန်းမှာ ခြေတစ်လှမ်းတိုးလိုက်သည်။ အော်တိုမက်တစ် ရိုင်ဖယ်ကိုမြင်လိုက်မိလျှင် ကြောက်ရွံ့ပြီး ပါးစပ်ပိတ်သွားသည်။

ရေဒါအော်ပရေတာက . . .

'မင်းတို့ ဘယ်သူတွေလဲ'

ခေါင်းဆောင်ဖြစ်သူက မည်သို့မျှ ဂရုမစိုက်ပဲ နောက်သို့ လှည့်၍ ခေါင်းညိတ်ပြလိုက်သည်။ နောက်ဆုံးမှလူက၊ အိတ်အတွင်းမှ လက်ပစ်ဗုံးတစ်လုံးကိုထုတ်၍ လှမ်းပစ်လိုက်သည်။

လက်ပစ်ဗုံးမှာ ကြမ်းပြင်ပေါ်၌ လိမ့်ဆင်းသွားသည်။ သဘော်သားများမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် လက်ပစ်ဗုံးကိုငေးကြည့်နေမိကြသည်။ မည်သူမျှ မလှုပ်ရှားနိုင်ကြပေ။ လက်ပစ်ဗုံးမှာ ပေါက်ကွဲသွားခြင်းမရှိပဲ ခပ်တိုးတိုးအသံမြည်လျှက် မီးခိုးလုံးများသာ ထွက်လာသည်။ အဝါရောင် မီးခိုးများမှာ တစ်ခန်းလုံး ဖုံးလွှမ်း၍ သွားပေသည်။

သဘော်သားများနှင့် သူတောသူနအရာရှိနှစ်ဦးမှာ ချောင်းဆိုးသူဆိုး၊ လည်ပင်းကို လက်ဖြင့် ဆုပ်ကိုင်သူက ဆုပ်ကိုင်ရင်းဖြင့် တစ်ဦးပြီးတစ်ဦး ကြမ်းပြင်ပေါ်သို့ လဲကျကုန်ကြသည်။

ရေငုတ်ဝတ်စုံဝတ်ဆင်ထားသူလေးဦးသည် သတိလစ်လဲကျ



www.burmeseclassic.com

www.burmeseclassic.com



နေသူများအား တစ်ဦးပြီးတစ်ဦး အပေါ်ဘက်သို့သယ်ပြီး ပင်လယ်ထဲသို့ ပစ်ချနေကြသည်။ ထိုလူလေးဦး၏လှုပ်ရှားမှုများမှာ ကျွမ်းကျင်မြန်ဆန်လှပေသည်။

ထို့နောက် စက်ခန်းအတွင်းရှိ အမဲဆီပုံးကြီးတစ်ပုံးကိုယူ၍ အပေါ်သို့ လှေကားအတိုင်း သယ်ယူလာသည်။ ရေငုတ်သင်္ဘော၏ အပေါ်ဘက်ကြမ်းပြင်ပေါ်သို့ရောက်လျှင် အဖုံးကိုဖွင့်လိုက်သည်။ ခေါင်းဆောင်ဖြစ်သူက အမဲဆီပုံးကို မ၍ ပင်လယ်ထဲသို့ အမဲဆီများကိုသွန်ချလိုက်၏။ စိမ်းပြာရောင် အရည်ပြစ်ပြစ် အမဲဆီများသည် ပင်လယ်ပြင်ပေါ်၌ ပေါလောမျော၍နေကြပေသည်။

ခေါင်းဆောင်ဖြစ်သူက ကျန်လူသုံးဦးဘက်သို့လှည့်၍

'ကဲ . . မြန်မြန်လုပ်ကြဟေ့။ အချိန်သိပ်မရှိဘူး . . . ငါပြောထားတဲ့ ပစ္စည်းတွေကိုယူပြီး ပစ်မေတော့ . .'

ကျန်လူသုံးဦးသည် အောက်ဘက်သို့ ဆင်းသွားကြသည်။ သင်္ဘောအတွင်း နေရာအနှံ့၌ရှိနေကြသည့် သစ်သားအပိုင်းအစများ၊ ချိုင့်များ၊ ရေဘူးများ၊ ဂျာကင်အင်္ကျီဘောင်းဘီ၊ ဦးထုပ်၊ စာအုပ်စာတန်းများ၊ အရက်ပုလင်းခွံများစသည့် ပစ္စည်းများကို အပေါ်သို့ သယ်ယူလာကြပြီး ရေထဲသို့ ပစ်ချလိုက်ကြသည်။ ထိုပစ္စည်းအားလုံးသည် ရေပေါ်၌ ပေါလောမျော၍နေကြသည်။

ခေါင်းဆောင်ဖြစ်သူသည် သင်္ဘောပဲ့ကို ထိန်းကိုင်လိုက်သည်။

သင်္ဘောသည် လှိုင်းများကြား၌ လူးလွန့်၍နေပေသည်။





မကြာခင်မှာပင် မဟာရာပင်လယ်နဂါး ရေငုတ်သင်္ဘောသည် ထိုနေရာမှ ထွက်ခွာ ခုတ်မောင်း၍သွားလေသည်။

× × × × × × ×

နံနက်ခင်းအချိန် . . ။

မြူနှင်းများ ပျောက်ကွယ်စပြုနေပေပြီ။

ပင်လယ်ရေမျက်နှာပြင်ပေါ်၌ အရောင်လက်၍နေသည့် အမဲဆီပြင်ကျယ်ကြီးနှင့် စာအုပ်များ၊ စာရွက်အပိုင်းအစများ၊ အဝတ်အထည်ပစ္စည်းများ ပုလင်းခွံများနှင့် (. . . . . .)များမှာ ပင်လယ်ရေမျက်နှာပြင်ပေါ်၌ ပေါလောမျော၍နေပေသည်။

ကယ်ဆယ်ရေးအဖွဲ့မှ သင်္ဘောနှင့် ရဟတ်ယာဉ်ရောက်ရှိလာချိန်၌ မဟာရာပင်လယ်နဂါး ရေငုတ်သင်္ဘော၏ အစ,အနကိုမျှ မတွေ့ကြရတော့ပေ။ အပျက်အစီးအပိုင်းအစများကိုသာ တွေ့ကြရတော့သည်။

မဟာရာပင်လယ်နဂါး သုတေသနရေငုတ်သင်္ဘောသည် ပျောက်ချင်းမလှ ပျောက်ကွယ်၍ သွားခဲ့ပြီဖြစ်သည်။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'ခေတ္တရာကျွန်း' . . . ။

မင်းလယ်ရေပြင်ပေါ်၌ လှိုင်းကြက်ခွက်နနကလေးများသာ ရှိနေသည်။ တောက်ပသော နေရောင်ခြည်အောက်၌ အရောင်းတဖိတ်ဖိတ်လက်၍နေသည်။ အဝါရောင်ရွက်လှေတစ်စင်းသည် ရေပြင်ပေါ်တွင် လျှင်မြန်စွာသွားနေ၏။

ပင်လယ်ကမ်းခြေဘေးရှိ ခြံဝင်းတစ်ခုထဲ၌ စင်ရန်နိုင် တစ်ဦးတည်းထိုင်၍နေသည်။ သူသည် ပင်လယ်ပြင်ကို ငေးမောကြည့်၍နေ၏။ သူ့ရှေ့မြင်ကွင်းအားလုံး အေးချမ်းသာယာ၍နေသည်။ မည်သည့် ထူးခြားမှုမျှမရှိပေ။

စင်ရန်နိုင်၏ရှေ့၌ စားပွဲတစ်လုံးချထားသည်။ စားပွဲပေါ်၌ ဘီယာပုလင်းများနှင့် ကင်းမွန်နှင့် ပုစွန်ကြော် ပန်းကန်နှစ်ခုရှိနေသည်။





စင်ရန်နိုင်သည် ဖန်ခွက်ထဲသို့ ဘီယာမှုလင်းကိုဖောက်၍ ငှဲ့ဆည့်လိုက်သည်။ ကင်းမွန်ကြော်တစ်ကောင်ကိုတူဖြင့် ညှပ်၍စားလိုက်သည်။ ကင်းမွန်ကြော်၏အရသာမှာ ရှလေးလေးပင်နှင့်ချိုသည်။ အေးမြသော ဘီယာကို တစိမ့်စိမ့်သောက်ရင်း အေးဆေးစွာစဉ်းစား၍နေမိသည်။

ခေတ္တရာကျွန်းသို့ စင်ရန်နိုင်အနေနှင့် ပထမဦးဆုံးအကြိမ်အဖြစ်ရောက်ရှိခြင်းဖြစ်သည်။ သူ ယခုရောက်ရှိနေသော အိမ်မှာ မိတ်ဆွေတစ်ဦး၏ အိမ်ဖြစ်သည်။ သူ၏ မိတ်ဆွေ ကိုစောမြင့်မှာ ရတနာဆိုင် သုံးဆိုင်ပိုင်သူတစ်ဦးဖြစ်သည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းကြီးနှစ်ခု၌ အစုရှယ်ယာထက်ဝက်နီးပါးမျှ ဝင်ထားသူဖြစ်သည်။ ကိုစောမြင့်သည် ငွေကြေးပြည့်စုံချမ်းသာသူဖြစ်၍ သူ နှစ်သက်သဘောကျသည့်နေရာများ၌ အိမ်များဝယ်ထားလေ့ရှိသည်။ စင်ရန်နိုင်၏ လုပ်ငန်းသဘောသဘာဝကို သိရှိထားသူဖြစ်သော်လည်း သူသည် စင်ရန်နိုင်နှင့် ရိုးသားပွင့်လင်းစွာ မိတ်ဆွေရင်းတစ်ဦးအဖြစ် ရင်းနှီးခင်မင်သူဖြစ်သည်။ စင်ရန်နိုင်ထံမှ အခွင့်အရေးယူခြင်း၊ အကူအညီရယူခြင်းမျိုး လုံးဝမလုပ်ခဲ့ပေ။

ခေတ္တရာကျွန်းမှ အိမ်ကိုလည်း စင်ရန်နိုင်နေလိုသ၍ နေရန်လည်း ခွင့်ပြုထားသည်။

ခေတ္တရာကျွန်းသို့မလာမီ ကိုစောမြင့်နှင့် စင်ရန်နိုင်တို့ နှစ်ဦးသည်း ဘီယာသောက်ရင်း စကားအတော်များများပြောဖြစ်ကြသည်။ ထိုအထဲ၌ တရုတ်အပ်စိုက်ပညာနှင့် ပတ်သက်၍ ပြောမိကြသည်။ ထိုပညာရပ်နှင့်ပတ်သက်၍ စင်ရန်နိုင် အတော်ကလေးစိတ်ဝင်စားမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အချိန်ရလျှင် တရုတ်အပ်စိုက်ပညာကို ကျွမ်းကျင်မှုရှိလာသည်အထိ လေ့လာချင်ပေသည်။

စဝ်ရန်နိုင်အနေနှင့် အနောက်တိုင်းဆေးဝါးကုသမှုနှင့် ပတ်သက်၍ ဆရာဝန်တစ်ဦး နီးပါးမျှလေ့လာထားသည်။ တရုတ်အပ်စိုက်ပညာနှင့်ပတ်သက်၍လည်း အတန်မျှ ကျွမ်းကျင်နားလည်ထားသည်။ တရုတ်အပ်စိုက်ပညာသည် သဘာဝလောကတရားနှင့် ဆက်စပ်၍ ကုသရသည့် ပညာရပ်တစ်ခုဖြစ်ပြီး 'ယင်း' 'ယန်း' စသောစကားလုံးများနှင့် ရောယှက်ပတ်သက်၍နေပေသည်။

ခေတ္တခဏကျွန်းရှိအိမ်၌ ကိုစောမြင့်က အိမ်ဖော်နှင့် ထမင်းချက်အဖြစ်တာဝန်ပေးထားသူ 'မောင်နီ' ဆိုသည့် လူရွယ်တစ်ဦးရှိသည်။

မောင်နီ အနီးသို့ ကပ်လာပြီး . . .

'ဆရာ . . . ဘာလိုပါသေးသလဲ'

'မလိုတော့ပါဘူးကွာ . . .'

'ဆရာ . . . စားချင်တာရှိရင် ပြောပါ'

'ကျေးဇူးတင်ပါတယ် မောင်နီရာ။ မင်း အဆင်ပြေသလိုသာ လုပ်ထားပါ'

'အားမနာပါနဲ့ ဆရာ။ လိုတာရှိရင် ကျွန်တော့်ကို ပြောပါ'

စဝ်ရန်နိုင် ခေါင်းညိတ်ပြလိုက်သည်။

စဝ်ရန်နိုင်၏ အတွေးစများ ပြတ်၍သွားသည်။ မောင်နီ အိမ်နောက်ဘက်သို့ လျှောက်၍သွားသည်။

ပင်လယ်ပြင်ဘက်သို့ လှမ်း၍ကြည့်လိုက်မိသည်။

၀





အဖြူရောင်မော်တော်ဘုတ်တစ်စီးကို မြင်ရသည်။ ရေမျက်နှာပြင်ပေါ်၌ လျှင်မြန်စွာ သွား၍နေသည်။

စဝ်ရန်နိုင်သည် စားပွဲပေါ်၌တင်ထားသော အဝေးကြည့်မှန်ပြောင်းကိုယူ၍ မော်တော်ဘုတ်ကိုလှမ်းကြည့်လိုက်၏။ ရေပြင်ပေါ်၌ ရုပ်၍ပျံနေသော ငါးပုံလေးများကို ဦးစွာမြင်ရသည်။ ထို့နောက် မော်တော်ဘုတ်ကို လှမ်း၍မြင်ရသည်။ ရှေ့လေကာမှန်သည် သာမန်ထက်ပို၍ ကျယ်ပြန့်ကြီးမားသည်။

ထိုမှန်၏နောက်ဘက်၌ အမျိုးသမီးငယ်တစ်ဦး . . .။

သူမ၏ ရှည်လျားသော ဆံနွယ်များမှာ လေထဲ၌ လွင့်ပျံ၍နေ၏။ အမျိုးသမီးငယ်သည် လက်ကိုင်ကို ကျွမ်းကျင်စွာကိုင်၍ မောင်းနေသည်။ မော်တော်ဘုတ်၏နောက်ဘက်၌ ရေလှိုင်းများ ဖွာ၍ကျန်ရစ်နေပေသည်။

ရေပြင်၌ မော်တော်ဘုတ်မှာ အရှိန်ပြင်းကွေ့ဝိုက်၍ မောင်းနေသည်။ ရုတ်တရက် ဇက်ရပ်သွားပြီး ရေပြင်ပေါ်၌ အရှိန်ဖြင့် ပြေးနေသည်။ အမျိုးသမီးငယ်သည် သူ၏မော်တော်ကို ကမ်းစပ်ဘက်သို့ ဦးတည်၍လှည့်လိုက်ပြီး စက်နှိုးလိုက်၏။ အင်ဂျင်စက်သံတစ်ချက် ပေါ်လာပြီး ပြန်၍ ရပ်သွားသည်။

အဝေးကြည့်မှန်ပြောင်းမှတစ်ဆင့် အမျိုးသမီးငယ်၏ မျက်နှာကို ရှင်းလင်းစွာမြင်နေရသည်။ လှပသွယ်လျသော မျက်နှာပြင်ပေါ်၌ စိုးရိမ်ကြောက်ရွံ့သော အမူအရာမှာ သိသာစွာပေါ်လွင်၍နေသည်။ အမျိုးသမီးငယ်သည် စတပ်တာကိုဆွဲ၍ စက်နှိုးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ်ထပ်မံ၍ နှိုးသည်။ အင်ဂျင်စက်က နိုးလာခြင်းမရှိ။

လှိုင်းများကြား၌ မော်တော်ဘုတ်ကလေးမှာ နိမ့်လိုက်၊ မြင့်လိုက်ဖြစ်နေသည်။ အခြေအနေမှာ သူမအတွက် အန္တရာယ်ရှိနိုင်ပေသည်။ စက်က ယခုထိ နှိုး၍မရနိုင်သေးပေ။ စတပ်တာကို ဆွဲ၍ နှိုးလိုက်ပြန်သည်။ စက်သံ မပီမသတစ်ချက်ပေါ်လာပြီး ရပ်သွားသည်။

မိန်းကလေးငယ်၏ ဆံပင်များမှာ လေထဲ၌ လွင့်မျော၍နေ၏။ မော်တော်ကလေးမှာ ရေစီး၌မျော၍နေသည်။ ဒီရေတက်လာလျှင် သူမ၏မော်တော်မှာ ဒီရေစီးကြောင်းထဲ၌ မျောပါ၍ဒုက္ခရောက်နိုင်သည်။

အမျိုးသမီးငယ်သည် အဝါရောင်နှင့် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ နေရောင်အောက်၌ သူမ၏ ဝတ်စုံမှာ သိသာစွာ တောက်ပပေါ်လွင်၍နေ၏။

စစ်ရန်နိုင် မှန်ပြောင်းကို စားပွဲပေါ်၌ ပြန်တင်လိုက်၏။

မော်တော်ဘုတ်အင်ဂျင်စက်သံမှာ အခြေအနေကောင်းသည်။ ကြီးကြီးမားမား ချို့ယွင်းခြင်းမျိုးမရှိနိုင်။ ရေပြင်၌မျောနေသော မော်တော်ဘုတ်ထံ သူကိုယ်တိုင်ရေကူး၍သွားပြီး ပြင်ပေးရုံမှလွဲ၍ အခြားနည်းလမ်းမရှိ။ ကမ်းခြေ၌လည်း သူမကို ကူညီမည့်သူမရှိ။ သူမကို ကူညီနိုင်မည့်သူမှာလည်း မိမိမှလွဲ၍ အခြားသူရှိပုံမပေါ်။

စစ်ရန်နိုင် အပေါ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို ချွတ်လိုက်သည်။ ရေကူးဘောင်းဘီနှင့်ပင်၊ အိမ်မှ ပင်လယ်ကမ်းစပ်သို့



ဆင်းသည့် ကွန်ကရစ်လမ်းအတိုင်း အောက်ဘက်သို့ဆင်းလာသည်။

ပင်လယ်ရေမှာ ခပ်နွေးနွေးဖြစ်သည်။ ရေထဲသို့ ဆင်းလိုက်ပြီး မော်တော်ဘုတ်ဆီသို့ လက်ပစ်ကူး၍သွားသည်။ ပင်လယ်ရေ တိမ်ပိုင်းမှာ ကြည်လင်၍နေပြီး ရေအောက်ကြမ်းပြင်ကို ကောင်းစွာ မြင်တွေ့နေရသည်။ အောက်ဘက်သဲကြမ်းပြင်ပေါ်၌ စိမ်းမြသော ရေမှော်ပင်များ ယိမ်းနွဲ့ပေါက်ရောက်နေကြသည်။ ရောင်စုံငါးကလေး များမှာ ရေအောက်၌ ကူးခတ်၍နေကြသည်။

စစ်ရန်နိုင် ရေအောက်သို့ငုတ်ဆင်းလိုက်သည်။ ရှည်လျားသော ရေမှော်ပင်များမှာ ပင်လယ်ရေအောက်ခြေ၌ တလူလူလွင့်မျော၍နေသည်။ ရေသူမတစ်ဦး၏ဆံနွယ်များ လွင့်မျောနေသည်နှင့်တူလှသည်။

ရေပေါ်သို့ ခေါင်းကိုဖော်လိုက်သည်။ အမျိုးသမီးငယ်၏ မော်တော်ဘုတ်အနီးသို့ စစ်ရန်နိုင် ရောက်သွားသည်။ မော်တော်ဘုတ်၏ဘေးနံရံကိုလက်ဖြင့် လှမ်းကိုင်လိုက်သည်။ အမျိုးသမီးငယ်ကို မော့်ကြည့်လိုက်ပြီး . . . .

'စက်ပျက်သွားတာလား . .'

အမျိုးသမီးငယ်က သူ့ကို လှမ်းကြည့်လိုက်သည်။

'ရှင်က ဘယ်သူလဲ ဟင် . .'

စစ်ရန်နိုင်က မသိမသာပြုံးလျက်သာ . .

'ငါ ဟိုကမ်းစပ်က အိမ်ခြံထဲကနေ မင်းရဲ့မော်တော်ရပ်သွားတာမြင်လို့ ကူညီရအောင် ရေထဲဆင်းလာတာ . .'

www.burmeseclassic.com



သူမက အသံခပ်တိုးတိုးဖြင့် . . .

'ဟုတ်တယ်။ ကျွန်မရဲ့ မော်တော်ဘုတ် စက်ပျက်သွားတယ်။ နှိုးလို့မရတော့ဘူး . .'

'မင်း မော်တော်ဘုတ်ရဲ့ အင်ဂျင်ကြီးကြီးကျယ်ကျယ် ပျက်ပုံမရဘူး။ ငါ အပေါ်ကိုတက်ပြီး ပြင်ရင် ရနိုင်မယ်ထင်တယ်'

အမျိုးသမီးငယ်က စဝ်ရန်နိုင်ကိုတစ်လှည့်၊ မော်တော်ဘုတ်အင်ဂျင်စက်ကိုတစ်လှည့်ကြည့်ပြီး ခဏခွဲမရဖြစ်နေပုံရသည်။ နောက်မှ အသာအယာခေါင်းညိတ်ပြသည်။

စဝ်ရန်နိုင်က ဘေးနံရံကိုတွယ်၍ အပေါ်သို့တက်သည်။ သူ၏ ကိုယ်မှ ရေစက်များ အောက်ဘက်ကြမ်းပြင်ပေါ်သို့ တစက်စက်ကျဆင်းနေပေသည်။

အင်ဂျင်အဖုံးကိုဖွင့်၍ စစ်ဆေးကြည့်သည်။ အတွင်း၌ ချို့ယွင်းမှုမရှိ။ အခြေအနေအားလုံးကောင်းသည်။ မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး ဓာတ်ဆီတိုင်ကီကိုကြည့်သည်။ ဓာတ်ဆီတိုင်ကီထဲ၌ ဓာတ်ဆီလုံးဝမရှိတော့။ ဓာတ်ဆီမရှိတော့သဖြင့် စက်ရပ်သွားခြင်းပင်ဖြစ်သည်။

သီးသန့်အပိုတိုင်ကီမှ ဆီပိုက်ကိုဖွင့်လိုက်သည်။

စက်နှိုးကြည့်လိုက်သည်။ အင်ဂျင်စက်မှ တစ်ချက်လည်ပြီး ပြန်၍ရပ်သွားသည်။ အမျိုးသမီးငယ်က လက်ကိုင်ဘီးကို ကိုင်လျက် စိုးရိမ်ကြောက်ရွံ့သော အမူအရာဖြင့် ကြည့်နေသည်။

သူမ ကမ်းခြေဘက်ဆီသို့ လှမ်း၍ကြည့်လိုက်သည်။



ကမ်းခြေ၌ ထန်းပင်မှအရွက်များမှာ လေထဲ၌ ယိမ်းနွဲ့စွာ လှုပ်ခတ်၍နေပေသည်။

နောက်တစ်ကြိမ် စတပ်တာကို ဆွဲ၍နှိုးလိုက်သည်။

စက်သံကျယ်လောင်စွာမြည်လျက် မော်တော်ဘုတ်ကလေးမှာ ရှေ့သို့ပြေးထွက်သွားသည်။ ပင်လယ်လှိုင်းလုံးများကြား၌ မော်တော်ဘုတ်မှာ ခုံ့ပိုက်၍ အရှိန်ပြင်းစွာ ပြေးသွားနေသည်။

စဝ်ရန်နိုင် အင်ဂျင်စက်ဖုံးကို ပြန်ပိတ်လိုက်စဉ် အသံတစ်သံကို ကြားလိုက်မိသည်ဟုထင်သည်။ ထိုအသံမျိုးသည် သူ၊ လွန်စွာရင်းနှီးကျွမ်းဝင်သည့် အသံမျိုးဖြစ်သည်ဟုထင်သည်။ သို့သော် အင်ဂျင်စက်သံကြောင့် ခွဲခြားနိုင်ခြင်းမရှိတော့။ မော်တော်ဘုတ်မှာ ပင်လယ်ပြင်၌ စက်ကုန်ဖွင့်လျက် အရှိန်ပြင်းစွာ ခုံ့ပိုက်သွားနေသည်။

စဝ်ရန်နိုင် မျက်မှောင်တစ်ချက် ကြုတ်လိုက်မိသည်။

'ဟေ့ . . စက်ရှိန် လျှော့ဦးလေ'

စဝ်ရန်နိုင်က အင်ဂျင်စက်သံကြားမှ အော်၍ပြောလိုက်သည်။

အမျိုးသမီးက သူပြောသည်ကို မကြားသလိုဖြင့် အရှိန်မလျှော့ပဲ ဆက်၍ မောင်းနေသည်။ စဝ်ရန်နှင့် စိတ်ထဲ၌ စဉ်းစား၍မရနိုင်အောင်ဖြစ်သွားသည်။ တစ်ခုခု မှားယွင်းနေပြီမှန်း ချက်ချင်း သိလိုက်သည်။

မော်တော်ဘုတ်ကလေးမှာ ညာဘက်သို့ကွေ့စောင်း၍သွားသည်။ အမျိုးသမီးငယ်သည် လက်ကိုင်ဘီးကို ကိုင်ထားလျက်မှ ဘယ်ဘက်သို့လဲကျသွားသည်။ အမျိုးသမီးငယ်မှာ ကြမ်းပြင်ပေါ်သို့

www.burmeseclassic.com



မျက်နှာအပ်လျက်သား လဲကျ၍နေပေသည်။

နောက်ကျောဘက်မှနေ၍ မွေ့ယူပြီး ပက်လက်အနေအထား သို့ ပြောင်းလိုက်သည်။ အမျိုးသမီးငယ်၏ မျက်လုံးများမှာ ပွင့်လျက် မျက်တောင်ခတ်ခြင်း လုံးဝမရှိတော့သည်ကို သတိပြုလိုက်မိသည်။ ပွင့်လျက်ရှိသော မျက်လုံးအစုံမှလည်း မည်သည့်အရာကိုမျှ မြင်နိုင် တော့မည်မဟုတ်ပေ။

အမျိုးသမီးငယ်၏ မျက်ခုံးနှစ်ခုကြား နဖူးပြင်ပေါ်၌ အနီရောင်အပေါက်ကလေးတစ်ခု ရှိနေပေသည်။ သေနတ်ကျည်ဆံ သည် နဖူးပြင်တည့်တည့်မှ ဦးနှောက်အတွင်းထိ ဝင်ရောက်မွှေနှောက် သွားခြင်းပင်ဖြစ်မည်။

သေနတ်ကျည် ထိမှန်လိုက်ချိန်မှာပင် သူမ သေဆုံးသွားခြင်း ဖြစ်ပုံရသည်။ စဝ်ရန်နိုင် သူမ၏ ခန္ဓာကိုယ်ကို အသာအယာပြန်ချ လိုက်သည်။ အင်ဂျင်စက်နှိုးလိုက်သည့် အချိန်၌ သူကြားလိုက်မိသည့် အသံမှာ သေနတ်သံပင်ဖြစ်ပေလိမ့်မည်။

ကမ်းခြေဘက်သို့ သူလှမ်း၍ကြည့်သည်။ မည်သည့်ထူးခြား မှုမျှ မတွေ့ရ၊ လူအရိပ်အရောင်မျှပင် မမြင်ရပေ။ ထန်းပင်မှ အရွက် များကသာ လေငြေ့ရာ၌ ယိမ်းနွဲ့လှုပ်ရှား၍နေကြသည်။ အနက်ရောင် လင့်ခရူဇာကားတစ်စီး ကမ်းခြေလမ်းအတိုင်း မောင်းလာပြီး 'စိမ်းလဲ့ နဒီ' မိုတယ်ကြီးအတွင်းသို့ ချိုးကွေ့၍ ဝင်သွားသည်ကို မြင်လိုက်ရ သည်။

အမျိုးသမီးငယ်ကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ သူမ၏



ဦးခေါင်း၌ သွေးများဖြင့် ရွဲနစ်၍နေသည်။

ကျည်လာရာလမ်းကြောင်းကို စဝ်ရန်နိုင် ခန့်မှန်းလိုက်သည်။ သူ မော်တော်ဘုတ်လက်ကိုင်ဘီးကို ကိုင်ထားသည့် ရှေ့ဘက်တည့် တည့်မှာ ကမ်းခြေဘက်ဖြစ်သည်။ ကျည်ဆန်သည် ကုန်းမြေပြင်မှ လာခြင်းပင်ဖြစ်သည်။ ကမ်းရိုးတန်းပေါ်၌ တည်ဆောက်ထားသည့် အိမ်များ၏အပေါ် ပြတင်းပေါက်တစ်ခုမှနေ၍ လှမ်း၍ပစ်ခတ်လိုက် ခြင်းပင်ဖြစ်ရမည်။ အဝေးကြည့်မှန်ပြောင်းတပ် ရိုင်ဖယ်ဖြင့် ပစ်လိုက် ခြင်းပင်ဖြစ်မည်။

မည်သည့်အကြောင်းကြောင့် ဤအမျိုးသမီးငယ်ကို ပစ်သတ် ရလေသနည်း။

သူမ၏အသက်အရွယ်မှာ ငယ်ပေသေးသည်။ သေသင့် သည့် အရွယ်မျိုးမဟုတ်သေးပေ။ လူသတ်သမားသည် လူသတ်သည့် အလုပ်၌ ကျွမ်းကျင်သူဖြစ်မည်မှာ သေချာသည်။

စဝ်ရန်နိုင် လေးတွဲ့စွာ ခေါင်းယမ်းလိုက်မိသည်။

မမြင်ရသော ရန်သူ၏အန္တရာယ်ကို သူ မည်သို့မျှ ကာကွယ် နိုင်စွမ်းမရှိပေ။

သေခြင်းတရားသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လျှင်မြန်လွန်းလှသည်။

စဝ်ရန်နိုင်သည် ကမ်းခြေသို့ ဦးတည်၍ မော်တော်ဘုတ်ကို မောင်းလိုက်သည်။ အမျိုးသမီးငယ်၏ အလောင်းကို တာရပ်တစ်ခု ဖြင့် ဖုံးအုပ်လိုက်သည်။ ဆိပ်ကမ်းတံတားသည် မောင်နိုက စောင့်၍

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

'မောင်နီက . .

'ဆရာ့အဖော် မိန်းကလေးကော . .'

စံရန်နိုင်ခေါင်းခါ၍ မောင်နီကို အတိုချုံးရှင်းပြလိုက်သည်။

'အခုကိစ္စ . . ရဲကို အကြောင်းကြားရအောင်'

'ရဲမှူး ကျော်လွင်မိုးနဲ့ တွေ့လိုက်ရင် ပိုကောင်းမယ် ဆရာ။ သူက ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက်ပါ'

'ဒါဆို . . သူ့ဆီကို ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ပါ'

'ဆရာ . . ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

မောင်နီက အိမ်ရှေ့ခန်းဘက်ဆီသို့ ဝင်သွားသည်။ စံရန်နိုင်က သူ၏နောက်မှ လိုက်ပါသွားသည်။

မောင်နီ တယ်လီဖုန်းကိုကိုင်၍ ဖုန်းဆက်သည်။ နှစ်ခွန်း၊ သုံးခွန်းပြောပြီး ဖုန်းခွက်ကိုပြန်ချလိုက်သည်။ စံရန်နိုင်ဘက်သို့ လှည့်၍ . . .

'သူကိုယ်တိုင် . . . ဒီကိုလာမယ်တဲ့ ဆရာ'

'အေး . . ပိုကောင်းတာပေါ့'

× × × × ×

ရဲမှူးကျော်လွင်မိုး ရဲကားဖြင့် ရောက်လာသည်။

မောင်နီက စံရန်နိုင်အား ရဲမှူးကျော်လွင်မိုးနှင့် မိတ်ဆက်



ပေးသည်။ ရဲမှူးကျော်လွင်မိုးက ဦးထုပ်ကိုချွတ်လိုက်ပြီး . . .

'ဘယ်လိုဖြစ်သလဲဆိုတာ ပြောပြပါဦး . . စံရန်နိုင်'

စံရန်နိုင်က သူကြုံတွေ့ခဲ့ရသည့် အခြေအနေကို ပြည့်စုံစွာ ရှင်းပြလိုက်၏။

ရဲမှူးကျော်လွင်မိုးက . . .

'ဒါဖြင့် . . အဲဒီအမျိုးသမီးရဲ့ အလောင်းကကော'

'မော်တော်ဘုတ်ပေါ်မှာပဲ ထားခဲ့တယ်'

'ကျွန်တော်တို့ ကြည့်ကြရအောင်'

ကွန်ကရစ်လမ်းအတိုင်း ကမ်းခြေဘက်သို့ ရဲမှူးကျော်လွင်မိုးနှင့် စံရန်နိုင်တို့ လျှောက်လာကြသည်။ ဆိပ်ကမ်းတံတားလေး၌ အဖြူရောင်မော်တော်ဘုတ်တစ်စီးသာ ရပ်ထားသည်။ စံရန်နိုင်က တာရပတ်စကြီးကို ဖယ်၍ပြလိုက်သည်။

ရဲမှူးကျော်လွင်မိုးက . . .

'အင်း . . တော်တော်ကံဆိုးတဲ့ အမျိုးသမီးပဲ။ သူ့ကိုယ်သူ သေနတ်မှန်တာတောင် သိလိုက်ချင်မှ သိလိုက်လိမ့်မယ်ထင်တယ်'

'ကျည်ဆန်ကတော့ ကုန်းပေါ်က လာတာပဲဖြစ်မယ်'

'ဒါနဲ့ . . ဒီအမျိုးသမီးကို ခင်ဗျားသိသလား'

စံရန်နိုင်က ခေါင်းခါလိုက်သည်။

'အခုမှပဲ သူ့ကို တွေ့ဖူးတာ။ ဘယ်လို သိပါ့မလဲ'

ရဲမှူးကျော်လွင်မိုးက မော်တော်ဘုတ်ပေါ်သို့ တက်၍ သဲလွန်စရှာကြည့်သည်။ မည်သည့်အရာမျှ မတွေ့ရပေ။ ကျော်လွင်မိုး

www.burmeseclassic.com

www.burmeseclassic.com



မရှာခင်ကတည်းကပင် မော်တော်ဘုတ်ပေါ်၌ စဝ်ရန်နိုင် ရှာဖွေကြည့်ခဲ့ပြီးသားဖြစ်သည်။ သဲလွန်စ ဖြစ်စရာဟူ၍ လုံးဝမတွေ့မိခဲ့ပေ။

မော်တော်ပေါ်မှ ရဲမှူးကျော်လွင်မိုး ပြန်ဆင်းလာပြီး

'ခင်ဗျား ဒီမှာ ဘယ်လောက်နေဦးမှာလဲ'

'အများဆုံး သုံးရက်လောက်ပါပဲ . .'

'ဒီအိမ်ရှင် ၄. ကိုစောမြင့်နဲ့ကော ရင်းရင်းနှီးနှီးသိသလား'

'သိပါတယ်။ သူ့ဖုန်းနံပါတ် ကျွန်တော့်မှာရှိပါတယ်။ ခင်ဗျား ဖုန်းဆက်ပြီး မေးနိုင်ပါတယ်'

'စဝ်ရန်နိုင်က သူ၏အိတ်ထဲမှ မှတ်ပုံတင်ကဒ်ပြားတစ်ခုကို ထုတ်၍ပြလိုက်သည်။

ရဲမှူးကျော်လွင်မိုး၏မျက်နှာ သိသာစွာပြောင်းသွားသည်။

'စဝ်ရန်နိုင် . . ခင်ဗျားက အခုမှ ပြောတာကိုး။ ကျွန်တော်က ခင်ဗျားကို တာဝန်အရမေးနေမိတာပါ'

'ကျွန်တော် ဒီဘက်ကိုလာတာ၊ တစ်ခြားကိစ္စတစ်ခုနဲ့ပါ။ ဒီကျွန်းကိုလည်း အခုမှပဲရောက်ဖြစ်တာ'

နှစ်ဦးသား အိမ်ထဲသို့ ပြန်ဝင်လာကြသည်။ မောင်နီက အသင့်ဖျော်ပြီးသော ကော်ဖီတစ်အိုး လာချပေးသည်။ ကော်ဖီသောက်ရင်းနှင့် စကားပြောဖြစ်ကြသည်။

ရဲမှူးကျော်လွင်မိုးက . . .

'ဒီကျွန်းပေါ်မှာကတော့ လူစုံ၊ လုပ်ငန်းမျိုးစုံရှိတယ်။ ဓိုက်ကြီး၊ ခြံကြီးတွေနဲ့ ချမ်းသာတဲ့လူတွေ တော်တော်များများကို



ရှိနေပြီလို့ ပြောရမယ်။ ဒီကျွန်းပေါ်ကို ရောက်လာတဲ့လူတွေဟာ ရောက်ခါစတုန်းက ဘာမှရှိတဲ့လူတွေ မဟုတ်ကြဘူး။ နောက်ပိုင်းမှာ အရက်ချက်လုပ်ငန်း၊ ရတနာလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ပုစွန်မွေးတဲ့လုပ်ငန်းတွေနဲ့ ချမ်းသာလာကြတယ်။ အခုအချိန်မှာ အဲဒီလူတွေဟာ တော်တော်ကြီးချမ်းသာနေကြပြီ။ ဒီလူတွေမှာ နောက်ခံအမျိုးမျိုးရှိလိမ့်မယ်။ အဓိအချက်ကတော့ နောက်ကပံ့ပိုးပေးနိုင်တဲ့ ငွေကြေးပါပဲ'

စဝ်ရန်နိုင်က . . .

'ခင်ဗျားပြောသလိုဆိုရင်၊ ဒီကျွန်းက တော်တော်ပြည့်စုံသာယာတဲ့နေရာတစ်ခုလို့ ပြောချင်တာလား'

ရဲမှူးကျော်လွင်မိုးက . . .

'ဒီအချက်လည်းပါတာပေါ့။ နောက်တစ်ချက်က ဒီနေရာမှာ ဒုစရိုက်သမားတွေ လှုပ်ရှားတတ်တယ်။ ကျွန်တော်တို့ အမြဲတမ်းသတိထားနေရတဲ့ ကိစ္စတစ်ခုပဲ။ ကဲ . . သေသွားတဲ့ အမျိုးသမီးကိစ္စပြောကြရအောင်။ ကျွန်တော့်ယူဆချက်ကိုပြောရမယ်ဆိုရင်တော့ ဒီအမျိုးသမီးမှာ ရန်သူရှိတာ သေချာနေပြီ။ ရန်သူက ကြေးစားလက်ဖြောင့်လူသတ်သမားကိုရွေးပြီး အမျိုးသမီးကို သတ်ခိုင်းတာမျိုးဝဲဖြစ်မယ်။ လူသတ်သမားအနေနဲ့ ဒီအမျိုးသမီးကို အခက်အခဲမရှိပဲ လွယ်လွယ်ကလေး ရှင်းပစ်နိုင်လိုက်ပုံပဲ'

ရဲမှူးကျော်လွင်မိုးက သူ၏ဦးထုပ်ကို ကောက်ယူလိုက်သည်။ ရဲကားအနီးသို့ရောက်လျှင် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စံရန်နိုင်က . . .

'အချိန်ရရင်တော့ ကျွန်တော် ကူညီချင်ပါတယ် . .။ ဪ ကျွန်တော့်ကို ဒေါက်တာစံရန်နိုင်ဆိုတဲ့ နာမည်နဲ့ပဲ ဆက်သွယ်ပါ ကိုကျော်လွင်မိုး'

ရဲမှူး ကျော်လွင်မိုးက ပြုံးလိုက်ပြီး . . .

'စိတ်ချပါ . . ဒေါက်တာစံရန်နိုင်။ ခင်ဗျား မပြန်သေးခင်မှာ တစ်ခေါက်လောက် လာခဲ့ပါဦးမယ်။ ဒါနဲ့ . . ခင်ဗျား ဦးထွန်းပိုင်နဲ့ သိသလား'

ဒေသခံ ခွဲမှူး ဦးထွန်းပိုင်ကို ဆိုလိုခြင်းဖြစ်ကြောင်း စံရန်နိုင် နားလည်သည်။

'သိပါတယ် . .'

စံရန်နိုင်သည် ဒေသခံခွဲမှူး ဦးထွန်းပိုင်နှင့် ရင်းနှီးသူဖြစ်သည်။ ဦးထွန်းပိုင်နှင့် တွဲ၍လုပ်ငန်းများ လုပ်ဖူးသည်။ မိမိတို့ရွာနမှ လူတစ်ဦး ပျောက်ဆုံးနေခြင်းနှင့် ပတ်သက်၍ တာဝန်ယူပြီး ရှာဖွေပေးခဲ့ရသည်။ ထိုစဉ်က ခက်ခဲကြမ်းတမ်းစွာဖြင့် ဆောင်ရွက်ခဲ့ရသည်ကို ဦးထွန်းပိုင် ကောင်းစွာသိရှိသည်။ နောက်ထပ်ကိစ္စတစ်ခုမှာ စက်မှုလုပ်ငန်းရှင်တစ်ဦး၏ သားငယ်ပြန်ပေးဆွဲခံရသည့်ကိစ္စဖြစ်သည်။ ပြန်ပေးဆွဲသည့်အဖွဲ့အတွင်းအထိ စွန့်စားဝင်ရောက်ပြီး ကယ်တင်ပေးခဲ့ရသည်။ ပြန်ပေးဆွဲသည့်အဖွဲ့ကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။

ရဲမှူးကျော်လွင်မိုးသည် စံရန်နိုင်ကို ယက်ပြန္တတ်ဆက်လျှက်ကားမောင်း၍ထွက်သွားသည်။



## အခန်း (၃)

နေ့လည်ခင်းအချိန်။

ရဲမော်တော်တစ်စီးက ဆိပ်ကမ်းတံတား၌ ရပ်ထားသော မော်တော်ဘုတ်အဖြူရောင်ကလေးကို ဆွဲယူသွားသည်။ ထိုမော်တော်ဘုတ်အဖြူပေါ်၌ နာမည်မသိသည့် အမျိုးသမီးငယ်တစ်ဦး၏ အလောင်းပါရှိသည်။ စံရန်နိုင်သည် မော်တော်ဘုတ်ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိသည်။

မောင်နီက နေ့လည်စာအတွက် ပြင်ဆင်ပေးသည်။

နေ့လည်စာမှာ မွှယ်မွှယ်ရှာရှာ စီမံထားသည်။ ထမင်းစားပြီးချိန်၌ ပင်လယ်သမုဒ္ဒရာ ရေစီးကြောင်းများနှင့် ပတ်သက်ဆက်နွယ်မှုများဟုအမည်ရှိ စာတန်းကို ဖတ်ရှုနေသည်။ ထိုစာတန်းမှာ သူ့ကို မငြိမ်မနေ ဖတ်ရှုရန်အတွက် 'ဘချုပ်'က အထူးအစီအစဉ်တစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် မေးလိုက်ခြင်းဖြစ်သည်။

တယ်ရှနေစဉ်မှာပင် တယ်လီဖုန်း မြည်လာသည်။

တစ်ဘက်မှ အမျိုးသမီးတစ်ဦး၏အသံ ပေါ်လာသည်။

'ဒေါက်တာ စဝ်ရန်နိုင်ပါလားရှင်'

'ဘယ်သူက စကားပြောချင်တယ်လို့ ပြောလိုက်ရပါမလဲ ခင်ဗျာ'

စဝ်ရန်နိုင်က သွယ်ဝိုက်၍ ပြောလိုက်သည်။ ဤကျွန်းပေါ်၌ သူနှင့်ပတ်သက်သူ မရှိနိုင်ပေ။ ထို့ပြင် စဝ်ရန်နိုင်အနေနှင့် ရဲမှူးကျော်လွင်မိုးကို ပြောထားသကဲ့သို့ သူ့ကိုယ်သူ ဒေါက်တာစဝ်ရန်နိုင် အဖြစ်သတ်မှတ်ထားသည်။

တစ်ဘက်မှ အမျိုးသမီး၏အသံ ပေါ်လာသည်။

'ကျွန်မနာမည် ကြူကြူဆွေပါ။ ဦးစောမြင့်ရဲ့ မိတ်ဆွေ တစ်ယောက်ပါ။ ဒီကျွန်းရဲ့ အရှေ့ဘက်ခြမ်းမှာနေပါတယ်'

'ကျွန်တော် စဝ်ရန်နိုင်ပါ။ ကျွန်တော့်နာမည်နဲ့ ကျွန်တော် ဒီအိမ်မှာရှိနေတယ်ဆိုတာ ခင်ဗျား ဘယ်လိုသိသလဲ'

ကြူကြူဆွေဟုဆိုသော အမျိုးသမီးက ရယ်သံစွက်လျက်

'ဒီလိုပါ . . . ကျွန်မတို့ကျွန်းရဲ့ ဒေသခံကြော်ငြာသတင်းစာ တစ်စောင်ရှိပါတယ်။ သတင်းစာမှာက သိပ်ထွေထွေထူးထူးမပါ ပါဘူး။ ဒီကျွန်းပေါ်ကိုလာတဲ့ ဧည့်သည်တွေရဲ့အကြောင်း ကော်လံ နည်းနည်းလေးနဲ့ ဖော်ပြလေ့ရှိပါတယ်။ ပြီးတော့ စီးပွားရေးလုပ်ငန်း တွေအကြောင်း။ အလုပ်သမားအလိုရှိတဲ့အကြောင်း သာရေး နာရေး





အကြောင်းနဲ့ အရေးကြီးတဲ့ ခေါင်းစဉ်လောက်ပဲ ပါ,ပါတယ်'

'ဒါလောက်ဆို . . . ကျွန်တော် သိပါပြီ'

အမျိုးသမီးက ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ . . .

'ကျွန်မ အဓိကပြောချင်တာက၊ ဒီနေ့မနက်ပိုင်း မော်တော် ဘုတ်အဖြူလေးပေါ်မှာဖြစ်ခဲ့တဲ့ ကိစ္စကိုပြောမလို့ပါ'

'မော်တော်ဘုတ်ပေါ်က ကိစ္စလား ပြောပါ'

'ကျွန်မ စဝ်ရန်နိုင်နဲ့ ခဏလောက်တွေ့ပြီး ပြောချင်လို့ပါ'

'ကျွန်တော်လည်း တွေ့ချင်ပါတယ်'

အသက်ခံရသည့် အမျိုးသမီးငယ်နှင့် ပတ်သက်မှုတစ်ခု ဖြစ်နိုင်သည်ဟု စဝ်ရန်နိုင် တွေးမိသည်။

'ကောင်းပြီလေ။ ဘယ်အချိန် ဘယ်နေရာမှာ တွေ့မှာလဲ'

'အခုတွေ့နိုင်ရင် ပိုကောင်းပါတယ်။ ကျွန်မအနေနဲ့ ရှင့်ဆီကို လာလို့ မဖြစ်တာကိုတော့ တောင်းပန်ပါရစေ။ ဖြစ်နိုင်ရင် ကျွန်မဆီကို လာခဲ့ပါ။ ကျွန်မဆီကိုလာဖို့က မိုင်ငါးဆယ်လောက်ဝေးမယ်။ ရှင့်ဆီ မှာ ကားကော အသင့်ရှိရဲ့လား'

'ကိုစောမြင့်ရဲ့ကား ရှိပါတယ်'

'ဒါဆို အဆင်ပြေပါတယ် . .'

ကြူကြူဆွေက လာရမည့်လမ်းကြောင်းနှင့် လိပ်စာကို ပြောပြသည်။

'ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်'

'ကျေးဇူးပါပဲရှင် . .'

www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင် တယ်လီဖုန်းကို ချလိုက်သည်။

× × × × ×

ဂိုဒေါင်အတွင်းမှ ကိုစောမြင့်၏ ကားကိုထုတ်၍ မောင်းထွက်လာသည်။ ကားကို ပင်လယ်ကမ်းခြေအတိုင်း မောင်းနှင်လာသည်။ တော်ဝင်နှင်းဆီ ဟိုတယ်ကြီး၏အနီးရှိ လမ်းဆုံ၌ ညာဘက်သို့ ချိုးကွေ့လိုက်သည်။

သစ်လွင်တောက်ပသော တိုက်အိမ်ကြီးများကို တွေ့ရသည်။ ထို့နောက် သစ်သားအိမ်များကိုတွေ့ရသည်။ ထို့နောက် လမ်းဘေးတစ်ဖက်တစ်ချက်တွင် ထန်းပင်များကိုသာတွေ့ရသည်။

ကားမှာ ပြေပြစ်သော ကုန်းမြင့်လမ်းအတိုင်းတက်လာသည်။

လမ်းဘေးသို့ သတိထား၍ကြည့်ပြီး ကားကိုစက်ရှိန်လျှော့မောင်းလာသည်။ သစ်ပင်ကြီးတစ်ပင်၏ ခါးလည်လောက်၌ ယွန်းသီရိမြိုင်ဟု ရေးထားသည့် သစ်သားဆိုင်းဘုတ်စုတ်တစ်ခုကို မြင်လိုက်ရသည်။ ကြူကြူဆွေပြောသည့် အိမ်ပင်ဖြစ်ပေလိမ့်မည်။

ခြံပတ်လည်၌ အုတ်တံတိုင်းဖြင့် ကာရံထားသည်။

ခြံရှေ့၌ မြက်ခင်းပြင်ကျယ်ကြီးတစ်ခုရှိသည်။ ခြံပတ်လည်၌ ပန်းရောင်စုံများ ဖူးပွင့်၍နေသည်။ ကြူကြူဆွေဆိုသည့် အမျိုးသမီးသည် အပြင်ဖိ၌ တံခါးဖွင့်၍ ကြိုပြီးစောင့်နေသင့်သည်။ ယခု ခြံထဲ၌ မည်သူမျှမရှိ။ အဖော်ညှံ့ဖျင်းသည့် အမျိုးသမီးပင်ဖြစ်မည်ဟု





တွေးမိသည်။

စဝ်ရန်နိုင် ကားကိုရပ်တန့်လိုက်၏။

ကားပေါ်မှ ဆင်းလိုက်သည်။ တစ်ဘက်ပလပ်ဖောင်းမှ ဒေသခံအမျိုးသမီးတစ်ဦး သူ၏ကားဆီသို့လျှောက်လာသည်။ ထိုအမျိုးသမီး၏လည်ပင်း၌ ငွေဖြင့်ပြုလုပ်ထားသော နှစ်ထပ်ဆွဲကြိုးတစ်ကုံးဆွဲထားသည်။ နားတစ်ဘက်တစ်ချက်၌ ငွေခေါင်းလောင်းသေးသေးလေးကို ကြိုးတန်လန်းနှင့် ဆွဲထားသည်။ သူမ၏လက်ထဲ၌ အနက်ရောင်ယွန်းဗန်းတစ်ချပ်ကိုင်ထားသည်။ ထိုယွန်းဗန်းထဲ၌ စက္ကူပန်းပွင့် ရောင်စုံများထည့်ထားသည်။

ထိုအမျိုးသမီးက . . .

'ကျေးဇူးပြုပြီး . . ဒါနရလေး တစ်ခုလောက်ပြုပါလားရှင်'

စဝ်ရန်နိုင် ထိုအမျိုးသမီးကို တစ်ချက်မျှ ထူးဆန်းသလိုကြည့်လိုက်မိသည်။ သို့သော် မည်သို့မျှ မပြောဖြစ်ပဲ အိတ်ထဲမှ ငွေစက္ကူတစ်ရွက်ထုတ်၍ ပေးလိုက်၏။ ထိုအမျိုးသမီးက ငွေစက္ကူကိုလိပ်၍ အသင့်ပါလာသော သတ္တုဗူးကလေးအတွင်းသို့ထည့်သည်။

'ကျေးဇူးတင်ပါတယ်ရှင်'

အမျိုးသမီးက ယွန်းဗန်းအတွင်းအောက်ဘက်ရှိ ခရမ်းရောင်စက္ကူပန်းပွင့်တစ်ပွင့်ကို ထုတ်ယူလိုက်သည်။ ထိုပန်းပွင့်ပေါ်၌ ရွှေရောင်တံဆိပ်ကလေးတစ်ခုပါရှိသည်။ ခရမ်းရောင်ပန်းပွင့်တစ်ပွင့်ကို အောက်ဘက်၌ အနီရောင်ကတ္တီပါစဖြင့် ဖဲပြားပုံသဏ္ဌာန်ပြုလုပ်ထားသည်။ သပ်ရပ်လှပသော စက္ကူပန်းပွင့်ကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင် ခြံတံခါးဝသို့ လျှောက်သွားသည်။ ခြံဝင်းတံခါးကို အသာဖွင့်၍ အတွင်းသို့ဝင်လာသည်။ ခြံဝင်းအတွင်းမှ ခပ်သင်းသင်း ပန်းရနံ့တစ်မျိုးကိုရသည်။

ပိတ်ထားသည့် အိမ်တံခါးရှေ့၌ ရပ်လိုက်၏။

တံခါးလက်ကိုင်ကို ဆွဲကြည့်လိုက်သည်။ အတွင်းဘက်ဆီမှ ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။

ခပ်ဝဝအမျိုးသမီးတစ်ဦး တံခါးဝ၌ ပေါ်လာသည်။

သူမက စဝ်ရန်နိုင်ကို အကဲခတ်ဟန်ဖြင့် ကြည့်လိုက်ပြီး

'စဝ်ရန်နိုင်ဆိုတာ ရှင်လား . .'

'မှန်ပါတယ် . .'

'အထဲကို ကြွပါရှင်။ ဒေါ်ကြူကြူဆွေ စောင့်နေပါတယ်ရှင်'

စဝ်ရန်နိုင်က သူမ ဦးဆောင်ခေါ်သွားရာနောက်မှ လိုက်ပါသွားသည်။

ကြမ်းပြင်မှာ အဖြူရောင်ကြွေပြားများ ခင်း၍ထားသည်။ ပထမဦးစွာ အခန်းကျဉ်းတစ်ခုကို ဖြတ်ရသည်။ ထိုအခန်းထဲ၌ ရွှေငါးများမွေးထားသည့် မှန်ရေကန်တစ်ခုရှိသည်။ အတွင်းဘက်တွင် ရောင်စုံမီးလုံးလေးများထွန်းထားသည်။ သစ်သားတန်းတစ်ခုပေါ်၌ သတ္တဝါတစ်ကောင်ရှိသည်။ ပြူးကျယ်သောမျက်လုံးဖြင့် စဝ်ရန်နိုင်ကို လှမ်း၍ကြည့်သည်။

ထိုအခန်းကိုကျော်လျှင် အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သည်။ ထိုအခန်းထဲ၌ ပန်းချီကားများနှင့် ပန်းပုရုပ်တုများရှိ





သည်။ နံရံများ၌ မှန်ဘောင်သွင်းထားသော ရေဆေးပန်းချီကားများ၊ ဆီဆေးပန်းချီကားများ ချိတ်ဆွဲထားသည်။ ရှိုးကေ့စ်မှန်ဘီရိုများအတွင်း၌ သစ်သားပန်းပုရုပ်များကို သူနေရာနှင့်သူ အမျိုးအစားခွဲ၍ထည့်ထားသည်။

ဦးဗကြည်၊ အဓိဇင်အေး၊ ဦးသောင်းဟန်၊ ဦးလွန်းကြွယ်တို့၏ပန်းချီကားများမှာ ပို၍များသည်။

တတိယမြောက်အခန်းသို့ ရောက်သည်။

ထိုအခန်းထဲ၌ ကြက်သွေးရောင် ကော်ဇောခင်းထားသည်။ ကော်ဇောမှာ နင်းရက်စရာမရှိအောင် နူးညံ့လှသည်။

တတိယမြောက်အခန်းသည် ဧည့်ခန်းပင်ဖြစ်သည်။

ဧည့်ခန်းထဲရှိ တစ်ယောင်ထိုင် မီးခိုးရောင် ဆိုဖာပေါ်၌ ထိုင်လိုက်၏။ ရှေ့တူရူသို့လှမ်းကြည့်လျှင် ပင်လယ်ပြင်ကိုမြင်နေရသည်။ မိုးကုတ်စက်ဝိုင်းအဆုံးထိ လှမ်း၍မြင်တွေ့နေရပေသည်။ သူ့ရှေ့မှ မြင်ကွင်းတစ်ခုလုံး အပြာရောင်သာလွှမ်း၍နေသည်ဟု ဆိုရပေမည်။

ကမ်းခြေအစပ်၌ ထိုင်ခုံများ၊ ရောင်စုံထီးများရှိသည်။ အလှမီနီယမ်စားပွဲခုံပေါ်၌ အချိုရည်ဘူးများ၊ ဘီယာဘူးများတင်ထားသည်။ ဒေါ်ကြူကြူဆွေ၏အိမ်မှာ သူ ထင်မှတ်ထားသည်ထက်ပင် ပို၍ ခမ်းနားထည်ဝါလွန်းနေပေသည်။

ပင်လယ်ကမ်းခြေရှိ အိမ်ကြီးများ၌ အနည်းဆုံးကိုယ်ပိုင် မော်တော်ဘုတ်တစ်စီး ထားလေ့ရှိသည်။ ယခုမူ ကမ်းခြေအစပ်၌



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဘုတ်မမြင်ရပေ။ မည်သည့်နေရာ၌ ထားသနည်းဟု တွေးမိသည်။

ဧည့်ခန်းအတွင်းသို့ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသည့် အမျိုးသမီးတစ်ဦး ငြင်သာစွာဝင်လာသည်။ သူမ၏ အသက်အရွယ်မှာ ငါးဆယ်ဝတ်ဝန်းကျင်ခန့်ရှိသည်။ စည်ပြီမ်သော ရုပ်ရည်မျိုးရှိသည်။ အပေါ်ဘက်၌ အဖြူရောင် ရှပ်အင်္ကျီလက်ရှည်ကိုဝတ်ထားပြီး အောက်ဘက်၌ ခဝ်ပွပွအညိုရောင် ဘောင်းဘီကို ဝတ်ဆင်ထားသည်။ ဘယ်ဘက်လက်ချောင်းများ၌ လက်စွပ်များ အပြည့် ဝတ်ဆင်ထားသည်။ လက်တစ်ဘက်စီ၌ လက်ကောက် ခုနစ်ကွင်းစီ ဝတ်ထားသည်။

သူမက နှုတ်ဆက်ပြုံးလျက် . . .

'ကျွန်မ နာမည် ကြူကြူဆွေပါ'

'ဟုတ်ကဲ့။ ကျွန်တော် စစ်ရန်နိုင်ပါ။ ကျွန်တော်နဲ့တွေ့ချင်တဲ့ ကိစ္စ ပြောနိုင်ပါတယ်'

ဒေါ်ကြူကြူဆွေက ဆိုဖာတစ်လုံး၌ ဝင်ထိုင်လိုက်ပြီး . . .

'ဘာမှ အပြစ်မရှိရှာတဲ့ မိန်းကလေးတစ်ယောက် အသတ်ခံလိုက်ရတဲ့အချိန်မှာ ရုပ်ကိုယ်တိုင် အဲဒီမော်တော်ဘုတ်ပေါ်မှာ ရှိနေခဲ့တာလား'

'ဟုတ်ပါတယ်'

စားပွဲပေါ်ရှိ ကျောက်စိမ်းသေတ္တာလေးအတွင်း စီးကရက်တစ်လိပ် သူမထုတ်ယူလိုက်ပြီး မီးညှိဖွာရှိုက်လိုက်သည်။ ကျောက်စိမ်း





စီးကရက်သေတ္တာလေးကို စစ်ရန်နိုင်ဘက်သို့ တွန်းပေးလိုက်သည်။

သူမ သက်ပြင်းတစ်ချက်ချလိုက်ရင်းမှ . . .

'တကယ်တော့ ဒီကိစ္စဟာ အင်မတန်ရက်စက်တဲ့ ကိစ္စတစ်ခုပါပဲရှင်'

သူမ ပြောသည့်လေသံ၌ အလေးအနက်ထား၍ ပြောခြင်းဖြစ်ကြောင်း စစ်ရန်နိုင် သတိပြုမိသည်။ ထို့ပြင် သူ့အနေနှင့် ဤကျွန်းပေါ်သို့ရောက်လာစဉ်ကတည်းက စစ်ရန်နိုင်ဆိုသည့် အမည်ကို ဒေါက်တာစစ်ရန်နိုင်အဖြစ် အပေါ်ယံလှည့်စားချက်တစ်ခုအနေဖြင့် ပြောင်းလဲသတ်မှတ်ခြင်း ပြုထားခဲ့သည်။ ထိုအချက်မှာ သူ့အတွက် အရေးပါသော အချက်တစ်ချက်ဖြစ်လာခဲ့ပေလိမ့်မည်။

ဒေါ်ကြူကြူဆွေက . . .

'ဪ . . အခုမှ သတိရတယ်'

သူမက ထိုင်ရာမှ ထရပ်လိုက်သည်။ နံရံကပ် ဗီရိုအတွင်းမှ 'ရမ်' ပုလင်းတစ်လုံးထုတ်ယူ၍ လျှပ်စစ်ဖျော်ရည်ခွက်အတွင်းသို့ ပုလင်းတစ်ဝက်တိတိလောင်းထည့်သည်။ သံပုရာသီးညှစ်ထည့်သည်။ ရေခဲခြစ်သည့်စက်ဖြင့် ရေခဲခြစ်ပြီးထည့်သည်။ အဖုံးပြန်ပိတ်၍ ခလုတ်ကို နှိပ်သည်။ လျှပ်စစ်ဖျော်ရည်ခွက်အတွင်း၌ တရှဲရှဲဖြင့် အသံမြည်လာသည်။ ဒေါ်ကြူကြူဆွေက ဖန်ခွက်ထဲသို့ အေးမြနေသည့် သံပုရာရမ်ကို လောင်းထည့်လိုက်သည်။

ဒေါ်ကြူကြူဆွေက စစ်ရန်နိုင်ကို အရက်ခွက်တို လှမ်း၍ပေးရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ ဒီကျွန်းပေါ်မှာ ပျော်ရွှင်အေးချမ်းစွာ တွေ့ဆုံကြတဲ့ အထိမ်းအမှတ်ပေါ့ ရှင်'

ဒေါ်ကြူကြူဆွေ လျှပ်စစ်ဖျော်ရည်ခွက်ခလုတ်ကို မပိတ်ပဲထားသဖြင့် အတွင်းမှ မော်တာမှာ တရှဲရှဲဖြင့် ဆက်ပြီးလည်နေပေသည်။

သူမအနေနှင့် လျှပ်စစ်ဖျော်ရည်ခွက်ကို မည့်သည့်အတွက်ကြောင့် မပိတ်သနည်းဟု စဉ်းစားနေမိသည်။

စဝ်ရန်နိုင်၏ အပေါ်အင်္ကျီ၏ ရင်ဘတ်တစ်နေရာ၌ထိုးထားသော စက္ကူပန်းပွင့်တံဆိပ်ကလေးကို ဒေါ်ကြူကြူဆွေ သတိပြုမိသွားသည်။ သူမ၏ မျက်နှာမသိမသာ ပြောင်းလဲသွားသည်။

ဒေါ်ကြူကြူဆွေက . . .

'အို . . ဒီပန်းပွင့်တံဆိပ်ကလေးက ချစ်စရာလေးပါလား။ ဘာ အထိမ်းအမှတ်လဲဟင် . .'

'ကျွန်တော် ကားပေါ်ကအဆင်း၊ အမျိုးသမီးတစ်ယောက်က ဒါနပြုတဲ့ အထိမ်းအမှတ်အနေနဲ့ ပေးလိုက်တာပါ'

'ဒါလေး . . ကျွန်မယူလို့ ရမလား ဟင်'

စဝ်ရန်နိုင် ခေါင်းညိတ်ပြရင်း . .

'ယူလို့ရပါတယ်။ ကျွန်တော်ကတော့ ပင်အပ်ကလေးပဲ ယူထားမယ်။ ကျွန်တော့်အတွက် လိုရင်သုံးဖို့ပါ'

ဒေါ်ကြူကြူဆွေက စဝ်ရန်နိုင်၏ ရင်ဘတ်မှ ခရမ်းရောင် စက္ကူပန်းပွင့်လေးကို အသာအယာဖြုတ်ယူလိုက်ပြီး ပင်အပ်ကို





စဝ်ရန်နိုင်အား ပြန်ပေးလိုက်သည်။ စဝ်ရန်နိုင်က ပင်အပ်ကို အပေါ်ဂျာကင်အင်္ကျီကော်လံဘေး၌ ထိုးထားလိုက်သည်။

ဒေါ်ကြူကြူဆွေက ခရမ်းရောင်စက္ကူပန်းပွင့်ပေါ်မှ တံဆိပ်ကလေးကိုလှည့်ပတ်၍ကြည့်ပြီး လျှပ်စစ်ဖျော်ရည်ခွက်အနီး၌ ချထားလိုက်သည်။

စဝ်ရန်နိုင်က . . .

'လျှပ်စစ်ဖျော်ရည်ခွက် မပိတ်ဘူးလား . . ဒေါ်ကြူကြူဆွေ'

သူမက မသိမသာပြုံးလျက် . .

'သြော် . . ဒီဖျော်ရည်စက်က ကျွန်မဈေးသွားရင်း မနေ့ကမှ ဝယ်လာတာ။ ဖျော်ရည်စက်က အသစ်ဆိုတော့ အထိုင်ကျသွားအောင် တမင်ဖွင့်ထားတာပါ'

စဝ်ရန်နိုင်ကို သူမက ရှေ့မှခေါ်သွားသည်။ ပြတင်းပေါက်အနီးရှိ ဆက်တီခုံ၌ ထိုင်လိုက်ကြသည်။ ပင်လယ်ပြင်ရှုခင်းကို ပို၍ နီးကပ်စွာကြည့်နိုင်သည့် နေရာဖြစ်သည်။

ဒေါ်ကြူကြူဆွေက အံဆွဲတစ်ခုအတွင်းမှ ဓာတ်ပုံတစ်ပုံကို ထုတ်၍ စဝ်ရန်နိုင်အား လှမ်းပေးသည်။

'ဒီဓါတ်ပုံထဲက မိန်းကလေးဟာ မော်တော်ပေါ်မှာ ရှင်တွေ့ခဲ့တဲ့ မိန်းကလေးလား'

စဝ်ရန်နိုင် ခေါင်းညိတ်ပြလိုက်သည်။

ဓါတ်ပုံထဲမှ မိန်းကလေးမှာ သနားစရာရုပ်ရည်နှင့်ဖြစ်သည်။ တိုက်အိမ်၏ ဘေးဘက်ရှိ မြက်ခင်းပြင်ပေါ်၌ ပန်းပွင့်တစ်ပွင့်ကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထားသောဓါတ်ပုံဖြစ်သည်။

'သူ့နာမည်က သီသီဆွေလို့ ခေါ်တယ်။ မိဘနှစ်ပါးစလုံး မရှိရှာတော့ဘူး။ ကျွန်မရဲ့တူမလေးပါ။ မွေးစားသမီးဆိုလည်း မှန်ပါတယ်။ ကျွန်မရဲ့ သမီးလေးနဲ့ သိပ်ချစ်ကြတဲ့ ညီအစ်မတွေပါ။ သမီးလေးနဲ့ သူက အမြဲတမ်းအတူသွား၊ အတူလာလေ့ရှိတယ်။ အဲဒီနေ့မနက်က ကျွန်မကို ဘာမှမပြောပဲ မော်တော်ဘုတ်ကိုယူစီးသွားတယ်။ ပြီးတော့ သမီးရဲ့ အဝတ်ကိုပါ သူက ယူပြီးဝတ်သွားတယ်။ သူတို့ညီအစ်မက ကိုယ်လုံးကိုယ်ပေါက်ခြင်း သိပ်မကွာလှဘူးလေ ...'

'သီသီဆွေက ဘာဖြစ်လို့ ဒီလိုအဖြစ်ဆိုးမျိုး ကြုံရတာလဲ'

ဒေါ်ကြူကြူဆွေ သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျွန်မ သမီးနာမည်က သျှားသက်ညိုပါ။ တကယ်တော့ လူသတ်သမားက ကျွန်မရဲ့ မွေးစားသမီးတူမလေးကို သတ်ချင်တာ မဟုတ်ဘူး။ ကျွန်မသမီး သျှားသက်ညိုကို အမိကထားပြီး သတ်ချင်တာ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အဝတ်အစားချင်းတူ၊ လူချင်းဆင်နေတော့ ကျွန်မရဲ့တူမလေး ပစ်သတ်ခံလိုက်ရတာပါ'

'အခုကိစ္စဟာ မတော်တဆဖြစ်တဲ့ ကိစ္စမျိုးမဟုတ်ပဲ သေသေချာချာ ကြံစည်ပြီးမှ လုပ်ကြံသတ်ဖြတ်တာမျိုးလို့ ဆိုလိုချင်တာလား'

'သိပ်မှန်တာပေါ့ရှင်'

သီသီဆွေမှာ အသက်နှစ်ဆယ်ကျော်ပတ်ဝန်းကျင်သာ ရှိပေဦးမည်။ ဤအရွယ်၌ သူမအနေနှင့် မသေသင့်သေးပေ။ အေးစိမ့်နေသော တိုက်ခန်းအတွင်းရှိ ကျောက်သားခုတင်ပေါ်၌ ငြိမ်သက်စွာ လဲလျောင်းနေရသည့် အဖြစ်ဆိုးမျိုးကိုလည်း မမြင်တွေ့လိုပါချေ။

သို့သော် ကြိုတင်စီစဉ်စောင့်ဆိုင်းနေသည့် စနိုက်ပါနှင့် လူသတ်သမားသည် သူမ၏ အသက်ကိုလွယ်ကူစွာပင် ချွေနုတ်ယူသွားနိုင်ခဲ့သည်။

ဒေါ်ကြူကြူဆွေက ...

'ရှင်ပြောသလိုပါပဲ။ ကြိုတင်ကြံစည်ထားတဲ့ လုပ်ကြံသတ်ဖြတ်မှုပါ ...'

'ဘာဖြစ်လို့ပါလဲ ဒေါ်ကြူကြူဆွေ'

ဒေါ်ကြူကြူဆွေက ...

'သူတို့က ဒီလိုလုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့ကြတာ အကြိမ်ပေါင်းမနည်းတော့ဘူး'

'ဘာဖြစ်လို့ ဒီလို ကြိုးစားကြတာလဲ'

သူမက လေးတွဲ့စွာပြောသည်။

'ကျွန်မတို့မှာ ရန်သူတွေရှိတယ်။ ကျွန်မတို့လင်မယားဟာ အလှကုန်ပစ္စည်းနှစ်မျိုးကို အလုပ်ရုံကြီးတစ်ခုနဲ့ လုပ်ကိုင်ခဲ့ပါတယ်။ မိတ်ကပ်နဲ့ ရေမွှေးပါ။ လုပ်ငန်းနှစ်ခုလုံး ကြီးကြီးမားမားအောင်မြင်ခဲ့ပါတယ်။ ကျွန်မတို့ ထုတ်လုပ်တဲ့ ပစ္စည်းနှစ်မျိုးစလုံးမှာ ဘယ်သူမှ လှည့်လို့ တုလို့မရနိုင်တဲ့ လျှို့ဝှက်ချက်တွေ ပါ,ပါတယ်။ ဒီအချက်ကို သိရှင်တဲ့လူတစ်စုက ကျွန်မတို့ကို အမျိုးမျိုး အနှောင့်အယှက်ပေးလာကြပါတယ်။ နည်းမျိုးစုံနဲ့ လုပ်ငန်းပျက်အောင် ခြိမ်းခြောက်ကြပါ

www.burmeseclassic.com



တယ်။ နောက်ဆုံး အဆင့်အနေနဲ့ ဖော်မြူလာကို ပြောပြောင်တင်းတင်း တောင်းလာကြပါတယ်။ ဒီဖော်မြူလာကို မပေးရင် အသက်အန္တရာယ်နဲ့ ရှင်ဆိုင်ရမယ်ဆိုတဲ့အဆင့်ထိ ခြိမ်းခြောက်လာကြတယ် . .'

'ခင်များရဲ့သမီး သျှားသက်ညိုကို အဓိကထားပြီး ခြိမ်းခြောက်လာကြတာပေါ့။ အဲဒီလူတစ်စုဟာ ဘယ်သူတွေလဲ . . ခင်ဗျား မရိပ်စားမိဘူးလား'

သူမ ခေါင်းခါပြလိုက်သည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ရဲကို အကြောင်းမကြားဘူးလား'

'တိုင်ပါတယ်။ ဒါပေမယ့် . . ဘယ်သူဘယ်ဝါမှန်းမသိရတော့ သူတို့အနေနဲ့ ဘယ်လိုအရေးယူပေးနိုင်မှာလဲ'

ဘဝဟူသည်မှာ အေးချမ်းငြိမ်သက်မှုမရှိပါချေ။ ကြီးမားသောလုပ်ငန်းတစ်ခုဖြစ်လာသည်နှင့် အခက်အခဲများ၊ ပြဿနာများနှင့် အန္တရာယ်များနှင့် ကြုံတွေ့လာရလေ့ရှိပေသည်။

နေရောင်အောက်၌ အရောင်တလက်လက်တောက်ပနေသည့် ပင်လယ်ပြင်ပေါ်မှ လှိုင်းကြက်ခွပ်နနကလေးများကို စံရန်နိုင်ကြည့်နေမိသည်။ ပင်လယ်ပြင် တစ်ခွင်လုံးသည် သာမန်အချိန်၌ တည်ငြိမ်နေသည်ဟု ယူဆရပေမည်။ သို့သော် ပင်လယ်ရေအောက်၌ ရှိနေသည့် ရေသတ္တဝါမျိုးစုံတို့ ရှိနေကြပေသည်။ ငါးများအနေနှင့် ၎င်းတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အချင်းချင်း တိုက်ခိုက်နေကြမည်သာဖြစ်သည်။ ရေမြင်အထက် ကုန်းမြေပေါ်၌ ရှင်သန်ရပ်တည်နေသောလူသားများက ထိုငါးများကို နည်းမျိုးစုံနှင့်ဖမ်းယူပြီး စားသောက်ကြ





ပေဦးမည်။ မည်သို့မျှ မတတ်နိုင်ပါချေ။

မတည်ငြိမ်နိုင်သော သံသရာသည် ရှည်လျားစွာလည်ပတ်နေဦးမည်သာ ဖြစ်ပေသည်။

စံရန်နိုင်က . . .

'ကျွန်တော့်ကို အခုလို ခေါ်တွေ့တာ တစ်ခြား ဘာအကြောင်းထူးများ ရှိသေးလို့လဲ'

'ဒီလိုပါ . . စံရန်နိုင်။ ရှင့်ဆီက အကူအညီတစ်ခုလောက်လိုချင်လို့ပါ'

အကူအညီတစ်ခုခု . . .

ဥပဒေဘောင်အတွင်းမှ မည်သူ့ကိုမဆို ဥပဒေဘက်တော်သားတစ်ဦးအနေနှင့် ကူညီရန် စံရန်နိုင်၌ အသင့်ရှိပေသည်။ သေးမွှားသောကူညီမှုနှင့် ကြီးမားသော ကူညီမှုသာ ကွဲပြားချက်ရှိသည်။

'ရှင် . . ဒီရက်ပိုင်းမှာ ဗန္ဒရမြို့ကိုသွားမယ်လို့ ကျွန်မ သိထားပါတယ်'

စံရန်နိုင်က ခေါင်းခါခြင်း၊ ငြင်းဆန်ခြင်းမပြု။

သူမက . . .

'ဗန္ဒရမြို့ကိုသွားဖြစ်ရင် ကျွန်မရဲ့ အမျိုးသားအတွက် စာအုပ်တစ်အုပ် ပေးလိုက်ချင်လို့ပါ'

'စာအုပ် . . ဟုတ်လား'

'ဟုတ်ပါတယ်။ ကျွန်မရဲ့ အမျိုးသားက စားသိပ်ဖတ်တယ်။ သူ့အတွက် ရှားပါးတဲ့ စာအုပ်တွေကို ကျွန်မက ရှာဖွေစုဆောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ အခုစာအုပ်က အတော့်ကို ရှားပါးတဲ့ စာအုပ်ဖြစ်နေလို့ပါ။ စာတိုက်ကနေ ပို့ရမှာ စိတ်မချလို့ပါရှင်။ စာအုပ်က အင်္ဂလိပ်အစီအရင်ကျမ်းစာအုပ်ပါ'

စဝ်ရန်နိုင်က မသိမသာခေါင်းညိတ်လိုက်သည်။

'ကျွန်မရဲ့အမျိုးသားက ဗန္ဒရမြို့မှာရှိပါတယ်။ စမ်းကြုံနေလို့ ကျွန်မ အကူအညီတောင်းတာပါ'

သူမက အံဆွဲအတွင်း စာအုပ်တစ်အုပ် ထုတ်ယူလိုက်သည်။ စာအုပ်မှာ ခပ်ပါးပါးမျှသာထူသည်။ အပေါ်၌အနက်ရောင် သားရေဖြင့်ဖုံးထားပြီး ရွှေရောင်စာလုံးများဖြင့် ရေးထားသည်။ စာအုပ်မှာ အတော်ကလေး ဟောင်းနွမ်းနေပြီဖြစ်သည်။

'ဟောဒီ စာအုပ်ပါ . . .'

စဝ်ရန်နိုင်က စာအုပ်ကို လှမ်းယူလိုက်သည်။

'စာအုပ်ကို ဒီအတိုင်းပဲ ယူသွားလို့ ဖြစ်ပါ့မလား'

'ဖြစ်ပါတယ် . .'

သူမက ဗီရိုတစ်ခုပေါ်မှ အညိုရောင် စာအိတ်တစ်လုံးကို သွားယူ၍ စာအိတ်ထဲ၌ စာအုပ်ကိုထည့်လိုက်သည်။

'ကျေးဇူးတင်ပါတယ် . . စဝ်ရန်နိုင်'

ဒေါ်ကြူကြူဆွေက စဝ်ရန်နိုင်၏ ကားအထိလိုက်ပို့သည်။

စဝ်ရန်နိုင်၏ကား သူမ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ကြည့်နေပြီးမှ အိမ်ထဲသို့ပြန်ဝင်လာသည်။

× × × × ×



## အခန်း (၄)

ဒေါ်ကြူကြူဆွေအိမ်ထဲသို့ ပြန်ဝင်၍ တံခါးကိုသေချာစွာ အတွင်းမှပိတ်လိုက်သည်။ ထို့နောက် ဖျော်စက်ခလုတ်ကိုပိတ်သည်။ စဝ်ရန်နိုင်ထံမှ ယူထားလိုက်သည့် ခရမ်းရောင် စက္ကူပန်းပွင့်နှင့် ကတ္တီပါဖဲပြားကို ကောက်ယူလိုက်၏။

အံဆွဲအတွင်းမှ မျက်ကပ်မှန်ဘီလူးကိုထုတ်ယူပြီး ညာဘက်မျက်လုံး၌တပ်သည်။ ခရမ်းရောင်စက္ကူပန်းပွင့်ကို အထက်အောက်လှည့်ပတ်၍ အသေးစိတ်ကြည့်ရှုသည်။ စားပွဲတစ်နေရာ၌ တပ်ဆင်ထားသည့် အနုမြူမီးရောင်အောက်၌ လှည့်ပတ်ကြည့်သည်။

သူမ တစ်ချက်မျှပြုံးပြီး အံဆွဲအတွင်းမှ ကတ်ကျေးအသေး တစ်လက်ထုတ်ယူသည်။ ပန်းပွင့်၏အလယ် ဝတ်ဆံနေရာ၌



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်သဏ္ဌာန် အကွက်လေးဖြတ်ယူလိုက်သည်။ အတွင်းမှ အဝါရောင်အမှုန့်ကုလေးများနှင့်အတူ မီးခြစ်ဆံခေါင်းအရွယ်မျှသာရှိသော ထရန်ဆစ္စတာအသေးစားလေးတစ်ခု ထွက်လာသည်။ ထရန်ဆစ္စတာကလေးမှာ သေးငယ်သောပင်ကလေးတစ်ချောင်းဖြင့် တွယ်ထားသည်။ မိုက္ကရိုဖုန်းနှင့် အသံလွှင့်စက်နှစ်မျိုးတွဲ၍ပါသည့် ထရန်ဆစ္စတာဖြစ်သည်။ သေးမျှင်သော ပင်ကလေးမှာ လေးငါးမိုင်ပတ်ဝန်းကျင်ကို အသံလွှင့်နိုင်၊ အသံဖမ်းနိုင်စွမ်းရှိပေသည်။

'ဟင်း . . . ဒီလူတွေ ဘာကို ထပ်ပြီးကြံစည်နေကြသလဲ မသိဘူး'

ဒေါ်ကြူကြူဆွေ တီးတိုးရေရွတ်လိုက်သည်။

ပလာယာအချွန်ကလေး၏ ထိပ်ဖျားဖြင့် ထရန်ဆစ္စတာလေးကိုညှပ်၍ ဖျက်ဆီးပစ်လိုက်သည်။ ထို့နောက် အိတ်ကလေးတစ်လုံးအတွင်းသို့ထည့်ပြီး အပေါ်မှရက်စ္စတစ်၍ အံဆွဲအတွင်း၌ သိမ်းဆည်းထားလိုက်သည်။

ဆိုဖာပေါ်၌ သူမခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

စစ်ရန်နိုင်၏အကြောင်း သူမပြန်၍ စဉ်းစားလိုက်သည်။

စစ်ရန်နိုင်သည် သာမန်ဆရာဝန်တစ်ဦးအဖြစ်သာ သူမသိထားသည်။ ယောကျ်ားပီသသော ရုပ်ရည်ရှိသည်။ ပါးနပ်ထက်မြက်မှုရှိပုံရသည်။ တစ်ခါတစ်ရံ၌ လေးကန်သော အမူအရာမျိုးရှိသည်။ သူမအနေနှင့် အကဲခတ်မိသမျှဆိုလျှင် စစ်ရန်နိုင်အပေါ်၌ မသင်္ကာဖွယ်ရာ အချက်လုံးဝမတွေ့မိပေ။





သို့သော်၊သီသီဆွေ အသက်ခံလိုက်ရချိန်၌ စစ်ရန်နိုင်သည် သူမ၏ မော်တော်ဘုတ်ပေါ်၌ ရှိနေသည့် အချက်ကို စဉ်းစားမိသည်။ မည်သည့်အတွက်ကြောင့် စစ်ရန်နိုင် မော်တော်ပေါ်ရောက်ရှိနေရသနည်း။ ထိုအကြောင်းကို သူမ မေးမြန်းရန် မေ့လျော့သွားမိသည်။ တိုက်ဆိုင်မှုတစ်ခုပင်လော။ အားလပ်ရက်၌ အပျော်စီးထွက်ရင်း ဤနေရာသို့ ရောက်လာခြင်းပင်ဖြစ်ပေမည်။ ထို့ထက်ပို၍ မှတ်ချက်ပြုစရာ အကြောင်းမရှိတော့ပေ။

ဒေါ်ကြူကြူဆွေ တယ်လီဖုန်းကို ကိုင်လိုက်သည်။

နေရာ သုံးနေရာသို့ဆက်သည်။ ထို့နောက် ဗဟိုရုံမှ 'ခေတ္တရပ်ဟိုတယ်'သို့ ဖုန်းဆက်လိုက်သည်။ တစ်ဘက်မှ ပြောသည်ကို နားထောင်ရင်း တရွက်အလွတ်ပေါ်၌ တစ်စုံတစ်ရာရေးမှတ်နေသည်။

သူမ၏ မျက်နှာပေါ်၌ အပြုံးရိပ်များ ယှက်သန်း၍နေသည်။

ပင်လယ်ပြင်သည် လှိုင်းကြက်ခွပ်နုနုကလေးများဖြင့် ငြိမ်သက်၍ပင် နေပေသေးသည်။

. . . . . . .

ဒေါ်ကြူကြူဆွေ၏အိမ်မှ လေးမိုင်မျှကွာဝေးသောနေရာ၊ မီးခိုးရောင်နှင့် အဖြူရောင်ဆေးသုတ်ထားသည့် နှစ်ထပ်အိမ်တစ်လုံး၏ အပေါ်ထပ်အခန်းတစ်ခုထဲ၌ လူလေးယောက်ရှိနေကြ

www.burmeseclassic.com



သည်။

သူတို့၏ရှေ့၌ တိပ်ရီကော်ဒါအကြီးတစ်လုံး ဖွင့်ထားသည်။ ဧရိယာတိုင်မှာ ပြတင်းပေါက်၏အပြင်ဘက်သို့ အနည်းငယ်မျှ ထုတ်၍ ထားသည်။ အပေါ်ထပ်ရှိ ပြတင်းပေါက်များမှာ ခန်းဆီးစများဖြင့် ကာထားသည်။

နံရံ၌ ဝေါလ်ရှိ ပိုစတာများကပ်ထားသည်။ မျောက်တစ်ကောင်းကဲ့သို့ စည်းကမ်းမဲ့စွာ ခုန်ပေါက်သီချင်းဆိုနေသည့် ရုပ်ပုံများကိုကပ်ထားသည်။

လူနှစ်ဦးမှာ ခန္ဓာကိုယ်ခပ်သေးသေးနှင့်ဖြစ်သည်။ ကျန်လူနှစ်ဦးမှာ ဒေသခံများဖြစ်ပြီး အရိုးအဆစ်ကြီးမား၍ခန္ဓာကိုယ် ထွားကြိုင်းသန်မာတောင့်တင်းသည်။ အသားမည်းမည်းနှင့် လူမိုက်ရုပ်ပေါက်သူများဖြစ်သည်။

လူငယ်နှစ်ဦးမှာ အလုပ်ရှုပ်နေသည်။ နားတွင် နားကြပ်ကိုယ်စီသိုင်း၍ တပ်ဆင်ထားကြသည်။ အင်္ကျီအနီနှင့် လူငယ်၏ အမည်မှာ ချစ်လွင်ဖြစ်သည်။ သူ၏အပေါ်အင်္ကျီအိတ်၌ နာမည်ကို အဝါရောင်ပိုးချည်ဖြင့်ထိုးထားသည်။

ထိုလူလေးဦးစလုံးသည် လည်နေသော တိတ်ရီကော်ဒါကို စိုက်၍ကြည့်နေသည်။

ချစ်လွင်မှာ ဒုက္ခပေါင်းစုံနှင့် အမြဲကြုံတွေ့နေရသူဖြစ်သည်။ ပြဿနာတစ်ခုမဟုတ်၊ တစ်ခုနှင့်ပတ်သက်နေလေ့ရှိသူလည်း ဖြစ်သည်။ သူသည် အပေါ်စား၊ အညံ့စား လူမိုက်လုပ်ငန်းများထို





မကြာခဏပြုတတ်သူဖြစ်သည်။ သူ့တွင်နေထိုင်ရေးကိစ္စများနှင့်လည်း လတ်တလော အခက်အခဲကြုံနေရသည်။

လမ်းဘေးသစ်ပင်များအောက်၌ ရောင်းသည့် အရက်ဆိုင်တစ်ဆိုင်၌ သူသည် လူတစ်ဦးနှင့် မတော်တဆကြုံတွေ့ခဲ့သည်။ ထိုလူမှာ ယခု သူ၏ဘေး၌ ရှိနေသော လူပုပု၊ သေးသေးဖြစ်သည်။ ၎င်း၏အမည်မှာ ထူးသော်ဖြစ်သည်။

ထူးသော်က ကိုယ်ချင်းစာနာစွာဖြင့် ချစ်လွင်အတွက် အကူအညီအားလုံးပေးမည်ဟုဆိုသည်။ သို့သော် အလဲအလှယ်တစ်ခုနှင့် ထဲလှယ်ရမည်။ ဤကဲ့သို့သော အလဲအလှယ်ကိစ္စများ၊ အပေးအယူ ကိစ္စများ သူကြုံတွေ့ဖူးပေါင်းများလှပြီဖြစ်သည်။

ထူးသော်က လူရှည်လည်သည်။

ချစ်လွင်သွားနေချင်သည့် ဥတ္တရကျွန်းသို့ သွားခွင့်၊ နေခွင့်ရရန် အစစ,အရာရာကူညီမည်။ ထို့ပြင် ချစ်လွင်အတွက်လိုအပ်သော ငွေကြေးကအစ ထိုက်တန်စွာပေးမည်။ ချစ်လွင်အနေနှင့် ဤဒေသမှ အနေကျဉ်းကြပ်သည်။ နေထိုင်ရခက်ခဲ့သည်။

ချစ်လွင်အနေနှင့် ထူးသော်နှင့်ပတ်သက်သူများခိုင်းသည်ကို အကျွစွာလုပ်ကိုင်ပေးရန်သာဖြစ်သည်။ နှစ်ဦးနှစ်ဘက် သဘောတူညီခြင်း ဤနေရာသို့ ချစ်လွင်ရောက်လာသည်။ သူတို့ ယခုရောက်ရှိသော နေရာမှာ လူသူနေထိုင်ခြင်းမရှိသည်မှာ ကြာပြီဖြစ်သော အပေါ်ထပ်ဖြစ်သည်။ ထိုအပေါ်ထပ်တွင် ဖုန်များ၊ အမှိုက်များ၊ ပင့်ကူအိမ်များ၊ ပိုးဟပ်များဖြင့် ပြည့်နက်ရှုပ်ထွေး၍နေသည်။ အနံ့အသက်



www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း လုံးဝမကောင်းပေ။

တိပ်ရီကော်ဒါမှ အသံတစ်သံ ထွက်လာသည်။

'တွေ့ရပြီ . . . ယွန်းသီရိမြို့ကနေ သူထွက်လာပြီ။ သူ ပထမစီးလာတဲ့ ပါရာဒိုအနီရောင်နဲ့ပဲ မောင်းထွက်သွားတယ်။ အိမ်ထဲက . . မိန်းသမီးက ကားအထိလိုက်ပို့တယ်။ အမျိုးသမီးပေးလိုက်တဲ့ စာအုပ်ကို လက်ထဲမှာကိုင်တယ်။ သူ့ကို သတိထားပြီး ဆက်ကြည့်သင့်တယ်။ သူ့ကိုယ်မှာ ဘာလက်နက်မှပါတဲ့ပုံ မရဘူး။ သေချာပါတယ်၊ ဘာလက်နက်မှ မပါဘူး။ အခု . . သူ့ရဲ့ ပါရာဒိုကား ကျွန်းလယ်လမ်းမအတိုင်း မောင်းထွက်သွားပြီ . . သွားနေပြီ။ ပျောက်သွားပြီ'

× × × × ×

အသံ ပျောက်၍ရပ်သွားသည်။

ထူးသော်က ခိုင်ခွက်မှ ခလုတ်တစ်ခုကို လှည့်လိုက်၏။ နောက်ထပ် အသံတစ်သံ ထွက်ပေါ်လာသည်။ အသံမှာ စိတ်လှုပ်ရှားနေသည့်အသံမျိုးဖြစ်သည်။

'တွေ့ရပြီ . . တည့်တည့်မောင်းလာနေတယ်။ ဗိုလ်တောက်(၉) လမ်းထဲ ချိုးကွေ့သွားပြီ။ ကားရပ်လိုက်တယ်။ ချိုင်းကြားမှာ စာချုပ်တစ်အုပ်ညှပ်ထားတယ်။ မှန်ပြောင်းက သိပ်မကောင်းတော့ မြင်ကွင်း မသဲကွဲဘူးဖြစ်နေတယ်။ ကျွန်တော် ဆက်ကြည့်နေတယ်။ အခု . .



အိမ်ထဲကို ဝင်သွားပြီး အိမ်ရှေ့တံခါးပိတ်လိုက်တယ် . . ဟုတ်ပြီ ဘာမှ ထပ်မတွေ့ရတော့ဘူး'

ချစ်လွင် ခလုတ်ကိုပိတ်၍ နားကြပ်ကို ချွတ်လိုက်၏။ ထူးသော်ကို နားကြပ်ချွတ်ရန် လှမ်းပြောသည်။ တိပ်ရီကော်ဒါ အတွင်း၌ တိပ်ခွေကလေးမှာ ပြန်၍ရစ်နေသည်။

'ဗိုလ်တောက် (၉)လမ်းက အိမ်ပြန်ဝင်သွားပြီတဲ့'

'အခုပဲ ကြားပြီးပြီလေ။ နေဦး . . ငါတို့ရဲ့ စတ္တုပန်းပွင့်လေး ထိုအလုပ် လုပ်ထားသလဲဆိုတာ နားထောင်ကြည့်ကြရအောင်'

ချစ်လွင်က တိပ်ခွေတစ်ခုကို ထပ်၍ဖွင့်လိုက်၏။

× × × × ×

မော်တော်ကား အင်ဂျင်စက်သံ . . ။

ကားအင်ဂျင်စက်သံ ဖို၍ မြင့်လာသည်။ ဂီယာပြောင်းသံနှင့် လမ်းတစ်ခုပေါ် မောင်းသွားသည့်အသံ။ ထို့နောက် ကားစက်သံ ရပ်သည်။

လူခေါ် ခေါင်းလောင်းသံ။

စဝ်ရန်နိုင် ကားဖြင့်လာစဉ်က ဒေါ်ကြူကြူဆွေ၏ အိမ်ရှေ့ မှာ ဒေသခံကျွန်းသူအမျိုးသမီးတစ်ဦးက စတ္တုပန်းပွင့်တစ်ပွင့် ကို ဒါနပြုမှုအတွက် အလှူခံရင်းပေးသွားခြင်းဖြစ်သည်။ အမျိုးသမီးသည် သူတို့၏လူဖြစ်သည့် ခရမ်းရောင်စတ္တုပန်းပွင့်၏

www.burmeseclassic.com



အလယ်ဝတ်ဆံအတွင်း၌ သေးငယ်သော ထရန်ဆစ္စတာတစ်ခုကို လျှို့ဝှက်စွာထည့်ထားသည်။ ထိုထရန်ဆစ္စတာမှ အသံလွှင့်နေမှုကို ဖမ်းယူထားရာမှ ပေါ်ထွက်လာသည့် အသံများဖြစ်သည်။

နောက်ပိုင်း၌ ဒေါ်ကြူကြူဆွေက ထိုထရန်ဆစ္စတာလေးကို ပန်းပွင့်အတွင်းမှ ထုတ်ယူဖျက်ဆီးပစ်လိုက်ပြီးပြီဖြစ်သည်။

အမျိုးသမီးတစ်ဦး၏အသံ . . .။

'စစ်ရန်နိုင်ဆိုတာ ရှင်လား . .'

'ဟုတ်ပါတယ် . .'

ချစ်လွင်က ခလုတ်ကိုပိတ်လိုက်သည်။

'နောက်ထပ် နားထောင်ချင်သေးသလား'

သူ့ဘေးမှ လူများကို မေးလိုက်ခြင်းဖြစ်သည်။

ထူးသော်က . . .

'နည်းနည်းကျော်ပြီး ရစ်လိုက်ပါဦး။ သူတို့ ပြောကြဦးမှာ[illegible] ဟို ဒေါ်ကြူကြူဆွေ ဘာတွေများ ပြောဦးမလဲဆိုတာ နားထောင်ကြ[illegible] ရတာပေါ့'

ချစ်လွင်က ခေါင်းညိတ်လိုက်ပြီး တိပ်ကို ရှေ့ဘက်[illegible] ရစ်လိုက်သည်။ ပေနှစ်ဆယ်ခန့်ရစ်ပြီးမှ ခလုတ်ကိုဖွင့်လိုက်၏။

မော်တာလည်သံမှလွဲ၍ မည်သည့်စကားပြောသံမျှ မကြား[illegible] ပေ။ တဝီဝီ တဂျစ်ဂျစ် တရှဲရှဲ အသံများသာကြားနေရသည်။

ထူးသော်က နားမလည်နိုင်စွာဖြင့် . . .

'ဘာသံတွေ ထွက်နေတာလဲ။ တဝီဝီ တရှဲရှဲနဲ့'





ချစ်လွင်က အနည်းငယ်ကျော်၍ ထပ်ဖွင့်သည်။ စကားသံ မကြားရ။ တဝီဝီတရှဲရှဲနှင့် လည်ပတ်နေသည့် အသံမျိုးသာထွက်နေသည်။

ထူးသော်က . . .

'ငါတို့ ထရန်ဆစ္စတာပျက်သွားပြီထင်တယ်'

ချစ်လွင်က ခေါင်းခါလိုက်သည်။

'ကျွန်တော်တို့ ထရန်ဆစ္စတာ ပျက်သွားတာမဟုတ်ဘူး။ အခုကြားရတဲ့အသံက မော်တာလည်သံ။ ကော်ဖီဖျော်စက်၊ သစ်သီးဖျော်စက်လည်နေတဲ့ အသံပဲ။ အသံဖမ်းပြီး နားထောင်လို့မရအောင် ဟိုအမျိုးသမီးက စက္ကူပန်းပွင့်ကို ဖျော်ရည်စက်အနားသွားပြီး ထား လိုက်တာပဲ ဖြစ်ရမယ်'

ထူးသော်က

'ဒါဆို . . ငါတို့ ဘာဆက်လုပ်ကြမလဲ'

ချစ်လွင်က ခေတ္တမျှစဉ်းစားပြီးမှ ပြောသည်။

'ကျွန်တော်တို့နောက်ကို တစ်ယောက်ယောက်က ခြေရာခံပြီး လိုက်နေပြီ။ ဒေါ်ကြူကြူဆွေကို ဒီအတိုင်းပဲ စောင့်ကြည့်ကြတာပေါ့။ သူ့ကို အသုံးချလို့ရနိုင်သေးတယ်။ သူ့ဆီလာတဲ့ ဆရာဝန်ထွက်သွားရင် အန္တရာယ်ရှိနိုင်တယ်။ ကဲ . . တို့မှာ အချိန်မရှိနိုင်တော့ဘူး။ အဲဒီ ဆရာဝန်ကိုတိုက်ရိုက်တွေ့ပြီး ဆွေးနွေးမှဖြစ်မယ်ထင်တယ်'

ထူးသော်က သူ့ဘေး၌ရှိနေသော ကြေးစားလူမိုက်နှစ်ဦးကို လှည့်ကြည့်လိုက်သည်။ ထိုလူနှစ်ဦးက ကောက်ကျစ်သွေးဆော[illegible]သည့်



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးရဲရဲများဖြင့် ထူးသော်ကို ပြန်၍ကြည့်လိုက်ကြသည်။

ချစ်လွင်က တိပ်ရိကော်ဒါနှင့် ဆက်သွယ်ထားသော ဝါယာကြိုးများကိုဖြုတ်၍ သိမ်းသည်။ ထူးသော် ဘာဆိုလိုသည်ကို သူရိပ်စားမိသည်။ သို့သော် ထူးသော်နှင့် မျက်လုံးချင်းမဆုံမိအောင် တမင်ရှောင်လွှဲ၍နေလိုက်သည်။

ချစ်လွင် စိတ်လှုပ်ရှား၍နေသည်။

အိတ်ထဲမှ တွန့်ကြေနေသည့် စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ တုန်ရီနေသောလက်ဖြင့် မီးညှိလိုက်သည်။

သူတို့အားလုံး ရယ်၍နေသည်။

(အိတ်ထဲမှ တွန့်ကြေနေသည့် စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ တုန်ရီနေသောလက်ဖြင့် မီးညှိလိုက်သည်။

သူတို့အားလုံး ရယ်၍နေမိကြသည်။)

မည်သူမျှ စကားမပြောကြ။

နံရံပေါ်ရှိ ဝေါလ်ရှိ ပေပါပေါ်မှ အရုပ်များက မျောက်များကဲ့သို့ လှုပ်ရှားခုန်ပေါက်ရင်း လှောင်ပြောင်ပြနေသည်ဟု ချစ်လွင် မှတ်ထင်လိုက်မိပေသည်။

× × × × × × ×



## အခန်း (၅)

ပင်လယ်ပြင်ကို မျက်နှာမူ၍ အလှမ်းနီယမ်ထိုင်ခုံတစ်လုံး၌ စင်ရန်နိုင် ထိုင်နေမိသည်။

ညနေခင်းအချိန်ဖြစ်သည်။

အနောက်ဘက်ကောင်းကင်ယံ၌ တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာတို့ တောက်ပ၍နေသည်။

ပင်လယ်လေသည် ကမ်းခြေကုန်းမြေပြင်ပေါ်သို့ တသုန်သုန် တိုက်ခတ်နေသည်။ စားပွဲပေါ်၌ ကောက်ချိုးခွက်တစ်လုံး၊ ရေခဲတုံးလေးများထည့်ထားသည့် ခွက်တစ်ခွက်၊ ရေဘူးတစ်ဘူး၊ ဖန်ခွက်တစ်လုံး ချထားသည်။ ငါးမုန့်ကြော် တစ်ပန်းကန်နှင့် မြေပဲလှော်တစ်ပန်းကန်ကိုပါ ချထားသည်။


www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်ထဲသို့ စကော့ချ်ဝီစကီနှစ်ပတ်ခန့်ထည့်ပြီး ရေခဲညှပ်ဖြင့် ရေခဲတုံးကလေးများကိုထည့်သည်။ ရေသန့်ဘူးအတွင်းမှ ရေအနည်းငယ်ရောပြီး ဖန်ခွက်ကို အနည်းငယ်မျှ လှုပ်ခါလိုက်သည်။

အိမ်သို့ စဝ်ရန်နိုင် ပြန်ရောက်လာချိန်၌ မောင်နီကိုမတွေ့ရ။ အပြင်သို့ အကြောင်းကိစ္စတစ်ခုနှင့် ထွက်သွားခြင်းဖြစ်ပေမည်။

ဖန်ခွက်ထဲမှ အရက်ကို တစ်ငုံစာမျှ သောက်လိုက်ပြီး လက်ထဲမှ စာအုပ်ကိုဖွင့်လိုက်သည်။

စာအုပ်မှာ ထူထူထဲထဲဖြစ်သည်။

အစိမ်းရောင် မျက်နှာဖုံးပေါ်၌

'ဝိညာဉ်လွှန်ဖြစ်စဉ်များနှင့် ယုံကြည်ကိုးကွယ်လမ်းမှုများ' ဟုရေးထားသည်။

စာအုပ်ဖတ်နေစဉ်မှာပင် မောင်နီ အိမ်ထဲသို့ဝင်လာသည်။

'ဈေးဝယ်စရာကိစ္စရှိလို့ ကျွန်တော် အပြင်ထွက်သွားတာပါ ဆရာ။ ဆရာ ပြန်မရောက်ခင်မှာ ရဲမှူး 'ကျော်လွင်မိုး' ဆီက ဖုန်းလာတယ်။ သူက ဆရာနဲ့ ညဘက်လောက်မှာ တွေ့ချင်တယ်လို့ပြောတယ်'

'ဘယ်အချိန်လဲ'

'ည ခုနစ်နာရီတဲ့ ဆရာ'

'ကောင်းပြီလေ။ သူ့ဆီကို ငါသွားတွေ့လိုက်မယ်။ ဘယ်နေရာမှာလဲ'

'ပင်လယ်ပြာလမ်းအတိုင်း ဆင်းသွားရင် 'ခရာဖြူလမ်း' ကို





ရောက်မယ် ဆရာ။ ဘေးလမ်းသွယ်နဲ့ ကပ်ရက်လမ်းလို့ပြောတယ်။ မြို့ထဲကဖြတ်သွားရင်လည်း ရောက်တယ် ဆရာ'

'နေပါဦး။ သူက ရုံးခန်းမှာ မတွေ့ပဲ အပြင်မှာ ဘာဖြစ်လို့ တွေ့ချင်ရတာလဲ'

မောင်နီက ခေါင်းကုတ်လိုက်ရင်းမှ

'သူပြောတာကတော့ အရေးကြီးတဲ့ကိစ္စတစ်ခုရှိတယ်လို့ပဲ ပြောတယ်'

'ဒါပဲ ပြောသလား။ တစ်ခြား ဘာမှ မပါတော့ဘူးလား'

'ဒါပဲ ပြောတယ် ဆရာ'

မောင်နီ မီးဖိုဆောင်ဘက်သို့ ဝင်သွားသည်။

စဝ်ရန်နိုင် ဖတ်လက်စ စာအုပ်ကို ပိတ်၍ စားပွဲပေါ်တင်လိုက်သည်။

ဝိုင်းစက်သော နေလုံးနီနီကြီးမှာ အနောက်ဘက် မိုးကုတ်စက်ဝိုင်းအတွင်းသို့ ငုပ်လျှိုးဝင်ရောက်စ ပြုနေပေပြီ။

နောက်ထပ် မိနစ်နှစ်ဆယ်မျှ ထိုင်၍ အရက်သောက်ရင်း ပင်လယ်ပြင်ကို ငေးမောကြည့်ရှုရင်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။

လက်မှ နာရီကိုကြည့်သည်။

ခြောက်နာရီခွဲပေပြီ။

ဘောင်းဘီအိတ်ထဲ လက်နှစ်ဘက်နှိုက်၍ အပြင်သို့ထွက်လာသည်။ လမ်းလျှောက်၍ပင်သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေး၌ ကလေးငယ်များ ခုန်ပေါက်ပြေးလွှား ဆော့ကစားနေကြသည်။ ခပ်ရွယ်ရွယ်လူငယ်တစ်စု အအေးဆိုင်တစ် ဆိုင်၌ထိုင်ရင်း ရယ်မောနေကြသည်။ ဆက်သွယ်ရေးရုံးဂိတ်ပေါက်သို့ စင်ရန်နိုင်ဝင်လာသည်။ အများသုံးတယ်လီဖုန်းမှပင် ရဲမှူး ကျော်လွင်မိုးဆီဖုန်းဆက်သည်။ ကျော်လွင်မိုးမရှိဟုသိရလျှင် စင်ရန်နိုင် ဖုန်းဆက်သည်ဟု ပြောပေးရန်ပြောပြီး ဖုန်းချလိုက်သည်။

ပင်လယ်ပြာလမ်းအတိုင်း စင်ရန်နိုင် ဆက်၍လျှောက်လာသည်။

ထူးခြားသောပုံစံနှင့် ဆောက်ထားသည့် အဆောက်အဦးများကို တွေ့ရသည်။ ရှေးခေတ်ပုံစံနှင့် ယခုခေတ်ပုံစံရောစွက် ဆောက်လုပ်ထားသည့် အဆောက်အဦးများလည်းရှိသည်။ ဂန္ဓမာပျော်ပွဲစားရုံနှင့် စတိုးဆိုင်များ၊ ကုန်စုံဆိုင်များ၊ ဆိုက္ကားများ၊ မြင်းလှည်းများ၊ မှတ်ဆိတ်မြူပုဂိုတယ်၊ ဝင်လယ်ပျော်စားသောက်ဆိုင်။ ထို့နောက် ရုံးအဆောက်အဦး . . ။

အဝါရောင်တံတိုင်းများ ကာရံထားသည့် နေရာသို့ရောက်လာသည်။

ထိုနေရာတွင် ခရာလမ်းကိုတွေ့ရသည်။ ခရာလမ်းသည် ပင်လယ်ကမ်းခြေဘက်သို့ ခပ်ပြေပြေ နိမ့်ဆင်း၍နေ၏။ လမ်းအရှည်မှာ ပေတစ်ရာမျှသာ ရှိပေလိမ့်မည်။ တစ်ဘက်ထောင့်စွန်း၌ ငွေနှင်းမြူပျော်ပွဲစားရုံရှိသည်။ ခရာလမ်းအတိုင်း စင်ရန်နိုင် ဆင်း၍လျှောက်လာသည်။



ပျော်ပွဲစားရုံဘေး၌ ကလေးငယ်နှစ်ဦး ကြက်တောင်ရိုက်နေကြသည်။

ခရာလမ်းတစ်ခုလုံး လူသူရှင်း၍နေ၏။

ည ခုနစ်နာရီတိတိဖြစ်သည်။ ရဲမှူးကျော်လွင်မိုး အရိပ်အယောင်ကိုမျှ မတွေ့ရသေးပေ။

အမှောင်ရိပ်သည် တဖြည်းဖြည်းလွှမ်းမိုး ကြီးစိုး၍လာနေသည်။ ရှေ့သို့ဆက်၍လျှောက်လာသည်။ ကမ်းစပ်တစ်နေရာ၌ လှေငယ်များ၊ ပဲ့ချိတ်များ လေးငါးစီးကပ်ထားသည်ကိုတွေ့ရသည်။ ဘယ်ဘက်၌မူ ဗိုဒ်အမျိုးအစား ကားတစ်စီးရပ်ထားသည်။ ဆောက်လက်စတိုက်တစ်လုံးကဲ့တွေ့ရသည်။

မတ္တရာကျွန်း၏ တစ်ဘက်၌ရှိသည့် ကျွန်းငယ်တစ်ခု၏ ကုန်းမြင့်ထက်၌ တောက်ပသောမီးရောင်များကိုလှမ်း၍ မြင်တွေ့နေရသည်။

စင်ရန်နိုင် ပုံမှန်ခြေလှမ်းဖြင့် ဆက်လျှောက်လာသည်။

ရှေ့ဘက်ရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်းမှ လူတစ်စု ရုတ်တရက် ထွက်လာကြသည်။ စပို့ရှပ်ကိုယ်စီနှင့် ဘောင်းဘီတိုကိုယ်စီ ဝတ်ဆင်ထားကြသည်။ ဘောင်းဘီများမှာ အရောင်မွဲခြောက်၍နေ၏။ ရှေ့မှ လူသုံးဦးမှာ တုတ်နိုင်ထွားကြိုင်းသူများဖြစ်သည်။ ထိုလူသုံးဦးစလုံး လက်ကောက်ဝတ်၌ စတီးကွင်းများ၊ သံအရွယ်များ ဝတ်ထားကြသည်။ အလယ်မှ လူ၏လက်ထဲ၌ တုတ်တစ်ချောင်း ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ခြောက်ဦးတိတိဖြစ်သည်။

စပ်ရန်နိုင်၏ ရှေ့မှပိတ်ရပ်လိုက်ကြ၏။ ခြောက်ဦးစလုံး ကြေးစားလူမိုက်များဖြစ်ကြသည်။ ထိုလူများသည် မည်သည့်အလုပ်အကိုင်မျှ လုပ်လိုသူများမဟုတ်ကြပေ။ အနိုင်ကျင့်၊ မိုက်ကြေးခွဲ၊ ကြေးစားလူမိုက်လုပ်ငန်းစသည့် အလုပ်များ၌သာ ပျော်မွေ့နေသူများဖြစ်သည်။

တိရစ္ဆာန်ရိုင်းများကဲ့သို့ စပ်ရန်နိုင်ကို ဝိုင်း၍ကြည့်လိုက်ကြသည်။

သူတို့အတွက် အပျော်လုပ်ငန်းတစ်ခုအဖြစ် မှတ်တင်ထားပုံရကြသည်။ စပ်ရန်နိုင်နှင့် တဖြည်းဖြည်းနီးလာလျှင် ထိုလူခြောက်ဦးက သူတို့၏ ခြေလှမ်းများကိုရပ်လိုက်သည်။ တုတ်ကိုင်ထားသူက ခြေကိုခွဲ၍ရပ်လိုက်သည်။

စပ်ရန်နိုင်က ထိုလူများကို ဖြတ်၍ကျော်လိုက်သည်။

တုတ်ကိုင်ထားသူက တုတ်ကိုဆန့်ထုတ်၍ စပ်ရန်နိုင်ကို တားလိုက်သည်။ ကျန်လူငါးဦးက စပ်ရန်နိုင်အား သနားစရာ သတ္တဝါတစ်ကောင်အလားကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်နေကြသည်။

ဦးထုပ်အနက်ဆောင်းထားသူက မျက်လုံးကိုမှေးစင်း၍ ကြည့်လျက် . . .

'ဒေါက်တာစပ်ရန်နိုင်ဆိုတာ . . မင်းလားကွ'

ထိုလူက တံတွေးတစ်ချက် ထွေးလိုက်၏။ ဦးထုပ်အနက်နှင့်လူမှာ နှာခေါင်းရိုးကျိုးပြီးတစ်ဘက်သို့ ရွဲ့စောင်းနေသည်။ မေးရိုးမှာ





လည်းကွေးကောက်၍နေသည်။ ပါးစပ်အတွင်းမှသွားများမှာလည်း ကျိုးပဲ့၍ဝါထိန်နေသည်။

စပ်ရန်နိုင်က တည်ငြိမ်စွာဖြင့် . . .

'ဟုတ်တယ် . . ငါ စပ်ရန်နိုင်ပဲ။ မင်းက ဘယ်သူလဲ . . ဒါကိုစွရှိလို့လဲ'

'အား . . ဟား . . ဟား . . . ငါက မင်းရဲ့ မဟာရန်သူတော်လေ'

ပြောပြောဆိုဆို လက်ထဲမှတုတ်ဖြင့် စပ်ရန်နိုင်၏ ဦးခေါင်းကိုလွှဲ၍ ရိုက်ချလိုက်သည်။

စက္ကန့်ပိုင်းမျှ အချိန်အတိုင်းအတာအတွင်း ဦးထုပ်နက်နှင့်လူ၏သူငယ်အိမ်ကျဉ်းမြောင်း၍ သွားသည်ကို မြင်လိုက်သည်နှင့် လက်ထဲမှ တုတ်ဖြင့် ရိုက်တော့မည်ကို စပ်ရန်နိုင်သိလိုက်သည်။

စပ်ရန်နိုင်က ဘယ်ခြေပေါ်အားပြု၍ ကိုယ်ကိုတစ်ပတ်လှည့်လိုက်သည်။ တုတ်ရိုက်ချက်မှ လွတ်ထွက်သွားသည်။ ညာခြေဖြင့် ထိုလူ၏ တကောက်ကွေးကို အရှိန်ပြင်းစွာ ဆောင့်ကန်လိုက်သည်။ အကန်ခံရသူမှာ နာကျင်စွာအော်၍ လဲကျသွားသည်။

ကျန်ငါးဦးက ဝန်းဝင်ပြီး တိုက်ခိုက်လာကြသည်။

ခြေ၊ လက်၊ ဒူး၊ တံတောင်တို့ဖြင့် ပြန်လည်တိုက်ခိုက်သည်။ နောက်ထပ်နှစ်ဦး လမ်းပေါ်သို့ လဲကျသွားသည်။ ဘေးမှ လူနှစ်ယောက် ညှပ်၍ဝိုက်ခိုက်လာသည်ကို ပြန်လည် ခုခံလိုက်သည်မှာပင် ကျန်တစ်ဦးက နောက်မှ တုတ်ဖြင့်လွှဲ၍ရိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင် လမ်းပေါ်သို့ ရောက်လျှက်သားလဲကျသွားသည်။ သူ၏မျက်လုံးအစုံမှာ မှေးဝါး၍သွားသည်။ မီးရောင်မှိန်မှိန်၊ နှင်းငွေများကြား၌ မြင်ကွင်းမှာ ဝိုးဝိုးဝါးဝါးနေပေသည်။

လမ်းမပေါ်၌ ပြေးလွှားလာသည့် ခြေသံများကို စဝ်ရန်နိုင် ကြားလိုက်သည်။

လူအုပ်စုတစ်စု ပြေးလွှား၍လာသည်ကို မြင်လိုက်သည်နှင့် ကြေးစားလူမိုက်ခြောက်ဦး ထိုနေရာမှ သဲပြေး၊ ရှင်ပြေးထွက်ပြေးကုန်ကြသည်။ ညည်သည့်နေရာမှ ပေါ်လာသည်မသိသော လူအုပ်က သူ့ကို ဝေးမှဝိုင်း၍ကြည့်နေကြသည်။

ထိုလူအုပ်ထဲမှ လူတစ်ဦး တိုး၍ထွက်လာသည်။

ဝတ်စုံအပြည့်နှင့် ရဲမှူးကျော်လွင်မိုးပင်ဖြစ်သည်။ ရဲမှူးကျော်လွင်မိုးက သူ၏ဘေး၌ ဒူးထောက်ထိုင်လိုက်သည်။

စဝ်ရန်နိုင်က . .

'ခင်ဗျားလာတာ နောက်တော်နောက်ကျတယ်'

ရဲမှူးကျော်လွင်မိုးက စဝ်ရန်နိုင်ကို တွဲထူလိုက်ပြီး

'ကိစ္စတစ်ခုနဲ့ သွားနေရလို့ ကျွန်တော် နောက်ကျသွားတာပါ။ ခင်ဗျား ဖုန်းလှမ်းဆက်တော့ ကျွန်တော် ရုံးခန်းထဲမှာမရှိဘူး။ ပစ္စည်းတစ်ခုယူစရာရှိလို့ ရုံးကိုပြန်ယူတော့မှ ခင်ဗျားဖုန်းဆက်တဲ့အကြောင်း ပြောတာနဲ့ ကျွန်တော် ချက်ခြင်းလိုက်လာခဲ့တာ . .'

စဝ်ရန်နိုင် သူ့ကိုယ်သူ ထိန်း၍မတ်တတ်ရပ်လိုက်သည်။

ရဲမှူး ကျော်လွင်မိုးက . . .





'ကျွန်တော့်မှာ ကားပါတယ်။ ကားက ဒီလမ်းရဲ့အဆုံး ထောင့်ချိုးကွေ့လေးမှာ ရပ်ထားခဲ့တယ်။ ကဲ . . . သွားကြရအောင်'

စဝ်ရန်နိုင်နှင့် ကျော်လွင်မိုးတို့ လျှောက်လာကြသည်။

စဝ်ရန်နိုင်က . . .

'ဒီကောင်တွေကို ခင်ဗျား သိသလား'

ကျော်လွင်မိုးက ခေါင်းခါပြလိုက်ပြီး

'တစ်ကောင်မှ မသိဘူး။ ဒါပေမယ့် အားလုံးကြေးစားလူမိုက်တွေချည်းပဲ။ ခင်ဗျားကို ကျွန်တော် ပြောခဲ့ပြီးသားပါ။ ဒီနေရာမျိုးမှာ ငှားလို့ရတဲ့ ကြေးစားလူမိုက်တွေပေါ်တယ်လေ'

'ကျွန်တော်နဲ့ ဘာများ ပတ်သက်စရာရှိနိုင်သလဲ'

ကားအနီးသို့ ရောက်လာကြသည်။ ကားရှေ့ခန်း၌ စဝ်ရန်နိုင် ဝင်ထိုင်လိုက်၏။ မောင်းသူနေရာ၌ ရဲမှူးကျော်လွင်မိုးထိုင်သည်။

ကျော်လွင်မိုးက စက်နှိုးပြီး မောင်းထွက်လာသည်။

'ခဏနေဦး။ ကျွန်တော်နဲ့ ခင်ဗျား မတွေ့တဲ့နောက်ပိုင်းမှာ ဘာတွေဖြစ်သေးသလဲ'

'ထူးထူးခြားခြား ဘာမှမရှိပါဘူး။ ဒေါ်ကြူကြူဆွေလို့ခေါ်တဲ့ အမျိုးသမီးတစ်ဦးက တွေ့ချင်တယ်ဆိုပြီး ဖုန်းဆက်ခေါ်တယ်။ သူ့ရဲ့ အမျိုးသမီး သေနတ်ပစ်ခံရတဲ့ ကိစ္စပြောချင်လို့ပါဆိုပြီး သူ့ဆီလာဖို့ ပြောတယ်။ အဲဒါနဲ့ ဒေါ်ကြူကြူဆွေရဲ့ အိမ်ကို ကျွန်တော်သွားတွေ့ ခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့မှာလည်း အခက်အခဲတွေနဲ့ ကြုံနေရတာယ်။ သူတို့ရဲ့ လုပ်ငန်းမှာ အန္တရာယ်ကြုံနေတဲ့အကြောင်းကိုတော့ ခင်ဗျားကို မပြော လိုက်ဖူးလား'

'အဲဒီအကြောင်းလည်းပြောတယ်။ ကျွန်တော် ဗန္ဓုရမြို့ကိုသွား ရင် သူ့ယောက်ျားဆီကိုဝင်ပေးဖို့ စာအုပ်တစ်အုပ်ပါ ပေးလိုက်သေး တယ်'

ကျော်လွင်မိုးက စင်ရန်နိုင်ဘက်သို့လှည့်၍

'ဘယ်လို စာအုပ်မျိုးလဲ'

'ရှားပါးတဲ့ အင်္ဂလိပ်ရတ်စာအုပ်မျိုးပါ ,..'

စင်ရန်နိုင် နေထိုင်သည့် အိမ်သို့ ရောက်လာကြသည်။ အိမ်၌ မောင်နီ ရှိမနေပေ။ ညစာစားရန်အတွက် အသင့်ပြင်ပြီးအပေါ်မှ အုပ်ဆောင်းဖြင့်အုပ်ပေးထားသည်။

စင်ရန်နိုင်က ပြည်ကြီးငါးနှင့် ဝက်အူမပန်းကန်ကို ထုတ်ယူ လိုက်သည်။ ရေခဲသေတ္တာအတွင်းမှ စကော့ချ်ဝီစကီပုလင်းနှင့် ရေခဲတုံး ထည့်သည့်ခွက်ကိုထုတ်ယူသည်။ ဖန်ခွက်နှစ်ခွက်အတွင်း ရေခဲတုံး လေးများနှင့် အရက်သုံးပက်စီထည့်သည်။

အရက်ခွက်တစ်ခွက်ကို ကျော်လွင်မိုးရှေ့၌ ချပေးလိုက် သည်။

'ဒီလူမိုက်တွေ ဘာဖြစ်လို့ ကျွန်တော့်ကိုရွေးပြီး ရန်မူကြရ တာလဲ။ အကြောင်းတစ်ခုခုတော့ ရှိရမယ်။ ဒေါ်ကြူကြူဆွေပေးလိုက် တဲ့ စာအုပ်နဲ့များ ပတ်သက်နေမယ်လို့ ခင်ဗျား ထင်သလား'



စင်ရန်နိုင်က ဒေါ်ကြူကြူဆွေပေးလိုက်သည့် စာအုပ်ကို ရဲမှူးကျော်လွင်မိုးကို လှမ်း၍ပေးသည်။ ကျော်လွင်မိုးက စာအုပ်ကို အနှောင့်မှကိုင်လျက် ခါချကြည့်သည်။ စာအုပ်အတွင်းမှ မည်သည့် အရာမျှထွက်ကျခြင်းမရှိပေ။

ကျော်လွင်မိုးက စာအုပ်ကို စင်ရန်နိုင်ထံသို့ ပြန်၍ပေးသည်။

'ဒီစာအုပ်က ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး။ ဒါပေမယ့် ဒေါ်ကြူကြူဆွေဆီ ခင်ဗျားသွားတွေ့တဲ့ ကိစ္စက ပြဿနာတစ်ခုဖြစ် မယ်လို့ထင်တယ်။ ဒေါ်ကြူကြူဆွေနဲ့ ခင်ဗျားပေါင်းပြီး တစ်ခုခု ကြံ စည်မယ်ထင်ပြီး ဟန့်တားတာလည်း ဖြစ်နိုင်တယ်။ ဒေါ်ကြူကြူ ဆွေနဲ့ပတ်သက်ပြီး ခင်ဗျားကို သတိပေးတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်'

'ခင်ဗျားရဲ့ ယူဆချက်ဖြစ်နိုင်ပါတယ်။ ဗန္ဓုရမြို့ကို ကျွန်တော် မနက်ဖြန်မှာသွားမယ်။ လေယာဉ်လက်မှတ်ရဖို့ စီစဉ်ပေးပါဦး။ မနက်စောစောထွက်တဲ့ လေယာဉ်နဲ့ပဲ လိုက်ချင်တယ်'

ကျော်လွင်မိုးက . . .

'ကျွန်တော် စီစဉ်ပေးပါ့မယ်။ လေယာဉ်ရုံးမှာ ကျွန်တော့် မိတ်ဆွေနှစ်ယောက်လောက် ရှိတယ်။ မနက်ဖြန် မနက်စောစော လေယာဉ်လက်မှတ်ရအောင် ကျွန်တော် ပြောထားပေးပါ့မယ်'

အရက်ခွက်ကိုယ်စီဖြင့် ပင်လယ်ကမ်းစပ်ဆီသို့ စကားပြော ရင်း လမ်းလျှောက်လာကြသည်။

ပင်လယ်ရေပြင်ကြီး၏အဆုံး၌ မည်းမှောင်သော မိုးတိုက် တိမ်ဝိုင်းကြီးက အနားသပ်ပေးထားသည်။ ကမ်းစပ်၌ထွန်းထားသော

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံမီးလုံးလေးများက ကြည်နူးစရာကောင်းနေပေသည်။

လေအဝှေ့၌ တေးဂီတသံသဲ့သဲ့ကို ကြားရသည်။

စဝ်ရန်နိုင်ဘက်သို့ ကျော်လွှင်မိုး လှည့်လိုက်ပြီး . . .

'ခင်ဗျားကို နောက်ထပ် ဒုက္ခပေးစရာ မရှိနိုင်တော့ပါဘူး။ ဒီကောင်တွေက သူတို့ကို နိုင်းတဲ့လူရဲ့အမိန့်အတိုင်း လုပ်တတ်ကြတာ။ ဒီကောင်တွေ ဘယ်သူ ဘယ်ဝါဆိုတာ ကျွန်တော် စုံစမ်းကြည့်ပါ့မယ်။ လေယာဉ်လက်မှတ်အတွက်ကတော့ ကျွန်တော့် တာဝန်ထားပါ'

ထိုသည့် အရက်သောက်ရင်း စကားပြောရင်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။

× × × × × × ×

အခန်း (၆)

ခတ္တရာကျွန်းမှ လေးမိုင်ခန့်ကွာဝေးသော ပင်လယ်ပြင်တစ်နေရာ၌ ဖြစ်ပေသည်။

ကျွန်းဘက်သို့ဝင်သည့် ရေလက်ကြားအတွင်းသို့ စက်တပ်ရွက်လှေကြီးတစ်စီး မောင်း၍ဝင်လာသည်။ စက်တပ်ရွက်လှေကြီး၏ နောက်၌ မော်တော်ဘုတ်တစ်စီးပါလာသည်။ ရွက်လှေကြီးနှင့် တွဲဆက်၍ ဆွဲလာခြင်းဖြစ်သည်။

စက်လှေကြီးပေါ်ရှိ ခန်းမကြီးအတွင်းသို့ ဝင်သည့် တံခါးမကြီး၏ အပြင်ဘက်၌ ချစ်လွင်ရပ်၍ စောင့်နေသည်။ ချစ်လွင် အနေဖြင့် ၎င်းရွက်လှေကြီးပေါ်သို့ လိုက်လာချင်စိတ်မရှိပါချေ။ သို့သော် သူနှင့်အတူတွဲဘက်ဖြစ်သည့် ထူးသော်ကြောင့် လိုက်လာရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးသော်သည် သူတာဝန်ယူလုပ်ကိုင်ရသည့် လုပ်ငန်းအတွက် ချီးမွမ်းခံရလျှင် ခေါင်းမော့ဝင့်ကြွားဂုဏ်ယူတတ်သူဖြစ်သည်။ မအောင်မြင်လျှင်မူ အပြစ်ပေးခံရမည်ကို သေရမလောက် ကြောက်သူဖြစ်သည်။

ရှက်လေ့ကြီး၏ ခန်းမကျယ်ကြီးအတွင်း၌ ခန်းလုံးပြည့်ကော်ဇောကြီးများ ခင်းထားသည်။ နံရံများမှာလည်း အရောင်တဖိတ်ဖိတ်လက်နေသည်။ ဆိုဖာ၊ ဆက်တီခုံများလည်း ပြောင်လက်တောက်ပ၍နေသည်။ ချစ်လွင်မှာ သူ့ကိုယ်သူ သိမ်ငယ်စိတ်ဖြစ်လာမိသည်။ ခန်းမကြီးအတွင်း၌ ခမ်းနားစွာပြင်ဆင်မွမ်းမံ၍ထားပေသည်။

ခန်းမကြီး၏အလယ်ရှိ မီးခိုးရောင်ဆိုဖာဆက်တီခုံပေါ်၌ လူတစ်ဦးထိုင်နေသည်။ ထိုလူ၏ရှေ့၌ အုပ်ဆောင်းတပ်မီးအိမ်တစ်ခု ထွန်းထားသည်။ အပေါ်မျက်နှာပြင်မှာ အမှောင်ရိပ်ထဲရောက်၍နေသည်။ ကိုယ်လုံးကိုသာ အလင်းရောင်ထဲ၌ မြင်ရသည်။

သူ၏ခန္ဓာကိုယ်ပေါ်၌ အစိမ်းရောင်ကတ္တီပါ ဝတ်စုံကိုဝတ်ဆင်ထားသည်။ ဝတ်စုံမှာ ကြီးမားရှည်လျားသဖြင့် ထိုလူ၏ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးကွယ်၍ ထားသကဲ့သို့ဖြစ်၍နေသည်။ ဦးခေါင်းမှာ ပြောင်လက်၍နေပေသည်။

ကြီးမားသော အဖြူရောင်ကြောင်ကြီးတစ်ကောင်သည် ထိုပုဂ္ဂိုလ်၏ ပေါင်ပေါ်၌ထိုင်နေသည်။ စိမ်းဖန့်သော မျက်လုံးကြီးများဖြင့် ချစ်လွင်ကို စိုက်၍ကြည့်နေသည်။ ထိုပုဂ္ဂိုလ်၏ ဘယ်လက်၌ 'မြ'လက်စွပ်ကြီးတစ်ကွင်းကို ဝတ်ထားသည်။ လက်တစ်ဘက်က



စားပွဲပေါ်သို့ တင်ထားပြီး လက်ချောင်းများက စားပွဲခုံကို တစ်ချက်ချင်း ခေါက်နေသည်။

သူ၏ရှေ့ရှိ ချစ်လွင်၏ အခြေအနေကို အသက်ရှုသံနား ထောင်ရင်း စောင့်ကြည့်လေ့လာနေခြင်းဖြစ်သည်။ ချစ်လွင်မှာ ကြောက်ရွံ့အားငယ်စိတ်ဖြင့် အသက်ရှူသံပြင်း၍လာသည်။ ဤသည်မှာ ခေါင်းတုံးနှင့်ပုဂ္ဂိုလ်ကြီး၏ စိတ်ဓာတ်ရေးရာပိုင်းနှင့် ပတ်သက်သော ခြောက်လှန့်ကွက်တစ်ခုပင်ဖြစ်သည်။

ထိုပုဂ္ဂိုလ်က စကားစ၍ ပြောသည်။

သူ၏အသံမှာ သတ္တုလိုက်သံပေါက်ပြီး ပဲ့တင်ထပ်နေသော အသံမျိုးဖြစ်သည်။ သူသည် အသံသြဇာကောင်းသူဖြစ်သည်။ သူ၏ အဖွဲ့သားများသည် သူ၏ ထူးခြားသောအသံကြောင့် ပို၍ကြောက်ရွံ့ကြသည်။

ထိုပုဂ္ဂိုလ်၏အမည်မှာ 'ဒီဗွ'ဖြစ်သည်။

သူသည် သူ့ကိုယ်သူ အရာရာသိသူ၊ နားလည်သူဟု ယူဆထားသူတစ်ယောက်ဖြစ်သည်။ သူ၏ ချမ်းသာကြွယ်ဝမှုကြောင့် သူသည် အရေးပါ၊ အရာရောက်သူတစ်ဦးဖြစ်လာသည်။ သူသည် လျှို့ဝှက်အဖွဲ့တစ်ခုကိုပါ စုစည်းနိုင်ခဲ့သည်။

သို့သော် သူသည် နပုလ္လိင်တစ်ဦးဖြစ်သည်။

ဤသည်မှာ သူ၏ အဓိက အားနည်းချက်ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် အသံနှစ်မျိုးနှင့် စကားပြောနိုင်သူဖြစ်သည်။ သူနှင့်ရှယ်တူ တန်းတူမိတ်ဆွေများမှာ လူ့လောကကြီး၌

www.burmeseclassic.com



မျှော်လင့်ရတော့ပေ။ ထို့ကြောင့် သူသည် သူ့ကိုယ်သူပို၍ ဂရုစိုက်ပြီး ဆေးဝါးကုသမှုပြုသည်။ နပျိုလန်းဆန်း၍ အသက်ရှည်ကျန်းမာနိုင်စေရေးအတွက် ဆေးဝါးမျိုးစုံကို မှီဝဲသည်။

'ဒီဇ္ဇ'သည် သူ့ရှေ့၌ရပ်နေသည့် ချစ်လွင်ကို စိုက်၍ကြည့်နေသည်။

ဒီကောင်လေးကို အကဲခတ်ရသည်မှာ ခပ်ညံ့ညံ့၊ ခပ်ပျော့ပျော့အထဲက ဖြစ်မည်။ စကားမပြောရခင်မှာပင် ကြောက်ရွံ့စိတ်ဖြင့် တုန်လှုပ်ခြောက်ခြားနေပုံရသည်။ ထို့ပြင် ချစ်လွင် ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ချွေးများဖြင့် ရွဲနစ်နေသည်။ ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်ခြင်းနှင့် သေခြင်းတရားကို 'ဒီဇ္ဇ'အနေဖြင့် လွန်စွာမုန်းတီးသည်။

ကြောက်ရွံ့စိတ်နှင့်ယှဉ်၍ ချွေးထွက်ခြင်းသည် ပထမဦးစွာ ရွံ့းနိမ့်ခြင်းတစ်ခုပင်။

လူအများစုသည် လှည့်ဖျား၍ မုသားစကားများပြောချင်သလို ပြောနိုင်ကြသည်။ သို့သော် ခန္ဓာကိုယ်ပေါ်၌ ချွေးပြန်လာခြင်းကိုမူ မည်သို့မျှတား၍ မရနိုင်ပါချေ။ ထို့ပြင် အတွေ့အကြုံနုနယ်သူများအဖို့မူ ပို၍ဆိုးရွားသည်။

ဒီဇ္ဇက သတ္တုလိုက်ဆံသံဖြင့် စကားစ၍ ပြောလိုက်သည်။

'မင်းက ချစ်လွင် ဟုတ်လား'

'ဟုတ် . . ဟုတ်ပါတယ် ဆရာကြီး'

'ငါ့ရဲ့ စက်တပ်ရွက်လှေကြီးကို လွယ်လွယ်ရှာတွေ့ခဲ့သလား'

'လွယ်လွယ်ပဲ ရှာလို့ တွေ့ပါတယ်'





'ကောင်းတယ် မင်းကို ငါမေးမယ်။ သေသေချာချာနားထောင်။ မင်းအနေနဲ့ ဘာတွေကို ကမ္ဘာ့လောက်အထိစုံစမ်းပြီးပြီလဲ။ ဆရာဝန်ဆိုတဲ့လူက ဘယ်သူလဲ။ သူက ငါတို့ထဲကိုဝင်ပြီး ရှုပ်နိုင်တဲ့လူလား . .'

'ကျွန်တော် သိသလောက်ကတော့၊ အဲဒီဆရာဝန်ဟာ အန္တရာယ်မရှိနိုင်တဲ့ လူတစ်ယောက်ပါ'

ချစ်လွင်က စိတ်မျက်လက်ပျက်လေသံဖြင့် ပြောလိုက်ခြင်းပင်။

လူတစ်ဦးအပေါ်၌ အကြောင်းမဲ့သက်သက် အထင်သေးခြင်း၊ အမြင်မှားခြင်း၊ အထင်လွဲခြင်းများကို သူမနှစ်မြို့ပေ။

ဒီဇ္ဇက အက်ကွဲသောလေသံဖြင့် မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။

'မင်း မှတ်ထား။ ဟောဒီကမ္ဘာပေါ်မှာ အန္တရာယ်မရှိနိုင်ဘူးလို့ လွယ်လွယ်ထင်တဲ့လူက ဒုက္ခအများဆုံးရောက်နိုင်တဲ့လူပဲ'

ချစ်လွင် ချောင်းတစ်ချက်ဟန့်လိုက်၏။

'ဟုတ်ကဲ့ . . ဆရာကြီး။ အဲဒီ ဆရာဝန်နဲ့ ဒေါ်ကြူကြူဆွေတို့ နှစ်ယောက်တွေ့ပြီး စကားပြောတဲ့ တိပ်ခွေကို ကျွန်တော်နားထောင်ခဲ့ပြီးပြီ။ သူတို့နှစ်ယောက်ထဲက တစ်ယောက်က အသံလှိုင်းမဝင်အောင် ကျွန်တော်တို့ရဲ့စက္ကူပန်းပွင့်ကို သစ်သီးဖျော်ရည်စက်နားမှာ ချထားလို့ ပြည့်ပြည့်စုံစုံ နားမထောင်လိုက်ရဘူး'

'အင်း . . ကြူကြူဆွေဆိုတာ တို့ကိုအန္တရာယ်ပေးနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့ထင်ထားရင် မှားသွားနိုင်တယ်။ ဆရာဝန်ဆိုတဲ့ လူကိုလည်း လျှော့တွက်လို့မရဘူး။ မင်း . . သူနဲ့ပတ်သက်လို့ ဘာတွေသိထားသေးသလဲ'

'သူက သာမန်ရိုးရိုး ဆရာဝန်တစ်ယောက်ပါပဲ။ အားလပ်ရက်မှာ ခရီးထွက်တဲ့ အနေအထားမျိုးပဲရှိတယ် . .'

ဒီဗွက သူ၏ကြောင်ကြီးကို လက်တစ်ဘက်ဖြင့် ပွတ်သပ်ပေးနေရင်းမှ . .

'ဒါနဲ့ . . အဲဒီ ဆရာဝန်ကို မင်း ခေါ်လာနိုင်ခဲ့ပြီလား'

ချစ်လွင်၏ ကျောထဲ၌ စိမ့်၍အေးသွားသည်။

ဒေါက်တာစဝ်ရန်နိုင်ကို ခေါ်ယူရန် ကြိုးစားသည့်ကိစ္စ မအောင်မြင်ခဲ့ပေ။ ထိုကိစ္စနှင့်ပတ်သက်၍ ထူးသော်က သူ့ကိုယ်သူ အလွတ်ရုန်းပြီး မိမိအပေါ် အပစ်ပုံချ၊ ချောက်တွန်းထားသည်မှာ သေချာ၍နေပေပြီ။ ထူးသော်သည် အထက်မှ ပုဂ္ဂိုလ်ကြီးအား မျက်နှာလို၊ မျက်နှာရ အလွန်လုပ်ချင်သူဖြစ်သည်။ ထူးသော်၏ အကျင့်စရိုက်ကို ချစ်လွင် ကောင်းကောင်းသိထားပြီးသားဖြစ်သည်။

ချစ်လွင် ကြောက်စိတ်ကို မျိုသိပ်၍ . .

'ဟို . . ဟို . . ဆရာဝန်၊ ဒီကို ခေါ်မလာနိုင်သေးပါဘူး ဆရာကြီး'

ဒီဗွ၏အသံ မသိမသာတင်းမာ၍သွားသည်။

'ခေါ်မလာနိုင်သေးဘူး . . ဟုတ်လား'

'ဟုတ် . . ဟုတ်ပါတယ်'





ဒီဗွ သူ၏ကိုယ်ကို အနည်းငယ်ရွှေ့လိုက်သည်။

'မင်း သတင်းပို့တာကတော့ ငါနိုင်းတဲ့အတိုင်း ဒေါက်တာစဝ်ရန်နိုင်ကို ဒီရွက်လှေပေါ် ခေါ်လာခဲ့ပြီဆို။ အခု . . သူက ဘယ်ရောက်သွားသလဲ။ မင်းတို့လက်ချက်နဲ့ သေသွားပြီလား'

'သေမသွားပါဘူး ဆရာကြီး။ ကျွန်တော် သူ့ကို ခေါ်နိုင်ဖို့အတွက် ကြေးစားလူမိုက်ခြောက်ယောက်အထိ ငှားပြီး ကြိုးစားခဲ့ပါတယ်။ သူတို့ရဲ့လက်ချက်နဲ့ အဲဒီဆရာဝန် လဲကျသွားတဲ့အချိန်မှာ ရဲတွေရောက်လာတယ် . .'

'အင်း . . ဆက်ပြော'

'အဲဒီ ဆရာဝန်ကို ရဲတွေက ခေါ်သွားတယ်။ ကြေးစားခြောက်ယောက်ထဲက သုံးယောက် အဖမ်းခံလိုက်ရတယ်။ ကျွန်တော် လမ်းထိပ်က ချောင်းကြည့်နေလို့ သေသေချာချာ မြင်လိုက်ရပါတယ်'

ဒီဗွက ခေါင်းခါလိုက်သည်။

'မင်း . . လုပ်တာကိုင်တာ မဟုတ်သေးဘူး။ မင်းပြောတဲ့ အန္တရာယ်မရှိနိုင်ဘူးဆိုတဲ့ ဆရာဝန်အနေနဲ့ မသင်္ကာစရာ၊ သံသယဖြစ်စရာ အချက်တွေရှိသွားပြီပေါ့။ ဒီအချက်ကိုလည်း သူက ရဲအဖွဲ့ကို ပြောမှာသေချာတယ်'

'ဟုတ် . . ဟုတ်ကဲ့။ သူ့ကိုခေါ်လာနိုင်ဖို့ကလည်း ဒီတစ်နည်းပဲရှိလို့ပါ'

'ငါသိချင်တာက အဲဒီဆရာဝန် ဘာတွေလုပ်နေသလဲ။



www.burmeseclassic.com

www.burmeseclassic.com

သူဟာ ဘယ်အဖွဲ့အစည်းအတွက် အလုပ် လုပ်ပေးနေသလဲ။ နောက် သူဟာ ငါတို့အဖွဲ့နဲ့ ဘာဖြစ်လို့လာပြီး ပတ်သက်နေရတာလဲ။ ငါတို့မှာ အချိန်မရှိတော့ဘူး။ သူ့ကို လူကြီးလူကောင်းပုံစံနဲ့ ညှော်ခံ၊ ဆွေးနွေးဖို့လည်း မလိုအပ်တော့ဘူး။ အမြန်ဆုံး တိုက်ရိုက် ဖြေရှင်းမှပဲဖြစ်မယ်။ ထုံးစံအတိုင်းပေါ့ကွာ . . အဲဒီဆရာကို အပြတ်ရှင်းလိုက်ပေတော့'

အပြတ်ရှင်းလိုက်ဆိုသော စကားလုံးသည် ချစ်လွင်၏နားထဲသို့ စူးရှစွာ တိုးဝင်သွားသည်။ သူ ယခုလက်ခံ၍ အလုပ်လုပ်ပေးနေခြင်းမှာ ဥတ္တရကျွန်းသို့ သူပြန်နိုင်ရန်အတွက်သာဖြစ်သည်။

သူ့အနေဖြင့် သာမန်ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်းလောက်သာ လုပ်ရမည်ဟု ထင်မှတ်ထားသည်။ ပထမဦးစွာ သူ တာဝန်ယူလုပ်ဆောင်ခဲ့ရစဉ်ကလည်း သူသည် ထမင်းလုံးတစ္ဆေခြောက်သည့်အလားအိပ်မပျော်နိုင်ပဲ ဖြစ်ခဲ့ရသည်။ စိတ်ထဲ၌ တုန်လှုပ်ခြောက်ခြားခဲ့ရသည်။

ထိုအချိန်က သူသည် မော်တော်ဘုတ်တစ်စီးပေါ်မှ အမျိုးသမီးငယ်တစ်ဦးကို ဖမ်းသတ်ပေးခဲ့ရသည်။ ယခုလည်း သူ့အနေဖြင့် ဆရာဝန်တစ်ဦးကို အပြတ်ရှင်းပေးရဦးမည်။

သူသတ်ပေးခဲ့ရသော အမျိုးသမီးငယ်ကို မည်သူမည်ဝါမှန်း လုံးဝမသိပေ။ တစ်ကြိမ်မှလည်း မြင်ဖူးခဲ့ခြင်းမရှိ။ သူတို့အဖွဲ့၏ ရန်သူဖြစ်သည်ဟူသော အကြောင်းပြချက်သာ သိခဲ့ရသည်။ ချစ်လွင် အနေဖြင့် ဤသို့သော် ကိစ္စမျိုးကို လုပ်ကိုင်ချင်စိတ် လုံးဝမရှိပေ။

သို့သော် သူ့အနေနှင့် မည်သို့မျှ ငြင်းဆန်နိုင်စွမ်း၊ တားဆီး





နိုင်စွမ်းမရှိပါချေ။

သူ ဥတ္တရကျွန်းသို့ ပြန်နိုင်ရန်အတွက် နေထိုင်နိုင်ရန်အတွက် ဤမျှအထိ လုပ်ကိုင်ပေးရခြင်းသည် လုံးဝမတန်ပေ။ မျှတမှုလည်း မရှိပေ။ ဤမကောင်းမှု ဒုစရိုက်အလုပ်များကိုလည်း ဆက်၍မလုပ်ချင်တော့။

ချစ်လွင် စဉ်းစားနေသည်ကို ဒီဗွ ရိပ်စားမိနေသည်။

ဒီဗွက လေသံပြောင်း၍ ခပ်ပျော့ပျော့လေသံဖြင့် ပြောသည်။

'မင်း သေသေချာချာ စဉ်းစားပါ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က အနုကြမ်းစီးမှုတစ်ခုမှာ မင်းပါခဲ့တယ်။ လူသတ်မှုတစ်ခုမှာလည်း မင်းကရဲကို အကြောင်းမကြားပဲ ရှောင်ပုန်းပီတ်နေခဲ့တယ်။ မနေ့က မော်တော်ဘုတ်ပေါ်မှာရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို အဆေးကြည့်မှန်ပြောင်းတပ် ရိုင်ဖယ်နဲ့ မင်းကိုယ်တိုင် ပစ်သတ်ခဲ့တယ်။ မင်းဆီမှာရှိတဲ့ ရိုင်ဖယ်ကို သူတို့တွေ့သွားရင် မင်း ဘယ်လိုဖြေရှင်းမလဲ။ မိန်းကလေးရဲ့ ခန္ဓာကိုယ်ထဲက ကျည်ဆန်နဲ့ မင်းရဲ့ ရိုင်ဖယ် ကျည်ဆန်တစ်မျိုးတည်းဖြစ်နေတယ်ဆိုတာ ရဲအဖွဲ့က သိသွားရင် မင်းဘဝ ဘာဖြစ်သွားမလဲ သေသေချာချာ စဉ်းစားစမ်း။ ငါ့ဘက်က တယ်လီဖုန်းတစ်ချက် ကောက်လှည့်လိုက်ရုံပဲ။ မင်း . . ရဲမှူး ကျော်လွင်မိုးကို သိတယ်မဟုတ်လား'

ချစ်လွင်၏ အာခေါင်များ ခြောက်သွေ့၍လာသည်။ ခြေများ လက်များ အေးစက်၍လာသည်။ သူ ရန်းထွက်၍ မရနိုင်အောင် ချည်နှောင်ထားနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဗွက အသံပြောင်း၍ ထပ်မံပြောပြန်သည်။ ဖိုးအဖဲမှာနှဲ့သောအသံမျိုးဖြစ်သည်။

'ဂဲ . . မင်းအနေနဲ့ နောက်ဆုံးအကြိမ် အလုပ်တစ်ခုလုပ်ပေးရလိမ့်မယ် ချစ်လွှင်။ အင်း . . ဒီလကုန်ပိုင်းမှာ မင်း . . ဥတ္တရကျွန်းကိုရောက်ပြီး အေးအေးဆေးဆေးနေနိုင်တော့မယ်။ အေး ငါ့စကားကို နားမထောင်ခဲ့ရင်တော့ မင်း ခတ္တရာကျွန်းကနေ လွယ်လွယ်လေးထွက်သွားလို့ ရမှာမဟုတ်ဘူး။ ငါပြောတာ နားလည်လား ချစ်လွှင်'

'ဟုတ် . . ဟုတ်ကဲ့။ နားလည်ပါတယ် . . ဆရာကြီး'

ချစ်လွှင် ခေါင်းငုံ့လျက်၊ တုံ့ဆိုင်းစွာ ပြောလိုက်ရသည်။

ဒီဗွက ပြောင်းသွားသောအသံဖြင့် ကျေနပ်စွာရယ်လိုက်၏။

'မင်းဆီက အောင်မြင်တယ်ဆိုတဲ့ သတင်းပဲ ကြားချင်တယ်။ ငါ့ဆီကို ဆက်သွယ်တဲ့အခါမှာ အသံလွှင့်စက်၊ အသံဖမ်းစက်ကို သုံးပြီး သတင်းပို့ပါ။ ရေဒီယိုလှိုင်းကိုသုံးရင် ဘယ်အချိန်မျိုးမှာ လွှင့်ရမယ်ဆိုတာ မင်း နားလည်တယ် မဟုတ်လား'

'ဟုတ်ကဲ့ . . သိပါတယ် ဆရာကြီး'

ဒီဗွ ပြုံးလိုက်သည်။

'လိုအပ်ရင် ငါတို့က မင်းဆီကို ဆက်သွယ်မယ်'

ဒီဗွ၏ ကိုယ်ပေါ်၌ရှိနေသော ကြောင်မြွေကြီးသည် ဒီဗွ၏ ဝန်းပေါ်သို့ခုန်တက်လိုက်သည်။ ကြောင်ကြီး၏ကွေးကောက် ချွန်မြနေသည့် လက်သည်းရှည်ကြီးများကို ချစ်လွှင်ငေးကြည့်နေမိသည်။





သူ၏ ရင်ထဲ၌ တလှပ်လှပ်တုန်ခါ၍ နေမိသည်။ လည်ပင်းထဲ၌ တင်းကျပ်ဆို့နင့်၍နေသည်။

သူရောက်နေသော အခန်းကျယ်ကြီးသည် နေ့နှင့်ည မည်သို့မျှ ခွဲခြား၍မရနိုင်ပေ။ အခန်းတွင်း၌ အမြဲတစ်စေ မီးများထွန်းထားသည်။ ပြတင်းပေါက်များကိုလည်း ပိတ်၍ထားသည်။ ဤအခန်းအတွင်း၌ မွန်းကျပ်ပိတ်လှောင်၍နေသည်။ ချစ်လွှင် ဤအခန်းတွင်း၌ ဆက်၍မနေလိုတော့ပေ။ ဖြစ်နိုင်လျှင် ချက်ခြင်းပင် ထွက်သွားချင်နေပေသည်။

ပင်လယ်လှိုင်းများ၏ လှုပ်ရှားမှုကြောင့် ရွက်လှေကြီးမှာ အနည်းငယ်မျှ လူးခါ၍နေသည်။

သူ ဤအခန်းထဲသို့ ရောက်နေသည်မှာ မည်မျှကြာသွားသည်ဟု မခန့်မှန်းနိုင်။ ဤမကောင်းဆိုးဝါးရွက်လှေကြီးပေါ်မှ သူ ပြန်ချင်နေပေပြီ။ ခတ္တရာကျွန်းသို့ သူပြန်၍ သွားချင်နေပေပြီ။

'ဒါပဲလား . . ဆရာကြီး'

'အေး . . မင်းသွားနိုင်ပြီ'

ချစ်လွှင် နောက်သို့ပဆုတ်၍ ဒီဗွကို အရိုအသေပေးလိုက်သည်။

မှန်တံခါးချပ်ကိုဆွဲဖွင့်၍ စင်္ကြံလမ်းအတိုင်းလျှောက်လာသည်။ မျက်နှာပေါ်မှ ချွေးများကို လက်တစ်ဖက်ဖြင့် ပွတ်လိုက်သည်။ ချွေးများဖြင့် ရွဲနစ်နေသည့် အင်္ကျီ၏အပေါ်ကြယ်သီးနှစ်လုံးကို ဖြုတ်လိုက်သည်။ ကုန်းပတ်ပေါ်သို့ သူရောက်လာပြီး ခြေလှမ်းကို



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တရပ်တန့်လိုက်သည်။

ရွက်လှေကြီး တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်၍နေသည်။

သူသည် ခြေဖျားထောက်၍ ဒိဗ္ဗ၏ အခန်းအနီးသို့ ကပ်၍ သွားပြီး နံရံကိုနားဖြင့် ကပ်၍နားထောင်လိုက်သည်။ သူ၏ဆရာကြီး ဒိဗ္ဗအခန်းထဲမှ တစ်စုံတစ်ရာ အသံကြားရလျှင် သူ့အတွက် အကျိုးအမြတ်ရှိနိုင်သည်။ မကြားရ၍လည်း သူ့အတွက် ဘာမျှ အရှုံးမရှိ။

အတွင်းမှ ဒိဗ္ဗ၏ စကားပြောသံကိုကြားနေရသည်။ တယ်လီဖုန်းဖြင့် ပြောနေခြင်းပင်ဖြစ်သည်။ ဒိဗ္ဗသည် အခြားဘာသာစကားတစ်ခုဖြင့် ပြောနေသည်။ ထိုစကားကို ချစ်လွင် နားမလည်ပါ။ ဘာတွေပြောနေမှန်း သူမသိပေ။

စကားပြောသံ ရပ်သွားသည်နှင့် ချစ်လွင် ခြေဖျားထောက်၍ လှည့်ထွက်ခဲ့သည်။ ကုန်းပတ်ပေါ်၌ သူ့ကိုစောင့်နေသူများထံသို့ သူထွက်သွားသည်။

× × × × ×

အခန်းတွင်း၌ ဒိဗ္ဗတစ်ဦးတည်း ရှိသည်။

ဆင်စွယ်ရောင် တယ်လီဖုန်းခွက်ကို အသာအယာပြန်တင်လိုက်သည်။ သူ့ရှေ့ဖန်ခွက်ထဲမှ သကြားစိမ်ထားသော သစ်သီးတစ်လုံးကိုယူ၍ စားသည်။

ထိုင်နေရာမှ ထသည်။ စားပွဲပေါ်ရှိ မီးအုပ်ဆောင်းမှ အလင်း





ရောင်က သူ့မျက်နှာအား ထိုးလိုက်သကဲ့သို့ ဖြစ်သွားသည်။

ယခုမှ ဒိဗ္ဗ၏ မျက်နှာကို မြင်ရသည်။

မျက်နှာတစ်ခုလုံး အမာရွတ်များ ပြည့်နှက်၍နေပြီး သစ်သီးခြောက်တစ်ခုကဲ့သို့ ရှုံ့တွန့်နေ၏။ လွန်စွာကြမ်းတမ်းသော မျက်နှာကြီးတစ်ခုဖြစ်သည်။ မျက်နှာပေါ်၌ ခရမ်းရောင် အစိမ်းရောင် အစင်းကြောင်းများဖြင့် ပြည့်၍နေသည်။

မျက်နှာပေါ်၌ နေကာမျက်မှန်ကြီး တစ်လက်တပ်ထားသည်။

နေကာမျက်မှန်ကို ဒိဗ္ဗက လက်နှစ်ဘက်ဖြင့် အသာအယာ ဆွဲချွတ်လိုက်သည်။

ဒိဗ္ဗတွင် မျက်လုံးများ လုံးဝမရှိပေ။

မျက်လုံးနှစ်လုံးနေရာ၌ မည်းနက်သော ဟောင်းလောင်းပေါက်ကြီးနှစ်ခုသာရှိနေပေသည်။

× × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တယ်လီဖုန်းသံ မြည်လာသည်။

စဝ်ရန်နိုင် တယ်လီဖုန်းကို ကိုင်လိုက်၏။

ရဲမှူး ကျော်လွင်မိုး၏အသံကို ကြားရသည်။

'ခင်ဗျားအတွက် လေယာဉ်စီစဉ်ထားတယ်။ သတိထားပြီးတော့ သွားပါ။ အရေးအကြောင်းရှိရင် ကျွန်တော့်ဆီ ဖုန်းဆက်လိုက်ပါ။ ကဲ . . နောက်မှ တွေ့ကြတာပေါ့'

'ကျေးဇူးပါပဲ . .'

အဝတ်အစားထည့်သည့် သေတ္တာက အသင့်ဖြစ်နေသည်။

ရေချိုး၊ မုတ်ဆိတ်ရိပ် ရေချိုးပြီး အဝတ်အစားလဲရန်သာ ရှိသည်။





မောင်နီက သူ့အတွက် နံနက်စာအသင့် ပြင်ပေးထားသည်။

ပုဇွန်နှင့် အသီးအရွက်ကြော်။ ကြက်ဥကြော် . . .။ အသားနှင့်ရောကြော်ထားသည့် ထမင်းကြော်တစ်ပွဲ။ အသင့်ဖျော်ထားသော ကော်ဖီ။

နံနက်စာ စားနေစဉ်မှာပင် မောင်နီက

'တက္ကစီ ငှားပေးထားရမလား ဆရာ'

'ကောင်းတာပေါ့ကွာ . .'

အားလုံးပြီးစီးသည်နှင့် အိမ်ရှေ့သို့ထွက်လာသည်။ မောင်နီ ငှားထားသည့် တက္ကစီက အသင့်ရပ်၍ စောင့်နေသည်။

တိုယိုတာအမျိုးအစား အဝါရောင်တက္ကစီတစ်စီးဖြစ်သည်။ ကားမောင်းသူက နေကာမျက်မှန်တပ်ထားသည်။ ကားတွင်းရှိ ရေဒီယိုမှ သီချင်းသံကြားနေရသည်။

စဝ်ရန်နိုင်က ကားထွင်းသို့ဝင်သည်။ မောင်နီကို ငွေစက္ကူ အချို့လှမ်းပေးပြီး နှုတ်ဆက်သည်။ ကားမောင်းသူက စက်နှိုးပြီး ထွက်လာသည်။

စဝ်ရန်နိုင်က . . .

'လေယာဉ်ကွင်းကို ဘယ်လောက်ကြာနိုင်သလဲ'

'နာရီဝက်လောက်ပါပဲ ဆရာ'

ကျွန်း၏အလယ် လမ်းကြောအတိုင်း ကားကိုမောင်းလာသည်။ လမ်းဘေး၌ အိမ်များ တဖြည်းဖြည်းကျဲ၍လာသည်။ လမ်းမှာ တဖြည်းဖြည်းမြင့်၍လာသည်။ လမ်းဘေးတစ်ဘက်တစ်ချက်၌ သစ်

www.burmeseclassic.com



ပင်ကြီးများနှင့် မြက်ခင်းပြင်များသာရှိသည်။

မျက်နှာချင်းဆိုင်မှ မောင်းလာသော ကားသုံးစီးရှိသည်။ ရှေ့ဆုံးမှကားမှာ သစ်လုံးများတင်သည့် ကားကြီးဖြစ်သည်။ နောက်ဘက်၌ ဘတ်စ်ကားတစ်စီး။ နောက်ဆုံး၌ အမိုးဖွင့်ထားသော ကားငယ်တစ်စီး။ ကားပေါ်၌ လူငယ်တစ်စု သီချင်းအော်ဆို၍ လိုက်ပါလာကြသည်။

ရေကန်ကြီးတစ်ခုအနီးသို့ ရောက်သောအခါ၊ ကားမောင်းသူက ညာဘက်သို့ ကပ်၍မောင်းသည်။ ကားကို လမ်းဘေးတစ်နေရာ၌ ထိုး၍ ရပ်လိုက်၏။

စစ်ရန်နိုင်က . . .

'ဘာဖြစ်လို့လဲ'

ကားမောင်းသူက . . .

'ကျွန်တော် သတိမေ့သွားလို့ပါ။ ဒီမနက်ပိုင်းတင် ကားပိုင်ရှင် ကားကိုဓာတ်ဆီထည့်ဖို့ ပြောလိုက်သေးတယ်။ ကျွန်တော်က မေ့ပြီး မထည့်မိဘူး။ အခု ဓာတ်ဆီကုန်သွားပြီ။ ကိစ္စမရှိပါဘူး ဆရာ . .။ ကားနောက်ခန်းထဲမှာ ဓာတ်ဆီအပိုပါတယ်'

ကားမောင်းသူ ဆင်းသွားသည်။

ရှေ့ဘက်၌ မြူနှင်းများဝေ့ဝဲ၍ ကျနေပေသေးသည်။ နောက်ဘက်ခန်းမှ အဖုံးဖွင့်သံကြားရသည်။

ကားမောင်းသူက သူ၏ ဘေးဘက်ရှိ ပြတင်းပေါက်အနီးသို့ ကပ်လာသည်။





စစ်ရန်နိုင်က ကားမောင်းသူကို မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

'မင်းကားက ဘာဖြစ်ရပြန်တာလဲ'

ကားမောင်းသူက . . .

'ကျွန်တော့်ကို ခဏလောက် ကူညီပါဦး ဆရာ။ ကျွန်တော့်ရဲ့ လက်တစ်ဘက်နာနေလို့ ဓာတ်ဆီပုံးအဖုံး ကျပ်နေတာ ဖွင့်လို့မရဘူးဖြစ်နေတယ်။ အဲဒါ . . တစ်ချက်လောက် ကူပြီးဖွင့်ပေးပါ'

'ကူညီရတာပေါ့ကွာ'

စစ်ရန်နိုင် တံခါးဖွင့်၍ ဆင်းလိုက်သည်။

'မင်းရဲ့ဓာတ်ဆီပုံးက ဘယ်မှာလဲ'

ကားမောင်းသူက တင်းမာခက်ထန်သော လေသံဖြင့်

'ဓာတ်ဆီပုံးက ဒီမှာလေ'

ကားမောင်းသူက စစ်ရန်နိုင်ကို ပွိုင့်သုံးဆယ့်ငါး အော်တိုမက်တစ်ပစ္စတိုဖြင့် တည့်မတ်စွာချိန်ရွယ်ထားသည်။ ကားမောင်းသူ၏ နဖူးပြင်မှာ စိတ်လှုပ်ရှားမှုကြောင့် ချွေးများဖြင့် စိုရွှဲ၍နေသည်။ ကားမောင်းသူသည် သေနတ်ကို ကျွမ်းကျင်စွာကိုင်နိုင်ကြောင်း စစ်ရန်နိုင် သတိပြုမိသည်။ သူနှင့် ကားမောင်းသူမှာ ငါးပေမျှသာ ကွာသည်။

စစ်ရန်နိုင်က ဂရုမစိုက်သည့် လေသံဖြင့် . . .

'မင်းက ဘာလုပ်ဖို့ သေနတ်နဲ့ ချိန်ရတာလဲ'

စစ်ရန်နိုင်က သေနတ်ကို စူးစိုက်၍ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်၏ နှလုံးအိမ်တည့်တည့်သို့ သေနတ်က တည့်မတ်စွာချိန်ရွယ်ထားသည်။

'ခင်ဗျား လက်မြှောက်လိုက်ပါ'

ကားမောင်းသူမှာ လူငယ်တစ်ဦးဖြစ်သည်။ အသံမှာ အေးစက်မာကျော၍နေ၏။

'ငါ့ဆီက ငွေလိုချင်လို့လား'

ဤလူငယ်သည် လွန်ခဲ့သည့်ညက ဝိုင်း၍တိုက်ခိုက်သည့် ကြေးစားလူမိုက်များနှင့် တစ်ဖွဲ့တည်းပင်ဖြစ်နိုင်သည်။

ကားမောင်းသူက ခက်ထန်သောလေသံဖြင့် . . .

'ကျွန်တော့်မှာအချိန်မရှိဘူး။ ပြောသလို မြန်မြန်လုပ်ပါ'

ခြေတစ်လှမ်းခန့် နောက်သို့ဆုတ်လိုက်သည်။

ကားမောင်းသူက . . .

'မြန်မြန်လုပ်လေ'

'ငါက ဘာလုပ်ပေးရမှာလဲ'

ကားမောင်းသူလူငယ်က သေနတ်ကိုယမ်း၍ ကားရှေ့ဘက်သို့ ထိုးပြလိုက်သည်။

'ခင်ဗျား ရှေ့ဘက်ကို သွားပြီးရပ်ပါ'

ကားမောင်းသူ၏ သေနတ်ပြောင်းဝ စက္ကန့်ပိုင်းမျှလွဲ၍သွားသည်။

စဝ်ရန်နိုင်က လျှင်မြန်စွာ လှုပ်ရှားလိုက်၏။

စဝ်ရန်နိုင်၏ ညာခြေဖျားက လူငယ်၏ မေးဖျားဆီသို့





အရှိန်ပြင်းစွာ ကန်လိုက်သည်။ ကားတံခါး ပိတ်သွားသည့်အသံနှင့် မေးဖျားတို့ထိသံမှာ ကျယ်လောင်စွာမြည်၍သွားသည်။ စဝ်ရန်နိုင်၏ ညာလက်ဝါးစောင်းက သေနတ်ကိုင်လက်ကို ခုတ်ချလိုက်သည်။ သေနတ်မြေပြင်ပေါ်သို့ လွတ်ကျ၍သွားသည်။

ဘယ်လက်ဖြင့် ကားမောင်းသူလူငယ်၏ တံတောင်ဆစ်ကို လှန်၍တင်ချိုးလိုက်သည်။ တစ်ချိန့်တည်းမှာပင် ညာဘက်ဒူးဖြင့် ကားမောင်းသူ၏ ပေါင်ခွကြားသို့ ဆောင့်တိုက်ချလိုက်သည်။

စက္ကန့်ပိုင်းမျှသာကြာသည်။

ကားမောင်းသူလူငယ်လေးဘက်ထောက်၍ လဲကျသွားသည်။ ဆံပင်ကို ဆွဲ၍ ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ လူငယ်၏ခေါင်း တစ်ဘက်သို့ လည်ထွက်သွားသည်။ လက်လွှတ်လိုက်ချိန်၌ လူငယ်မှာ လုံးဝမလှုပ်ရှားနိုင်တော့ပေ။

လူငယ်၏မျက်နှာပေါ်မှ နေကာမျက်မှန်မှာ အဝေးသို့လွင့်ထွက်သွားပြီဖြစ်သည်။ လူငယ်၏မျက်နှာကို စဝ်ရန်နိုင် သေချာစွာ စိုက်ကြည့်လိုက်သည်။ လူငယ်၏ အပေါ်ကုတ်အင်္ကျီကိုဆွဲဖွင့်လိုက်၏။ အောက်ဘက်ရှိ အင်္ကျီရင်ဘတ်ပေါ်၌ အဝါရောင်ပိုးချည်ဖြင့် ချစ်လွင်ဟု နာမည်ထိုးထားသည်ကို တွေ့ရသည်။

မြေပေါ်၌ ကျနေသော သေနတ်ကိုကောက်ယူ၍ ကျည်ကပ်ကိုထုတ်ပြီး အဝေးသို့လွှင့်ပစ်လိုက်သည်။ ထို့နောက် သေနတ်ကို ချစ်လွင်၏ အပေါ်ကုတ်အင်္ကျီထဲ ပြန်ထည့်ပေးလိုက်သည်။ ချစ်လွင်ကို ဂုတ်မှဆွဲ၍ ကားနောက်ခန်းထဲသို့ ပစ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသော့မှာ သော့ပေါက်၌ တန်းလန်းရှိနေသည်။ ကားစက်နှိုးပြီး လေယာဉ်ကွင်းဆီသို့ စံရန်နိုင် မောင်းထွက်လာသည်။

× × × × ×

လေယာဉ်ကွင်းကို မြင်ရပေပြီ။

လေယာဉ်ကွင်းတွင် ကားကိုရပ်သည်။ နောက်ဘက်ခန်းသို့ ပြန်၍ကြည့်သည်။ မိုးကာအင်္ကျီတစ်ထည်ကိုတွေ့သဖြင့် ချစ်လွင်အား ဖုံးထားလိုက်သည်။ ထို့နောက် လေယာဉ်လက်မှတ်ရုံးဘက်သို့ ထွက်လာသည်။

ရဲမှူး ကျော်လွင်မိုးထံ ဖုန်းဆက်သည်။

'လေယာဉ်ကွင်းလာဖို့ တက္ကစီတစ်စီးခေါ်ပြီးလာတယ်။ ရိုးရိုးသာမန်တက္ကစီလို့ပဲ ထင်မိတယ်။ လမ်းတစ်ဝက် လူရှင်းတဲ့နေရာရောက်တော့ ကားကို လမ်းဘေးထိုးချပြီးရပ်တယ်။ ဓာတ်ဆီကုန်သွားလို့တဲ့။ ပြီးတော့ ကျွန်တော့်ကို ရှင်းပစ်ဖို့အတွက် သေနတ်နဲ့ချိန်တယ်'

'ခင်ဗျားကိုးထိသွားသေးသလား'

'ပစ်ချိန်တော့ မရလိုက်ပါဘူး . .'

'အဲဒီလူကော . .'

'သူ့နာမည်က ချစ်လွင်တဲ့။ လူငယ်တစ်ယောက်ပါပဲ။ တက္ကစီကားရဲ့နောက်ခန်းထဲမှာ သတိမေ့နေတယ်။ အဲဒီ မိတ်ဆွေကိုလာပြီး ယူလိုက်ပါဦး။ လေယာဉ်ထွက်ဖို့ မိနစ်ပိုင်းလောက်ပဲလိုတော့တယ်'





'ကျွန်တော် လာခဲ့ပါ့မယ်။ ကားနံပါတ်က . . .'

'ကားနံပါတ်တော့ မကြည့်ခဲ့ဘူး။ ကားက အဝါရောင် . . တိုယိုတာအမျိုးအစား။ ကားနောက်ခန်းမှာ ချစ်လွင်ကို မိုးကာနဲ့ ဖုံးထားတယ်။ ကျည်ထုတ်ထားတဲ့ သေနတ် သူ့ဆီမှာပဲရှိတယ်'

'ဒါလောက်ဆို ရပါပြီ။ ကျန်တာ ကျွန်တော်ဆက်လုပ်ထားပါ့မယ်။ စိတ်ချလက်ချသာ သွားပေတော့ . . အားလုံး အဆင်ပြေပါစေဗျာ'

'ကျေးဇူးပါပဲ . .'

စံရန်နိုင် ဖုန်းကို ပြန်ချလိုက်သည်။

စကြိန်ပါတ်သုံးသို့ ခပ်သွက်သွက်လျှောက်လာသည်။

လေယာဉ်ထွက်ဖို့ အချိန်နီးကပ်နေပြီဖြစ်သည်။

× × × × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဗန္ဓုရမြို့လေဆိပ် . . .။

ဗန္ဓုရမြို့သည် သာယာလှပသော မြို့တစ်မြို့ဖြစ်သည်။ မြူနှင်းတိမ်ခိုးများက တောင်တန်းပြာပြာတို့ကို ရစ်သိုင်းအုံ့ဆိုင်း၍နေသည်။

လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ ဂျက်လေယာဉ်၏ဘီးများထိတွေ့လိုက်၏။ မကြာခင်မှာပင် လေယာဉ်ရပ်သွားသည်။ စဝ်ရန်နိုင်သည် လေယာဉ်လှေကားမှ ဆင်းလာသည်။ ခရီးဆောင်သေတ္တာကိုစောင့်၍ယူပြီး အပြင်ဘက်သို့ထွက်လာသည်။

တက္ကစီတစ်စီးကို ငှား၍ ဂန္ဓမာဟိုတယ်သို့ မောင်းနှင်းသည်။

ဟိုတယ်သို့ရောက်လျှင် အခန်းငှားပြီး ဟိုတယ်စာရေးဖြစ်သူအား . .





'ဦးစိုးထွဏ်းရဲ့ အခန်းကို မင်းသိသလား။ သူ့အတွက် ပစ္စည်းတစ်ခုပေးနိုင်းလိုက်လို့ပါ'

'ဦးစိုးထွဏ်းလား၊ ခဏလောက်စောင့်ပါဦး'

ဟိုတယ်စာရေးဖြစ်သူက စာရင်းစာအုပ်ကို လှန်၍ကြည့်သည်။

'သြော် . . ဒီမှာ ဦးစိုးထွဏ်းရဲ့နာမည် တွေ့ပါပြီ။ အာ . . ဦးစိုးထွဏ်းက သူ့နာမည်နဲ့ အခန်းသာ ငှားထားတာ လူက အခုအချိန်မှာ မရှိဘူး ဆရာ'

'မရှိဘူး ဟုတ်လား။ သူ့မိန်းမကတော့ ဒီမှာပဲရှိတယ်လို့ ပြောလိုက်တာပဲ'

'သူ ဒီမှာ နေတာတော့ အမှန်ပါပဲ။ ဒါပေမယ့် သူ မြို့ပြင်ဘက်ရောက်နေတာလည်း ဖြစ်နိုင်တယ်'

'မြို့ပြင်ဆိုတာက၊ ဘယ်နေရာလဲ'

'မာလာမြို့မှာ ရောက်နေတာ ဖြစ်မယ်။ သူနေတဲ့အိမ်က သရဖီအိမ်ရာတန်းလို့ ခေါ်ပါတယ်'

'မာလာမြို့က ဝေးသလား'

'မိုင်လေးရာလောက်တော့ ရှိမယ်။ အရှေ့မြောက်ဘက်မှာ ရှိတယ် ဆရာ။ အဲဒီမြို့မှာ သတ္တုလုပ်ငန်းတွေရှိတယ်။ ဘော်၊ ကြေးနီ၊ သံဖြူ ထွက်တယ် ဆရာ'

'အဲဒီနေရာကို ဘယ်လို သွားရသလဲ'

'အမြန်ကားနဲ့ သွားလို့ရပါတယ်။ လေယာဉ်နဲ့လည်းရပါ

www.burmeseclassic.com



တယ်။ လေယာဉ်လက်မှတ်လိုချင်ရင် ကျွန်တော်တို့ ဟိုတယ်ကပဲ စီစဉ်ပေးပါတယ်။ ဆရာ ဒီက မနက်စောစောသွားရင် နေ့လည် ရောက်သွားမှာပါ'

'မာလာမြို့အထိ သွားမှဖြစ်မယ်။ ဒါဆို မနက်ဖြန် မနက် စောစော လေယာဉ်လက်မှတ် စီစဉ်ပေးထား . .'

'ကောင်းပါပြီ ဆရာ . .'

× × × × ×

မာလာမြို့သို့သွားသော လေယာဉ်မှာ အင်ဂျင်နှစ်လုံးတပ် ဖြစ်သည်။

မာလာမြို့လေဆိပ် လေယာဉ်ပြေးလမ်းမပေါ်သို့ လေယာဉ် ဆင်းသက်လာသည်။ တက္ကစီတစ်စင်း ငှားသည်။ ကြိုတင်ငှားထား သော ပယင်းဝါဟိုတယ်သို့ ပို့နိုင်းသည်။ လမ်းဘေး၌ ခပ်မြင့်မြင့် တောင်ကုန်းများ ရေကန်ငယ်များကိုတွေ့ရသည်။

ပယင်းဝါဟိုတယ်သို့ စစ်ရန်နိုင်ရောက်သည့်အခါ၊ သူ့အတွက် အခန်းနံပါတ်မှာ (၁၉)ဖြစ်သည်။ ရေချိုးအဝတ်အစားလဲ ပြီး အောက်ထပ်သို့ ဆင်းလာသည်။

နေ့လည်စာစားရင်းမှ စားပွဲထိုးလူရွယ်တစ်ဦးအားခေါ်၍ မေးကြည့်လိုက်သည်။

'သရဖီအိမ်ရာတန်းဆိုတာ ဘယ်အနားမှာ ရှိသလဲ'





'အဲဒီနားမှာမည်နဲ့ အိမ်က တစ်လုံးတည်းမဟုတ်ဘူး။ အိမ် လေးငါးလုံးက ငှားထားလေ့ရှိတယ်။ တစ်ချို့က တစ်လ၊ တစ်ချို့က ရက်ပိုင်းလောက်ပဲနေတယ်။ ဆရာ အဲဒီနေရာကိုသွားချင်ရင် ဒီလမ်းမ ကြီးအတိုင်း အောက်ဘက်ကိုဆင်းပြီး လျှောက်သွားပါ။ တစ်မိုင် လောက်တော့ သွားရလိမ့်မယ်။ ကန့်လန့်ဖြတ်လမ်းမကြီးတစ်ခုမှာ အိမ်တွေကိုတွေ့လိမ့်မယ်။ အဲဒါ သရဖီအိမ်ရာတန်းပဲ'

'အေး . . ကျေးဇူးပါပဲကွာ'

နေ့လည်စာစားပြီးချိန်၌ ဟိုတယ်မှ ထွက်၍လမ်းလျှောက် လာသည်။

နာရီဝက်ခန့်ကြာလျှင် သရဖီအိမ်ရာတန်းသို့ရောက်လာ သည်။ သူရှာဖွေနေသော အိမ်မှာ လမ်းမကြီးမှ ငါးအိမ်ကျော်တွင် ရှိသော အိမ်ဖြစ်သည်။ အိမ်ဝင်းတံခါးမှာ သံတံခါးဖြစ်ပြီး အတွင်းမှ သော့ခတ်ထားသည်။

အတွင်းရှိ မြက်ခင်းပြင်ပေါ်၌ အော်တိုမတ်တစ် ရေပန်းတစ်ခု ရှိနေသည်။ ရေများက မြက်ခင်းပြင်ပေါ်သို့ အလိုအလျောက် ပက်ဖြန်း ၍နေသည်။

ခြံဝင်းမှာ အုတ်ထရံဖြင့်ကာရံထားသည်။ အဝင်ဝအုတ်တိုင် ပေါ်၌ ကျောက်ပြားပေါ်တွင် အိမ်အမည်ကို ရေးထားသည်။ ကျောက်ပြားအောက်ဘက်၌ လူခေါ် ခေါင်းလောင်းတစ်ဆင်ထားသည့် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

တံခါးပေါက်၌ အမျိုးသမီးတစ်ဦး ပေါ်လာသည်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



လေးဆယ်ကျော်အရွယ် လူလတ်ပိုင်းဖြစ်သည်။

'ကျွန်တော် စစ်ရန်နိုင်ပါ။ ဦးစိုးထွဏ်းအတွက် ပစ္စည်းတစ်ခု ပေးဖို့လာခဲ့တာပါ'

အတွင်းမှ တံခါးဖွင့်သံကြားရသည်။

'ကျွန်မနောက် လိုက်ခဲ့ပါ'

ကျောက်ခင်းလမ်းတစ်ခုအတိုင်း အိမ်ရှေ့ဘက်ဆီသို့ သူမက ခေါ်သွားသည်။

ထို့နောက် အသားနီစပ်စပ်နှင့် အင်္ကျီအပြာရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ဦးကိုခေါ်လာသည်။

လူရွယ်က စစ်ရန်နိုင်ကို တစ်ချက်မျှ အကဲခတ်လိုက်ပြီး

'အစ်ကို့နာမည်လေး သိပါရစေ'

'ငါ့နာမည်က ဒေါက်တာစစ်ရန်နိုင်ပါ။ ဦးစိုးထွဏ်းအတွက် ထွရာကျွန်းမှာနေတဲ့ သူ့မိန်းမ ဒေါ်ကြူကြူဆွေက ပေးလိုက်တဲ့ စာအုပ်တစ်အုပ်လာပို့တာပါ'

လူရွယ်က စစ်ရန်နိုင်၏ လက်ထဲ၌ ကိုင်ထားသော စာအုပ်ကို တစ်ချက်လှမ်းကြည့်သည်။

'ဪ . . စာအုပ်လာပို့တာလား။ ဦးစိုးထွဏ်း အပြင်ထွက်သွားပါတယ်။ သူနဲ့တွေ့ရအောင် ခဏလောက် စောင့်လိုက်ပါလား'

'သူ့ကိုစောင့်နေဖို့ ငါ့မှာ အချိန်သိပ်မရှိဘူး။ ဒီတော့ သူလာသော ဒီစာအုပ်ကို ပေးလိုက်ပါ'

လူရွယ်က . .





'ဦးစိုးထွဏ်းလာရင် ကျွန်တော် စာအုပ်ပေးလိုက်ပါ့မယ်။ ခင်ဗျားနေတဲ့ နေရာကိုပြောခဲ့ပါ။ လိုအပ်ရင် လှမ်းပြီးဆက်သွယ်ရအောင်လေ'

'ပယင်းဝါဟိုတယ် အခန်းအမှတ် (၁၉) . .။'

စစ်ရန်နိုင်က စက္ကူအိတ်ဖြင့် ထည့်ထားသော စာအုပ်ကို လူရွယ်အားပေးလိုက်သည်။

စစ်ရန်နိုင်က နှုတ်ဆက်ပြီး ကျောက်ခင်းလမ်းအတိုင်း ထွက်လာသည်။ သရဖီအိမ်ရာဝန်းမှထွက်လာခဲ့ပြီး လမ်းဆုံတစ်ခုသို့ ရောက်လာသည်။ ဟိုတယ်သို့ပင် ပြန်မည်ဟု စိတ်ကူးလိုက်သည်။

သူ့နောက်မှ လူငယ်တစ်ဦး ပြေး၍လိုက်လာသည်။

စစ်ရန်နိုင်က ခပ်ရွံ့ရွံ့မျက်နှာဖြင့် . .

'ခဏလောက် . . ခွင့်ပြုပါ ဆရာ'

'မင်းက ဘယ်သူလဲ။ ဘာကိစ္စရှိလို့လဲ'

လူငယ်က . . .

'ဆရာက ဧည့်သည်နဲ့တူတယ်'

'ဟုတ်တယ်။ ဘာဖြစ်လို့လဲ'

'ကျွန်တော့်နာမည် တင်ဝင်းမောင်ပါ။ ဆရာ . . ဒီမြို့ကို ရောက်လာတုန်း လိုတာ ကျွန်တော် ကူညီနိုင်ပါတယ်။ ဒီမြို့ပေါ်မှာ ပျော်စရာတွေ၊ စိတ်ဝင်စားစရာတွေ အများကြီးရှိပါတယ်။ ဆရာလိုတဲ့ နေရာ ကျွန်တော် လိုက်ပြနိုင်ပါတယ်။ စားသောက်ဆိုင်တွေလည်း ပေါပါတယ်။ ဆရာလိုတာ အားလုံး ကျွန်တော် နေရာအနှံ့လိုက်ပြ

www.burmeseclassic.com



ပေးပါ့မယ်'

စဝ်ရန်နိုင် လမ်းတစ်ဘက်သို့ ဖြတ်ကူးသည်။

လူငယ်က စဝ်ရန်နိုင်၏ဘေးမှ လိုက်ပါလာသည်။

'ကျွန်တော်ဟာ ဒီမြို့မှာ မွေးခဲ့တဲ့သူပါ ဆရာ။ ဘယ်လိုပဲ ဖြစ်ဖြစ် ဆရာ့ကို ကျွန်တော် ကူညီနိုင်ပါတယ်'

စဝ်ရန်နိုင်မှာ ဤမြို့ကို ကျွမ်းကျင်သူ မဟုတ်ပေ။ သူ မည်သို့ ဆက်သွားရမည်ကို မဆုံးဖြတ်နိုင်အောင် ရှိနေပေသည်။

သို့နှင့်ပင် လူငယ်ဘက်သို့လှည့်၍ . .

'မင်း ကူညီချင်တယ်ဆိုရင် ငါ့မှာကော့ဒ်အမျိုးအစား ကားဟောင်းတစ်စီးရှိတယ်။ ငါ့ကားမှာ အပိုပစ္စည်းလိုနေတယ်။ ဒီမြို့မှာ အဲဒီလိုအမျိုးအစားကား ရှိနိုင်တယ်။ ကားပျက်ဝင်းထဲမှာပဲ ဖြစ်ဖြစ်ပေါ့'

လူငယ်က ခေါင်းညိတ်လိုက်ပြီး . .

'ရှိတယ် ဆရာ။ ဒီကနေ တစ်ရပ်ကွက်ကျော်လောက်ပဲ ကျော်သွားရင် တွေ့မှာပါ'

'ဒါဆို . . ရှေ့ကနေ မင်းလမ်းပြလေ'

'ကျွန်တော့်နောက်ကသာ လိုက်ခဲ့ပါဆရာ'

တင်ဝင်းမောင်က ရှေ့သို့ဆက်လျှောက်သွားပြီး လမ်းချိုးတစ်ခုကို ကွေ့ဝင်သည်။ လမ်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်သည်။ ထိုလမ်းကျဉ်းအတိုင်း ဆက်လျှောက်ကြသည်။

အတန်မျှ ဆက်၍သွားမိလျှင် တင်ဝင်းမောင်က ဘယ်ဘက်





သို့ ကွေ့လိုက်သည်။ သစ်သားတံခါးကြီးတစ်ခုဖြင့် ပိတ်ကာထားသော ခြံဝင်းကျယ်ကြီးတစ်ခုကို တွေ့ရသည်။ ထိုခြံဝင်း ကျယ်ကြီး၏ တစ်ဘက်၌ နောက်ထပ် ခြံဝင်းကျယ်ကြီးတစ်ခုရှိသည်။ ထိုခြံဝင်း ကျယ်ကြီးအတွင်း၌ ကားဟောင်းမျိုးစုံစုဆောင်းထားသည်ကို တွေ့ လိုက်ရသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးငါးဆယ်ကျော်က ကား များနှင့် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်က ကားများ စုံလင်စွာ ပါသည်။ သူပြောလိုက်သည့် ကော့ဒ်အမျိုးအစား ကားပျက်တစ်စီးကို လည်း မြင်လိုက်ရသည်။

တင်ဝင်းမောင်က . . .

'စောနေဦး ဆရာ။ ဒီက ခြံပိုင်ရှင်နဲ့ တွေ့ရဦးမယ်။ ပိုင်ရှင်က ကျွန်တော်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ။ သူ့နာမည်က ကိုထွန်းမြတ်လို့ ခေါ်ပါတယ်'

'ဒါဆို . . အဲဒီလူကို မင်းသွားတွေ့ပြီး အကျိုးအကြောင်း ပြောလေ။ ငါ ဒီကနေပဲ စောင့်မယ်'

'ပိုင်ရှင်ကို ဆရာကိုယ်တိုင်ပဲ တွေ့ပါ'

'ကောင်းပြီလေ . .'

တင်ဝင်းမောင်က ကားပျက်များထားသည့် ခြံဝင်းကြီး၏ တစ်ဘက်ရှိ ခြံဝင်းအတွင်းသို့ခေါ်သွားသည်။ ထိုခြံအတွင်း၌ အိမ် တစ်လုံးရှိသည်။ ထိုအိမ်၏အပြင်အဆင်မှာ သူရောက်ဖူးထားသော အိမ်တစ်အိမ်၏ အပြင်အဆင်နှင့်တူနေသဖြင့် အံ့ဩသလိုဖြစ်မိသည် ဆိုခြင်းပင် သတိရလိုက်သည်။ သူ စောစောကရောက်ခဲ့သည့်သရဖ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရာတန်း၏ နောက်ဘက်သို့ သူရောက်လာခြင်းဖြစ်ကြောင်း သိလိုက်သည်။ ကားဟောင်းများ ပိုင်သူ၏ အိမ်ပင်ဖြစ်လိမ့်မည်။

ခြံဝ၌ အစောင့်တစ်ဦးရှိသည်။

တင်ဝင်းမောင်က အစောင့်နှင့်စကားတစ်ခွန်း၊ နှစ်ခွန်းပြောသည်၊ အစောင့်ဖြစ်သူက အတွင်းဘက်သို့ လက်ညှိုးထိုးပြသည်။ တင်ဝင်းမောင်က ရှေ့ဆက်၍လျှောက်သွားပြီး လူခေါ်ခေါင်းလောင်းကိုတီးလိုက်သည်။

တံခါးတစ်ခု ပွင့်လာသည်။ သူတို့နှစ်ဦး အတွင်းသို့ဝင်သောအခါ၌ လူနှစ်ဦးကိုတွေ့ရသည်။ အရပ်ခပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်တောင့်တင်းသူများဖြစ်သည်။ တင်ဝင်းမောင်ကို ကြည့်လိုက်သောအခါ၌ တုန်လှုပ်ချောက်ချားနေကြောင်း သတိပြုလိုက်မိသည်။

ထိုလူနှစ်ဦးက စဝ်ရန်နိုင်ကို စိုက်၍ကြည့်နေကြသည်။ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ဟု ထင်မိသည်။ တင်ဝင်းမောင်က မိတ်ဆက်ပေးခြင်းမပြုပေ။

ပထမလူက စားပွဲတစ်လုံး၏နောက်၌ ထိုင်ခုံဖြင့် ထိုင်နေသည်။ ကျန်လူက စားပွဲဘေး၌ လက်ပိုက်၍ရပ်နေသည်။

စဝ်ရန်နိုင်က . . .

'ခင်ဗျားက . . ထွန်းမြတ်လား။ ကျုပ်က ဒေါက်တာစဝ်ရန်နိုင်ပါ'

စားပွဲနောက်ဘက်၌ ထိုင်နေသူက ခေါင်းညိတ်လျက် . .





'ကျုပ် သိပြီးပါပြီ'

စဝ်ရန်နိုင်က အံ့ဩဟန်ဖြင့် . .

'ခင်ဗျားက ဘယ်လို သိထားသလဲ'

'စောစောက ခင်ဗျားရောက်လာတုန်းက ပြောခဲ့တယ် မဟုတ်လား'

'ခင်ဗျား ... ဦးစိုးထွဏ်းကို သိသလား'

ထွန်းမြတ်က ခေါင်းခါယမ်းလိုက်သည်။

'အဲဒီကိစ္စထက် အရေးကြီးတာပြောမလို့ . . ခင်ဗျားနားထောင်ပါ။ ခင်ဗျား စောစောကတင် ဦးစိုးထွဏ်းအတွက် စာအုပ်တစ်အုပ်လာပေးတယ်။ အဲဒီစာအုပ်နဲ့ပတ်သက်ပြီး ကျုပ်က စိတ်ဝင်စားနေမိတယ်။ တိတိကျကျပြောရရင်တော့ ဒေါ်ကြူကြူဆွေနဲ့ပတ်သက်တာမှန်သမျှ ကျုပ် သိပ်ဝင်စားတယ်။ ဒါကြောင့် တင်ဝင်းမောင်နဲ့ အခေါ်လွှတ်လိုက်ရတာပဲ'

စဝ်ရန်နိုင်က မျက်မှောင်ကြုတ်လိုက်ပြီး . .

'နေပါဦး။ သူပြောတာကတော့ ကားဟောင်းတွေပိုင်တဲ့ပိုင်ရှင်နဲ့ တွေ့ပေးမယ်ဆိုလို့ ကျုပ်က လိုက်လာခဲ့တာ'

ထိုလူက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

'ခင်ဗျားကို ဒီမြို့ပေါ်မှာရှိတာတွေ သူလိုက်ပြပေးမှာပါ။ ခြံထဲမှာရှိတဲ့ ကားအဟောင်းတွေက စိတ်ဝင်စားစရာ မကောင်းပါဘူး'

'အခု . . ကျုပ်ကို ခေါ်လာရတဲ့ ကိစ္စက'

'ဒီလိုပါ . . ဒေါက်တာ'



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြတ်က စားပွဲအံဆွဲအတွင်းမှ အထုပ်တစ်ထုပ်ယူလိုက်၏။ အညိုရောင်စက္ကူအိတ်ဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်ဖြစ်သည်။ စဝ်ရန်နိုင်က ပေးထားခဲ့သော စာအုပ်အထုပ်ပင်ဖြစ်သည်။

ထွန်းမြတ်က . . .

'ဒီအထုပ်ကို ခင်ဗျားနဲ့ကျုပ် အတူတူဖွင့်ကြည့်ကြရအောင်'

စဝ်ရန်နိုင်က သဘောမကျသော အမူအရာဖြင့် . .

'မင်းတို့လက်ထဲကို ရောက်သွားတဲ့ပစ္စည်း ကြိုက်သလို လုပ်နိုင်တယ်'

ထွန်းမြတ်က စက္ကူအိတ်ထဲမှ စာအုပ်ကိုသေချာစွာ သတိထား၍ထုတ်သည်။ ထို့နောက် စာအုပ်ကို ခါထုတ်လိုက်၏။ စာအုပ်အတွင်းမှ ဘာမျှထွက်မလာပေ။

ထွန်းမြတ်က စာအုပ်ကိုကိုင်လျက် . . .

'ဒီမှာ . . စဝ်ရန်နိုင်။ ဟောဒီစာအုပ်ဟာ ဘယ်လို စာအုပ်မျိုးလဲ'

'စာအုပ်အမျိုးအစားကို ကျုပ် ခွဲခြားပြီး မပြောတတ်ဘူး။ ခေါ်ကြူကြူဆွေက သူ့ယောကျ်ား ဦးစိုးထွဏ်းအတွက် ပေးနိုင်းလိုက်တဲ့ စာအုပ်ပဲ။ စာအုပ်က ရှားပါးတဲ့စာအုပ်ဆိုတော့ တန်ဖိုးကြီးချင်ကြီးနိုင်တယ်'

'ခင်ဗျားပြောသလို ရှားပါးရင် တန်ဖိုးရှိမှာပါ'

စဝ်ရန်နိုင်က . . .

'ကဲ . . ကျုပ်မှာ အချိန်မရှိဘူး။ ဒီနေရာမှာ အချိန်အကုန်ခံမနေနိုင်ဘူး'

'ခဏလောက်တော့ နေပါဦး။ ကျွန်တော်တို့ကိစ္စက မပြီးသေးဘူးလေ။ ဒီစာအုပ်ထဲမှာ နောက်ထပ် ဘာတွေရှိသေးသလဲ . . စဝ်ရန်နိုင်။

'မင်းတို့ကို ကျုပ်ပြောပြီးပြီပဲ။ ဦးစိုးထွဏ်းကို ပေးပါဆိုလို့ ကျုပ် လာပေးတာပဲ . .'

ထွန်းမြတ်က ခေါင်းတညိတ်ညိတ်လုပ်လျက် စာအုပ်အပေါ်မှ သားရေဖုံးကို ခွာထုတ်လိုက်သည်။ အနောင့်ဘက်၌ ချုပ်ထားသော အပ်ချည်မျှင်များကို စိတ်ရှည်လက်ရှည် ဆွဲထုတ်ယူသည်။ အတွင်းမှ သေးငယ်သော လေးထောင့်သဏ္ဌာန်အထုပ်ကလေးတစ်ထုပ် ထွက်လာသည်။ ထိုအထုပ်ငယ်လေးတွင် ဆံချည်မျှင်ထက်သေးမျှင်သည့် ဝါယာကြိုးလေးတစ်ချောင်းဖြင့် ဆက်သွယ်ထားသည်ကို တွေ့လိုက်ရသည်။

'ခင်ဗျား မြင်ပါတယ်နော်။ ခေါ်ကြူကြူဆွေက ဘာဖြစ်လို့ ဒီစာအုပ်ကို ပို့လိုက်တယ်ဆိုတာ၊ အခု မြင်ရပြီပဲ'

'နေပါဦး။ ဒါတွေက ဘာတွေလဲ'

အခြေအနေကို စဝ်ရန်နိုင် အကြမ်းဖျဉ်းနားလည်လိုက်ပေပြီ။ သူ့အနေနှင့် ရေလိုက် ငါးလိုက်နေ၍ မသိချင်ဟန်ဆောင်နေလိုက်ညော်ဟု စဉ်းစားမိသည်။ ဤပြဿနာ၏ နောက်ကွယ်၌ မည်သည့်အရာရှိသည်ကို သိနိုင်ရန်အတွက် သူကိုယ်တိုင် ဤဇာတ်ကွက်ထဲ၌ ဘာမျှ နားမလည်ချင်ဟန်ဆောင်ကြရပေဦးမည်။

ထွန်းမြတ်က စဝ်ရန်နိုင်ကို စူးစိုက်၍ကြည့်လိုက်သည်။

www.burmeseclassic.com



'ခင်ဗျား . . မသိဘဲရှိပါ့မလား'

ထွန်းမြတ်က ကျောက်စီကရက် စီးကရက်ဘူးကိုဖွင့်ပြီး၊ စာအုပ်ထဲမှရသော အထုပ်ကလေးကိုထည့်၍ ပိတ်လိုက်သည်။

'ကျွန်တော်တို့ စကားကောင်းကောင်း ပြောလို့ရပါပြီ။ စောစောက ပစ္စည်းဟာ အသံလွှင့်စက်အသေးစားလေး တစ်ခုပဲ။ အသံဖမ်းနိုင်တယ်၊ ဆက်သွယ်နိုင်တယ်။ ဒီထရန်ဆစ္စတာလေးက လေးမိုင်ပတ်ဝန်းကျင်လောက် အသံလွှင့်၊ အသံဖမ်းလို့ရတယ်။ အခု သတ္တုဗူးထဲထည့်ထားလိုက်တော့ ဘယ်လိုမှ အသံလွှင့်လို့၊ အသံဖမ်းလို့ မရနိုင်တော့ဘူးလေ'

ထွန်းမြတ်က ပခုံးတစ်ချက်တွန့်၍ ဆက်ပြောသည်။

'တကယ်တော့ ကျွန်တော့်အိမ်ထဲက စကားပြောတာတွေ သိနိုင်ဖို့ ဒီပစ္စည်းလေးကို တမင်ထည့်ပေးလိုက်တာပဲ ဒေါက်တာ။ ခင်ဗျားကို သာမန်ဆရာဝန်တစ်ယောက်က အခုလို အပျော်ခရီးထွက်လာတယ်ဆိုတာ အံ့ဩစရာပဲ။ နောက်တစ်ခါ လွှင့်ပစ်ထားတဲ့ မောင်းလို့ မရနိုင်တဲ့ ကားပျက်ကားဟောင်းတွေကို စိတ်ဝင်စားတာဟာလည်း အတော့်ကို ရယ်စရာကောင်းတဲ့ကိစ္စတစ်ခု ဖြစ်နေတယ်'

စဝ်ရန်နိုင်က ခေါင်းခါလိုက်သည်။

'ခင်ဗျား ပြောတာတွေ ကျုပ် တစ်ခုမှ နားမလည်ဘူး။ ခတ္တရာကျွန်းမှာနေတဲ့ ဒေါ်ကြူကြူဆွေနဲ့ တွေ့တယ်။ သူက သူ့ယောက်ျား ဦးစိုးထွဏ်းအတွက် ဒီစာအုပ်ပေးပါဆိုလို့ လာပေးတယ်။ အခုပြောနေတာတွေကတော့ ကျုပ် ဘာမှ နားမလည်ဘူး'





ဒေါ်ကြူကြူဆွေ၏ အိမ်သို့သွားစဉ်၊ ကားပေါ်မှအဆင်း အမျိုးသမီးတစ်ဦးက စက္ကူပန်းတစ်ပွင့်ပေးသွားသည်။ ထိုပန်းပွင့်ကို ဒေါ်ကြူကြူဆွေကတောင်းယူ၍ ဖျော်ရည်စက်အနီး ချထားလိုက်ပုံ။ ယခု ဤစာအုပ်အတွင်း၌လည်း ထရန်ဆစ္စတာအသေးစားလေးတစ်လုံး ရှိနေပုံ။ ဤပစ္စည်းများအားလုံး အသံလွှင့်စက်၊ အသံဖမ်းစက်များချည်းပင်ဖြစ်သည်။ ဤကိစ္စများသည် တိုက်ဆိုင်စွာလာ၍ တိုက်ဆိုင်နေပုံကို စဝ်ရန်နိုင်ပြန်၍ စဉ်းစားကြည့်မိသည်။

ထွန်းမြတ်က စဝ်ရန်နိုင်ကို အကဲခတ်နေသည်။

'ခင်ဗျားနဲ့ပတ်သက်ပြီး ကျွန်တော်တို့ လေ့လာပြီးပြီ။ ခင်ဗျား ဆရာဝန်အစစ်ဖြစ်ချင်ဖြစ်မယ်။ ဟန်ဆောင်ထားတာလည်း ဖြစ်နိုင်တယ်။ ဒါက အဓိကအချက် မဟုတ်ဘူး။ ခင်ဗျားကို ဘယ်သူက လွှတ်လိုက်တာလဲ။ ဒါကိုပဲ အဓိက သိချင်တယ်'

'မင်းတို့ကို ကျုပ် ပြောပြီးပြီပဲ'

ထွန်းမြတ်က မဲ့ပြုံးတစ်ချက် ပြုံးသည်။

'ခင်ဗျား တော်တော်ခေါင်းမာတဲ့ လူစားမျိုးပဲ။ ခေါင်းမမာနိုင်အောင်လုပ်နိုင်တဲ့ နည်းလမ်းတွေ အများကြီး ကျုပ်တို့မှာရှိတယ်။ ကဲ . . ခင်ဗျား အခု ဘယ်သူ့အတွက် အလုပ် လုပ်နေတာလဲ'

စဝ်ရန်နိုင်က အေးတိအေးစက်အမူအရာဖြင့် လက်နှစ်ဘက်ကို ဘေးသို့ချပြီးရပ်နေသည်။ ထွန်းမြတ်၏ဘေးမှလူက စဝ်ရန်နိုင် အနီးသို့ရောက်လာသည်။

ထွန်းမြတ်က စားပွဲခုံတွင် လက်ထောက်လျက် အေသံခပ်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းဖြင့် ပြောလိုက်၏။

'ခင်ဗျားဘက်က ပြောစရာ ဒါအကုန်ပဲလား'

'ဟုတ်တယ်။ ကျုပ်မှာ တစ်ခြားကိစ္စတွေ ရှိသေးတယ်။ ကဲ ... ကျုပ်သွားမယ်'

ထွန်းမြတ်က သူ၏နောက်လှန်ဖီးထားသော ဆံပင်ကို လက်တစ်ဘက်ဖြင့် ဖြည်းညင်းစွာသပ်တင်လိုက်၏။

'ကျွန်တော်တို့အတွက်ကတော့၊ ဒီကိစ္စဟာ အရေးအကြီးဆုံး ကိစ္စတစ်ခုပါပဲ'

စဝ်ရန်နိုင်၏ ဘေးမှလူက လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။ စဝ်ရန်နိုင်၏ လည်ပင်းကိုလက်ဝါးစောင်းဖြင့် ခုတ်လိုက်သည်။ စားပွဲပေါ်သို့ ခေါင်းစိုက်ကျသွားလျှင် ထွန်းမြတ်က စဝ်ရန်နိုင်၏ လည်ဂုတ်ကို ညာလက်ဖြင့် ခုတ်ချလိုက်၏။ စဝ်ရန်နိုင်မှာ စားပွဲပေါ်၌ပင် မှောက်လျက်သား သတိလစ်၍ သွားပေသည်။

ထွန်းမြတ်က ...

'သူ့ရဲ့မျက်နှာကို မှတ်မိတဲ့လူရှိလား'

တင်ဝင်းမောင်က ...

'ဘယ်သူမှ သူ့ကို သတိမထားမိကြဘူး ဆရာ'

'ကောင်းတယ်။ သူ့နောက်က ခြေရာခံပြီး လိုက်လာမှာ စိုးရတယ်။ ဘယ်သူမှ မမှတ်မိလေ ပိုကောင်းလေပဲ'

အခန်းထဲသို့ အသားမည်းမည်း ဂင်တိုတိုနှင့် လူတစ်ဦးဝင်လာသည်။





လူနှစ်ဦးက စဝ်ရန်နိုင်ကို အိမ်ဘေးခြံဝင်းထဲသို့ ဆွဲခေါ်သွားကြသည်။ ခြံထဲရောက်လျှင် ခြေနှင့်လက်များကို ကြိမ်ကြိုးများဖြင့် ချည်နှောင်ထားလိုက်ကြသည်။

ထွန်းမြတ်က စဝ်ရန်နိုင်၏ဘေးတွင် ထိုင်ခုံတစ်လုံးဆွဲယူ၍ ထိုင်သည်။ သူ့ဘေးရှိ စားပွဲဝိုင်းပေါ်တွင် အရက်သောက်ရန် ပစ္စည်းများ အဆင်သင့်ပြင်ဆင်ထားသည်။ အရက်ပုလင်းတစ်လုံး၊ ဖန်ခွက်၊ ရေပုလင်း၊ သံပုရာသီးစိတ်များထည့်ထားသော ပန်းကန်တစ်ချပ်။ မြေပဲလှော်တစ်ပန်းကန် အသားကင်ပန်းကန်တစ်ချပ်။

ဖန်ခွက်ထဲ အရက်ထည့်၍ ထွန်းမြတ် သောက်လိုက်သည်။

အသားမည်းမည်း ဂင်တိုတိုနှင့်လူက လက်ကိုင် ကိုင်းတပ် မှန်ဘီလူးတစ်လက် ယူလာသည်။ မှန်ဘီလူးကိုနေရောင်၌ ထောင်၍ အလင်းရောင်ကို စုစည်းပြီး စဝ်ရန်နိုင်၏ရင်ဘတ်ပေါ်သို့ ထိုးကျစေလိုက်သည်။ စူးရှတောက်ပသည့် အပြာရောင်အလင်းတန်းတစ်ခုက စဝ်ရန်နိုင်၏အင်္ကျီလွတ်နေသော အသားအပေါ်သို့ကျလာသည်။ အပူရှိန်ကြောင့် စဝ်ရန်နိုင် သတိရလာသည်။ အာခေါင်များခြောက်သွေ့၍နေပြီး ပါးစပ်ကို တစ်ချက်လှုပ်လိုက်သည်။

'မင်းတို့ . . . ဘယ်လို လုပ်တာလဲ'

ထွန်းမြတ်က သိမ်မွေ့သောအသံဖြင့် . .

'ခင်ဗျားနဲ့ စကားပြောချင်လို့ပါ စဝ်ရန်နိုင်။ ကျွန်တော်သိချင်တာ တစ်ခုပဲ မေးပါ။ ခင်ဗျားကို ဘယ်သူ လွှတ်လိုက်တာလဲ'

'ကျုပ် ဒီစာအုပ်ကို ခေါကြူကြူခွေဆီကနေ ယူလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးထွဏ်းဆီကို လာပေးတယ်'

ထွန်းမြတ်က ခေါင်းခါလျှက် . .

'ဒေါက်တာ စစ်ရန်နိုင် ကျွန်တော့် မေးတာကိုသာဖြေပါ။ ခင်ဗျား အခုလို ဘယ်သူ့အတွက် လုပ်ပေးတာလဲ။ ဘယ်သူက လွှတ်လိုက်တာလဲ'

'ကျုပ် ပြောပြီးပြီပဲ။ ဒါ့ထက် ကျုပ် ဘာမှ ပိုပြီးမသိဘူး'

'ခင်ဗျား တော်တော် ခေါင်းမာတဲ့လူပဲ'

ထွန်းမြတ်က ဂင်တိုတိုနှင့်လူကို မေးဆတ်ပြလိုက်သည်။

'သူ့ကို မြေအောက်ခန်းထဲမှာ ထည့်ထားလိုက်။ နောက်တော့ သူ စကားပြောကို ပြောလာလိမ့်မယ်။ သူ့ကို ဘယ်သူမှ မမြင်စေနဲ့'

ဂင်တိုတိုလူနှင့် နောက်တစ်ဦးက စစ်ရန်နိုင်ကို ဘယ်ညာတွဲ၍ ခေါ်လာကြသည်။ စစ်ရန်နိုင်အနေနှင့် ထိုလူနှစ်ဦးစလုံးအား ပြန်လှန်ခုခံတိုက်ခိုက်နိုင်စွမ်း ရှိသော်လည်း ထွန်းမြတ်နှင့်ပတ်သက်၍ သိချင်စိတ်ရှိသဖြင့် ပြန်လည်တိုက်ခိုက်ခြင်း မပြုတော့ပဲ ငြိမ်သက်စွာ လိုက်ပါသွားသည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည့်အကြောင်း ပါးစပ်မှ ငြီးတွားရင်း လိုက်ပါလာခဲ့သည်။

ဂင်တိုတိုနှင့်လူက ဒေါသတကြီး အော်လိုက်သည်။

'ဟေ့ကောင် . . မြန်မြန်လျှောက်စမ်း'

မြေအောက်ခန်းသို့ ဆင်းရန် ကွန်ကရစ်လှေကားဆီသို့ ရောက်လာသည်။

'လှေကားအတိုင်း ဆင်း'





လှေကားအတိုင်း တစ်လှမ်းခြင်းဆင်းလာသည်။

ဂင်တိုတိုနှင့်လူက နောက်မှဆောင့်တွန်းလိုက်၏။ စစ်ရန်နိုင် အောက်ဘက်အခန်းထဲသို့ ရောက်သွားသည်။ ထိုလူက စစ်ရန်နိုင်၏ အပေါ်ဝတ်ရုပ်အင်္ကျီနှင့် ဂျာကင်အင်္ကျီကို ပစ်ပေးလိုက်သည်။ ဂင်တိုတိုနှင့်လူက . ...

'ခင်ဗျားကို နောက်မှ ပညာအပြည့်အဝ ပေးပြမယ်။ အခုတော့ ဒါလောက်ပဲ . . မှတ်ထားဦး'

တံခါးကို ဆောင့်ပိတ်၍ ဂင်တိုတိုနှင့်လူ အပေါ်သို့ပြန်တက်သွားသည်။

သူ ရောက်နေသော အခန်းတစ်ခုလုံး မှောင်မည်း၍ အေးစက်နေသည်။ မည်သည့်အရာကိုမျှ မမြင်ရ။ အောက်ဘက်ကို စမ်းကြည့်သည်။ မာကျောသော အင်္ဂတေကြမ်းပြင်၏ အထိအတွေ့ကိုရသည်။ ရုပ်အင်္ကျီနှင့် ဂျာကင်အင်္ကျီကိုဝတ်လိုက်သည်။

'အခန်းထဲမှာ ဘယ်သူရှိသလဲ'

သူ၏အသံသည် အခန်းထဲ၌ ပဲ့တင်ထပ်၍သွားသည်။ မည်သူတစ်ဦးတစ်ယောက်၏ တုန့်ပြန်သံကိုမှ မကြားရ။ သို့သော် သူ၏ စိတ်အာရုံထဲ၌ အသက်ရှူသံတစ်သံ ကြားနေရသည်။ စစ်ရန်နိုင် နံရံကိုမှီ၍ရပ်လိုက်သည်။

အသက်ကို အောင့်ထားလိုက်သည်။

နောက်ထပ် ခြေသံတစ်သံကို နားစွင့်စောင့်ဆိုင်းနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

အသံတစ်သံသည် .....။

× × × × × × ×

## အခန်း (၉)

သူ ဤနေရာသို့ ရောက်လာခဲ့သည်မှာ အနှစ် နှစ်ဆယ်ပင် ကျော်ပေပြီ။ ယခု သူ၏အသက်အရွယ်မှာ ကြီးရင့်ပြီဟု ဆိုရပေမည်။ ခြေထောက် တစ်ဘက်မကောင်းသဖြင့် သွားရာ၊ လာရာ၌ စရိုးမတွင်ချင်ပေ။

နံနက်ပိုင်းဖြစ်၍ သူသည် ရေနွေးဖြင့် ရေချိုးသည်၊ အဝတ်အစားအသစ်တစ်စုံ လဲလှယ်ဝတ်ဆင်သည်။ ကမ်းနားဘက်၌ ဆောက်လုပ်ထားသော အဆောက်အဦးများထဲမှ အစွန်ဆုံး အဆောက်အဦးတစ်ခု၌ သူနေထိုင်သည်။ အဝေးဆီ၌ ညိုမှိုင်းနေသည့် တောင်တန်းကြီးတစ်ခုကို လှမ်း၍မြင်နေရသည်။

ဦးချိန်မင်း အခန်းတွင်းမှထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်း၌ သူ့ကိုနှုတ်ဆက်သူများရှိသည်။ ထိုလူများမှာ သူနှင့် ရွယ်တူများဖြစ်သည်။ သူတို့သည် ဦးချိန်မင်းဟူသည့် အမည်ကိုသာ သိကြသည်။ ဘယ်လာသည်၊ ဘာအလုပ် လုပ်သည်ကိုမသိကြ။

နေပူရှိန်က မြင့်တက်၍လာသည်။

သဲမှုန်များပါသော ဖုန်များက လေထဲ၌ လွင့်ပျံ၍တက်နေသည်။ တဲတစ်လုံး၏ရှေ့၌ သူရပ်လိုက်သည်။ တောင်ကုန်းမြင့်တစ်ခုပေါ်၌ တဲများဆောက်လုပ်ထားသည်။ ဤနေရာဒေသ၌ နေထိုင်ရခြင်းကို ဦးချိန်မင်း မနှစ်မြို့က် မပျော်မွေ့ပေ။

တဲအတွင်းသို့ သူဝင်လာသည်။

ရွာအတွင်းမှ အမျိုးသမီးတစ်ဦးက သူ့အတွက် နံနက်စာလာချပေးသည်။ ကြက်ဥကြော်၊ ပေါင်မုန့်နှစ်ချပ်၊ ကော်ဖီတစ်အိုးဖြစ်သည်။

သူတို့လူစုအင်အားမှာ တဖြည်းဖြည်း လျော့ပါး၍လာနေပေသည်။

ယမန်နေ့ကပင်၊ သူတို့လူစုထဲမှ တစ်ဦးဆုံးပါးသွားသည်။ ဦးချိန်မင်းသည် တံခါးပေါက်ဆီသို့လျှောက်လာပြီး ပင်လယ်ပြင်ကို ငေးမောကြည့်နေသည်။

ထိုအချိန်၌ ပင်လယ်ပြင်တွင် တစ်စုံတစ်ရာကို မြင်လိုက်သည်။

'ဟော . . ပင်လယ်ထဲကို ကြည့်စမ်း။ ဘာလဲ မသိဘူး'

ဦးချိန်မင်းက အော်၍ပြောလိုက်၏။



ပင်လယ်ထဲမှ ရှည်မျောမျောအရာတစ်ခု တဖြည်းဖြည်းပေါ်၍လာ၏။ အရောင်မှာ ခပ်မွဲမွဲဖြစ်သည်။ ရေများဘေးသို့ ဖွာ၍ကျလာပြီး ရေငုတ်သင်္ဘောတစ်စီးပေါ်လာသည်။ ဦးချိန်မင်း၏ လူများ ပင်လယ်ကမ်းခြေဘက်သို့ လှမ်းကြည့်ကြသည်။

ဦးချိန်မင်းက . . .

'ဘသက် . . မင်း အရင်သွား။ ကမ်းခြေက အခြေအနေကို အရင်ဆုံးလေ့လာကြည့်ပါ'

ဘသက် ခေါင်းညိတ်၍ ကမ်းခြေဘက်ဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။ ရေငုပ်သင်္ဘောမှာ ရေပြင်ပေါ်သို့ လုံးဝပေါ်နေပေပြီ။ သင်္ဘောကုန်းပတ်ပေါ်သို့ လူအချို့တက်လာသည်။ ကွန်မန်ဒိုဝတ်စုံဝတ်ဆင်ထားသူတစ်ဦးက မှန်ပြောင်းဖြင့် ကမ်းခြေဘက်သို့ လှမ်းကြည့်နေသည်။

ဦးချိန်မင်းက . . .

'ကဲ . . ငါတို့ ကမ်းခြေကို သွားကြရအောင်'

သူတို့လူစု၊ ကမ်းခြေသို့ဆင်းသည့် လမ်းကလေးအတိုင်း ဆင်းလာကြသည်။ ကျောက်ဆောင်၏ဘေးရှိ ကမ်းခြေသို့ ရောက်လာကြသည်။

သင်္ဘောကုန်းပတ်ပေါ်မှနေ၍ အသံချဲ့စက်အသေးစားဖြင့် လှမ်း၍အော်ပြောသည်။

'ကျုပ်တို့ ဗြိဋ္ဌာအဖွဲ့ကပါ။ ခင်ဗျားတို့အတွက် သတင်းပါလာပါတယ်'

www.burmeseclassic.com



ဦးချိန်မင်းတို့လူစုမှာ သံသယဖြစ်နေကြသည်။

'ရေငုပ်သဘော်နဲ့လူတွေ ဘာဖြစ်လို့ ငါတို့ကိုတွေ့ချင်ရတာလဲ။ ငါတို့ဒီမှာ ရှိနေတယ်ဆိုတာ သူတို့ ဘယ်လိုသိရတာလဲ။ ငါတို့ကို ဖမ်းခေါ်သွားချင်လို့လား'

ရေငုပ်သဘော်မှာ သူတို့လူစုအားလုံးကို ခေါ်သွားနိုင်လောက်သည်အထိ မကြီးမားပေ။ နှစ်ဦး၊ သုံးဦးခန့်သာ ခေါ်သွားရင် ခေါ်သွားပေမည်။ သို့သော် သူတို့လူစုတွင် လက်နက်ပါမည်ကတော့ သေချာသည်။

ဦးချိန်မင်းက လှမ်း၍အော်ပြောသည်။

'ခင်ဗျားတို့ သဘော်က လူသုံးယောက်ပဲ ဒီကိုလာခဲ့ပါ'

ရေငုပ်သဘော်ပေါ်မှ ရော်ဘာလှေတစ်စီးနှင့် လူသုံးဦး ရေထဲသို့ ဆင်းလာကြသည်။ ကျန်လူနှစ်ဦးမှာ အရပ်ဝတ်၊ အရပ်စားများ ဝတ်ဆင်ထားသည်။ ရော်ဘာလှေသဘော်မှ ခွာလိုက်သည်နှင့် ရေငုပ်သဘော်မှာ ရေထဲသို့ ငုပ်၍သွားပေသည်။

စက်တပ်ရော်ဘာလှေမှာ ကမ်းခြေသို့ ရောက်လာသည်။

ရေငုပ်သဘော်မှ အရာရှိဝတ်စုံနှင့်လူက ဦးချိန်မင်းအား မေးသည်။

'ခင်ဗျားက ဒီနေရာမှာ ခေါင်းဆောင်လား . .'

အရာရှိဝတ်စုံနှင့်လူမှာ လူလတ်ပိုင်းအရွယ်ဖြစ်သည်။ မျက်ပေါက်ကျဉ်းပြီး နှာခေါင်းချွန်သည်။

ဦးချိန်မင်းက . . .





'ကျုပ်က . . ဒီနေရာမှာ ခေါင်းဆောင်ပဲ။ မင်းက ဘယ်သူလဲ။ မင်းတို့ ဘာလိုချင်လို့ ဒီနေရာကို ရောက်လာကြတာလဲ'

အရာရှိဝတ်စုံနှင့်လူက ဦးချိန်မင်းတို့ လူစုအားတစ်ချက်မျှ အကဲခတ်လိုက်သည်။

'ကျွန်တော့်မှာ အရေးကြီးတဲ့စကား တစ်ခုပါတယ်။ အဲဒါ ခင်ဗျားနဲ့ ဆွေးနွေးချင်ပါတယ်'

ဦးချိန်မင်းက . . .

'မင်းက ဘယ်သူလဲ။ ကျုပ်တို့ကို ဘယ်လိုနည်းနဲ့ ရှာပြီး ရောက်လာကြတာလဲ'

အရာရှိဝတ်စုံနှင့်လူက၊ တစ်ချက်မျှ ပြုံးလိုက်သည်။

'ခင်ဗျားတို့ကသာ ကျွန်တော့်ကို ဆွေးနွေးဖို့ခေါ်သွားပါ။ အဲဒီနေရာရောက်ရင် ကျွန်တော် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဘယ်ကလာတယ်ဆိုတာ သက်သေအထောက်အထား စာရွက်စာတမ်း ပြမယ်'

'သူတို့နှစ်ယောက်ကကော'

ဦးချိန်မင်းက ကျန်လူနှစ်ဦးကို လက်ညှိုးထိုး၍ မေးလိုက်သည်။ အရာရှိဝတ်စုံနှင့် လူ၏နောက်မှပါလာသော အရပ်ဝတ်နှင့် လူနှစ်ဦးမှာ အေးစက်သော မျက်လုံးများဖြင့် ဦးချိန်မင်းတို့ လူစုကို ကြည့်နေကြသည်။ ဤအကြည့်မျိုးကို ဦးချိန်မင်း သဘောမကျပေ။

'သူတို့နှစ်ယောက်က ကျွန်တော့် မိတ်ဆွေတွေပါ။ အမှုံးက သတိယအဆင့်ရှိတဲ့ လူတွေပါ'



www.burmeseclassic.com

www.burmeseclassic.com



ဘသက်က . . .

'ခင်ဗျားတို့ ရေငုပ်သင်္ဘောက ဘာဖြစ်လို့ ပြန်ငုပ်သွားရတာလဲ'

'ဒီလိုပါ။ ကျွန်တော်တို့အနေနဲ့ လူသိမခံချင်လို့ပါ . .'

'မင်းတို့မှာ လက်နက်ပါလာသလား'

အရာရှိဝတ်စုံနှင့်လူက ခေါင်းခါပြလိုက်သည်။ သူ၏ ယူနီဖောင်းဝတ်စုံကို လှန်၍ပြလိုက်သည်။ အပ်တိုတစ်ချောင်းပင်ပါလာပုံမရချေ။

'မင်းရဲ့ မိတ်ဆွေနှစ်ယောက်ဆီမှာကော'

'သူတို့မှာလည်း ဘာလက်နက်မှ မပါဘူး'

'ကောင်းပြီလေ။ ဒါဆို . . ကျုပ်တို့ ဆွေးနွေးလို့ရပါပြီ။ မင်းတို့ စားသောက်ခန်းကိုလိုက်ခဲ့ပါ'

အုပ်စုနှစ်စုသည် ကမ်းခြေမှ တဲအိမ်များရှိရာဆီသို့ လျှောက်လာကြသည်။

လမ်းတွင် ဦးချိန်မင်းက . . .

'မင်း ဘယ်သူဆိုတာ အခုချိန်ထိ မပြောရသေးဘူးနော်'

အရာရှိဝတ်စုံနှင့်လူက ကမန်းကတန်းဖြေသည်။

'ကျွန်တော့်နာမည်က အောင်မင်းဟန်ပါ'

သူ၏ လူနှစ်ယောက်ဘက်လှည့်၍ ညွှန်ပြလျက် . . .

'ဒီဘက်က ခင်မောင်ရွှေပါ။ သူက ငွေဝင်းပါ'

ဦးချိန်မင်းက . . .





'ကျုပ်က ချိန်မင်းပါ'

အရာရှိဝတ်စုံနှင့်လူက ခေါင်းညိတ်ပြလိုက်သည်။ သူတို့လူစု စားသောက်ခန်းရှိရာ အဆောက်အဦးထဲသို့ရောက်လာကြသည်။ အရာရှိဝတ်စုံနှင့်လူက သူတို့လူစုထဲမှ လူတစ်ချို့၏အကြောင်းအရာများကို တိကျစွာ တစ်ဦးခြင်းပြောပြသည်။ ထို့ပြင် ဦးချိန်မင်းနှင့်ပတ်သက်သော တစ်ချိန်ကအကြောင်းများကိုပါ ခုနှစ်များနှင့်တိကျစွာ ပြောပြသည်။

ဦးချိန်မင်း အံ့သြပဲ မနေနိုင်တော့။

'မင်း . . ဒီအကြောင်းတွေ ဘယ်လိုသိတာလဲ'

အရာရှိဝတ်စုံနှင့် အောင်မင်းဟန်က သူ၏ ချိုင်းကြား၌ ညှပ်ထားသော ဖိုင်တွဲကိုကိုင်၍ပြရင်း . .

'ဒီအထဲမှာ ခင်ဗျားတို့အကြောင်းတွေ ပါတယ်လေ'

စားပွဲခုံရှည်တစ်လုံး၌ ထိုင်ခုံများနှင့် ထိုင်ကြသည်။ စားပွဲခုံရှည်ကြီး၏ထိပ်၌ ရေငုပ်သင်္ဘောမှ လူသုံးဦးထိုင်လိုက်ကြသည်။

အောင်မင်းဟန်က . . .

'ကျွန်တော်ဟာ ပထမဆုံး တည်ထောင်ခဲ့တဲ့ ဗြိတ္တာအဖွဲ့တစ်ကလူပါ။ ဗြိတ္တာအဖွဲ့တစ်နဲ့ နှစ်ဟာ အကြောင်းအမျိုးမျိုးကြောင့် ကွဲကွာခဲ့ရပါတယ်။ အဖွဲ့တစ်ရဲ့ အခြေအနေဟာ ပြည့်စုံကောင်းမွန်ပါတယ်။ အဖွဲ့နှစ်ခုပြန်ဆုံဖို့ကိစ္စအတွက် ကျွန်တော်က တာဝန်ယူထားရတဲ့လူပါ။ ဒီကိစ္စအတွက်နဲ့ ကျွန်တော် ရောက်လာတာပါ'

အောင်မင်းဟန် ခေတ္တနားလိုက်သည်။

www.burmeseclassic.com



'အဖွဲ့တစ်က ကျွန်တော့်ကို ခင်ဗျားတို့ရဲ့ ကိုယ်ရေးမှတ်တမ်းတွေ ပေးလိုက်ပါတယ်။ အဲဒါတွေကနေတစ်ဆင့် ခြေရာခံပြီး ကျွန်တော်တို့ ရိုက်ခဲ့တာပါ။ အဖွဲ့တစ်နဲ့ အဖွဲ့နှစ် ပြန်လည်ပေါင်းဆုံနိုင်ဖို့အတွက် ခင်ဗျားတို့ကို ဒီနေရာအထိ လာခေါ်တာပါပဲ'

ဦးချိန်မင်းက . . .

'အောင်မင်းဟန် . . မင်းက ငါတို့ရဲ့နောက်ကြောင်းတွေကို ကောင်းကောင်းသိထားတဲ့ လူတစ်ယောက်ဖြစ်နေတယ်။ မင်းဟာ အဖွဲ့တစ်မှာ အရေးပါတဲ့လူတစ်ယောက် ဖြစ်ပါလိမ့်မယ်။ မင်းရဲ့လူတွေကကော ဘယ်လိုလူတွေလဲ၊ အခု . . ငါတို့က မင်းရဲ့စကားအတိုင်းပဲ ယုံကြည်နေရတယ်။ ငါတို့မှာ ရန်သူတွေ ရှိနေတယ်။ ဒါကိုလည်း မင်းတို့အသိပဲ။ ဒီတော့ ငါတို့အနေနဲ့ လွယ်လွယ်ကူကူ ဘယ်သူ့ကိုမှ မယုံကြည်နိုင်ဘူး'

'ခွင့်လွှတ်ပါ ဦးချိန်မင်း။ ကျွန်တော် စိတ်လောသွားမိလို့ပါ။ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ပြပါမယ်'

အောင်မင်းဟန်က အသင့်ပါလာသောဖိုင်တွဲထဲမှ စာရွက်စာတမ်းများနှင့် အသိအမှတ်ပြု စိစစ်ရေးကဒ်ပြားပြားများကိုပါ ထုတ်၍ပြသည်။ အဖွဲ့တစ်၏ အမှတ်အသား၊ တံဆိပ်များနှင့် အသိအမှတ်ပြုချက်များကိုတွေ့ရသည်။ ထို့ပြင် အသိအမှတ်ပြုစိစစ်ရေးကဒ်ပြားနှင့်ပါသောဓါတ်ပုံများနှင့် အောင်မင်းဟန်တို့သုံးဦး၏ ရုပ်ပုံကိုတိုက်၍ကြည့်သည်။ အားလုံး တိကျမှန်ကန်နေပေသည်။

ဘသက်က . . .

'ခင်ဗျားတို့ ဘာဖြစ်လို့ ရေငုပ်သင်္ဘောသီးပြီး လာရတာလဲ'

'နောက်ကြောင်း အန္တရာယ်ရှင်းအောင်လို့ပါ။ ခင်ဗျားတို့ဘက်က လိုက်မယ်လို့ သဘောတူညီရင်၊ ကျွန်တော်တို့ အဖွဲ့တစ်ဆီပြန်ပြီး အကြောင်းကြားမယ်။ ခင်ဗျားတို့ ဘာနဲ့ပြန်လာရင် သင့်တော်မယ်ဆိုတာ လေ့လာပြီး ပို့ပေးပါ့မယ်။ ဟိုရောက်ရင် ခင်ဗျားတို့ကို နာမည်ပြောင်းမယ်။ လိုအပ်ရင် ရုပ်ပုံစံအသစ်ပါပြောင်းပေးမယ်။ လိုအပ်တာတွေအားလုံး ထောက်ပံ့ကူညီဖို့ စီစဉ်ထားပြီးသားပါ'

'ဟိုမှာ အခြေအနေ ဘယ်လိုရှိသလဲ'

အောင်မင်းဟန်က သွက်လက်စွာပင် ပြောသည်။

'ကျွန်တော်တို့မှာ လျှို့ဝှက်လုပ်ငန်း အစီအစဉ်တွေရှိပါတယ်။ ငါး ပုဇွန်လုပ်ငန်းနဲ့ပတ်သက်ပြီး အထူးသုတေသနလုပ်နေတာမျိုးတွေရှိတယ်။ ရေအောက်မှာ ငါး၊ပုဇွန်မွေးမြူရေး လုပ်ငန်းတွေအောင်မြင်နေပါပြီ။ ငါး၊ ပုဇွန်တွေ နိုင်ငံခြားကို တင်ပို့လာနိုင်မယ်။ စည်သွပ်ဗူးတွေနဲ့ ထည့်ပြီး နိုင်ငံအနှံ့အပြားကို ကျယ်ကျယ်ပြန့်ပြန့် တင်ပို့လာနိုင်မယ်။ အင်အားကြီးမားတဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ် တည်ထောင်မယ်။ ဒီအချက်တွေအားလုံးကိုလည်း အထူးလျှို့ဝှက်ပြီး လုပ်နေကြပါတယ်။ ပင်လယ်ထဲသွားတဲ့အခါ သင်္ဘောထက် ရေငုပ်သင်္ဘောက ပိုပြီးသင့်တော်တယ်။ ကျွန်တော်တို့ဆီက ရေငုပ်သင်္ဘောလာရင် နောက်က ခြေရာခံမိနိုင်တယ်။ ဒီတော့ ရေငုပ်သင်္ဘောဟောင်းတစ်စီးလောက်ရရင် ပိုကောင်းမယ်'

ဦးချိန်မင်းက မဆိုင်းမတွပင် ပြောသည်။

www.burmeseclassic.com



'ကျူဝ်တို့မှာ ရေငုပ်သင်္ဘောအပေါင်းတွေ ရှိပါတယ် သင်္ဘောမှာ ဘာလက်နက်မှ မရှိဘူး။ ဒီရေငုပ်သင်္ဘောပေါင်းတွေ ပဲ ကျူဝ်တို့ ငါးဖမ်းနေတယ်'

'ရေဒီယိုဆက်သွယ်ရေးစက်တွေ၊ ဘာတွေကောရှိသလား'

'အဲဒါတွေ အပြည့်အစုံရှိပါတယ်။ ရေထဲလည်း ငုပ်လို့ တယ်'

'ဒါဆို ပိုကောင်းတာပေါ့။ ညဘက်မှာ ရေငုပ်ပြီး ခင်ဗျား ဆီကိုလာရင် ပိုအဆင်ပြေမယ်။ ကဲ . . ခင်ဗျားတို့ဘက်ကလည်း အချိန်ယူပြီး သေသေချာချာ စဉ်းစားပါ။ ကျွန်တော်တို့ နောက် ဒီအချိန်မှာပဲ ပြန်လာတော့မယ်'

'ကောင်းပါပြီ . .'

အောင်မင်းဟန်နှင့် သူ၏လူနှစ်ဦး စားသောက်ခန်းထဲ ထွက်သွားကြသည်။ သူတို့သုံးဦးထွက်သွားသည်နှင့် ကျန်လူများ စာရွက်စာတမ်းများကို အလုအယက် ဖတ်ကြသည်။ ဦးချိန်မင်းက ထိုင်ရာမှထလျှက် ပင်လယ်ကမ်းခြေသို့ ထွက်သွားသူ သုံးဦးကို လှမ်း ကြည့်နေသည်။

ရော်ဘာပွဲချိတ်လှေကလေး ပင်လယ်ပြင်သို့ ထွက်လာသည် နှင့် ရေငုပ်သင်္ဘောပေါ်၌လာသည်။ အောင်မင်းဟန်တို့လူ သင်္ဘောပေါ်သို့တက်ပြီးမှ ရေငုပ်သင်္ဘော တဖြည်းဖြည်းငုပ်၍သွား သည်။

ပင်လယ်ပြင်၌ မည်သည့်အရာမှ ကျန်ရစ်မနေခဲ့ပေ။



## အခန်း (၁၀)

ညင်သာသော ခြေသံတစ်သံ။

အသက်ရှူသံ တစ်သံပါထွက်ပေါ်နေသည်။

လမ်းလျှောက်လာသည့် ခြေသံဖြစ်သည်။ အသက်ရှူသံ ရပ်သွားသည်။

စဝ်ရန်နိုင်က ပုံမှန်လေသံဖြင့် . . .

'ဘယ်သူလဲ . .'

အသက်ရှူသံ ရပ်သွားသည်။

ခြေသံ ခပ်သဲ့သဲ့နှင့်အတူ အမျိုးသမီးတစ်ဦး၏အသံ။

'ရှင် . . ရှင်ကကော၊ ဘယ်သူလဲ ဟင်'

'ကျွန်တော့်နာမည် စဝ်ရန်နိုင်ပါ။ ခေါ်တာစဝ်ရန်နိုင်လို့



www.burmeseclassic.com

www.burmeseclassic.com

လည်းခေါ်နိုင်ပါတယ်။ မင်းကကော ဘယ်သူလဲ။ ဒီနေရာကို ဘယ်လို ရောက်လာရတာလဲ'

အမျိုးသမီးက သက်ပြင်းတစ်ချက် လေးတွဲ့စွာချလျက်

'အင်း . . ပြောရရင်တော့ အရှည်ကြီးပါပဲ'

အမျိုးသမီးက သူမထံ၌ပါလာသည့် မီးခြစ်ကို တစ်ချက်ခြစ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသည်။ မီးရောင်၌ သူမကို တဒင်္ဂ မြင်လိုက်ရသည်။ မျက်နှာအနည်းငယ် ဝိုင်းသည်။ နက်မှောင်နူးညံ့သော ဆံပင်များမှာ ကျောလယ်အထိ ဖြာ၍ကျနေသည်။ အစိမ်းနုရောင် အပေါ်အင်္ကျီနှင့် အညိုရင့်ရောင်ဂျင်းဘောင်းဘီရှည်ကို ဝတ်ထားသည်။ အဖြူရောင် ရှူးဖိနပ်ကို စီးထားသည်။

'ဒါနဲ့ . . . မင်းရဲ့ နာမည်ကကော'

'သျှားသက်ညိုပါ'

စဝ်ရန်နိုင် မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ဤနာမည်ကို သူ ကြားဖူးသည်ဟုထင်သည်။ ခဏခြင်းမှာပင် ခတ္တက္ကျွန်း၌ ထိုနာမည်ကို ကြားဖူးခြင်းဖြစ်ကြောင်း အမှတ်ရသည်။ ဒေါက်တာကြူကြူဆွေ၏ သမီးအမည်မှာ သျှားသက်ညိုဖြစ်သည်။ သို့သော် သျှားသက်ညိုသည် မိခင်ဖြစ်သူ ဒေါ်ကြူကြူဆွေနှင့် လုံးဝမတူပါချေ။

'ဒေါ်ကြူကြူဆွေကို သိသလား'

သူမက ခေါင်းညိတ်လိုက်ပြီး လေသံနိမ့်လျက် . .

'သိပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ဒီအကြောင်းတွေ မပြောပါနဲ့'





'. . ဖြစ်မယ့်ပို့လ'

'ဒီအခန်းထဲက နံရံတွေမှာ အသံဖမ်းခွက်တွေမြှုပ်ထားနိုင်တယ်'

'ဪ . .'

ဤလိုနေရာမျိုးတွင် အသံဖမ်းခွက်များ နေရာအနှံ့အပြား၌ လျှို့ဝှက်စွာထားရှိနိုင်ပေသည်။

စဝ်ရန်နိုင်က . . .

'သူတို့က မင်းကို ဖမ်းလာတာလား'

'ဒီစကား ထပ်မပြောပါနဲ့။ ကျွန်မတို့ ဒီက လွတ်အောင် ဘယ်လိုလုပ်မလဲဆိုတာသာ အမြီက စဉ်းစားပါ'

စဝ်ရန်နိုင်က . .

'ဒီအထဲမှာ မိုက္ကရိုဖုန်းတပ်ထားတယ်ဆိုတာ သေချာရဲ့လား'

'အတိအကျတော့ မသိဘူး။ ဒါပေမယ့် တပ်ထားဖို့များတယ်'

'ဒါဆို . . စမ်းပြီး ရှာကြည့်ကြရအောင်'

သူတို့နှစ်ဦးသည် မျက်နှာကြက်နှင့် အခန်းနံရံများ၌ စမ်းသပ်ရှာဖွေကြည့်ကြသည်။ သျှားသက်ညိုက မီးခြစ် ခြစ်၍ပြသည်။

သျှားသက်ညိုက . . .

'ရှင် ဒီလို ရှာလို့ လွယ်လွယ်တွေ့မယ်ထင်သလား။ မိုက္ကရိုဖုန်းက လက်ချုပ်အစ်ခေါင်းအရွယ်လောက်ပဲရှိတာ'

'မိုက္ကရိုဖုန်း ရှိ၊ မရှိကတော့ မသေချာဘူး။ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာကို ရောက်လာတာ ဒေါ်ကြူကြူဆွေရဲ့ ယောက်ျား ဦးစိုးထွဏ်း ဆီလာတာ။ ဒေါ်ကြူကြူဆွေက သူ့ယောကျ်ားအတွက် စာအုပ်တစ်အုပ်ပေးလိုက်တယ်။ အဲဒီစာအုပ်ထဲမှာ ထရန်ဆစ္စတာ အသေးလေး တစ်ခုပါတာကို ထွန်းမြတ်တွေ့သွားတယ်'

သူတို့ရောက်နေသော အခန်း၏အတွင်းဘက်မှာ အေးမြ၍ နေသည်။ သျှားထက်ညိုထံမှ ဓာတ်ငွေ့မီးခြစ်ဖြင့် ခြစ်၍ အခန်းအနေ အထားကို လှေ့လာလိုက်သည်။ အိမ်မှာ ဆောက်ပြီးခါစ ဖြစ်ပုံရသည်။ အင်္ဂတေများ အစိုပြန်၍နေသည်ကို တွေ့ရသည်။ မီးခြစ်ကို မှိတ်လိုက်သည်။

အခန်း၏တစ်နေရာ၌ မီးရောင် ခပ်မှိန်မှိန်ကို မြင်ရသည်။ ထိုနေရာသို့ စမ်း၍လျှောက်သွားသည်။ ဆေးဗူးများထပ်၍ထားသည်ကိုတွေ့ရသည်။ သုံးပြီးခါစပစ္စည်းများ၊ အခြားပစ္စည်းမျိုးစုံထားသည်ကို တွေ့ရသည်။ စတိုခန်းဖြစ်ပုံရသည်။ ဘေးဘက်အပေါက်၌ ရေနွေးဘွိုင်လာအိုးတစ်လုံး တပ်ဆင်ထားသည်။ အိမ်တွင်းအပူငွေ့ပေးရန် တပ်ဆင်ထားခြင်းဖြစ်သည်။

စဝ်ရန်နိုင်က သျှားသက်ညို၏ နူးညံ့နွေးထွေးသော လက်တစ်ဘက်ကို အသာအယာဆွဲယူလိုက်သည်။

'ဒီဘက်ကိုလာ . . သျှားသက်ညို။ ဟိုမှာတပ်ထားတဲ့ ဘွိုင်လာစက်သံက ဆူညံနေတယ်။ ဒီနေရာမှာ သူတို့ မိုက္ကရိုဖုန်း တပ်ထားလို့ မရဘူး။ ဒီအခန်းထဲ မင်းရောက်နေတာ ဘယ်လောက်ကြာသွားပြီလဲ'





သူမက . .

'သုံးရက်ရှိသွားပြီ။ အစားအသောက်ကို အပေါ်ထပ်မှာကျွေးတယ်။ ရေချိုးခွင့်ပါပေးထားတယ်'

'ဘယ်သူက မင်းကို ဖမ်းထားတာလဲ'

သူမ ခေါင်းယမ်းလိုက်သည်။

'ဒီနေရာမှာ ပြောလို့ လုံးဝမဖြစ်ဘူး။ နံရံတွေမှာ မိုက္ကရိုဖုန်းတွေရှိနိုင်တယ်'

စဝ်ရန်နိုင်က စကားလမ်းကြောင်းလွှဲလိုက်၏။

'ဒီနေရာကနေ ထွက်လို့ရရင် ဘယ်ကို ဆက်ပြေးမလဲ'

'ဒီကသာ ထွက်နိုင်အောင် ကြိုးစားပါ။ ထွက်နိုင်ရင် ကျန်တဲ့အပိုင်း ကျွန်မ တာဝန်ထားပါ'

'ဒီနေရာက ထွက်နိုင်ဖို့ ကြံဖန်ကြည့်ကြတာပေါ့'

စဝ်ရန်နိုင်က အင်္ဂတေကြမ်းပြင်ပေါ်၌ ထိုင်ချလိုက်သည်။ ဆေးဘူးခွံများနှင့် ခြေထောက်တိုက်မိ၍ ကျယ်လောင်စွာလွင့်ထွက်သွားသံပေါ်လာသည်။ အမှောင်ထဲ၌ ထိုင်ရင်း မျက်လုံးကျင့်သားရလာသည်။ လက်တစ်ဘက်က ကြမ်းပြင်ပေါ်၌ တစ်စုံတစ်ရာကိုစမ်းမိသည်။

နှစ်ပေသာသာခန့်ရှိသည့် စပါနာခွတစ်ချောင်းဖြစ်နေသည်။ စပါနာကိုကိုင်လျက် ဘွိုင်လာအိုးထားသည့်နေရာကို အတွင်းမှ ကာရံထားသည့် သံတိုင်များအား စပါနာခွဖြင့် ကန့်လန့်ထိုးခံ၍ဆွဲကြည့်သည်။ သံတိုင်များမှာ ခိုင်ခန့်လှပေသည်။ လှုပ်ပင် မလှုပ်ချေ။


www.burmeseclassic.com

www.burmeseclassic.com

အသံမည်နေသော ရေနွေးဘွိုင်လာအိုးမှ မော်တာသံရပ်သွားသည်။ ဤအမျိုးအစား ဘွိုင်လာ၌ အော်တိုမက်တစ်ခုတပ်ပါသည်။ အပူရှိန်မြင့်တက်လာလျှင် မော်တာလည်ပတ်မှုရပ်တန့်သွားမည်။ အပူရှိန်ကျလာလျှင် မော်တာပြန်၍ အလိုအလျောက် လည်လာမည်ဖြစ်သည်။

စဝ်ရန်နိုင်သည် ဒူးထောက်ထိုင်ချလိုက်ပြီး ဘွိုင်လာ၏အနေအထားကို သေချာစွာကြည့်သည်။ ဘွိုင်လာ၌တပ်ဆင်ထားသော ခြောက်မြှောင့်ပုံသဏ္ဌာန် ဝက်အူကို စပါနာခွဖြင့် လှည့်လိုက်၏။ ထိုနေရာ၌ရှိသော ပိုက်သည် ရှစ်ပေခန့်ရှည်လျားသည်။ ဘွိုင်လာမှ ရေနွေးငွေ့ထွက်သည့် ဂျက်ပင်သည် ထိုပိုက်နှင့် ဆက်သွယ်ထားသည်။

သျှားထက်ညိုက သူ၏ဘေး၌ မျက်ခုံးလေးပင့်၍ စိတ်ဝင်စားစွာ ငေးကြည့်နေသည်။ မည်သို့မျှ မေးမြန်းခြင်းမပြုပေ။

မီးပုံတွင် မီးခဲနှင့်ပြာများဖြင့် ရဲရဲတောက်၍နေသည်။ စဝ်ရန်နိုင်က ဘွိုင်လာအိုးရှေ့၌ ဒူးထောက်ထိုင်လိုက်သည်။ သျှားသက်ညိုက သူ့ဘေး၌ ဒူးထောက်လျက် မီးခြစ် ခြစ်ပြသည်။

ဝက်အူကို စပါနာဖြင့် သေချာစွာချိန်ကိုက်၍လှည့်သည်။ ဂျက်ပင်မှာ ချောင်ထွက်လာသည်။ အပေါ်အင်္ကျီထဲမှ လက်ကိုင်ပုဝါကို ထုတ်လျက် ဂျက်ပင်ကို ဖုံး၍ကိုင်ပြီး လှည့်ဖြုတ်လိုက်သည်။ ပိုက်၏ အစွန်းတစ်ဘက်ကို ဂျက်ပင်ဘက်သို့ လှည့်လိုက်၏။ ဂျက်ပင်မှ ရေနံဆီနံ့များ အခန်းတွင်းသို့ ပျံ့ထွက်လာသည်။ ဂျက်ပင်ထိပ်မှာ အပူရှိန်ကြောင့် နီရဲ၍နေသည်။ ဂျက်ပင်ကို သံမဏိဘားတန်းအောက်၌





ထားလိုက်သည်။ ဘားတန်းမှာ အပူရှိန်ကြောင့် နီရဲ၍လာသည်။ စဝ်ရန်နိုင်က စပါနာကိုယူ၍ ဘားတန်းကို အောက်ဘက်သို့ ကွေးချလိုက်သည်။ ဘားတန်းမှာ ကွေးကောက်၍ကျသွားသည်။

ဘွိုင်လာမှ မော်တာရပ်တန့်၍သွားသည်။

ဘွိုင်လာမှ မီးအပူရှိန်ကြောင့် နီရဲ၍နေသည်။ ခဏစောင့်နေစဉ်မှာပင် ဘွိုင်လာမှ မော်တာ ပြန်၍လည်လာသည်။ ဂျက်ပင်သည် ဒုတိယဘားတန်းကို မီးလောင်ကျွမ်းစေသည်။ ဒုတိယဘားတန်းကွေးကျသွားလျှင် ဂျက်ပင်မှထွက်သော ရေနံဆီနံ့များ အခန်းတွင်း၌ လှိုင်၍နေပေသည်။

တတိယအကြိမ်အဖြစ် ဘွိုင်လာမှ မော်တာလည်လာသည်။ တတိယဘားတန်းကို ဂျက်ပင်မှ မီးတောက်ဖြင့် ရှို့၍ဖြတ်သည်။ ဘားတန်းကိုကွေးဖြတ်ပြီးသည်နှင့် သူတို့နှစ်ဦး ထိုနေရာမှထွက်၍ရပေမည်။

မီးတောက်များ တောက်လောင်၍နေသည်။

အပေါ်ထပ်မှ ခြေသံကိုကြားရသည်။ တစ်စုံတစ်ယောက်အောက်ဘက်သို့ တံခါးဖွင့်ရန် ဆင်းလာနေပေပြီ။

စဝ်ရန်နိုင်က သူမဘက်သို့လှည့်၍

'တစ်ယောက်ယောက် အောက်ကိုဆင်းလာလိမ့်မယ်ထင်တယ်။ မင်း တစ်နည်းနည်းနဲ့ ခဏလောက်တားထားကြည့်ပါလား'

သူမက . . .


www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားကြည့်မယ်လေ'

သူတို့အနေနှင့် လွတ်မြောက်ရန် လမ်းကြောင်း ဤတစ်ခုသာရှိသည်။

သျှားထက်ညိုသည် အပြင်ဘက်ခန်းသို့ ပြေးသွားသည်။ အဝင်ဝတံခါး၌ မီးပြီးရပ်သည်။ အပြင်ဘက် တံခါးဝ၌ လူနှစ်ဦး၊ သုံးဦး ရောက်နေကြောင်း အသံကြားရုံနှင့် သိလိုက်သည်။ သူမက အပြင်ဘက်သို့ လှမ်း၍အော်ပြောသည်။

'ခဏလောက် စောင့်ပါဦး ဒီမှာ၊ ကျွန်မ လက်ညှပ်သွားလို့'

အပြင်ဘက်တံခါးဝ၌ ရှိနေသူများ သူမစကားကို ယုံကြည်သွားပုံရသည်။ ခေတ္တမျှငြိမ်သက်သွားသည်။ မကြာခင်မှာပင် အပြင်ဘက်တံခါးပေါက်မှ အသံပေါ်လာသည်။

'တံခါးဝနားကနေ ဘေးဖယ်။ ငါတို့ အထဲကိုဝင်လာမလို့'

တတိယဘားတန်းမှာ နီရဲ၍နေပြီး မီးခိုးတလူလူထွက်နေသည်။ တတိယဘားတန်းမှာ အနီရောင်မှ အဖြူရောင်သို့ပြောင်း၍လာသည်။ စစ်ရန်နိုင်၏ ဘယ်လက်ထဲ၌ ဂျက်ပင်ကို ကိုင်ထားပြီး ညာဘက်လက်ထဲ၌ စပါနာခွကို ကိုင်ထားသည်။ စပါနာခွဖြင့် တတိယမြောက် ဘားတန်းကို ညှစ်၍ကွေးပစ်လိုက်သည်။ ဘားတန်းမှာ ပြုတ်ထွက်လျှက် အောက်ဘက်သို့ကျသွားသည်။

စစ်ရန်နိုင်က . . .

'မြန်မြန်လာ . . သျှားသက်ညို'

သူမ အပြင်ခန်း တံခါးဝမှ ပြေး၍လာသည်။





'ဒူးထောက်ပြီး မြန်မြန်ထွက်'

သျှားသက်ညို ဒူးထောက်လျှက် ဘားတန်းများအောက်မှ ထွက်သည်။ စစ်ရန်နိုင် တစ်ဝက်မျှထွက်မိချိန်တွင် အရှေ့ဘက် ဝင်ပေါက်တံခါးပွင့်လာသည်။ အခန်းထဲသို့ လူသုံးဦးအော်၍ ပြေးဝင်လာသည်။

စစ်ရန်နိုင်၏ ခန္ဓာကိုယ်တစ်ခုလုံး ဘားတန်းများအောက်မှ လွတ်ထွက်၍ အပြင်သို့ ရောက်လာပြီဖြစ်သည်။

စစ်ရန်နိုင်က မြေတိုက်ခန်းဘက်သို့ မျက်နှာမူ၍ကြည့်သည်။ သူ၏လက်ထဲ၌ မီးများပန်းထွက်နေသော ဂျက်ပင်ကို ကိုင်ထားသည်။

သူ့ဘက်သို့ မျက်နှာမူ၍ ပြေးလာနေသော လူသုံးဦး၏ မျက်နှာကို ဂျက်ပင်မှ မီးတောက်ဖြင့် လှမ်း၍ထိုးလိုက်သည်။ ဝင်လာသူ သုံးဦးမှာ တင်ဝင်းမောင်၊ ဂင်တိုတိုလူနှင့် အခြားမျက်နှာစိမ်းတစ်ဦးဖြစ်သည်။

ဂင်တိုတိုနှင့်လူက ခါးကြားမှ သေနတ်ကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။

ဂျက်ပင်ဖြင့် စစ်ရန်နိုင်က လှမ်း၍ပစ်ပေါက်လိုက်သည်။ ဂျက်ပင်မှ မီးတောက်များ ဂင်တိုတိုနှင့်လူ၏ မျက်နှာကိုသွား၍ ဟပ်သည်။ ဂင်တိုတိုနှင့်လူမှာ တစ်ချက်အော်၍ လက်ထဲမှ သေနတ်လွတ်ကျသွားသည်။ မီးတောက်များဖြင့်လောင်နေသော ဂျက်ပင်လည်း ကြမ်းပြင်ပေါ်သို့ ကျသွားသည်။ ကြမ်းပြင်တစ်ခုလုံးမှာ ရေနံဆီများ စိုရွှဲ၍နေသည်။ ထို့ပြင် အခန်းတစ်ခုလုံး ရေနံဆီအငွေ့များပြည့်၍



www.burmeseclassic.com

www.burmeseclassic.com



နေပေရာ ချက်ခြင်းပင် ဟုန်းခနဲ မီးလောင်ကျွမ်းလေတော့သည်။ မီးတောက်မှာ ပေနှစ်ဆယ်ခန့် အမြင့်အထိ အရှိန်ပြင်းစွာ လောင်ကျွမ်း၍ မြင့်တက်သွားသည်။ မီးတောက်မီးလျှံများ လောင်ကျွမ်းစဉ်မှာပင် ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

အခန်းထဲ၌ရှိနေသူ သုံးဦးကိုပါ မီးစွဲလောင်လေသည်။ အခန်းထဲ၌ လူသုံးဦး၏ အော်ဟစ်သံ၊ မီးလောင်ပေါက်ကွဲသံများဖြင့် ဆူညံ၍ သွားပေသည်။

စဝ်ရန်နိုင်က အခြေအနေ ရှုပ်ထွေးနေစဉ်၊ သျှားသက်ညို၏ လက်ကိုဆွဲလျက် အပြင်ဘက်သို့ ပြေးထွက်လာသည်။ သူတို့နှစ်ဦး ကတ္တရာလမ်းမအတိုင်း ပြေးလာကြသည်။ နောက်ဘက်ရှိ ကားပျက်များထားသည့် ခြံထဲမှ မီးလုန့်သံချောင်းခေါက်သံကိုကြားရသည်။

နှစ်ဦးသား ပြေးလာကြရင်း၊ သျှားသက်ညိုက . .

'ရှင် . . အခု ဘယ်သွားမှာလဲ'

စဝ်ရန်နိုင်က . . ..

'ဟိုတယ်ကို သွားမယ်လေ'

'ရှင် ပေါ့ပေါ့ဆဆ မပြောနဲ့။ အဲဒီနေရာကို သူတို့ ချက်ခြင်း လိုက်လာကြမှာပဲ'

'ဟိုတယ်မှာက အခန်းကြိုငှားထားပြီးသားလေ။ အကာအကွယ်တစ်ခုတော့ ရမှာပေါ့'

စဝ်ရန်နိုင်က ခပ်သွက်သွက် လျှောက်သွားသည်။ သျှားသက်ညိုက နောက်မှပြေး၍ လိုက်လာပြီး စဝ်ရန်နိုင်၏





လက်မောင်းကို ဆွဲလိုက်သည်။

'အခုအချိန်မှာ ကျွန်မတို့ ဘာဆက်လုပ်မယ်ဆိုတာကိုသာ အမြန်ဆုံး စဉ်းစားကြရအောင်'

စဝ်ရန်နိုင် သူမကို လှည့်ကြည့်လိုက်သည်။

လမ်းမီးရောင် ခပ်ဖျော့ဖျော့အောက်၌ လှပလွန်းသည့် သူမ၏ မျက်နှာလေးကို မြင်နေရသည်။

သျှားသက်ညိုက . .

'အခုချက်ခြင်း ဟိုတယ်ကို ရှင် ဖုန်းဆက်ကြည့်လေ။ ဟိုမှာ ဘာဖြစ်နေတယ်ဆိုတာ ရှင် ကြားရလိမ့်မယ်။ မယုံလို့ဆိုပြီးတော့ သွားမကြည့်လိုက်နဲ့'

စဝ်ရန်နိုင် ခေါင်းညိတ်လိုက်သည်။

'တယ်လီဖုန်း ဘယ်မှာရှိနိုင်သလဲ'

သူမ ဟိုကြည့်၊ သည်ကြည့် တစ်ချက်ကြည့်သည်။

'ဖုန်းက ကြေးနန်းရုံးထဲမှာပဲ ရှိနိုင်တယ်။ ဟိုဘက်လမ်းထဲမှာ . .'

သူမက ရှေ့မှ ခပ်သွက်သွက်လျှောက်၍သွားသည်။ လမ်းကျဉ်းတစ်ခုအတိုင်း ချိုးကွေ့ဝင်လာသည်။ ထိုလမ်းမှာ ဖြတ်လမ်းဖြစ်ပုံရသည်။ လမ်းထဲ၌ အမှိုက်များ ပြည့်၍နေပြီ အနံ့အသက်များကဲ ဆိုးရွားလှသည်။

ထိုလမ်းထဲမှ ထွက်လိုက်လျှင် ဆေးအစိမ်းရောင် သုတ်ထားသော ကြေးနန်းရုံး အဆောက်အဦးကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းရုံးအတွင်းသို့ရောက်လျှင် မှန်ချပ်တံခါးကို သူမ ခေါက်လိုက်သည်။ သုံးလေးကြိမ်ခန့်ခေါက်မှ စာရေးထွက်လာသည်။ စာရေးဖြစ်သူက သူမကို မျက်လုံးပြူး၍ စူးစူးစိုက်စိုက်ကြည့်သည်။

သျှားသက်ညိုက . . .

'ကျွန်မတို့ ဖုန်းဆက်ချင်လို့ပါ'

'ယောဟိုဘက်မှာပါ . .'

စာရေးက တယ်လီဖုန်းရှိရာသို့ ညွှန်ပြသည်။

တယ်လီဖုန်းအိမ်းကလေးအတွင်းသို့ စစ်ရန်နိုင် ဝင်လိုက်သည်။ တယ်လီဖုန်းကို ကောက်ကိုင်လျှက် ပယင်းဝါးဟိုတယ်သို့ ဖုန်းဆက်လိုက်သည်။

သူ၏ လည်ချောင်းထဲ၌ အက်ကွဲခြောက်သွေ့၍နေသည်။ တယ်လီဖုန်းအိမ်အတွင်းရှိ နံရံပေါ်၌ စက္ကူတစ်ရွက်ကပ်ထားသည်။ တယ်လီဖုန်းနံပါတ်များကို မညီညာသောလက်ရေးများဖြင့် ဖြစ်သလို ရေးထားသည်။ ခေါင်မိုးဘက်၌ မီးလုံးတစ်လုံး ထွန်းထားသည်။ မီးလုံး ပေါ်၌ ပိုးစိမ်းကောင်များ၊ ပိုးနံကောင်များ ဝဲပျံ၍နေကြသည်။

တစ်ဘက်မှ အသံပေါ်လာသည်။

စစ်ရန်နိုင်က . . .

'ခြော် . . ဟုတ်ကဲ့။ ကျွန်တော် . . ဒေါက်တာစစ်ရန်နိုင်နဲ့ တွေ့ချင်လို့ပါ။ ဟုတ်ပါတယ် . . အခန်းအမှတ် တစ်ဆယ့်ကိုးက ပါ'

တစ်ဘက်မှ ဟိုတယ်စာရေးက . . .





'သူ့အခန်းကို ကျွန်တော်တို့ ခေါ်ကြည့်ပြီးပါပြီ။ အခန်းထဲမှာ ဒေါက်တာစစ်ရန်နိုင် မရှိပါဘူး။ စောစောက သူ့ရဲ့ မိတ်ဆွေတစ်ယောက်ကတွေ့ချင်တယ်ဆိုလို့ ခေါ်ပေးပါသေးတယ်။ အခုလည်း သူ့ရဲ့ မိတ်ဆွေသုံးယောက် တွေ့ချင်လို့ ရောက်နေကြပါတယ်။ သူတို့ သုံးယောက် ဧည့်ခန်းထဲမှာ စောင့်နေကြပါတယ်။ ဟုတ်ကဲ့ . . . သူ ပြန်လာရင် ဘယ်သူဆက်တယ်လို့ ပြောလိုက်ရပါမလဲ ခင်ဗျာ'

စစ်ရန်နိုင် ဘာမျှဆက်၍ မပြောတော့ပေ။

သျှားသက်ညို ပြောသည်မှာ မှန်လွန်းလှပေသည်။ သူ့ကို တွေ့လိုသည့် မိတ်ဆွေများက ဟိုတယ်၌ ကြိုရှပင် စောင့်ဆိုင်းနေကြပေပြီ။

ဟိုတယ်စာရေးထံမှ . . .

'ဟဲလို . . အခုပြောနေတာ ဘယ်သူပါလဲ ခင်ဗျာ။ ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲ ခင်ဗျာ။ အခု ဆက်တဲ့လူရဲ့ နာမည်လေး ပြောပြပါ . . ဟဲလို'

စစ်ရန်နိုင် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

တယ်လီဖုန်းအိမ်ကလေးထဲမှ ထွက်လာသည်။

သျှားသက်ညိုက နှုတ်ခမ်းလေးတွန့်၍

'ကျွန်မ ပြောတာ မှန်တယ် မဟုတ်လား'

စစ်ရန်နိုင်က ခေါင်းညိတ်လိုက်ပြီး

'ဟုတ်တယ်။ မင်းပြောတဲ့အတိုင်း ကွက်တိပဲ'

'ဒါဆို၊ ကျွန်မက ရှင့်ထက် အတွေးအခေါ်ပိုကောင်းပါတယ်

www.burmeseclassic.com

www.burmeseclassic.com



နော်'

စဝ်ရန်နိုင် မသိမသာပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

သွားသက်ညိုက စဝ်ရန်နိုင်၏ လက်မောင်းတစ်ဘက်ကို မသိမသာ ဆုပ်ကိုင်လိုက်၏။

စဝ်ရန်နိုင်က . . .

'သွားသက်ညို . . မင်းက ဘယ်လို စဉ်းစားထားလဲ'

'ကျွန်မမှာ ကိုယ်ပိုင်လေယာဉ်တစ်စီးရှိတယ်။ အဲဒီ လေယာဉ်ကွင်းကိုသွားမယ်'

'လေယာဉ်ကွင်းက ဒီကနေ ဘယ်လောက်ထိ ဝေးသလဲ'

'ငါးမိုင်လောက်တော့ ဝေးမယ်'

'ဒါဆို . . လမ်းလျှောက်နေလို့ မဖြစ်ဘူး။ တက္ကစီနဲ့ သွားမှ ဖြစ်မယ်'

သူမက ခေါင်းခါလျှက် . . .

'ဒီအချိန် တက္ကစီ မရနိုင်တော့ဘူး'

လမ်းမကြီးတစ်ခုလုံး ရှင်းလင်း၍နေသည်။ လမ်းမီးတိုင်များက ခပ်ကျဲကျဲရှိနေသည်။

စဝ်ရန်နိုင်က . . .

'ကားတစ်စီးလောက်တော့ ငှားလို့ရမှာပါ'

ထိုအချိန်တွင် ကုန်တင်ကားကြီးတစ်စင်း သူတို့ဘက်သို့ မောင်း၍လာသည်ကို တွေ့ရသည်။ ကားနောက်ပိုင်း၌ ကုန်ပစ္စည်းအပြည့် တင်ထားသည်။ သွားသက်ညိုက လက်ပြ၍ထားသည်။ သူမကို မြင်၍



ကားသမားက အလွယ်တကူ ရပ်တန့်ပေးသည်။ သူမက လှမ်း၍အော်ပြောသည်။ ကားသမားကလည်း အပေါ်မှပြန်၍ပြောသည်။

သွားသက်ညိုက လှမ်း၍ . . .

'ကျွန်မတို့ကို လိုက်ပို့ပေးမယ်တဲ့။ ကားခက (........)တဲ့'

စဝ်ရန်နိုင် ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ဦး ကားနောက်ဘက်မှ တွယ်တက်ကြသည်။

ကုန်တင်ကားကြီး မောင်းထွက်လာသည်။ လမ်းဘေးမှ အဆောက်အဦးများကို ဖြတ်ကျော်လာသည်။ မျက်နှာချင်းဆိုင်မှ ထရက်ကား တစ်စီးမောင်းလာသည်။ လမ်းဘေးတစ်ဘက်တစ်ချက်၌ တဲအိမ်ကလေးများ ချာချာလည်၍ ကျန်ရစ်ခဲ့သည်။

ကားအရှိန် လျော့၍သွားသည်။

ကားမောင်းသူက တစ်စုံတစ်ရာ လှမ်းပြောသည်။

သူမက . . .

'လေယာဉ်ကွင်း ရောက်ပြီ . .'

သူတို့နှစ်ဦးက ကားပေါ်မှ ခုန်ဆင်းလိုက်၏။ စဝ်ရန်နိုင်က သူမလက်ထဲ ငွေစက္ကူများ ထည့်ပေးလိုက်သည်။ ကားခ ရှင်းရန်အတွက်ဖြစ်သည်။ သူမက ကားမောင်းသူကို ငွေစက္ကူများရေတွက်၍ပေးလိုက်သည်။ ကားမောင်းသူက ကျေနပ်စွာပြုံး၍ လက်ပြနှုတ်ဆက်လျှက် ကားမောင်းထွက်သွားသည်။

လမ်း၏တစ်ဘက်၌ အဆောက်အဦးနှစ်ခုရှိသည်။

အဆောက်အဦးထဲ၌ လေယာဉ်အချို့ရပ်ထားသည်။ ရေဒီယို

www.burmeseclassic.com

www.burmeseclassic.com



မှ ဂီတသံသဲ့သဲ့ပေါ်ထွက်နေသည်။ အဆောက်အဦး၏နောက်ဘက်၌ တောင်ကုန်းတစ်ခုရှိသည်။ ကောင်းကင်ယံ၌ ကြယ်ပွင့်များ တောက်ပ စွာလင်းလက်၍နေပေသည်။

အအေးဓာတ်က စိမ့်၍လွှမ်းလာသည်။

သျှားသက်ညိုက စဝ်ရန်နိုင်၏ လက်တစ်ဘက်ကို ဆွဲလိုက်သည်။ အဝေးတစ်နေရာ၌ လေယာဉ်၏နောက်ဘက်မှ မီးနီလေးကို လှမ်းမြင်ရသည်။

စဝ်ရန်နိုင်က . . .

'မင်းရဲ့ လေယာဉ်ကကော ဘယ်မှာလဲ'

'ဟိုဘက်က ဒုတိယဂိုဒေါင်ထဲမှာ ထားတယ်'

'ဒါဆို . . လေယာဉ်ကိုထုတ်လေ။ နေပါဦး . . မင်းက လိုင်စင်ရ ပိုင်းလော့လား'

'ရှိတာပေါ့။ ရှင်ကကော လိုင်စင်ရ ဆရာဝန်မှ ဟုတ်ရဲ့လား'

'မင်းလိုပဲပေါ့'

နှစ်ဦးသား တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။ ဖြစ်ပျက်နေသည့် အခြေအနေကြောင့်ပင်လော။ အခြားအကြောင်းတစ်ခုပင် ကြောင့်လော။ တစ်ဦးနှင့်တစ်ဦး နားလည်မှုပို၍ရှိသွားကြသည်။ အထူးသဖြင့် သျှားသက်ညို၏ ရင်ထဲ၌ ကြည်နူးမိသွားပေသည်။

'အခု . . မင်း ဘယ်ကိုသွားဖို့ ရည်ရွယ်ထားသလဲ'

သူမက . . .

'ဗန္ဓုရမြို့ကိုလေ'





'ဟိုတယ်မှာ ကိုယ့်ရဲ့ပစ္စည်းတွေ ကျန်ခဲ့တယ်'

'ဒါတွေက အရေးမကြီးပါဘူး။ ရှင့်ရဲ့ပစ္စည်းတွေက အချိန်မရွေးအသစ်ဝယ်လို့ရတယ်။ ရှင့်ရဲ့အသက်ကိုတော့ အသစ်ပြန်ဝယ်လို့မှာမဟုတ်ဘူး'

စဝ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လျက် . . .

'အခြေအနေက အတော့်ကို ဆိုးနေတာလား'

'ရှင်ထင်တာထက်တောင် ပိုပြီးဆိုးသေးတယ်'

စဝ်ရန်နိုင်က . . .

'ကိုယ်တို့ကို ဖမ်းထားတဲ့ လူတွေက ဘယ်သူတွေလဲ။ သူတို့က ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

သူမ၏ မျက်နှာလေး တည်ငြိမ်၍သွားသည်။

'ဒီအကြောင်းတွေအားလုံး ရှင့်ကို ကျွန်မ ပြောပြပါ့မယ်။ အခု ဒီနေရာမှာ ပြောလို့ မဖြစ်သေးဘူး'

'ကောင်းပြီလေ'

'အခု လောလောဆယ်မှာတော့ ဒီတံခါးဖွင့်ဖို့ ကူညီပါဦး။ အသံမမြည်အောင် ဖြည်းဖြည်းတွန်းတင်လိုက်ပါ။ အသံမမြည်အောင် သတိထားနော်။ ရှင့်ကို ဟိုတယ်မှာမတွေ့ဘူး။ ကျွန်မလည်း ပျောက်သွားတယ်ဆိုရင်တော့ သူတို့ ဒီနေရာကို လိုက်လာကြဦးမှာပဲ။ ဒီအချိန်မှာက ကားတို့၊ မီးရထားတို့ မထွက်သေးဘူး။ ကဲ . . ရှင် ဘာတွေ ထပ်မေးချင်သေးသလဲ'

စဝ်ရန်နိုင် ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှေ့တွင် မေးစရာကိစ္စများ အများအပြားကျန်ရှိနေ ပေသေးသည်။

× × × × × × ×



## အခန်း (၁၁)

ဂိုဒေါင်တံခါးမှာ အပေါ်သို့အလိုအလျောက်တက်သည့် ဟိုက်ဒရောလစ်တံခါး ဖြစ်သည်။ တံခါးကို အပေါ်ဘက်သို့ အနည်းငယ်မျှ အားစိုက်တွန်းလိုက်သည်နှင့် ပေသုံးဆယ်ကျော်အမြင့်သို့ တက်သွားသည်။

ဂိုဒေါင်၏ဘယ်ဘက်၌ သူမ၏ လေယာဉ်ကိုတွေ့ရသည်။ အဖြူနှင့်အစိမ်းရောင် နှစ်ရောင်သုတ်ထားသည့် စက်စ်နာအမျိုးအစား လေယာဉ်ကလေးဖြစ်သည်။

လေယာဉ်ကို လေယာဉ်ပြေးလမ်းပေါ်သို့ နှစ်ဦးသားတွန်းထုတ်ကြသည်။

လေယာဉ်ပေါ်သို့ နှစ်ဦးသားတက်သည်။ စံရန်နိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်တွင် ထိုင်သည်။ ထို့နောက် ခါးပတ် ပတ်လိုက်၏။ သျှားသက်ညိုက ညာဘက်ထိုင်ခုံ၌ထိုင်၍ ခါးပတ် ပတ်လိုက်သည်။ ဒက်ရှ်ဘုတ်ပေါ်၌ ဒိုင်ခွက်များ အစီအရီ ရှိနေကြသည်။

သျှားသက်ညိုက သော့ပေါက်၌ သော့တပ်လိုက်ပြီး စတပ်တာခလုတ်ကို နှိပ်လိုက်သည်။ ရှေ့မှပန်ကာမှာ တစ်ချက်၊နှစ်ချက် လည်သည်။ ပြီးတော့မှ အရှိန်ပြင်းစွာလည်သည်။

အင်ဂျင်မှ ကျယ်လောင်စွာ အသံမြည်သည်။ အပြာရောင် မီးခိုးများ နောက်ဘက်မှထွက်သည်။ သျှားသက်ညိုက ဘရိတ်ကို နင်းထားသည်။ အင်ဂျင်စက်အရှိန်ကို သူမက မြှင့်တင်လိုက်၏။

စက်စ်နာလေယာဉ်ကလေးမှာ ပြေးလမ်းကြောင်းပေါ်၌ တရိပ်ရိပ်နှင့် ပြေးနေသည်။ လေယာဉ်၏ဆောတစ်ချက်တစ်ချက်မှာ မည်းမှောင်၍နေသည်။ သျှားသက်ညိုက လေယာဉ်အင်ဂျင်စက်အရှိန်ကို မြှင့်တင်လိုက်၏။ လေယာဉ်ကလေးမှာ တုန်ခါ၍သွားသည်။

ထို့နောက် ပြေးလမ်းကြောင်းပေါ်မှ လေထဲသို့ ပျံတက်သွားသည်။ လေယာဉ်ကလေးကို အရှေ့ဘက်သို့ ဦးတည်လိုက်ပြီး ဗန္ဒရမြို့သို့ ဦးတည်ပျံသန်းသွားလေသည်။

အောက်ဘက်ရှိ လမ်းမပေါ်၌ ကုန်တင်ထရပ်ကားကြီးများ ရှေ့မီးဖွင့်၍ မောင်းနှင်နေသည်ကို မြင်ရသည်။ ကားများမှာ ပလစ်စတစ်အရုပ်ကလေးများ အရွယ်မျှသာ ရှိနေပေသည်။

လေယာဉ်ထဲ၌ အေးစိမ့်၍နေသည်။

သျှားသက်ညိုက ဒိုင်ခွက်များကို စူးစိုက်၍ကြည့်နေသည်။





စစ်ရန်နိုင်က ဓာတ်ဆီဒိုင်ခွက်ကိုကြည့်လိုက်ပြီး . . .

'ဘာဖြစ်လို့လဲ . . သျှားသက်ညို'

'ဓာတ်ဆီအခြေအနေကြည့်တာ။ ဆီက တစ်တိုင်ကီပဲပါလာတယ်။ ကျန်တဲ့ တိုင်ကီထဲမှာ ဓာတ်ဆီမရှိတော့ဘူး'

'ဒါဆို . . ဆက်သွားလို့ ဖြစ်ပါ့မလား'

သူမက ခေါင်းခါလိုက်ပြီး

'ဓာတ်ဆီတစ်တိုင်ကီနဲ့ ဘယ်လောက်ပါ့မလဲ၊ ဗန္ဒရမြို့က ဒီကနေ အဝေးကြီးပဲ'

လေယာဉ်ကွင်း၌ ဆီအပြည့်ရှိမရှိ မကြည့်ခဲ့မိသည့်အတွက် စစ်ရန်နိုင်က နောင်တရနေမိသည်။ သျှားသက်ညိုကလည်း ဓာတ်ဆီတိုင်ကီကို စစ်ဆေးမကြည့်မိခဲ့။

'မြေပုံ . . စာရွက်ကော'

သျှားသက်ညိုက မြေပုံကို လှမ်းပေးသည်။ စစ်ရန်နိုင်က မြေပုံကိုယူ၍ကြည့်သည်။ ဒက်ရှ်ဘုတ်မှ အစိမ်းရောင်မီးကလေး၏ အကူအညီဖြင့် ကြည့်ခြင်းဖြစ်သည်။ မြို့များ၏ အကွာအဝေးကို တိုင်းတာကြည့်သည်။

ကျောက်လှော်မြို့နှင့် ဗန္ဒရမြို့အကွာအဝေး . . .။

ကတ္တီပါမြို့က တောင်ဘက်ကမ်းရိုးတန်းတွင်ရှိသည်။ သူတို့နှစ်ဦး ကျောက်လှော်မြို့သို့သွားမည်ဆိုပါက မာလာမြို့ကို ဖြတ်ရပေမည်။ လေယာဉ်ကွင်းသေးကလေးများ၌ ဓာတ်ဆီဝင်ထည့်မည်ဆိုပါက မရေရာလှပေ။ အဆင်မပြေနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါမြို့၌ နိုင်ငံတကာလေယာဉ်ကွင်းရှိသည်။ လေယာဉ်ငယ်လေးကို ထားခဲ့ပြီး လေယာဉ်လက်မှတ်ဝယ်၍ ဇနီရမြို့သို့သွားနိုင်သည်။ ကတ္တီပါမြို့၌ ဓာတ်ဆီဝင်ဖြည့်မည်ဆိုကလည်း ဖြည့်နိုင်သည်။

သျှားသက်ညိုက . . .

'ကျွန်မတို့ ကတ္တီပါမြို့ကို သွားရင်ကောင်းမယ်ထင်တယ်'

'အဲဒီမှာ မင်းနဲ့သိတဲ့လူရှိသလား'

သူမက ခေါင်းခါလိုက်သည်။

'ကျွန်မမှာတော့ အဲဒီမြို့မှာ အသိမိတ်ဆွေမရှိဘူး။ ရှင့်မှာကော'

စင်ရန်နိုင် ခေတ္တမျှ စဉ်းစားလိုက်သည်။

'အင်း . . မိတ်ဆွေတစ်ယောက်တော့ ရှိပါတယ်'

ကတ္တီပါမြို့၌ စင်ရန်နိုင်၏ မိတ်ဆွေရင်းတစ်ဦးရှိသည်။ ထိုမိတ်ဆွေ၏အမည်မှာ ကျော်ဇောလင်းဖြစ်သည်။ ကျော်ဇောလင်းသည် 'မိုးတိမ်လွှာခေတ်ပေါင်းမော်တော်ကား'များအသင်း၏ အတွင်းရေးမှူးလည်း ဖြစ်သည်။

စင်ရန်နိုင်က သူမကို လှမ်းကြည့်လိုက်ရင်းမှ . .

'ဘယ် အချိန်လောက်ကတည်းက လေယာဉ်မောင်းသင်ထားတာလဲ သျှားသက်ညို'

သျှားသက်ညိုက နားကြပ်ကို ဆံပင်များပေါ်၌ အုပ်၍စွပ်လိုက်သည်။ ထို့နောက် ရေဒီယို ခလုတ်ကို လှည့်လိုက်သည်။

'တော်တော်လေး ကြာသွားပြီ'





'ဒါနဲ့ . . မာလာမြို့ကို ဘာကိစ္စနဲ့ ရောက်လာတာလဲ'

သူမ နားကြပ်ကို ဘေးသို့ဖယ်လိုက်၏။ သူမ ဘာမျှမပြောသေးပဲ အပြင်ဘက်သို့ လှမ်း၍ကြည့်နေသည်။ စင်ရန်နိုင်က သူမကို လှမ်းကြည့်လိုက်သည်။

အပြင်ဘက်၌ ဖြူဖွေးနေသည့် တိမ်စိုင်တိမ်လိပ်များကို လှမ်း၍ မြင်နေရသည်။

သျှားသက်ညိုက

'ရှင့်ကို နည်းနည်းပါးပါးလောက်တော့ ပြောပြပါ့မယ်။ ရှင် ဘာကို အရင်ဆုံး သိချင်တာလဲ'

'ဦးစိုးထွဏ်းဆိုတာ ဘယ်သူလဲ'

သျှားသက်ညိုက လှပစွာပြုံးသည်။

'အဲဒီနာမည်နဲ့လူ လုံးဝ မရှိပါဘူး'

'ဟင် . . ဘာကိုဆိုလိုတာလဲ'

'အမှန်ကတော့ ဦးစိုးထွဏ်းဆိုတဲ့လူ မရှိဘူး။ နာမည်တု တစ်ခုနဲ့ ပုံမှားရိုက်ပြီး ဖန်တီးထားတာပါ'

'ကိုယ် . . ခတ္တရာကျွန်းမှာနေတဲ့ ဒေါ်ကြူကြူဆွေဆီက တာအုပ်ယူလာခဲ့တယ်။ ဒေါ်ကြူကြူဆွေပြောတာကတော့ သူ့မှာ သမီး တစ်ယောက်ရှိတယ်။ နာမည်က သျှားသက်ညိုတဲ့။ ဒါနဲ့ မင်းက သူ့ရဲ့သမီး မဟုတ်ဘူးလား'

'မဟုတ်ပါဘူး . .'

သျှားသက်ညို ရှေ့တူရူသို့ ငေးစိုက်၍ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မအမေ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ဆုံးပါးသွားခဲ့ပါပြီ။ အဖေရော အမေရောဆိုပါတော့။ ဖြီဆွာအဖွဲ့ရဲ့ ဖိဖိရိရိ လုပ်ကိုင်ခဲ့တဲ့ ဒုစရိုက်မှုတစ်ခုမှာ အဖေရော အမေပါ ဆုံးပါးခဲ့ရတယ်'

'အင်း . . စိတ်မကောင်းစရာပဲ'

သူမ သက်ပြင်းတစ်ချက် လေးတွဲ့စွာချလိုက်၏။

'ရှင်ကကော၊ ဒီပြဿနာထဲ ဘယ်လိုဖြစ်ပြီး ဝင်ပါလာရတာလဲ'

'ကိုယ်က ဒီအထဲမှာ ဝင်မပါချင်ပါဘူး။ အလုပ်က ဆရာဝန်၊ နားရက်အတွင်းမှာ အပျင်းပြေခရီးထွက်တယ်။ ကိုယ့်မှာ ပတ်စ်ပို့ရှိရယ်၊ ဆရာဝန် သက်သေခံကဒ်ပြားရယ်ပါတယ်။ မင်း ကြည့်ချင်ရင်ပြပါ့မယ်'

စဝ်ရန်နိုင်က သူ၏အင်္ကျီအိတ်ထဲမှ ကဒ်ပြားနှစ်ခုကို ထုတ်ရန်ပြင်သည်။

သျှားသက်ညိုက ခေါင်းခါလျက် . .

'ရှင်ပြောတာကို ယုံပါတယ်။ ကျွန်မတို့အလုပ်မှာ . . သက်သေပြတယ်ဆိုတာ အဓိကမဟုတ်ပါဘူး'

'မင်းတို့ရဲ့ အလုပ် . . ဟုတ်လား'

စဝ်ရန်နိုင်၏ ဦးနှောက်ထဲ၌ အနီရောင်မီးပွင့်ကလေးများ လက်၍သွားသည်။

'မင်းက လျှို့ဝှက်အေးဂျင့်ဌာနခွဲတစ်ခုကပေါ့'

'အတိအကျ သဘောမျိုးတော့ မဟုတ်ပါဘူး။ ကျွန်မ





အေးဂျင့်ဌာနခွဲ (Y) နဲ့ ပတ်သက်ပါတယ်'

'မင်း ဒီလောက်ဝေးတဲ့နေရာအထိ ရောက်လာတယ်နော်'

'ကျွန်မ ပြောပြီးပါပြီတော။ ကျွန်မက အေးဂျင့်ဌာနခွဲ (Y) နဲ့ပတ်သက်ပြီး လွှတ်ထားတဲ့ လူတစ်ယောက်ပါလို့ ဆိုမှပဲ။ နောက်တစ်ခုက မကြာခင်မှာ ကျွန်မ တက္ကသိုလ်က ရုပဗေဒကထိက်တစ်ယောက်နဲ့ လက်ထပ်တော့မလို့ပါ . .'

စဝ်ရန်နိုင်က မသိမသာပြုံးလိုက်သည်။

'ကောင်းပါပြီ။ ဒါဆို ကိုယ် နားလည်ပါပြီ'

သျှားသက်ညိုနှင့်ပတ်သက်၍ သူ့တွင် သံသယဖြစ်စရာ အကြောင်းမရှိတော့။ သူမသည် စွဲမက်စရာကောင်းလောက်အောင် လှပရုံမျှမက ပါးနပ်ထက်မြက်သူလည်း ဖြစ်ပုံရသည်။

စဝ်ရန်နိုင်က . . .

'ဒေါ်ကြူကြူဆွေနဲ့ ခတ္တရာကျွန်းက သီသီဆွေဆိုတဲ့ အမျိုးသမီးကကော။ မင်းတို့အဖွဲ့ထဲကပဲလား'

'ကျွန်မတို့နဲ့ ပတ်သက်တယ်လို့တော့ ပြောလို့ရပါတယ်'

စဝ်ရန်နိုင် တစ်ခုခြင်းဆက်စပ်စဉ်းစားလိုက်သည်။ တဖြည်းဖြည်းနှင့် ကွင်းဆက်များချိတ်ဆက်မိလာသည်။

စဝ်ရန်နိုင်က . . .

'ကိုယ် မင်းကို သိသလောက်ဆက်စပ်ပြီး ပြောမယ်။ ခဏလောက်နားထောင်။ ကိုယ် ခတ္တရာကျွန်းမှာနေတဲ့ ကိုယ့်ရဲ့မိဘဆွေကိုဇော်မြင့်ဆိုတဲ့လူရဲ့အိမ်မှာ ခဏရောက်နေတယ်။ အဲဒီအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

အိမ်စောင့်တစ်ယောက်နဲ့ ကိုယ်ပဲရှိတယ်။ ရောက်ပြီး နောက်တစ်နေ့မှာပဲ မော်တော်ဘုတ်ကလေးတစ်စီးပေါ်မှာ သီသီဆွေဆိုတဲ့ အမျိုးသမီး သေနတ်နဲ့ အပစ်ခံရပြီး သေသွားတယ်။ ဒေါ်ကြူကြူဆွေက ကိုယ့်ဆီဖုန်းဆက်တယ်။ သေသွားတဲ့ မိန်းကလေးဟာ သူ့ရဲ့ မွေးစားသမီးတဲ့ မင်းနဲ့အတူ သွားလာနေထိုင်တဲ့ ညီမဝမ်းကွဲလို့ပြောတယ်။ သီသီဆွေက မင်းရဲ့ ရေကူးဝတ်စုံကိုယူပြီး ဝတ်သွားတယ်။ သေနတ်သမားက မင်းနဲ့ သီသီဆွေကို လူမှားပြီး ပစ်သွားတာလို့ပြောတယ်'

'ပြီးတော့ကော . .'

'ဒေါ်ကြူကြူဆွေရဲ့ယောက်ျား ဦးစိုးထွဏ်းက ဗန္ဓရမြို့မှာနေတယ်။ သူတို့ရဲ့ စက်မှုလုပ်ငန်းတွေကို ခြိမ်းခြောက်နှောင့်ယှက်တဲ့ လူတွေရှိလို့ အခက်ကြုံနေရတယ်။ သူ့ယောက်ျားဦးစိုးထွဏ်းအတွက် ရှု ပါးစာအုပ်တစ်အုပ်ယူသွား ပေးပါလို့ပြောတယ်။ သူ့ယောက်ျားနဲ့ ကိုယ်ဟာ ဗန္ဓရမြို့က 'ဂန္ဓမာ'ဟိုတယ်တစ်ခုထဲမှာပဲ ရှိမယ်လို့ဆိုတယ်။ ဒါနဲ့ပဲ ဒေါ်ကြူကြူဆွေပေးတဲ့ စာအုပ်ကို ယူလာခဲ့တယ်။ ဂန္ဓမာဟိုတယ်က ဟိုတယ်စာရေးကိုမေးတော့ ဦးစိုးထွဏ်း ဒီမှာ မရှိဘူးတဲ့။ မာလာမြို့ကိုရောက်နေတယ်လို့ ပြောတယ်။ ဒါနဲ့ ကိုယ်လည်း မာလာမြို့အထိ ရောက်သွားတယ်။ ကျန်တာကတော့ မင်းသိတဲ့အတိုင်းပဲ'

စစ်ရန်နိုင်ကပင် ဆက်၍ပြောသည်။

'သေနတ်အပစ်ခံရတဲ့ အမျိုးသမီးဟာ ဒေါ်ကြူကြူဆွေရဲ့ တူမ မွေးစားသမီးဆိုတာ မဖြစ်နိုင်ဘူး။ မင်းနဲ့ ညီအစ်မဝမ်းကွဲဆိုတာလည်းမဟုတ်ဘူး။ ဒေါ်ကြူကြူဆွေဆိုတာလည်း မင်းရဲ့အမေ မဟုတ်ဘူးလို့ပြောခဲ့တယ် မဟုတ်လား။ နောက်ပြီးတော့ စာအုပ်ပေးရမယ့် ဦးစိုးထွဏ်းဆိုတဲ့လူကလည်း တကယ်ရှိတဲ့ လူတစ်ယောက်မဟုတ်ဘူး။ ထရန်ဆစ္စတာ အသေးစားလေးပါတဲ့ စာအုပ်ကို ယူသွားပေးဖို့ လူလိုနေတယ်။ သီသီဆွေဆိုတာ ဒီကိစ္စအတွက် ဆောင်ရွက်နေတုန်း တစ်ဘက်က သေနတ်နဲ့ပစ်ပြီး ရှင်းလိုက်တယ်။ ဗန္ဓရမြို့ကို ကိုယ်သွားမယ်ဆိုတာသိတော့ ဒေါ်ကြူကြူဆွေက ကိုယ့်ကိုလွယ်လွယ် အသုံးချလိုက်တယ်။ ကိုယ်ပြောတာ မှန်တယ် မဟုတ်လား'

သျှားသက်ညို မည်သည့် ဝေဖန်ချက်မှ မပေးဘဲ ငြိမ်၍နေသည်။ လေယာဉ်ကိုသာ ဂရုစိုက်၍ ထိန်းသိမ်းမောင်းနှင်နေသည်။

'ရှင်ပြောတာအားလုံး ဖြစ်နိုင်တာတွေချည်းပါပဲ'

'မင်းကကော မသိဘူးလား'

သူမက တောက်ပသော မျက်လုံးများဖြင့် တစ်ချက်လှမ်းကြည့်သည်။

'ကျွန်မက ကျွန်မနဲ့ ပတ်သက်တဲ့ အစိတ်အပိုင်းလောက်ပဲ သိထားပါတယ်'

'မင်း တာဝန်ယူရတဲ့ အပိုင်ကကော . .'

'ကျွန်မတို့က ဗြိတ္တာအဖွဲ့နဲ့ ပတ်သက်ပြီး လျှို့ဝှက်စုံစမ်းနေတာပါ။ အဲဒီအဖွဲ့မှာ ကျွန်မတို့ လိုချင်တဲ့ ဒုစရိုက်သမားတွေ၊ လူသတ်သမားတွေ ပုန်းခိုပြီး ရှိနေပါတယ်။ အဲဒီအထဲက အဓိကလူတစ်ယောက်ကို ဖမ်းနိုင်ဖို့အတွက် ခတ္တရာကျွန်းကို လိုက်လာခဲ့တယ်။




www.burmeseclassic.com

www.burmeseclassic.com

ခတ္တရာကျွန်းမှာ ကျွန်မ ဧဘယာယီစခန်းချတယ်။ အဲဒီအချိန်မှာ မာလာမြို့က သရဖီအိမ်ရာတန်းနဲ့ပတ်သက်ပြီး သတင်းအစအန ကြားရတယ်။ အဲဒီမှာ ဗြိတ္တာအဖွဲ့က လူတစ်ချို့ အဝင်အထွက်ရှိတယ်လို့ သိရတယ်။ သူတို့ကို စုံစမ်းကြည့်မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ တစ်ချိန်တုန်းက ကျွန်မမိဘတွေ ဆုံးပါးသွားခဲ့ရတဲ့ ဗြိတ္တာအဖွဲ့ရဲ့လက်ချက်မှာ အဓိက တာဝန်ယူခဲ့တဲ့ ခေါင်းဆောင် ဘယ်သူဆိုတာ သိလာရတယ်'

'အဲဒီလူက ဘယ်သူလဲ'

'အဲဒီလူက သူ့ရဲ့ နာမည်ကိုပြောင်းထားတယ်။ သူ့နာမည်က ထွန်းမြတ်လို့ အခုပြောင်းထားတယ်။ ကျွန်မက သူ့ကိုအဓိကထားပြီး တရားဥပဒေအရ အရေးယူနိုင်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ကျွန်မအားလုံးအောင်မြင်ခါနီးကျမှ ကျွန်မအကြံအစည်တွေ ပျက်သွားတယ် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ မာလာမြို့ကို လေယာဉ်နဲ့ရောက်လာတယ်။ နောက်ကနေ သီသီဆွေက ခတ္တရာကျွန်းကို လိုက်လာတယ်။ သီသီဆွေရဲ့အပြင် ပန်းရပ်ပြအလုပ်က ဒေါ်ကြူကြူဆွေရဲ့တူမ၊ မွေးစားသမီး ပုံသဏ္ဍာန် အယောင်ဆောင်ထားတယ်။ ထရန်ဆစ္စတာ အသံလွှင့်စက် အသေးစားလေးတွေ အများကြီး ကျွန်မတို့မှာပါလာတယ်။ စာအုပ်၊ စီးကရက်ဘူး၊ ပေါင်ဒါဘူးလိုဟာမျိုးတွေထဲမှာ ထရန်ဆစ္စတာလေးတွေကိုထည့်ပြီး လိုချင်တဲ့နေရာကို ပါဆယ်လုပ်ပြီး ပို့ပေးတယ်။ သရဖီအိမ်ရာတန်းမှာ တည်းခိုသူတွေရှိတယ်။ အဲဒီနေရာမှာပါ ကျွန်မတို့ အသံလွှင့်စက်လေးတွေ တပ်ထားပြီးသွားပြီး။





…အပ်တဲ့ သတင်းတွေလည်း ရထားပြီးပြီ . . .'

'အဲဒီအချိန်မှာ ကျွန်မတို့ဘက်က အမှားအယွင်းတွေ၊ …အကွက်တွေ ဖြစ်လာတယ်။ ဘာကြောင့်လဲဆိုတာတော့ အတိအကျ …သိရသေးဘူး။ ခတ္တရာကျွန်းမှာလည်း ဗြိတ္တာအဖွဲ့နဲ့ပတ်သက်တဲ့လူ …ရှိနေတယ်။ အဲဒီမှာပဲ ပထမဆုံး သီသီဆွေသေနတ်နဲ့ အပစ်ခံရ …ယ်။ ကျွန်မက 'မာလာမြို့'မှာ ရောက်နေတယ်။ ဗန္ဓုရမြို့ကို …သံလွှင့်စက်ပို့ချင်နေတဲ့ အချိန်မှာ ရှင်နဲ့ သွားကြုံတယ်။ ဒါနဲ့ပဲ …ကြူကြူဆွေက စာအုပ်ထဲ အသံလွှင့်စက်လေးထည့်ပြီး ရှင့်ကို …ကြုံပေးခိုင်းလိုက်တာပဲ'

စစ်ရန်နိုင်က . . .

'ဒီလို လုပ်ငန်းမျိုးလုပ်တဲ့အခါမှာ တိတိကျကျ ပိပိရိရိနဲ့ …အင်ရွက်နိုင်ဖို့လိုတယ်။ မင်းဘက်က ဘယ်လို လွဲချော်သွားရတာ …

'ကျွန်မကိုယ်တိုင် ထွန်းမြတ်ကို ရင်ဆိုင်တွေ့တဲ့အချိန်မှာ …ကြားချက်တွေ မေ့သွားတယ်။ ကျွန်မရဲ့ ရည်ရွယ်ချက်တွေပါ …တုန်တယ်။ သူနဲ့ မျက်နှာချင်းဆိုင်တွေ့မိတဲ့အချိန်မှာ ကျွန်မ …ကိုယ်လုံး တဆတ်ဆတ်တုန်နေတယ်။ စိတ်ကို ဘယ်လိုမှ မထိန်း …ဘူး။ သူ့အပေါ်မှာ မုန်တီးနာကျည်းစိတ်တွေ ဘယ်လိုမှ ဟန်ဆောင် …ထားနိုင်တော့ဘူး။ သူ့ကို ကျွန်မ မုန်းတီးနာကျည်းတယ်ဆိုတာ …လည်း သိသွားတယ်။ သူကိုယ်တိုင်လည်း ကျွန်မ ဘယ်သူလဲဆို… …သိချင်စိတ်နဲ့ အတော်ကြီး တုန်လှုပ်ခြောက်ခြားသွားတယ်။ …မ

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်သူလွှတ်လိုက်တယ်ဆိုတာကိုပါ သိချင်လာတယ်။ သူတို့
ဒုစရိုက်လုပ်ငန်းမျိုးစုံ လုပ်လာခဲ့ပြီး နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုး
တိမ်းရှောင်လာခဲ့တဲ့လူတွေ။ အရာရာမှာ သတိထားတဲ့လူတွေဖြစ်
တယ်။ ကျွန်မက အတွေ့အကြုံပိုင်းမှာ နုနယ်သေးတယ်။ ဒါ
ကျွန်မကို ထွန်းမြတ်နဲ့ သူ့လူတွေက ဖမ်းပြီး မြေတိုက်ခန်းထဲမှာ ထ
ထားတယ်။ သူသိချင်တာ သိဖို့အတွက် ကျွန်မကို အနုနည်းနဲ့ စစ်လို
မေးလိုက် လုပ်ပြီး အဖြေရှာကြည့်နေတယ်'

လေယာဉ်ငယ်လေး၏ ပြတင်းပေါက်မှ အောက်ဘက်
စဝ်ရန်နိုင် လှမ်းကြည့်လိုက်သည်။

အောက်ဘက်ရှိ မီးရထားလမ်းမှာ တလက်လက်ဖြင့် ပြေ
၍နေ၏။

အရှေ့ဘက်ဆီမှ ရထားတွဲရှည်ကြီးတစ်စီး ခုတ်မောင်း
သွားနေပေသည်။

'ကတ္တီပါမြို့က ရှင့်မိတ်ဆွေဆိုတာကကော'

'သူနဲ့ မဆုံဖြစ်တာ အတော်လေးကြာသွားပြီ။ သူ
ခေတ်ဟောင်းမော်တော်ကား လုပ်ငန်းတစ်ခုရဲ့ အတွင်းရေးမှူး
မြို့အခြေအနေတော့ ကိုယ်လည်း မပြောတတ်ဘူး'

'ဒါဆို . . ရှင့်ရဲ့ ကတ္တီပါမြို့ကို သွားပြီး ဘာလုပ်ရမှာ

'ပထမဆုံး ကိုယ့်ရဲ့မိတ်ဆွေ ကျော်ဇောလင်းကို အရင်
တွေ့အောင်ရှာမယ်။ ပြီးတော့ သုံးယောက်သား ဗန္ဓုရမြို့ကိုသွားမ
သူက စွန့်စွန့်စားစား သွားရတာမျိုး ဝါသနာသိပ်ပါတယ်။ ရန်



ဘက်က မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်တွဲကိုပဲ အဓိကထားပြီး လိုက်
ရှာကြလိမ့်မယ်။ သုံးယောက်ဆိုရင် သတိထားမိဖို့ ခက်သွားလိမ့်
မယ်'

သျှားသက်ညိုက သူ့ကို တစ်ချက်စိုက်ကြည့်၍ မသိမသာ
ရယ်မောလိုက်သည်။

'ရှင်ပြောတဲ့အတိုင်း ဖြစ်လာပါစေလို့ ဆုတောင်းပါတယ်'

'ပေတစ်ထောင်ကျော်မြင့်တဲ့ ရေတံခွန်ရဲ့တစ်ဘက်ကို
ရောက်နိုင်ဖို့အတွက် ကြိုးတန်းတစ်ခုကနေ သံမဏိချိတ်နဲ့ တွဲခိုပြီး
ဖြတ်ရမယ်ဆိုရင် အောက်ကိုပြုတ်ကျခဲ့ရင် ဘာဖြစ်မယ်ဆိုတာ စဉ်းစား
စရာမလိုဘူး။ ဟိုဘက်ကမ်းကိုရောက်ဖို့ပဲ အဓိက စဉ်းစားဖို့လိုတယ်။
အခုအချိန်မှာ မင်းက စွန့်စွန့်စားစား လုပ်ကိုင်ဆောင်ရွက်နေတယ်
မဟုတ်လား။ အခု . . ဒီလေယာဉ်လေးပေါ်မှာ မင်းနဲ့ ကိုယ်နဲ့
နှစ်ယောက်ပဲရှိတယ်'

'ရှင်ပြောချင်တာက . .'

'တက္ကသိုလ်က ရူပဗေဒ ကထိကဆိုတဲ့ မင်းနဲ့လက်ထပ်မယ့်
ဗိုလ်ကြီးကကော . . .'

သျှားသက်ညိုက ပြုံး၍ သူ့ကို ကြည့်သည်။ သူမ၏ မျက်လုံး
များမှာ နေခြည်နုနုအောက်၌ တောက်ပ၍နေသည်။ ပြုံးလိုက်သည့်
အခါ၌ ထူးခြားစွာလှပ၍နေပေသည်။

သူမက ပြုံးနေရင်းမှ

'ကျွန်မနဲ့ လက်ထပ်မယ်ဆိုတာ မရှိသေးဘူး။ ဒေါ်စောက

www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မိန်းမသားတစ်ယောက်အနေနဲ့ ကြိုတင်ကာကွယ်ပြီး ပြေ
ထားတာ'

'ဒါဆို . . ကိုယ်ပါရောပြီးပါတာပေါ့'

'မဟုတ်ဘူး၊ ဒီပြင် ယောကျ်ားတွေကို ဆိုလိုတာ။ အဲဒီအဝ
မှာ ရှင်မပါဘူး'

သူမထံမှ ကြည်နူးစွာရယ်မောသံ ပေါ်လာသည်။ သင်း
သောရနံ့ကို သူမထံမှရသည်။

လေယာဉ်ကလေး တစ်ဘက်သို့စောင်းသွားသည်။

သျှားသက်ညိုထံမှ လှပသော မျက်စောင်းတစ်ခု သူ
ရောက်လာသည်။ သူမ၏နှုတ်ခမ်းမှ နှုတ်ခမ်းနီအမျိုးအစား
စဝ်ရန်နိုင် ခွဲခြား၍ သိလိုက်သည်။

အောက်ဘက်၌ ရှုန်မြနေသော ကျောက်ဆောင်များ
တောင်ကုန်းများကို တွေ့နေရသည်။

တောင်ကုန်းများ၊ တောင်တန်းများ ပျောက်ကွယ်သွား
ကတ္တီပါမြို့မှ လေဆိပ်ကိုတွေ့ရသည်။ ကျယ်ဝန်းသော ရေကန်တ
၏ဘေး၌ သစ်သားအိမ်လေးများကိုတွေ့သည်။ ကြော်ငြာဆိုင်းဘု
ကြီးတစ်ခု ထောင်ထားသည်။ သူ၏မိတ်ဆွေ ကျော်ဇောလင်း
အလွယ်တကူ ရှာတွေ့နိုင်ပါ့မလားဟု စဉ်းစားမိသည်။

သျှားသက်ညို ရေဒီယိုကိုဖွင့်သည်။

အောက်ဘက်သို့ လှမ်း၍ပြောပြီး လေယာဉ်ကို ထိုး
လိုက်သည်။ လေယာဉ်ကို လေဆိပ်၏ သီးသန့်အဆောက်အဦးတ



ထဲသို့ ထည့်သည်။ အင်ဂျင်စက်ကို ရပ်လိုက်ပြီး ဘရိတ်ကိုသော့ခတ်
လိုက်သည်။

လေယာဉ်ပေါ်မှ ဆင်းပြီး လေဆိပ်၏အပြင်ဘက်သို့
လျှောက်လာကြသည်။

× × × × × × ×

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကားကြီး တစ်ကားပြသနေသည်။

ကား...င်းသူသည် လမ်းသွယ်တစ်ခုထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်။ ထို့နောက် စားသောက်ဆိုင်ရှိရာ လမ်းသွယ်လေးထဲသို့မောင်းဝင်သွားသည်။

ကျော်လွင်မိုး တံခါးဖွင့်၍ ကားပေါ်မှဆင်းသည်။

ကားရှေ့ခန်းမှ အစိမ်းရောင် မီးပွင့်ကလေးပွင့်လာပြီး တယ်လီဖုန်းသံမြည်လာသည်။ အလုပ်ကိစ္စများပင် ဖြစ်ပေဦးမည်။ ကျော်လွင်မိုး တယ်လီဖုန်းကို ကိုင်လိုက်၏။ ခလုတ်ကိုနှိပ်လိုက်သည်။

အမှတ် နှစ်ထံမှ အသံဖြစ်သည်။

'သတင်းထူးတစ်ခု ရလို့ပါ ဆရာ'

'ဘယ်လို သတင်းထူးလဲ . .'

'ချစ်လွင်နဲ့ ပတ်သက်လို့ပါ'

စဝ်ရန်နိုင်က သူ့ထံ ဖုန်းဆက်အကြောင်းကြားသဖြင့် ကျော်လွင်မိုး လေယာဉ်ကွင်းသို့ရောက်သည်။

စဝ်ရန်နိုင်၏ လက်သီးဒဏ်ရာကြောင့် ချစ်လွင်၏ရှေ့သွားသုံးချောင်းကျိုးထွက်သွားသည်။ မျက်နှာတစ်ခုလုံး ဖူးယောင်၍နေသည်။ ချစ်လွင်ကို စစ်ဆေးမေးမြန်းသည်။ အခြား ကားမောင်းသူတစ်ဦးက သူ့အားရိုက်နှက်ထိုးကြိတ်သွားသည်ဟု ပြောသည်။ စဝ်ရန်နိုင်နှင့်ပတ်သက်ပြီး ဘူးခါ၍ ငြင်းသည်။ ချစ်လွင် လိမ်၍ပြောမှန်းသိသော်လည်း သက်သေအထောက်အထား မခိုင်လုံသဖြင့် ကျော်လွင်မိုး အနေဖြင့် ချစ်လွင်ကိုလွှတ်ပေးလိုက်ရသည်။



www.burmeseclassic.com

## အခန်း (၁၂)

နေ့လည် တစ်နာရီ။

ရဲမှူး ကျော်လွင်မိုးသည် နေ့လည်စာစားရန်အတွက် သူထိုင်နေကျဖြစ်သည့် စားသောက်ဆိုင်သို့ ကားဖြင့်ထွက်လာသည်။ တစ်နာရီနောက်ပိုင်း အချိန်သည် သူ့အတွက် ကိုယ်ပိုင်အားလပ်ချိန်ဖြစ်သည်။

နောက် တစ်ပတ်ကျော်ကျော်တွင် ခွင့်ယူရန် စဉ်းစားနေသည်။

ကား၏ ထိုင်ခုံနောက်ကျောကို မှီလိုက်ပြီး အပြင်ဘက်သို့ ငေးကြည့်နေမိသည်။

ဖိနပ်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ အလှကုန်ပစ္စည်းမျိုးစုံရောင်းချသည့်ဆိုင်များ၊ စတိုးဆိုင်များကိုတွေ့ရသည်။ ရုပ်ရှင်ရုံတစ်ရုံ၌ နာမည်ကြီးသရုပ်ဆောင်ပေါင်းများစွာ ပါဝင်သည့် ရာဇဝင်

www.burmeseclassic.com



'ဆိုပါဦး . . ချစ်လွင်နဲ့ ပတ်သက်ပြီး ဘာသတင်းထူးသလဲ'

'အခု . . သူ အတော်ကြီးနေမကောင်းဖြစ်နေတယ်'

'သူ နေမကောင်းတာ . . ငါနဲ့ ဘာများ ပတ်သက်လို့လဲ'

'အခုကိစ္စ ကျွန်တော်ကိုင်လို့ မဖြစ်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲ'

ကျော်လွင်မိုး စိတ်တိုသွားသည်။ နံပါတ်နှစ် အူကြောင်ကြောင်လုပ်ပြန်ပြီဟု တွေးသည်။ သူ့အခုနေနှင့် နေ့လည်စာမစားမီ သံပုရာသီးနှင့် သကြားထည့်ထားသော ဂျင်သုံးယက်ခန့်သောက်ချင်နေပေပြီ။

'ဒီလိုပါ ဆရာ။ ချစ်လွင်က မိဘဆွေမျိုးသားချင်းမရှိရှာဘူး။ သူရဲ့ မိတ်ဆွေတစ်ဦးကလာပြီး အကြောင်းကြားတယ်။ ချစ်လွင်ဟာ တစ်ယောက်ယောက်ရဲ့ ထိန်းချုပ်ခြိမ်းခြောက်ပြီး ခိုင်းထားတာမျိုး ခံရပုံရှိတယ်တဲ့။ အခု . . ချစ်လွင်သေတော့မယ်လို့ ထင်တယ်တဲ့။ အဲဒါ သူမသေခင်မှာ ပြောစရာရှိတာပြောသွားပါရစေတဲ့။ အရေးပါတဲ့ လူတစ်ယောက်ကိုပဲ ပြောချင်တယ်တဲ့။ တစ်ခြား ဘယ်သူ့ကိုမှ သူ ပြောမသွားတော့ဘူးတဲ့'

'အင်း . . မင်း သွားပြီး နားထောင်လို့ မဖြစ်ဘူးလား'

'ကျွန်တော်နဲ့ မဖြစ်ဘူး ဆရာ။ သူက ရဲမှူးအဆင့်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ ပြောချင်တယ်တဲ့။ သူပြောမယ့်ကိစ္စက အတော့်ကို အရေးကြီးတယ်လို့ ပြောတယ် ဆရာ'

'သူ နောက်ထပ် ဘယ်နှစ်ရက်လောက်အထိ ခံဦးမှာလဲ'





'ဆရာဝန်ပြောတာကတော့ အခြေအနေ လုံးဝမကောင်းဘူးတဲ့'

'ကောင်းပြီလေ . . ငါကိုယ်တိုင် အခုပဲ လာခဲ့မယ်'

'ဆရာလာရင် ပုန်းညက်မြိုင်လမ်းအတိုင်းသာ လာခဲ့ပါ။ အစွန်ဆုံးက အိမ်ပဲ။ ဦးကြွယ်သန်းလို့သာ နာမည်မေးလိုက်ပါ . . သိကြပါတယ်'

'ဪ . . အဲဒီအိမ်လား။ ငါသိတယ်'

ထိုအိမ်သည် သစ်သားနှစ်ထပ်အိမ် ဖြစ်သည်။ စားပွဲခုံ၊ ထိုင်ခုံများ၊ ပန်းကန်ခွက်ယောက်များ ငှားသည့်အိမ်ဖြစ်သည်။

ဦးကြွယ်သန်းသည် ရဲအဖွဲ့သို့ သတင်းပေးသူတစ်ဦးဖြစ်သည်။ သူ့ထံမှ အဖိုးတန်သတင်းများရတတ်သည်။

ရဲမှူးကျော်လွင်မိုးက ကားမောင်းသူအား ပြောလိုက်သည်။

'ကဲဟေ့ . . ဦးကြွယ်သန်းအိမ်ကို အမြန်ဆုံးရောက်အောင်သာ မောင်းပေတော့ဟေ့'

သံပုရာသီးညှစ်ထားသော ဂျင်နှင့် နေ့လည်စာတော့ လွဲရပြန်ပြီဟု တွေးလိုက်မိသည်။

ဦးကြွယ်သန်း၏အိမ်ရှေ့၌ ကားရပ်တန့်လိုက်သည်။ အိမ်ပေါ်သို့ရောက်လျှင် ဆရာဝန်တစ်ဦးနှင့် အိပ်ပျော်နေသော ချစ်လွင်တို့ကိုတွေ့ရသည်။

ကျော်လွင်မိုးက၊ ဆရာဝန်အား . . .

'သူ ဘာရောဂါ ဖြစ်တာလဲ ဒေါက်တာ'



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး

'သူ့ရောဂါက ကုလို့မရနိုင်တဲ့ အဆင့်ရှိတဲ့ ရောဂါဖြစ်နေတယ်'

'အင်း . . ကြောက်စရာကောင်းတဲ့ ရောဂါပဲ'

'သူ့ရောဂါက အရင်ကတည်းက ဖြစ်နေတာပါ။ ထိုးတာ၊ ကြိတ်တာခံလိုက်ရတော့ အခြေအနေပိုဆိုးသွားတယ်။ အခု မသေသေးပါဘူး။ မျောနေတာပါ . . ကျွန်တော်လည်း တတ်နိုင်သလောက်တော့ လုပ်ပေးထားပါတယ်'

'သူ့အသက်ကို ဘယ်လောက်အထိ ကြာကြာဆွဲထားနိုင်မလဲ'

ဆရာဝန်က ခေါင်းခါလိုက်သည်။

'အလွန်ဆုံး . . ဒီနေ့ညနေလောက်အထိပဲ ခံမယ်ထင်မယ်'

'ကောင်းပါပြီ။ ကျွန်တော် အခြေအနေကြည့်ပြီး သူ့ဆီက စစ်ချက်ယူလိုက်ပါ့မယ်'

ကားမောင်းသူက သူ့အား အိတ်တစ်လုံးပေးသည်။ အိတ်ကို ဖွင့်၍ အတွင်းမှ ကက်ဆက်အသေးတစ်လုံးကို ထုတ်လိုက်သည်။

အခန်းအတွင်းမှာ သန့်ပြန့်ခြင်းမရှိ။ အနံ့အသက်များကလည်း မကောင်းလှ။ ကျော်လွင်မိုးမှာ ရောဂါဆိုလျှင် အလွန်ကြောက်သည်။ သူ့လက်နှင့် မည်သည့်အရာမျှ မထိအောင် သတိထားသည်။ အခန်းတွင်းရှိ ခုတင်တစ်လုံးပေါ်၌ ပက်လက်အနေအထားဖြင့် လူတစ်ယောက်အိပ်နေသည်။ အသားအရောင်မှာ ဝါဖျော့၍





မျက်နှာမှာ ဖြူဖွေး၍နေသည်။ ခန္ဓာကိုယ်မှာလည်း အစော်ကလေး ပိန်လှီ၍နေသည်။

ထိုလူသည် ချစ်လွင်ပင် ဖြစ်၏။

[illegible]လွင်မှာ သွေးဆုတ်စပြုနေပြီဖြစ်သည်။

ညစ်ပတ်ပေရေနေသော စားပွဲပေါ်၌ ရေထည့်ထားသည့် ဖန်ခွက်တစ်လုံး၊ ငွေစက္ကူနှစ်ရွက်၊ ဘရိတ်မားဘူးတစ်ဘူး၊ အပေါ်စား တရုတ်နာရီတစ်လုံး . . . . . တင်ထားသည်။

ရဲမှူးကျော်လွင်မိုးက နူးညံ့သောလေသံဖြင့် မေးလိုက်သည်။

'ကဲ . . ချစ်လွင်။ မင်းအတွက် ငါတို့က ဘာများလုပ်ပေးရမလဲ'

အမှန်စင်စစ်တွင်မူ ချစ်လွင်ကို မည်သူမျှ မည်သို့မျှ လုပ်မပေးနိုင်တော့ပေ။ ချစ်လွင်သည် တိုးလျစွာညည်းတွားလိုက်၏။ လေသံတိုးတိုးဖြင့် စကားပြောသည်။ ကျော်လွင်မိုး မကြားရသဖြင့် ရှေ့သို့တိုးကပ်လိုက်၏။

ချစ်လွင်က သူ့ဘက်သို့လှည့်သည်။ သူ၏ပါးစပ်ထဲ၌ သွားအချို့မရှိတော့ပေ။ ပါးစပ်ဟလိုက်သည့်အခါ၌ ပုပ်အက်အက် အနံ့များထွက်လာသည်။

ချစ်လွင်က လေးတွဲ့စွာပြောသည်။

'ကျွန်တော် . . ကျွန်တော်။ ခင်ဗျားကို အကြောင်းစုံ ပြော[illegible] ခဲ့ချင်တယ်'

ချစ်လွင်မှာ မောဟိုက်၍နေ၏။ အသံမှာ တိမ်[illegible]သွားသည်


www.burmeseclassic.com

www.burmeseclassic.com



ကျော်လွင်မိုးက ကက်ဆက်ကိုဖွင့်လိုက်၏။

ချစ်လွင်က . . .

'ကျွန်တော် မသေခင်မှာ အမှန်တွေပြောသွားချင်ပါတယ်။ ဒုစရိုက်အဖွဲ့တစ်ခုက လူဆိုးကြီးတစ်ယောက်ရှိတယ်။ သူက ရွက်လှေကြီးတစ်စင်းပေါ်မှာ နေတယ်။ သူ့ရဲ့မျက်စိနှစ်ဘက်လုံး ကန်းနေတယ်။ သူက လူဆိုးတွေရဲ့ ခေါင်းဆောင်ကြီးပဲ။ ကျွန်တော် ပြောတာ ဘယ်သူမှ မသိပါစေနဲ့'

'ကျွန်တော် အဲဒီ လူဆိုးခေါင်းဆောင်ကြီးနဲ့ အပေးအယူလုပ်တာရှိတယ်။ သူက ကျွန်တော့်ကို ဥတ္တရကျွန်းမှာပြန်ပြီး နေနိုင်ဖို့၊ အေးအေးချမ်းချမ်းနေနိုင် စားသောက်နိုင်ဖို့အတွက် တာဝန်ယူတယ်။ ကျွန်တော်က မော်တော်ဘုတ်ပေါ်က အမျိုးသမီးတစ်ယောက်ကို မှန်ပြောင်းတပ်သေနတ်နဲ့ ပစ်သတ်ပေးလိုက်ရတယ်။ အဲဒီအမျိုးသမီး ဘယ်မှာနေတယ်၊ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် မသိဘူး . .'

ချစ်လွင်၏ အသံမှာ တိုး၍သွားသည်။ မျက်နှာပေါ်၌ ချွေးစေးများ ပျံ၍နေသည်။

'အခုပြောမယ့် စကားဟာ ထိပ်တန်းလျှို့ဝှက်ချက်စကားပါ။ ကျွန်တော် မပြောချင်ပါဘူး။ ဒါပေမယ့် ကျွန်တော်နေရတော့မှာ မဟုတ်လို့ ပြောခဲ့ပါမယ်'

'ပြောစရာရှိတာ . . ပြောပါ'

ကျော်လွင်မိုးက စိတ်မရှည်သည့် မျက်နှာဖြင့်ပြောသည်။

ချစ်လွင်အနေဖြင့် ကျော်လွင်မိုးကို ကြည့်၍ရသူမဟုတ်ပေ။





မဖြစ်သာလွန်း၍သာ ဖွင့်ပြောရခြင်းဖြစ်သည်။ သူ အဓိကမှန်းတီးသူမှာ ကတိမတည်သော အနိုင့်ထက်စီးနင်းခိုင်းစေသော ဆရာကြီးဆိုသူပင်ဖြစ်သည်။ ထိုသို့ မုန်းတီး၍လည်း ယခုကဲ့သို့ သူမသေခင် ဖြောင့်ချက်ပေးနေခြင်းဖြစ်သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်၍နေပေသည်။

ချောင်းသုံးခါခန့်ဆိုးပြီး ချစ်လွင်လေသံ တိုးတိုးမျှဖြင့်ပြောသည်။

'အဲဒီရွက်လှေကြီးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖမ်းပါ။ သူ . . သူတို့ မကောင်းတဲ့ အလုပ်တွေ ဆက်လုပ်ကြဦးမယ်။

× × × × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဆားခါတ်ပါသော ပင်လယ်လေ၏ရနံ့ကို ရနေသည်။

လေဆိပ်၏အပြင်ဘက်သို့ နှစ်ဦးသားရောက်လာကြသည်။

ပါတိတ်လက်တိုအင်္ကျီဝတ်ဆင်ထားသူ တစ်ဦးက အဝါရောင် အုတ်နံရံကို မှီ၍ လှမ်းကြည့်နေသည်။

ထိုလူက လျှောက်၍လာပြီး

'တက္ကစီ ငှားချင်လို့လား . . ခင်ဗျာ'

စစ်ရန်နိုင်က ခေါင်းညိတ်လျက် . .

'အင်ကြင်းမြိုင်ရပ်ကွက်ကို သွားချင်တယ်'

ထိုလူက နာရီကို တစ်ချက်ကြည့်လိုက်ပြီး . . .

'ဟာ . . အဲဒီရပ်ကွက်က လူချမ်းသာရပ်ကွက် ခင်ဗျ။





ဒီအချိန်ဆို ဘယ်သူမှ အိပ်ရာ မထကြသေးဘူး။ အချိန်ကလည်း စောလွန်းသေးတယ်။ ခင်ဗျားတို့ ကတ္တီပါမြို့ထဲ လျှောက်ကြည့်ကြပါလား။ ဟိုတယ်တို့၊ ဈေးတို့၊ အပန်းဖြေဥယျာဉ်တို့ကို သွားကြည့်ရင် ပိုကောင်းလိမ့်မယ်ထင်တယ် . .'

စစ်ရန်နိုင်က ခေါင်းခါလိုက်၏။

'အဲဒါတွေကြည့်ဖို့ အချိန်မရှိဘူး'

တက္ကစီ ကားမောင်းသူတ လက်နှစ်ဘက်ဖြန့်လိုက်၏။

သူ၏ ငွေမင်ရောင်တက္ကစီကား၏ တံခါးကို ဖွင့်ပေးသည်။ ထပ်၍ ဘာမျှ မပြောတော့ပေ။

လေယာဉ်ကွင်း၏တစ်ဘက်၌ မြက်ခင်းပြင်ပေါ်တွင် ငှက်များ နားနေကြသည်။

ကားမောင်းသူက . . .

'ခင်ဗျားတို့ . . အဲ . . ရေသောက်ကြဦးမလား'

စစ်ရန်နိုင် ခေါင်းခါလိုက်သည်။

တော်တော်ညံ့သည့် ဒရိုင်ဘာပင် ဖြစ်မည်။ ယခုလို အချိန်မျိုး ကော်ဖီဖြစ်ဖြစ် လက်ဖက်ရည်ဖြစ်ဖြစ်၊ အနိမ့်ဆုံး ဝီစကီတစ်ခွက်ဖြစ်ဖြစ် . . မေးဖို့သင့်သည်။ ဤအချိန်မျိုး၌ ရေသောက်မလားဟု မေးနေသည်။ ဒရိုင်ဘာက ရှေ့ခန်းမှ ရေဗူးတစ်ဘူးဆွဲယူလျက် မော့သောက်လိုက်သည်။

လမ်းဘေး သစ်ပင်ရိပ်များအောက်၌ ရောင်စုံထိုင်ခုံလေးများ တန်းစီ၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကမ်းခြေနေရာမှ ကုန်းတွင်းပိုင်းဆီသို့ ကားကို မောင်းနှင်လာသည်။ သစ်လွင်တောက်ပခမ်းနားသော အဆောက်အဦး ကြီးများ၊ တိုက်အိမ်ကြီးများ၊ ထို့နောက် သစ်သားအိမ်များ။ ထို့နောက် တဲအိမ်ကလေးများကို တဖြည်းဖြည်းပြောင်း၍ တွေ့လာရသည်။

ရွံ့နှင့် နောက်ချေးကို အိမ်နံရံအဖြစ်ပြုလုပ်ထားပြီး သက်ကယ် မိုးထားသော တဲအိမ်ကလေးများကိုမြင်ရသည်။ နံနက်စာချက်ပြုတ် ကြရန်အတွက် တဲအိမ်ကလေးများ၌ မီးမွှေးနေကြသည်။ မီးခိုးများက တလူလူလွင့်နေသည်။

ကားမောင်းသူက စဝ်ရန်နိုင်ကို တစ်ချက်မေးငေါ့ပြလျက်

'ခင်ဗျားကို ကြည့်ရတာ စိတ်ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်နေသလိုပဲ။ ပျော်ပျော်နေစမ်းပါဗျ။ ကျွန်တော်ဆို မိတ်ဆွေတွေ အများကြီးပဲရှိတယ်။ ဒီမြို့မှာတင်မကဘူး . . တစ်ခြားမြို့တွေမှာပါ ရှိတယ်။ ဟောဒီမှာ ကျွန်တော့်ဓါတ်ပုံ အမှတ်တရ သိမ်းထားပါ။ ကျွန်တော်က လူအားလုံးကို ခင်တတ်ပါတယ်။ ပျော်ပျော်ပဲ နေလေ့ ရှိပါတယ်။ လူတွေအားလုံးကလည်း ကျွန်တော့်ကို ပျော်တတ်မှန်းသိ ကြပါတယ်။ ကျွန်တော်ကတော့ အမြဲတမ်း ပျော်နေတတ်တဲ့ ကားဆရာ တစ်ယောက်ပဲ။ အဲ . . ကျွန်တော့်နာမည်က တင်မောင်လွင်ပါ'

ကားမောင်းသူက သူ၏ ဓါတ်ပုံကို လှမ်းပေးသည်။

ဓါတ်ပုံ၏အောက်ခြေ၌ 'ကမ္ဘာ့အပျော်ဆုံးကားဆရာ တင်မောင်လွင်'ဟု ရေးထားသည်။

စဝ်ရန်နိုင်၏ စိတ်ထဲမှမူ . . .





'တော်တော်အလုပ်ရှုပ်တဲ့ကောင်' . . ဟု ပြောနေမိသည်။

တက္ကစီကားမှာ ဆက်၍မောင်းနှင်လာသည်။

အိမ်ရှေ့များ၌ ပန်းဥယျာဉ်များ သီးသန့်ပြုလုပ်ထားကြသည်။ တိုက်အိမ်ကြီးများရှေ့သို့ ရောက်လာသည်။ ထိုအိမ်များအားလုံးမှာ တန်ဖိုးကြီးများသည့် အိမ်များဖြစ်ကြသည်။ ပန်းဥယာဉ်ထဲ၌ တောက်ပ သော ပန်းပွင့်ရောင်စုံများပွင့်နေသည့် အိမ်တစ်အိမ်၏ရှေ့၌ ကားကို ရပ်တန့်လိုက်၏။

စဝ်ရန်နိုင်က . . .

'ကိုယ့်မိတ်ဆွေနဲ့ အိမ်ရှာလိုက်ဦးမယ်'

သွားသက်ညိုက . . .

'ကျွန်မပါ လိုက်မယ်လေ'

အစိမ်းရောင်ဆေးသုတ်ထားသော အိမ်ကြီးတစ်အိမ်၏သား ရှိ လမ်းထဲသို့ ချိုးဝင်လိုက်သည်။ မြေကွက်လပ်တစ်ခုကိုကျော်လွန်ပြီး တိုက်အိမ်တစ်ခု၏ ရှေ့၌ရပ်သည်။ တံခါးဝသို့ရောက်လျှင် လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်၏။ အိမ်အတွင်း၌ တိတ်ဆိတ်၍နေသည်။ ညံသည့်အသံမျှ မကြားရ။ သုံးလေးကြိမ်ခန့်နှိပ်မှ လူတစ်ယောက်၏ ခြေသံနှင့်အတူ တံခါးပွင့်လာသည်။

ထိုလူ၏ ဦးခေါင်းတစ်ခုလုံး 'ကျီးသိုက်'ကဲ့သို့ ရှုပ်ပွ၍နေပြီး မျက်လုံးများကို ပွတ်သပ်နေသည်။

'မနက်အစောကြီး နှိုးရတာ တောင်းပန်ပါတယ်။ အရေးကြီး တဲ့ကိစ္စရှိလို့ ကျော်ဇောလင်းနဲ့ တွေ့ချင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထဲမှ လူက ခေါင်းကိုကုတ်လျှက် . .

'ကိုကျော်ဇောလင်း မရှိဘူး ခင်ဗျ။ တောင်ဖြူမြို့ကိုသွားတယ်။ ဟိုမှာ သူ့ဦးလေးရဲ့မိသားစု အရေးတကြီးပြဿနာတစ်ခု ဖြစ်နေလို့တဲ့'

'ဒါဆို . . သူ ဘယ်တော့ပြန်လာမှာလဲ'

'ဒါတော့ မပြောခဲ့ဘူး။ ဟိုမှာကြာချင် ကြာနိုင်တယ်။ အဲဒီကနေ ဗန္ဓရမြို့ကိုသွားဦးမယ်လို့ပြောတယ်။ ဟိုမှာ ကားယောင်းတွေကိစ္စ ရှင်းစရာရှိတယ်လို့ပြောတယ်။ တောင်ဖြူမြို့ကနေ ဗန္ဓရမြို့ကို တိုက်ရိုက်သွားချင်သွားလိမ့်မယ်'

စစ်ရန်နိုင် ခေါင်းခါလိုက်သည်။

'ကဲ . . ပြန်ကြမယ်'

စစ်ရန်နိုင် နောက်ဘက်သို့ လှည့်လိုက်၏။ စိတ်ထဲ၌ မချင့်မရဲဖြစ်လာမိသည်။ လူတစ်ယောက်ကို စောင့်ဆိုင်းရသည့်ကိစ္စမျိုး သဘောမတွေ့ပေ။

သျှားသက်ညိုက . . .

'ကျွန်မတို့ အခု ဘယ်သွားကြမလဲ'

'တက္ကစီ ကားပေါ်ရောက်မှ စဉ်းစားကြတာပေါ့'

အိမ်ထဲမှ လူကို သူမက နှုတ်ဆက်၍ ခြံဝင်းအတွင်းမှ ထွက်လာကြသည်။ ခြံဝင်းအတွင်းမှ ပန်းရနံ့များက လန်းဆန်းသင်းပျံ့၍နေသည်။

စစ်ရန်နိုင်နှင့် သျှားသက်ညိုကို တက္ကစီမောင်းသူ





တင်မောင်လွင်က ကားအေား၌ မှီ၍ရပ်ရင်း စောင့်ဆိုင်းနေသည်။

စစ်ရန်နိုင်၏နောက်မှ သျှားသက်ညို ပါလာသည်။ စစ်ရန်နိုင်က နောက်ခန်းတံခါးကိုဖွင့်လိုက်သည်။

ကားမောင်းသူ တင်မောင်လွင်က . . .

'ခင်ဗျားတို့ နှစ်ယောက်လုံး လက်မြှောက်လိုက်ပါ။ နှစ်ယောက်လုံး ငြိမ်ငြိမ်လေး ရပ်နေကြပါ'

စစ်ရန်နိုင် လှည့်ကြည့်လိုက်သည်။

တင်မောင်လွင်က ပစ္စတိုတစ်လက်ဖြင့် သူတို့နှစ်ဦးအား တည့်မတ်စွာ ချိန်ရွယ်ထားသည်ကို မြင်လိုက်ကြရသည်။

× × × × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

စဝ်ရန်နိုင်က အေးစက်စွာဖြင့် သေနတ်ပြောင်းဝကို စိုက်ကြည့်နေသည်။

သျှားသက်ညို၏ မျက်နှာမှာ ဖြူဖွေး၍သွားသည်။

တက္ကစီသမား တင်မောင်လွင်က အားရပါးရ ရယ်မောလိုက်၏။

'စောစောက ကျွန်တော်ပြောခဲ့တာပဲ။ ကျွန်တော်က ပျော့တတ်ပါတယ်ဆိုမှ။ ဒီလိုပဲ ကျွန်တော်က ကျီစယ်တတ်တာ စိတ်မဆိုးကြပါနဲ့နော် . . ဟား . . . ဟား . . ဟား . . ဒီသေနတ်က ကလေးကစားစရာ သေနတ်ပါ'





တင်မောင်လွင်က ကလေးကစားစရာ သေနတ်ကို သူ၏အိတ်ထဲသို့ ထည့်လိုက်သည်။

သျှားသက်ညိုက . . .

'ရှင် ကျီစားတာကလဲ ကျွန်မတော့ အသက်ထွက်တော့မယ်'

'ဟဲ . . ဟဲ . . ဟဲ စိတ်မရှိပါနဲ့။ ကျွန်တော် တောင်းပန်ပါတယ်။ ကဲ . . ကဲ . . ဘယ်ကို ဆက်သွားကြမလဲ'

စဝ်ရန်နိုင်က . . .

'ငါတို့ ဟိုတယ်ကြိုပြီး ငှားထားတာမရှိဘူး'

'ဒါဆို . . ရှိုင်ရယ်ဒိုင်းမွန်းဟိုတယ်ကို သွားပါလား။ ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

ဟိုတယ်၏ ကားရပ်ရာနေရာ၌ တက္ကစီကား တစ်ဒါဇင်ကျော် ရပ်ထားသည်။ တက္ကစီခရှင်းပြီး ဟိုတယ်အတွင်းသို့ ဝင်ကြသည်။ အခန်းနှစ်ခန်းခွဲ၍တောင်းရာ ဟိုတယ်စာရေးဖြစ်သူက စာရင်းစာအုပ်ကို ကြည့်ပြီး'

'ဟိုတယ်မှာ လူပြည့်နေပြီ ဆရာ။ အင်း . . တစ်ယောက်ခန်းတွေလည်း မရှိတော့ဘူး။ နှစ်ယောက်ခန်း တစ်ခန်းတော့ရမယ် ဆရာ'

'အေးလေး . . ရတာပဲ ယူရတော့မှာပေါ့'

'အခန်းနံပါတ် (၂၀၁) ဒုတိယထပ်မှာပါ။ ဟိုတယ်အလုပ်သမားကောင်လေးတွေ လိုက်ပို့ပေးပါလိမ့်မယ်'

ဒုတိယထပ်သို့ ဓါတ်လှေကားဖြင့်တက်သည်။ လိုက်ပို့သော



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားလှူငယ်ကို မုန့်ဖိုးပေးလိုက်သည်။

အခန်းဖွင့်သို့ရောက်သော သျှားသက်ညိုက ခုတင်ပေါ်၌ ကိုယ်ကိုလှဲ၍ ထိုင်သည်။ စဝ်ရန်နိုင်က ထိုင်ခုံတစ်လုံး၌ ထိုင်သည်။

သူမက . . .

'အခု၊ ရှင် ဘာလုပ်မှာလဲ'

'သန့်ရှင်းမယ်လေ။ ရေချိုးမယ် . . ။ အဝတ်အစားလဲဖို့အတွက် စီစဉ်မယ်။ မင်းအတွက်ပါ ပါတယ်။ နောက် မနက်စာအတူ စားကြမယ်။ ဗန္ဓရမြို့ကိုသွားဖို့အတွက် လေယာဉ်လက်မှတ် နှစ်စောင် ဝယ်မယ်'

သျှားသက်ညိုက . . .

'ဒါ . . ရှင့်ရဲ့ အစီအစဉ်အကုန်ပဲလား'

'ဟုတ်တယ်လေ။ ကိုယ်ပြောတာ ဘာမှားလို့လဲ'

သျှားသက်ညိုက . . .

'ခဏနေဦး စဝ်။ ကိုယ်လုပ်ချင်တာ လုပ်လို့ မဖြစ်သေးဘူး၊ သူတို့ကို လျှော့တွက်လို့ မဖြစ်ဘူး'

'သူတို့ဆိုတာ ဘယ်သူတွေလဲ'

'ရှင် သိထားတဲ့လူတွေကို ပြောနေတာ'

'ကဲ . . မင်း အနားယူလိုက်၊ ကိုယ်လည်း ခဏလောက် အနားယူမယ်'

စဝ်ရန်နိုင် ရေချိုးခန်းဘက် ထွက်လာသည်။

× × ×





တယ်လီဖုန်းသံ မြည်လာသည်။

စဝ်ရန်နိုင် စားပွဲခုံဆီသို့သွားပြီး ဖုန်းကိုကောက်ကိုင်လိုက်၏။ ဟိုတယ်စာရေးထံမှ အသံပေါ်လာသည်။

'လွန်ခဲ့တဲ့ ဆယ်မိနစ်လောက်က တစ်ခါ ဖုန်းဆက်ကြည့်သေးတယ်။ ဆရာတို့ဆီက အသံမကြားရဘူး။ အခုဆက်မှပဲ ရတော့တယ်။ ဆရာ့ကိုတွေ့ချင်လို့ အောက်မှ လူတစ်ယောက်စောင့်နေပါတယ်'

'ဘယ်သူလို့ . . ပြောသလဲ'

'နာမည်တော့ မပြောဘူး။ သူ မကြာခင် ပြန်လာမယ်လို့ပဲ ပြောသွားတယ်'

စဝ်ရန်နိုင် တယ်လီဖုန်း ပြန်ချလိုက်သည်။

သျှားသက်ညို အိပ်ပျော်နေရာမှ ထ၍မေးသည်။

'စဝ် . . ဘယ်သူ ဖုန်းဆက်တာလဲ'

'ကိုယ့်ကို လူတစ်ယောက်က တွေ့ချင်လို့ အောက်မှာရောက်နေတယ်တဲ့။ နာမည်လည်း မပြောသွားဘူး။ ပြန်လာမယ်လို့ပဲ ပြောသွားတယ်'

'ဒီမြို့မှာ ရှင်နဲ့သိတဲ့လူ ရှိသေးလား။ ဟို . . ကားအဟောင်း အရောင်းအဝယ်လုပ်တဲ့ လူများလား'

'အဲဒီလူက ဒီမြို့မှာ မရှိဘူးလေ။ သူလည်း မဖြစ်နိုင်ဘူး'

သျှားသက်ညိုက မျက်မှောင်လေး မသိမသာကြုတ်လျှက်

'ဒါဆို . . ဟိုလူတွေ နောက်က လိုက်လာတာဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီလောက်အထိ မြန်မြန်ဆန်ဆန်လည်း လိုက်လာလိမ့်မယ် မထင်ဘူး။ ဟိုကနေ ကျွန်မတို့ လေယာဉ်နဲ့ ထွက်သွားပြီဆိုတာ အနေးနဲ့ အမြန် ရိပ်မိသွားမှာ သေချာတယ်။ ကျွန်မတို့ပြေးစရာ ကလည်း ဒီတစ်လမ်းပဲရှိတယ်လေ။ လေယာဉ်ဆိုတော့ ရှာရတာ သိပ် မခက်ဘူး။ သူတို့ စုံစမ်းလိုက်တာနဲ့ သိပ်မကြာခင်မှာ သိသွားမှာပဲ'

စစ်ရန်နိုင်က . . .

'သူတို့ ဘာပဲ စီစဉ်၊ စီစဉ်။ လူသတ်တဲ့ကိစ္စကတော့ လွယ်လွယ်လုပ်ရဲမှာတော့ မဟုတ်ဘူး။ ကိုယ်ကတော့ သူတို့ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီးသွားပြီ။ မင်းကကော ကိုယ်နဲ့အတူလိုက်မလား။ ဒီမှာပဲ နေခဲ့မလား . .'

သျှားသက်ညို နှုတ်ခမ်းလေးကို ခပ်တင်းတင်းကိုက်လိုက်သည်။

'ရှင်တစ်ယောက်ထဲ သွားလို့မဖြစ်ဘူး။ သူတို့ကိုဆင်းပြီး တွေ့တယ်ဆိုရင်လည်း ရှင် မိုက်ရူးရဲဆန်တာပဲဖြစ်မယ်'

'ဒါဆို မင်း ဒီမှာ ခဏနေရစ်ခဲ့မလား'

သူမ ခေါင်းခါလိုက်သည်။

'ကျွန်မကတော့ ဒီနေရာမှာပဲ ရှင်နဲ့အတူ နေချင်တယ်။ သူတို့ ဒီနေရာအထိ လာချင်လာပါစေ . .'

'ကဲ . . အဲဒါတွေ အခု စဉ်းစားမနေနဲ့တော့။ အောက်ထပ်ကို ဆင်းကြရအောင်'

သျှားသက်ညို၏ လက်ကိုဆွဲ၍ ထိုင်ရာမှ ထစေလိုက်သည်။





သူမ ခေါင်းဖြီး၍ပြီးလျှင် အခန်းထဲမှထွက်သည်။ သော့ကိုပိတ်လိုက်ပြီး သျှားသက်ညိုကို သော့ပေးလိုက်သည်။

ဓါတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းလာကြပြီး စားသောက်ခန်းအတွင်းသို့ ဝင်လာကြသည်။ အခန်း၏ထောင့်ဘက် နံရံနှင့်ကပ်လျက် စားပွဲခုံတွင် သူတို့နှစ်ဦးထိုင်လိုက်သည်။

စားပွဲထိုးလူငယ်လာပေးသည့် အစားအသောက်စာရင်းကို ယူ၍ကြည့်ပြီး သျှားသက်ညိုအားမေး၍ သင့်တော်ရာ မှာလိုက်သည်။ စားသောက်ပြီးစီးလျှင် ကော်ဖီတစ်အိုးနှင့် သစ်သီးဖျော်ရည်တစ်ခွက် မှာသည်။ သူတို့ထိုင်နေစဉ် မည်သူတစ်ဦးတစ်ယောက်ကမျှ လာရောက်ခေါင်ငြိခြင်းမရှိပေ။

နောက်ထပ် နာရီဝက်မျှအကြာတွင် စစ်ရန်နိုင် ထိုင်ရာမှ ထရပ်လိုက်၏။

'ဟိုတယ်စာရေးဆီသွားပြီး နည်းနည်းပါးပါးလောက် စုံစမ်းကြည့်ဦးမယ်။ ကိုယ် အခုချက်ခြင်း ပြန်လာခဲ့မှာပါ'

သူမ မော့ကြည့်၍ မသိမသာခေါင်းညိတ်ပြသည်။

ဟိုတယ်စာရေးမှာ စာရွက်များကြား၌ ဟိုလှန်သည်လှန်ဖြင့် အလုပ်ရှုပ်နေသည်။ စစ်ရန်နိုင် ကောင်တာအနီး၌ ရပ်လိုက်လျှင် . .

'အမိန့်ရှိပါ . . ခင်ဗျာ'

'ကျွန်တော့်နာမည် စစ်ရန်နိုင်ပါ။ လွန်ခဲ့တဲ့ တစ်နာရီလောက်ကျော်က ကျွန်တော့်ဆီကို လူတစ်ယောက်တွေ့ချင်တယ်ဆိုပြီး ဖုန်းဆက်တယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ . . ။ အဲဒီ လူပြန်လာမယ်လို့ ပြောသွားပါတယ်'

'အဲဒီလူရဲ့ ပုံသဏ္ဌာန်က ဘယ်လိုလဲ'

ဟိုတယ်စာရေး ခေတ္တ စဉ်းစားလိုက်သည်။

'ရိုးရိုး သာမန် သူလိုကိုယ်လိုပါပဲ။ အရပ်အမောင်းကတော့ ဆရာ့အရွယ်လောက်ပဲရှိတယ်'

'သူ့နာမည်ကော ပြောခဲ့သေးသလား'

'နာမည်လည်း ပြောမသွားဘူး။ ချက်ခြင်းပဲ ပြန်ထွက်သွားတယ်'

စစ်ရန်နိုင် စားသောက်ခန်းထဲ ပြန်ဝင်လာသည်။

စစ်ရန်နိုင်က သျှားသက်ညိုနှင့်အတူ ထိုင်သည်။ ဟိုတယ်ရှေ့အပြင်ဘက်လမ်းဝေါ်၌ ရပ်ထားသော ကားစီးရေပို၍ များလာသည်။ ဟိုတယ်ရှေ့ဘက် ကိုက်ငါးဆယ်ခန့်အကွာ ပင်လယ်ကမ်းခြေဘက်၌ အနက်ရောင် ပါရာဒိုကားတစ်စီး ရပ်ထားသည်။ ကားရှေ့မှ စက်ဖုံးကိုဖွင့်ထားသည်။

ရှေ့ခန်းဘက်၌ လူတစ်ယောက်ထိုင်နေသည်။

ထိုလူက ဟိုတယ်အတွင်းဘက်သို့ လှမ်း၍ကြည့်နေသည်ကို စစ်ရန်နိုင် သတိပြုမိသည်။ ထိုလူသည် နေကာမျက်မှန်ကိုတပ်ဆင်ထားပေသည်။ နေရောင်ထဲ၌ လက်ခနဲတစ်ချက် ဖြစ်သွား၍ စစ်ရန်နိုင် ပိုပြီး သတိပြုလိုက်မိခြင်းဖြစ်သည်။

ထိုလူသည် သူတို့နှစ်ဦးကိုဖမ်းဆီးခဲ့သူ ထွန်းမြတ်ပင် ဖြစ်သည်။



စစ်ရန်နိုင်၏ မျက်လုံးများ အေးစက်၍သွားသည်။

စစ်ရန်နိုင်၏ မျက်နှာအပြောင်းအလဲကို သတိပြုမိနေသော သျှားသက်ညိုက မေးသည်။

'စစ် . . ဘာဖြစ်လို့လဲ ဟင်'

'ကမ်းခြေဘက်မှ အနက်ရောင်ပါရာဒိုတစ်စီး ရပ်ထားတယ်။ အဲဒီကားရှေ့ခန်းမှာ ထွန်းမြတ်ထိုင်ပြီး ကိုယ်တို့ဘက်ကိုကြည့်နေတယ်။ သူ့လက်ထဲမှာ မှန်ပြောင်းတစ်လက်ပါရှိနေလိမ့်မယ်'

'ကဲ . . ရှင့်ကို ကျွန်မပြောတဲ့အတိုင်း ဖြစ်လာပြီ . .'

'ထွန်းမြတ်နဲ့ ထိပ်တိုက်တွေ့ကြရုံပဲပေါ့'

'တွေ့ရင် သူတို့က ကျွန်မတို့ကို အရင်သတ်လိမ့်မယ်'

'ဘာဖြစ်လို့ သတ်ရမှာလဲ'

'အို . . သူတို့သိချင်တဲ့အချက် ကျွန်မတို့ဆီက မေးလို့မရနိုင်လို့ပေါ့'

'ကိုယ်က ဘာမှ မသိတာ . .'

'ရှင် လွယ်လွယ်မပြောနဲ့။ ရှင့်စကားကို သူတို့က လွယ်လွယ်ယုံကြည်မှာမဟုတ်ဘူး'

'အမှန်အတိုင်း ဖြစ်လာမှာပေါ့ . .'

'အဲဒီလိုလူစားတွေမှာ ဘာအမှန်တရားမှ မရှိဘူး'

ထိုအချိန်မှာပင် . . .

စားပွဲထိုးတစ်ဦး၊ သူတို့နှစ်ဦးအနီးသို့ ရောက်လာသည်။

'ဒေါ် . . တာ စစ်ရန်နိုင်ဆိုတာ အစ်ကိုလား'



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က ခေါင်းညိတ်လျက် . .

'အေး . . ဟုတ်တယ်'

'ဆရာ့ကို တွေ့ချင်တဲ့လူတစ်ယောက် ရောက်နေပါတယ်။ ဟိုတယ်ဧည့်ခံကြိုဆိုရေး အခန်းထဲမှာရောက်နေတယ်'

'အဲဒီလူရဲ့ နာမည် မသိဘူးရဘူးလား'

'မပြောဘူး အစ်ကို။ စောစောက အစ်ကို့ကို တွေ့ချင်လို့ လာတဲ့လူလို့ ပြောပါတယ်'

စဝ်ရန်နိုင် သူမဘက်သို့ လှမ်းကြည့်သည်။

'သွားသက်ညို . . ကိုယ်နဲ့အတူ တွဲပြီးမလိုက်ခဲ့နဲ့။ တစ်မိနစ်လောက်ခွာပြီးတော့မှ လိုက်လာခဲ့။ မျက်နှာကို လက်ကိုင်ပုဝါတစ်ထည်နဲ့ မသိမသာအုပ်ပြီးလာခဲ့။ အခြေအနေဆိုးလာရင် မင်းအနေနဲ့ ရှောင်နိုင်၊ တိမ်းနိုင်အောင်ပေါ့ . .'

'စဝ် . .'

'ဘာပြောမလို့လဲ သွားသက်ညို'

သူမက စိုးရိမ်သံဖြင့် . . .

'စဝ် . . ရှင် ဂရုစိုက်ပါ'

'ကိုယ့်အတွက် ဘာမှ စိုးရိမ်မနေပါနဲ့။ ကိုယ့်ရဲ့ဇာတာထဲမှာ အသက်တစ်ရာကျော်မယ်လို့ ပါတယ်။ လွယ်လွယ်နဲ့ ကိုယ် အသက် မသေနိုင်သေးပါဘူး'

သူမ စိတ်သက်သာရာရစေရန် ခပ်ပေါ့ပေါ့ ပြောလိုက်ခြင်းဖြစ်သည်။





စားပွဲထိုးလူငယ်နှင့်အတူ စဝ်ရန်နိုင် လိုက်ပါသွားသည်။ စားသောက်ခန်းမှ ထွက်သည်။ ဟိုတယ်၏ မျက်နှာစာဘက်၌ရှိသော ဧည့်ကြိုခန်းအတွင်းသို့ဝင်ရန် စားပွဲထိုးက တံခါးဖွင့်ပေးသည်။

ဟိုတယ်စာရေးက စဝ်ရန်နိုင်ကို လှမ်းကြည့်လိုက်ပြီး

'ဪ . . . ဒေါက်တာ့ကို တွေ့ချင်တဲ့ စောစောကလူ အခု ရောက်နေပါပြီ'

စဝ်ရန်နိုင် ခေါင်းညိတ်ပြလိုက်သည်။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

အင်္ကျီအကျားနှင့် အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ဦး သတင်းစာဖတ်နေသည်။ သူ၏ဘေး၌ ခရီးဆောင်သေတ္တာတစ်လုံးချထားသည်။

ဆက်တီခုံများပေါ်၌ စွဲတွဲသုံးတွဲရှိသည်။

လမ်းမဘက်ဆီ၌ ကားများဖြတ်သွားနေသည်ကို လှမ်းမြင်ရသည်။

ပြတင်းပေါက်တစ်ခု၌ ကျောပေး၍ လူတစ်ဦးရပ်နေသည်။ ထိုလူက ပင်လယ်ပြင်ဘက်သို့ လှမ်း၍ကြည့်နေပေသည်။ ရှပ်အင်္ကျီအဖြူရောင်၊ ဘောင်းဘီနီညိုရောင်မှိုင်းမှိုင်းကို ဝတ်ထားသည်။

ဟိုတယ်စာရေးဖြစ်သူက . . .

'ဒေါက်တာ စဝ်ရန်နိုင် ရောက်လာပါပြီ'

ထိုလူက စဝ်ရန်နိုင်ဘက်သို့ လှည့်လိုက်၏။

စဝ်ရန်နိုင် အံ့အားသင့်သွားသည်။ သူတွေ့လိုက်ရသည့်သူ

www.burmeseclassic.com

မှာ ရဲမှူးကျော်လွင်မိုးဖြစ်သောကြောင့်ပင်တည်း။ ကျော်လွင်မိုးကို ဤနေရာ၌ တွေ့ရလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားပေ။ ကျော်လွင်မိုး မည်သည့်အတွက်ကြောင့် ဤနေရာသို့ ရောက်လာရသနည်းဟု ဖျတ်ခနဲ တွေးမိသည်။

ကျော်လွင်မိုးက ပြုံးလျက် . .

'ဒေါက်တာ စပ်ရှန်နိုင် . .။ ခင်ဗျားကိုကြည့်ရတာ တကယ့် ပါရဂူကြီးတစ်ယောက် အတိုင်းပါပဲ။ စောစောက ဖုန်းဆက်ပြီး ခေါ်သေးတယ်။ ခင်ဗျားဆီက ဘာအသံမှ မကြားခဲ့ရဘူး'

'ကျွန်တော့်ဆီလာတာ တစ်ခြား တစ်ယောက်ယောက်လို့ ထင်တာ။ ခင်ဗျားဖြစ်နေမယ်လို့ လုံးဝမထင်မိဘူး။ ခင်ဗျားက ဒီနေရာ အထိ ဘာဖြစ်လို့ ရောက်လာရတာလဲ'

ရဲမှူး ကျော်လွင်မိုးက . . .

'ကျွန်တော် ခွင့်နှစ်ပတ်ရတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေ တစ်ယောက်က အတော်လေးချမ်းသာတယ်။ သူ့မှာ ကိုယ်ပိုင်ရွက်လှေ ကြီးတစ်စင်းရှိတယ်။ သူက ကျွန်တော့်ကို ရွက်လှေနဲ့ခေါ်လာပြီး ဒီမှာ ညအိပ်အနားယူပြီ နေနိုင်းတယ်လေ။ ကိုစောမြင့်က ခင်ဗျားကို ခတ္တရာကျွန်းမှာ နေနိုင်းသလိုမျိုးပေါ့။ အရက်ကလေး ဘာလေး သောက်ဖို့ဆိုပြီး ဒီဟိုတယ်ကိုဝင်လာတာ။ ဧည့်စာရင်း အမှတ်မထင် လှမ်းကြည့်လိုက်တော့ ခင်ဗျားနာမည်ကိုတွေ့တာနဲ့ တွေ့ဖို့ ခေါ်လိုက်တာ'

'ဒါဆို၊ နောက်ထပ် ခင်ဗျား နောက်ထပ် တစ်ယောက်တွေ့ဖို့





ကျန်သေးတယ်'

ကျော်လွင်မိုး၏ မျက်ခုံးများ မသိမသာမြင့်တက်သွား၏။

'ဟား . . ဒါဆို၊ ခင်ဗျားက အဖော်နဲ့ပေါ့ . . ဟုတ်လား'

စပ်ရှန်နိုင်က နောက်ဘက်သို့ ပြန်လှည့်သည်။ စင်္ကြံလမ်း၌ သျှားသက်ညို ရပ်၍နေသည်။

စပ်ရှန်နိုင်က . . .

'လူစိမ်းမဟုတ်ပါဘူး။ ကိုယ့်ရဲ့မိတ်ဆွေ ရဲမှူးကျော်လွင်မိုး ပါ။ ခတ္တရာကျွန်းကနေ ခွင့်ရလို့ ဒီကိုလာပြီး အနားယူတာ'

'သြော် . . တော်သေးတာပေါ့'

စပ်ရှန်နိုင်က၊ ကျော်လွင်မိုးဘက် လှည့်ပြီး

'ဒါ . . သျှားသက်ညိုပါ'

'ဒေါ်ကြူကြူဆွေနဲ့ ဆွေမျိုးတော်သလား'

သျှားသက်ညိုက စပ်ရှန်နိုင်ကို တစ်ချက်လှမ်းကြည့်သည်။ စပ်ရှန်နိုင်အနေနှင့် ရဲမှူးကျော်လွင်မိုးကို မည်သည့်စကားများ ပြောထား ပြီးဖြစ်သည်ကို သူမ မသိပေ။ စပ်ရှန်နိုင်က ဝင်၍အဖြေပေးလိုက် သည်။

'ဟုတ်တယ်၊ ဒေါ်ကြူကြူဆွေရဲ့ သမီးလေ'

'သြော် . . တွေ့ရတာ ဝမ်းသာပါတယ်'

ရဲမှူးကျော်လွင်မိုးက . . .

'ခင်ဗျားတို့နှစ်ယောက်က၊ ဒီနေရာကို အပျော်ခရီးထွက်လာ ကြတာလား'



www.burmeseclassic.com

www.burmeseclassic.com

'အပျော်ခရီးထွက်တာရော၊ တစ်ခြားကိစ္စလေးတွေပါ ရှိနေလို့ ရောက်လာကြတာ'

စားသောက်ခန်းသို့ ရဲမှူးကျော်လွင်မိုး၊ သျှားသက်ညိုနှင့် စစ်ရန်နိုင်တို့သုံးဦး ရောက်လာကြပြီး စားပွဲတစ်လုံး၌ ထိုင်လိုက်ကြသည်။ ထိုအချိန်၌ ထွန်းမြတ်၏ အနက်ရောင်ပါရာဒို ထွက်သွားပြီဖြစ်သည်။

စစ်ရန်နိုင်က . . .

'ခင်ဗျားနဲ့ လမ်းခွဲပြီး ထွက်လာကတည်းက ပြဿနာတွေ ဆက်တိုက် ကြုံရတော့တာပဲ . .'

စစ်ရန်နိုင်က ရဲမှူးကျော်လွင်မိုးအား ခတ္တရာကျွန်းမှ စသည့် ခရီးစဉ်လမ်း၏ နောက်ဆက်တွဲကို ပြောပြလိုက်သည်။

ရဲမှူး ကျော်လွင်မိုးက စစ်ရန်နိုင်ပြောသည့် စကားများကို စိတ်ပါဝင်စားစွာ မျက်လုံးပြူး၍ နားထောင်နေပေသည်။

စစ်ရန်နိုင်က

'ဗြိစ္ဆာအဖွဲ့နဲ့ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ဘယ်လိုဆောင်ရွက်နိုင်မယ်လို့ ထင်သလဲ'

'ဒီကိစ္စကို ဦးထွန်းပိုင်ဆီ တင်ပြပေးပါ့မယ်'

'ဗြိစ္ဆာအဖွဲ့ဟာ လျှို့ဝှက်တယ်။ ရာဇဝတ်မှု ကျူးလွန်ခဲ့ဖူးတဲ့ လူတွေချည်းပဲ။ သူတို့အဖွဲ့ထဲက လူတွေအားလုံး ရက်စက်ကောက်ကျစ်သွေးအေးတဲ့ လူတွေချည်းပဲ . .'

ကျော်လွင်မိုးက မေးသည်။





'ဗြိစ္ဆာအဖွဲ့ဝင်လို့ ဘယ်လို အထောက်အထားပြနိုင်ပါသလဲ'

သျှားသက်ညိုက ဝင်၍ပြောသည်။

'ဒီကိစ္စ ကျွန်မအနေနဲ့ သက်သေပြနိုင်ပါတယ်။ ကျွန်မဟာ အေးချင့်ဌာနခွဲတစ်ခုအတွက် တာဝန်ယူပြီးလုပ်ကိုင်ပေးနေသူပါ။ သူတို့ဆီက မှတ်တမ်းတစ်ခုကို ကျွန်မဖတ်ကြည့်ပြီးပါပြီ။ အခု ထွန်းမြတ်ဆိုတဲ့လူရဲ့အကြောင်း ကျွန်မ သေသေချာချာ စုံစမ်းကြည့်ပြီးသွားပါပြီ'

'ဒါဆို . . ခင်ဗျားဘက်က တိတိကျကျ ပြောနိုင်တဲ့ အနေအထားမျိုးရှိတာ သေချာသလား'

'သေချာပါတယ်'

စစ်ရန်နိုင်က . . .

'ခင်ဗျားအနေနဲ့ ဒီကိစ္စကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဘူးလား'

ကျော်လွင်မိုးက . . .

'ဩော် . . အခုမှ သတိရတယ်။ စောစောကပြောတဲ့ ကျွန်တော်ရဲ့ မိတ်ဆွေဟာ ကတ္တီပါမြို့ကို ဒီညနေမှာပဲ ရှက်လှေနဲ့ ရောက်လာလိမ့်မယ်။ အဲဒီပုဂ္ဂိုလ်က အတော့်ကို ချမ်းသာတယ်။ သူ့မှာ ကျွမ်းခင်မင်တဲ့ လူတွေအများကြီးရှိတယ်။ သူက ဒီလိုကိစ္စမျိုး စိတ်ဝင်စားပြီး အကူအညီပေးနိုင်ပါတယ်။ ခင်ဗျားတို့အနေနဲ့ အဲဒီပုဂ္ဂိုလ်ကို တွေ့ချင်တယ်ဆိုရင်တော့ ကျွန်တော် တွေ့ပေးမယ်လေ'

'ကောင်းသားပဲ၊ ဘယ်အချိန်တွေ့မလဲ'


www.burmeseclassic.com

www.burmeseclassic.com


'ညနေ ခြောက်နာရီခွဲလောက် ကျွန်တော်လာခေါ်မယ်'

'ကျွန်တော်တို့ အသင့်စောင့်နေမယ်'

ကျော်လွင်မိုး ထိုင်ရာမှ ထ၍ရပ်သည်။

စဝ်ရန်နိုင်နှင့် သျှားသက်ညိုကို နှုတ်ဆက်၍ စားသောက်ခန်းထဲမှ ထွက်သွားသည်။

× × × × × × ×



## အခန်း (၁၅)

ညနေ ခြောက်နာရီခွဲ . . .။

စားပွဲထိုးလူငယ် ရောက်လာသည်။

'ခေါက်တာစဝ်ရန်နိုင်။ အောက်ထပ်မှာ ဆရာတို့ကို စောင့်နေပါပြီ'

စဝ်ရန်နိုင်နှင့် သျှားသက်ညိုတို့ အောက်ထပ်သို့ဆင်းလာသည်။

ရဲမှူးကျော်လွင်မိုးက မီးခိုးရောင် မစ်ဆူဘီရှီတက္ကစီကားပေါ် အသင့်စောင့်နေသည်။

ကျော်လွင်မိုးက . . .

'ကျွန်တော့်မိတ်ဆွေက ရေဒီယိုတယ်လီဖုန်းနဲ့ လှမ်းပြီး


www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ သူ 'ရေပြာ'မှာ ရောက်နေတယ်တဲ့။ ပုလဲမွေးမြူရေး လုပ်ငန်းလုပ်တဲ့နေရာလေ။ ကျွန်တော်တို့ကို လေယာဉ်နဲ့လာခဲ့ပါလို့ ပြောတယ်။ လေယာဉ်လည်း အသင့်စီစဉ်ပေးထားတယ်'

'ဒါဆို . . ပိုအဆင်ပြေတာပေါ့'

လေယာဉ်ကွင်းသို့ ဆက်သွားကြသည်။ သျှားသက်ညို၏ လေယာဉ်ငယ်ကလေးမှာ ရပ်ထားသည့်နေရာ၌ပင် ရှိနေသည်။ ကျော်လွင်မိုး၏ မိတ်ဆွေ စီစဉ်ပေးထားသော ဖော်ကာဖရင်းရှစ် လေယာဉ်တစ်စီးက အသင့်စောင့်ကြိုနေသည်။

မိနစ်အနည်းငယ်အတွင်းမှာပင် ဖော်ကာဖရင်းရှစ်လေယာ မှာ လေထဲသို့ ဦးမော့၍တက်သွားသည်။

'ရေပြာ'သို့ရောက်လျှင် တက္ကစီစီးပြီး ဆိပ်ကမ်းသို့သွ သည်။ ဆိပ်ကမ်း၌ မော်တော်ဘုတ်တစ်စင်း အသင့်စောင့်ဆိုင်း သည်။

မော်တော်ဘုတ်ပေါ်သို့တက်ပြီး ပင်လယ်ပြင်သို့ မောင်းထွ လာသည်။ ပင်လယ်ပြင်အတွင်းသို့ မော်တော်ဘုတ်မှာ ရောက်၍ သည်။ ကမ်းခြေကို လုံးဝမမြင်ရတော့ပေ။ စစ်ရန်နိုင် နာရီကိုကြ လိုက်သည်။ မော်တော်ဘုတ်မောင်းလာသည်မှာ လေးဆယ့်ငါးမိ ကြာသွားပေပြီ။

ခဏိုလှမ်းလှမ်းတွင် ရွက်လှေတစ်စီး မြင်ရသည်။

ကလေး၊ ကစားစရာအရွယ်မျှသာရှိသည်။ တဖြည်းဖြ ရွက်လှေနှင့် နီး၍လာသည်။ လှပသော ရွက်လှေကြီးတစ်စင်းဖြစ်





သည်ကိုတွေ့လိုက်ရသည်။ ရွက်လှေကြီးတွင် ရွက်တိုင်နှစ်တိုင်ပါ သည်၊ အဖြူရောင်နှင့် အစိမ်းရောင်သုတ်ထားသည်။ ရွက်လှေပေါ်မှ ရေဒါရေိယာတိုင်မှာ တဖြည်းဖြည်းလည်၍နေပေသည်။

ရွက်လှေနှင့် ဘေးချင်းကပ်အနေအထား၌ မော်တော်ဘုတ် စက်ကို ရပ်တန့်လိုက်သည်။ ရွက်လှေပေါ်သို့တက်နိုင်ရန် သစ်သား လှေကားတစ်စီး ထောင်ပေးထားသည်။ ရွက်လှေပေါ်သို့ရောက်လျှင် သူတို့အား အကျႌအဖြူ အပြာရောင်ဘောင်းဘီဝတ်ထားသော သင်္ဘောသားတစ်ဦးက စောင့်ကြိုနေသည်။

စကြံလမ်းအတိုင်း လျှောက်လာကြသည်။

နှစ်ထပ်တံခါးတစ်ခုကို ခေါက်လိုက်သည်။ ထို့နောက် အတွင်းသို့ တွန်းဝင်သွားကြသည်။

အတွင်းခန်းသည် ပြောင်လက်တောက်ပ၍နေ၏။ ခမ်းနား လှပစွာ ပြင်ဆင်ပြုလုပ်ထားသည်။ အတွင်း၌ မီးရောင်ခပ်မှိန်မှိန်သာ လင်း၍နေ၏။ ကြေးဝါမီးအိမ်များမှာ ပင်လယ်လှိုင်းလှုပ်ရှားလျှင် အလိုအလျောက်ရွေ့လျားနိုင်အောင် တပ်ဆင်ထားသည်။

အခန်းအတွင်း မှောင်ရိပ်တစ်နေရာမှ လူတစ်ဦးထွက်လာ သည်။

ထိုလူသည် လက်တစ်ဘက်ကို ရှေ့သို့ဆန့်တန်းလျက် တစ်လှမ်းခြင်းလျှောက်၍လာ၏။ အရပ်မှာ ခြောက်ပေနီးပါးခန့်မြင့်ပြီး ကိုယ်လုံးကိုယ်ထည် တောင့်တင်းကြံ့ခိုင်မှုရှိသည်။ မျက်နှာပေါ်၌ နေကာမျက်မှန်အနက်ကို တပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုလူက သတ္တုရိုက်သံပါသောအသံဖြင့် စကား ပြောသည်။

'ကျုပ်နာမည် 'ဒိဗ္ဗ'လို့ ခေါ်တယ်။ ခင်ဗျားက ဒေါက်တာ စဝ်ရန်နိုင် မဟုတ်လား။ ကျော်လွင်မိုးက ကျုပ်ဆီကို ရေဒီယိုတယ်လီဖုန်းနဲ့ လှမ်းပြီး ပြောထားတယ်'

စဝ်ရန်နိုင်က . . .

'ဟုတ်ပါတယ်။ ကျွန်တော်နဲ့အတူပါလာတဲ့ အမျိုးသမီးနဲ့ မိတ်ဆက်ပေးပါရစေ။ သူ့နာမည်က သျှားသက်ညိုလို့ ခေါ်ပါတယ်'

'ဒိဗ္ဗ'က လှိုက်လှဲသောလေသံဖြင့် . . .

'ဪ . . သျှားသက်ညိုတဲ့လား။ ဒေါက်တာကြူကြူဆွေရဲ့ သမီး မဟုတ်လား။ အင်း . . ဟိုတုန်းကတော့ ဒေါက်ကြူကြူဆွေတို့နဲ့ လုပ်ငန်းတွေ အများကြီးအတူတူ လုပ်ခဲ့ဖူးပါတယ်။ သူတို့နဲ့ပတ်သက်ပြီး ကျုပ် ရှင်းရှင်းနီးနီး သိပါတယ်'

ထိုစဉ်မှာပင် . . .

သူတို့၏နောက်ဘက်မှ တံခါးပွင့်သွားပြီး ရဲမှူးကျော်လွင်မိုး အခန်းတွင်းသို့ဝင်လာသည်။

တံခါးပွင့်သွားချိန်၌ အပြင်မှ အလင်းရောင်ဝင်လာသည်။

အညိုရောင် ကတ္တီပါစများဖြင့် ဖုံးအုပ်ထားသော ဆိုဖာထိုင်ခုံကြီးများကိုမြင်ရသည်။ အောက်ဘက်ကြမ်းပြင်၌ အဖိုးတန်မွေးပွကော်ဇောခင်ထားသည်။ စားပွဲခုံပေါ်၌ ဟင်နက်ဆီဘရန်ဒီတစ်လုံးနှင့် ဖန်ခွက်များတင်ထားသည်။





အပြင်မှ အလင်းရောင်က 'ဒိဗ္ဗ'၏ မျက်နှာပြင်ကိုသာ ကောင်းစွာ မြင်တွေ့လိုက်ရသည်။ ဒိဗ္ဗသည် မတ်တတ်ရပ်၍နေ၏။ သူ၏ ပခုံးပေါ်၌ ကြောင်ကြီးတစ်ကောင်ရှိနေသည်။ ထိုကြောင်မျိုးသည် ရန်သူနှင့် တိုက်ခိုက်သည့်အခါ၌ သခင်ဘက်မှ နေ၍ရန်သူကို ကုတ်ဖဲ့ တိုက်ခိုက်တတ်သည့် ကြောင်မျိုးဖြစ်သည်။ အခန်းထဲသို့ အလင်းရောင်ဝင်လာသဖြင့် ကြောင်ကြီးသည် အမွေးများပွ၍ အမြီးထောင်လာပြီး ဒေါသဖြစ်သွားပုံရသည်။

'ဒိဗ္ဗ'၏ မျက်နှာပေါ်၌ အဖုအထစ်များ၊ အမာရွတ်များနှင့် ပြည့်နက်ကြမ်းတမ်း၍နေသည်။ ထူးခြားသည်မှာ သူ၏ မျက်နှာပေါ်၌ မိတ်ကပ်နှင့် ပေါင်ဒါများလိမ်းချယ်ထားသည်ကို တွေ့ရသည်။ ထို့ပြင် ဒိဗ္ဗတွင်မျက်လုံးနှစ်လုံးစလုံးမရှိပဲ ဟောင်းလောင်းပေါက်ကြီး နှစ်ခုကိုသာ ကြောက်မက်ဖွယ်ရာ တွေ့မြင်ရသည်။

စဝ်ရန်နိုင်ကိုယ်တိုင်ပင်လျှင် 'ဒိဗ္ဗ'ကို မြင်လိုက်ရသည့်အခါ အံ့သြ၍သွားသည်။ သျှားသက်ညိုမှာမူ ထိတ်လန့်ကြောက်ရွံ့မှုကြောင့် မျက်နှာကလေး ဖြူဖွေး၍သွားပေသည်။

ချစ်လွင်ကို ခြိမ်းခြောက်သိမ်းသွင်း၍ ခိုင်းစေခဲ့သော ဆရာကြီးဆိုသူမှာ 'ဒိဗ္ဗ'ဖြစ်နေကြောင်း သူတို့နှစ်ဦးစလုံး ယခုအချိန် အထိ လုံးဝမသိကြသေးပေ။

စဝ်ရန်နိုင်အနေနှင့်မူ၊ အလင်းရောင်အနည်းငယ်မျှရှိသော အခန်းတွင်း၌ မည်သည့်အတွက်ကြောင့် ဒိဗ္ဗနေထိုင်သည်ကို နားလည်



www.burmeseclassic.com

www.burmeseclassic.com

ပိုက်သည်။ တစ်ဆက်တည်းမှာပင် ဒီဗွာ၏ ထူးခြားသော ပြင်ဆင်ထား မှုကိုပါ သတိပြုလိုက်မိ၍ ဒီဗွာသည် အန္တရာယ်ကြီးမားစွာ ပေးနိုင်သူ တစ်ဦးဖြစ်ကြောင်းကိုပါ ရိပ်စားသိရှိလိုက်လေသည်။

× × × × × × ×



## အခန်း (၁၆)

စားပွဲတစ်လုံး၌ 'ဘချုပ်' အလုပ်လည်းရှုပ်၊ စိတ်လည်း ရှုပ်နေရသည်။ ရောက်လာသော အကြောင်းကြားချက်၊ သတင်းများ မှာ ပုံ၍နေသည်။ ထိုအထဲတွင် အမိပွါယ်ကောက်ယူရန် မလွယ်သော သံကြိုးစာများလည်း ပါသေးသည်။

ယွန်းသေတ္တာထဲမှ ဆေးပြင်းလိပ်နှစ်လိပ် ထုတ်ယူလိုက် သည်။ တစ်လိပ်ကို သူ့ရှေ့ရှိထိုင်ခုံတစ်လုံး၌ ထိုင်နေသော ဦးထွန်းပိုင် ကို ပေးလိုက်၏။ တစ်လိပ်ကိုမူ ကြေးဝါမီးခြစ်ကြီးဖြင့် ခြစ်၍ မီးညှိ ဖွာရှိုက်လိုက်သည်။

'ဒီမှာ . . ကိုထွန်းပိုင်။ ခင်ဗျားလည်း ကိစ္စပေါင်းစုံနဲ့ အချိန် ကုန်နေတယ်။ အခု . . ကျူမ်ဆီရောက်လာတဲ့ သတင်းပို့ချက်တစ်ခုက


www.burmeseclassic.com

www.burmeseclassic.com

ဖတ်ကြည့်ပါဦး'

'ဘချုပ်'က စာရွက်တစ်ရွက်ကို လှမ်းပေးရင်းပြောသည်။

ဦးထွန်းပိုင်က ယူ၍ဖတ်လိုက်သည်။

× × × × ×

အမှတ် – – – SL.T . 22469085

ရည်ညွှန်း . . . . ထ /တ /လ —— 36295

အရေးကြီး (လျှို့ဝှက်)

SL.T. 22469085 မှ ပေးပို့သည်။

ခတ္တရာကျွန်းမှ 'ချစ်လွင်'၏ ဝန်ခံဖြောင့်ဆိုချက်။

ဒေါက်တာစဝ်ရန်နိုင်အား ခြိမ်းခြောက်မှုဖြင့် အရေးယူသည်။

သက်သေမခိုင်လုံ၍ ပြန်လွှတ်ပေးသည်။

ရဲမှူး ကျော်လွင်မိုးထံ ဝန်ခံချက်ပေးသည်။

အမှတ်စဉ်(၁) ဥတ္တရကျွန်း၌ အခြေချကျနေထိုင်ရန်နှင့် အခွင့်အရေးများပေးမည်ဟု ကတိပေးထားသော မျက်မမြင် ပုဂ္ဂိုလ်တစ်ဦးထံသို့ ချစ်လွင်ရောက်သွားသည်။ ထိုမျက်မမြင် ပုဂ္ဂိုလ်က ချစ်လွင်နှင့် အပေးအယူလုပ်ပြီး ချစ်လွင်အား ခြိမ်းခြောက်၊ သိမ်းသွင်း၊ ခိုင်းစေခဲ့သည်။ ထိုမျက်မမြင် ပုဂ္ဂိုလ်





ကြီးသည် လျှို့ဝှက်ဒုစရိုက်အဖွဲ့တစ်ခုမှ ခေါင်းဆောင်ဖြစ်သည်ဟုသိရသည်။ ထိုပုဂ္ဂိုလ်သည် ရွက်လှေကြီးတစ်စင်းဖြင့် ပင်လယ်ပြင်၌ သွားလာလှုပ်ရှားနေသည်။

အမှတ်စဉ်(၂) မော်တော်ဘုတ်တစ်စီးပေါ်မှ အမျိုးသမီးငယ်တစ်ဦးကို ချစ်လွင်က မှန်ပြောင်းတပ်ရိုင်ဖယ်ဖြင့် ပစ်သတ်ခဲ့သည်ဟု ဝန်ခံဖြောင့်ချက်ပေးသည်။ ထိုသို့ပြုလုပ်ပေးလျှင် ချစ်လွင်အား ဥတ္တရကျွန်း၌ နေထိုင်၊ စားသောက်ရေးအတွက် တာဝန်ယူပို့ဆောင်ပေးမည်ဟု အပေးအယူပြုလုပ်ကတိပေးထားသည်။

အမှတ်စဉ်(၃) ချစ်လွင်က ထိုရွက်လှေကြီးကို ဖမ်းဆီးရန်ပြောသည်။ ကင်းလှည့်အဖွဲ့သင်္ဘောများက စုံစမ်းသော်လည်း မည်သည့်ရွက်လှေကိုမျှ မတွေ့ရဟုဆိုသည်။ ပင်လယ်ပြင်မိုင်သုံးရာပတ်ဝန်းကျင်တစ်ဝိုက်၌ ရွက်လှေကြီးရှိနိုင်သည်ဟု ချစ်လွင်က ပြောသည်။

× × × × ×

ဦးထွန်းပိုင်က သတင်းပို့ချက်ကို ဖတ်ရှုပြီး 'ဘချုပ်'ထံသို့ ပြန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီအထဲမှာ ပါတဲ့သတင်းအချက်အလက်အတိုင်းပဲ ကျွန်တော်လည်း သိနိုင်မယ် ဆရာ'

'ဘချုပ်'က ဆေးပြင်းလိပ်ကြီးကို ဖွာလိုက်ပြီး . . .

'ကျုပ်တို့ဆီက သုတေသန ရေငုပ်သင်္ဘော မဟူရာပင်လယ်နဂါး(၁)ပျောက်နေတယ်။ ခုထက်ထိ လုံးဝစုံစမ်းလို့မရသေးဘူး။ ကျုပ်ခန့်မှန်းတာတစ်ခုရှိတယ် . . အခု သတင်းပို့ချက်မှာပါတဲ့ ရှုက်လေ့နဲ့ ပျောက်နေတဲ့ သုတေသနရေငုပ်သင်္ဘော အဆက်အစပ်ရှိမယ်လို့ထင်တယ်။ နိုင်လုံတဲ့ သက်သေ အထောက်အထားတော့ မရှိဘူး။ သုတေသနရေငုပ်သင်္ဘောနဲ့ ပတ်သက်တဲ့ သတင်း ဘယ်သူမှ ထပ်မပို့ကြသေးဘူး'

ထိုအချိန်၌ အခန်းဝတံခါးအနီးမှ အနီရောင် မီးပွင့်ကလေး ပွင့်လာသည်။ 'ဘချုပ်'က သူ့ရှေ့မှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ သံမဏိတံခါးချပ်အလိုလို ပွင့်၍သွားသည်။ လက်ထောက်အရာရှိ တစ်ဦးဝင်လာသည်။ သူ၏လက်ထဲ၌ ဖိုင်တစ်ခုပါလာသည်။ ဖိုင်၏ အဖုံးထိပ်ဆုံး၌ မင်အနီဖြင့် 'ထိပ်တန်းလျှို့ဝှက် ဦးစားပေးအဆင့်'ဟု ရေးထားသည်။

လက်ထောက်အရာရှိက 'ဘချုပ်'ကို အရိုအသေတစ်ချက် ပြုလိုက်ပြီး

'ခတ္တရာကျွန်းက သတင်းပါ။ အခုပဲ ရောက်လာတာပါ ဆရာ'

'အေး . . ထားခဲ့ . .'





လက်ထောက်အရာရှိ ထွက်သွားသည်။ ဝင်ပေါက် သံမဏိတံခါး အလိုအလျောက် ပြန်ပိတ်သွားသည်။

'ဘချုပ်'က ဖိုင်ကိုဖွင့်၍ ကြည့်ပြီးဖတ်ပြသည်။

**အမှတ်စဉ် – – – SL.T . 22469085**

**အမှတ်စဉ် . . . 22469085 ကို ရည်ညွှန်းသည်။**

ခတ္တရာကျွန်းမှ အမျိုးသမီးငယ်သည် ဒေါက်တာစင်ရန်နိုင်ပါသော မော်တော်ဘုတ်ပေါ်၌ပင် သေနတ်ဖြင့် ပစ်သတ်ခြင်းခံရသည်။

ထိုအမျိုးသမီး၏အမည်မှာ သီသီဆွေဟု သိရသည်။

သို့သော် အမည်အမှန် ဟုတ်၊ မဟုတ် အတိအကျမသိရပေ။

ယင်းကိစ္စအား စုံစမ်းဆဲပင်ဖြစ်သည်။

× × × × ×

ဘချုပ်က ထိုင်ရာမှထရပ်ပြီး စားပွဲခုံရှေ့၌ လမ်းလျှောက်နေသည်။

'ဒီသတင်းနှစ်ခုက ဆက်စပ်နေလိမ့်မယ်'

ဦးထွန်းပိုင်က . .

'မျက်စိမမြင်တဲ့ ဆရာကြီးဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒုစရိုက်အဖွဲ့ တစ်ခုကပဲ ဖြစ်ရမယ်။ အသတ်ခံရတဲ့ အမျိုးသမီးဟာ သူနဲ့ပတ်သက်ပြီး တစ်ခုခု သိနေလို့ပဲဖြစ်ရမယ်။ ဗြိစ္ဆာလို့ နာမည်ပေးထားတဲ့ လျှို့ဝှက



www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်အဖွဲ့ကို လိုက်နေတဲ့ သီးသန့်အေးဂျင့်တစ်ခုရှိတယ်။ သူတို့နဲ့ ဘိပ်တိုက်ပတ်သက်နေတာပဲ ဖြစ်မယ်ထင်တယ်'

'ခင်ဗျား ပြောတာ ဖြစ်နိုင်တယ်။ အသတ်ခံရတဲ့ အမျိုးသမီးနဲ့ ပတ်သက်ပြီး တိတိကျကျ စုံစမ်းဖို့လိုတယ်။ ရွက်လှေပေါ်မှာပါတဲ့ မျက်မမြင်ဆရာကြီးအကြောင်းကိုပါ စုံစမ်းရမယ်။ နည်းနည်းတော့ ခက်မယ်ထင်တယ်'

ဦးထွန်းပိုင်က . . .

'သေခါနီး ချစ်လွင်ပြောသွားတဲ့စကားဟာ မှန်နိုင်ပေမယ့် မပြည့်စုံနိုင် မတိကျနိုင်ဘူး။ အဲဒီ မျက်မမြင်ပုဂ္ဂိုလ်ကို မြင့်မှူးတွေ့ဖူးတဲ့ လူတစ်ယောက်' နှစ်ယောက်ကိုတွေ့ရတော့မှ ဒီသတင်းမှန်တယ်လို့ ကောက်ချက်ချနိုင်မယ် ဆရာ'

'အင်း . . မိုင် သုံးရာပတ်ဝန်းကျင်မှာ ရှိတယ်ဆိုတဲ့ သတင်းအတိုင်းရှာတာ မတွေ့ဘူးဆိုတော့ အတော်လေးထူးဆန်းသလိုပဲ'

'ကျွန်တော်တို့လူတွေက ဓတ္တရာကျွန်းပတ်ဝန်းကျင် ပင်လယ်ပြင်မှာရှာနေတာကိုး။ အဲဒီရွက်လှေကြီးက တစ်ဘက်သမုဒ္ဒရာကျွန်းပတ်ဝန်းကျင် ပင်လယ်ပြင်ကိုထွက်သွားရင် သူတို့ ဘယ်လိုမှရှာတွေ့မှာ မဟုတ်ဘူး ဆရာ'

ဘချုပ်သည် ဓတ္တရာကျွန်းမှ ပို့လိုက်သည့် ကြေးနန်းစာသုံးစောင်ကိုပြန်၍ ဖတ်ရှုကြည့်သည်။ ထိုကြေးနန်းစာသုံးစောင်သည် အမှတ် (552.KT) ဟု စာရွက်ထိပ်၌ တပ်ထားသည်။ အမှတ်(၂)က ပို့လိုက်သည့်စာများချည်းပင်ဖြစ်သည်။ အမှတ်(၁)ဆည်သည် ရဲမှူး





ကျော်လွင်မိုးဖြစ်သည်။

ဘချုပ်က ထိုကြေးနန်းစာသုံးစောင်ကို ဦးထွန်းပိုင်အား လှမ်းပေးသည်။ ဦးထွန်းပိုင်က ကြေးနန်းစာသုံးစောင်ကို သေချာစွာ ဖတ်ရှုကြည့်သည်။

'ဒါ . . ဓတ္တရာကျွန်း အမှတ်(၂)က ပို့လိုက်တာချည်းပဲ မဟုတ်လား။ အမှတ်(၂)က ဘယ်သူလဲ။ ရဲမှူးကျော်လွင်မိုး မဟုတ်နိုင်ဘူး'

'ဘချုပ်'က . .

'ကျော်လွင်မိုး မဟုတ်ဘူး။ နောက်ထပ် လူသစ်တစ်ယောက် ကျုပ်'အဲဒီမှာ တာဝန်ပေးထားတယ်။ အင်မတန်ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ပါ'

ဦးထွန်းပိုင်က . . .

'အဲဒီကိစ္စ ကျွန်တော် မသိရသေးပါလား ဆရာ'

'ဟုတ်တယ် . . ကိုထွန်းပိုင်။ အဲဒီလူကို ခိုင်းထားတာ တစ်လပဲရှိသေးတယ်'

'ကျော်လွင်မိုးမှာ ဘာအမှားရှိလို့လဲ ဆရာ'

'အခုအထိ ဘာအမှားမှ မရှိပါဘူး။ ကျုပ်တို့လိုချင်တဲ့ သတင်းတွေ အများကြီးရှိတယ်။ ပြည့်စုံ တိကျအောင် ကျုပ်စီစဉ်လိုက်တာပဲ။ ကျော်လွင်မိုးက ခြောက်လပိုင်းမှာ ခွင့်ယူဦးမယ် မဟုတ်လား . .'

ဦးထွန်းပိုင်က . . .



www.burmeseclassic.com

www.burmeseclassic.com



'ကျော်လွှင်မိုးက ဘာဖြစ်လို့ ကျွန်တော်တို့ဆီ သတင်းမပို့ဘဲ နေရတာလဲ'

'ဘချုပ်'က ဆေးပြင်းလိပ်ကို ကြေးဝါမီးခြစ်ကြီးဖြင့် မီးညှိလိုက်ရင်းမှ . .

'ဒါကတော့ ကျော်လွှင်မိုးအနေနဲ့ သတင်းပို့စရာ မလိုဘူးထင်လို့ မပို့တာလည်း ဖြစ်နိုင်တယ်'

'လူသစ်တစ်ယောက် ဝင်လာတယ်ဆိုတာကိုကော သူသိရဲ့လား'

'ဘချုပ်' ခေါင်းခါလိုက်သည်။

'သူ လုံးဝ မသိနိုင်ဘူး။ ကျုပ်အနေနဲ့ ညာလက်ကလူကို ခိုင်းတဲ့အခါမှာ ဘယ်လက်ကလူကို အသိမခံနိုင်ဘူး။ ဘယ်လက်က လူကလည်း ညာလက်ကို မသိစေရဘူး။ ဒါမှ အဖြေနှစ်ခုထွက်လာမယ်။ ဒါမှ အဲဒီအဖြေဟာအတူတူလား၊ တစ်မျိုးစီလားဆိုတာ သိလာရမယ်'

'အခုအချိန်မှာတော့ တစ်ဘက်တည်းက အဖြေကိုပဲ ရနေသေးတယ် မဟုတ်လား'

'ဘချုပ်'က ခေါင်းညိတ်၍

ဦးထွန်းပိုင် ထိုင်ရာမှ ထလိုက်၏။

'ဘချုပ်'က စားပွဲပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်၏။

မီးပွင့်အနီကလေးနှင့်အတူ လျှပ်စစ်သံမဏိတံခါးပွင့်သွားသည်။ ဦးထွန်းပိုင်က ဘချုပ်ကို နှုတ်ဆက်၍ အခန်းထဲမှထွက်ခွာ





သွားသည်။

ဦးထွန်းပိုင် သူ၏ ရုံးခန်းသို့ ပြန်ရောက်လာသည်။

သူ၏ ကိုယ်ရေးအတွင်းရေးမှူး 'တင်အောင်သန်း'ကိုခေါ်လိုက်ပြီး . .

'ဖိုင်နှစ်ခုလိုချင်တယ်။ ခတ္တရာကျွန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ရဲမှူးကျော်လွှင်မိုးရဲ့ ကိုယ်ရေးမှတ်တမ်းဖိုင်နဲ့ ပင်လယ်သမုဒ္ဒရာဒီလှိုင်းများ သတင်းမှတ်တမ်းဖိုင်ကို ယူလာပေးပါ'

ခေတ္တမျှအကြာ၌ တင်အောင်သန်းက ဖိုင်နှစ်ခုယူလာပေးသည်။

ဦးစွာ ပင်လယ်သမုဒ္ဒရာ ဒီလှိုင်းများဖိုင်ကို ဖွင့်၍ကြည့်လိုက်သည်။

ဒီရေအတက်အကျနှင့် ပတ်သက်၍ သိပ္ပံပညာရှင်များ၏ လေ့လာချက်များ၊ ရေလက်ကြားတစ်ခု၌ စမ်းသပ်လေ့လာချက်များပါသည်။ ရေအောက်၌ အဏုမြူဗုံးဖောက်ခွဲခြင်းဖြင့် သို့မဟုတ် လွန်စွာအားပြင်းသော ယမ်းဘီလူးဗုံးများသုံး၍ ဖောက်ခွဲခြင်းဖြင့် ရေစီးကြောင်းအသစ်များ ဖောက်ပြန်ပြောင်းလွှဲ၍ ဖြစ်ပေါ်လာမည်။ အေးသောဒေသများကို နွေးထွေးစေမည်ဖြစ်သည်။ ပင်လယ်သမုဒ္ဒရာရေစီးကြောင်းများပြောင်းလဲပစ်နိုင်လျှင် ရာသီဥတုပြောင်းလဲနိုင်မည်ဖြစ်သည်။

ကောင်းကျိုးဖြစ်စေသော လေ့လာတွေ့ရှိချက်များဖြစ်သည်။

ထို့နောက် ရေအောက်သုတေသနသင်္ဘောများနှင့် ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ရေအောက် ဓာတ်ခွဲခန်းများအကြောင်း၊ ရေအောက်သွားယာဉ်များ အကြောင်းကိုပါ ဖတ်ရှုကြည့်သည်။

ထို့နောက် ကျော်လွင်မိုး၏ ကိုယ်ရေးဖိုင်တွဲကို ဖွင့်လိုက်သည်။

ဖိုင်ထဲ၌ပါသော အချက်အလက်များကို သေချာစွာတ်ရှုလိုက်သည်။ ထူးခြားချက် ဘာမျှမရှိ။ ကျော်လွင်မိုး အိမ်ပြန်အနားယူရန်အတွက် ခွင့်နှစ်ပတ်ယူမည်။ (၅ -၆ . . . .)နေ့မှစ၍ ခွင့်ယူမည်ဖြစ်သည်။ ကျော်လွင်မိုး၏ဇနီးဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သည်။ သမီးတစ်ဦးတည်းသာ ကျန်ရစ်သည်။ သမီးဖြစ်သူမှာ အင်ဂျင်နီယာတစ်ဦးနှင့် အိမ်ထောင်ကျသည်။ သမီးမိန်းကလေးတစ်ဦး ထွန်းကားသည်။

× × × × ×

ဦးထွန်းပိုင်သည် ဖိုင်ကိုပြန်ချလိုက်၏။

ရဲမှူးကျော်လွင်မိုးကို သူသိသည်။ သူနှင့် ညှိခံပွဲတစ်ခု၌ ဆုံစဉ်က စကားပြောဖြစ်သည်ကို ပြန်၍ အမှတ်ရသည်။ သူ့တွင် ဇနီးကွယ်လွန်သွားပြီးနောက် သံယောဇဉ်တွယ်စရာဆို၍ သမီးနှင့် မြေးငယ်ကလေးသာ ကျန်တော့ကြောင်း . . စသဖြင့် ပြောခဲ့ဖူးသည်။

ဦးထွန်းပိုင်က သူ၏အတွင်းရေးမှူးအား လှမ်း၍မေးသည်။

'သတင်းထူး၊ ဘာဝင်လာသေးလဲ'





'ဘာမှ မဝင်ပါဘူး။ ပုံမှန် သတင်းမျိုးတွေပဲ လာပါတယ်'

ဦးထွန်းပိုင် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေမိသည်။ ဘချုပ် မှာလိုက်သည့်စကားကို အမှတ်ရသည်။ သို့နှင့်ပင် သူ၏ ကိုယ်ရေးအတွင်းရေးမှူးအား

'ငါနေ့လည်ပိုင်းမှာ 'နယ်နီမြို့'ကိုသွားမယ်။ ငါ့ရဲ့မိတ်ဆွေ ရဲမှူးကျော်လွင်မိုးရဲ့ သမီးဆီကိုသွားတွေ့ လိုက်ဦးမယ်'

ထိုမျှသာပြောပြီး ရုံးခန်းမှထွက်လာသည်။

× × × × × × ×

ဦးထွန်းပိုင် သူ၏ရုံးခန်းမှ ထွက်လာသည်။

စားသောက်ဆိုင်တစ်ခု၌ နေ့လည်စာစားသည်။ စားပြီးချိန်၌ မီးရထားအချိန်စာရင်းကို ဖုန်းဆက်၍မေးသည်။ နယ်နီမြို့သို့ ညနေ သုံးနာရီရထားဖြင့်သွားရန် သတ်မှတ်လိုက်သည်။

မိုးတဖွဲဖွဲရွာသွန်းနေသည်။

ရထားပေါ်၌ ဦးထွန်းပိုင် အိပ်ငိုက်၍လိုက်ပါသွားသည်။ ဆိုသော် သူသည် အိပ်ငိုက်သည်ဆိုရုံမျှလောက်သာ အိပ်ငိုက်သွားခြင်းမျိုးသာရှိသည်။ အရာရာ၌ သူသည် သတိကြီးစွာထားတတ်သူဖြစ်သည်။ မြစ်ပြင်ပေါ်မှ ဖြတ်တိုက်လာသောလေသည် အေးမြလှ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်အစဉ်၌ အလုပ်ကိစ္စတာဝန်များကိုသာ ဆက်စပ်တွေးတောစဉ်းစားလျှက်ရှိသည်။

ညနေ လေးနာရီနှင့် တစ်ဆယ့်မိနစ်တိတိတွင် နွယ်နီမြို့သို့ရောက်သည်။

ရဲမှူးကျော်လွင်မိုး၏ သမီးအမည်မှာ 'စန္ဒာဝေ' ဖြစ်သည်။

သူမ၏ အိမ်မှာ ခြံနှင့်ဝင်းနှင့်ဖြစ်ပြီး အတော်ကလေးလှသော အိမ်တစ်အိမ်ဖြစ်သည်။

လူခေါ် ခေါင်းလောင်းနှိပ်လိုက်သည်။

မွှေးပွခွေးဖြူဖြူပုပုကလေးတစ်ကောင်က ဆူညံစွာဟောင်သည်။ မိန်းကလေးငယ်တစ်ဦး ထွက်လာသည်။ ကလေးငယ်၏ လက်ထဲ၌ ကစားစရာအရုပ်တစ်ခု ကိုင်ထားသည်။

ကလေးက သူ့ကို မော့်ကြည့်ပြီး မေးသည်။

'ဦးဦးက ဘယ်သူ့ကို တွေ့ချင်လို့လဲ . . ရှင်'

ဦးထွန်းပိုင်က နူးညံ့စွာ ပြန်မေးသည်။

'သမီးလေးရဲ့ မေမေရှိလားဟင်'

နောက်ဖေးဘက် မီးဖိုဆောင်မှ အမျိုးသမီးတစ်ဦးက လှမ်း၍ပြောသည်။

'ကျွန်မ ဒီမှာ ရှိပါတယ်။ အခု စကားပြောနေတာ ဘယ်သူပါလဲရှင်'

ခန်းဆီးစ လှပ်ခါ၍သွားပြီး အစိမ်းနှင့်အဝါပွင့်ရောင် စကတ်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး ထွက်လာသည်။





သူမတစ်ဦးတည်း အိမ်မှုကိစ္စများနှင့် အလုပ်ရှုပ်နေပုံရသည်။

'ဘာကိစ္စများရှိပါသလဲ ရှင်'

'ကျွန်တော် ဦးထွန်းပိုင်ပါ။ ရဲမှူးကျော်လွင်မိုးနဲ့ ဟိုတုန်းက အလုပ်အတူတူ လုပ်ခဲ့ဖူးသူတွေပါ။ ခင်ဗျားက ငယ်သေးတော့ မှတ်မိချင်မှ မှတ်မိတော့မယ်'

'သြော် . . ဖေဖေနဲ့ ဟိုတုန်းကတည်းက သိကြတာကိုး'

'ခင်ဗျားက . . သူ့သမီးနော်'

'ဟုတ်ပါတယ်ရှင်။ ကျွန်မ 'စန္ဒာဝေ'ပါ . .။ အိမ်ထဲ ဝင်ထိုင်ပြီး လက်ဖက်ရည်လေး သောက်ပါဦးရှင်'

ဦးထွန်းပိုင်က . . .

'ခဏလောက်ပဲ ကျွန်တော် ထိုင်မှာပါ။ ခင်ဗျားလည်း အလုပ်များနေတယ်လေ'

စန္ဒာဝေက ဦးထွန်းပိုင်အား ဧည့်ခန်းထဲသို့ခေါ်သွားသည်။ ဧည့်ခန်းထဲရောက်၍ ထိုင်ပြီးသောအခါ၌ သူမက . . .

'ဖေဖေနဲ့ ပတ်သက်တဲ့ကိစ္စများရှိလို့လား။ ကျွန်မအနေနဲ့ ဘာများ ကူညီရမလဲဟင်'

ဦးထွန်းပိုင်က စန္ဒာဝေအား တစ်ချက်မျှ အကဲခတ်လိုက်သည်။

'ဒီလိုပါ . . . ကိုကျော်လွင်မိုးက အခုရက်ပိုင်းမှာ ခွင့်ယူထားပါတယ်။ သူ . . ဒီကိုများလာသလားလို့ လာကြည့်တာပါ။ တကယ်လို့ သူလာခဲ့ရင် ကျွန်တော်က တွေ့ချင်တယ်လို့ ပြောပေးပါ'



www.burmeseclassic.com

www.burmeseclassic.com

စန္ဒာဝေက ဦးထွန်းပိုင်အား သေချာစွာလှမ်းကြည့်သည်။

ဦးထွန်းပိုင် ပြောသည့်စကားကို နားထောင်ရင်း မယုံကြည်နိုင်စွာကြည့်နေသည်။

သူမ၏မျက်နှာတစ်ပြင်လုံး ချက်ခြင်းပင် ဖြူဖွေး၍သွားသည်။

ထို့နောက် သူမရှိုက်၍ ငိုလိုက်လေသည်။

'ဦး . . ဦးလေး ဦးထွန်းပိုင်။ ကျွန်မရဲ့ ဖေဖေအကြောင်း မသိသေးဘူးလားဟင်။ ဦးလေး မကြားမိဖူးလားဟင်'

ဦးထွန်းပိုင်က သိမ်မွေ့သောလေသံဖြင့် . .

'ဘာမှ မကြားမိပါလား။ အကျိုးအကြောင်း ပြောပြပါလား'

တစ်စုံတစ်ခု အကြီးအကျယ် မှားယွင်းနေပြီဖြစ်ကြောင်း ဦးထွန်းပိုင် နားလည်လိုက်သည်။

စန္ဒာဝေက မျက်ရည်များသုတ်လိုက်ပြီး၊ သူမ၏ ဖခင်အကြောင်း ပြောပြလေသည်။

× × × × × × ×



## အခန်း (၁၇)

ဗြိဋ္ဌာအပွဲ့နှစ်၏ စားသောက်ခန်းမအတွင်း၌ ထူးခြားစွာ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

အဝေးဆီမှ ဂျင်နရေတာလည်သည့် အသံကျယ်ကျယ်ကို ကြားနေရသည်။ စားပွဲ၌ ဦးချိန်မင်းနှင့် သူ၏လူများထိုင်နေကြသည်။ သူတို့၏အသက်ရှူသံများကို သူတို့ကိုယ်တိုင်ပင် ပြန်၍ကြားနေကြရသည်။ ဦးချိန်မင်းကိုယ်တိုင်လည်း စဉ်းစားရင်း အသက်ရှူကြပ်လာသည်။ ထိုသို့ အသက်ရှူကြပ်လာရင်းနှင့် သေသွားသူများကို သူ မြင်တွေ့ဖူးပေါင်း များလှပေပြီ။ ဦးချိန်မင်းအနေနှင့် ထိုသို့ အသက်ရှူကြပ်ခြင်းမျိုးကို သဘောမကျပေ။

ဦးချိန်မင်းသည် စားသောက်ခန်းအဲတွင်း၌ ထိုင်နေသူများကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးစီ သေချာစွာ လိုက်၍ကြည့်သည်။

'ဦးချိန်မင်းက . . .

'အခုကိစ္စကို အားလုံးသဘောတူကြပြီပေါ့ . . ဟုတ်လား'

တစ်ဦးစီက ခေါင်းညိတ်ပြသည်။

မျက်လုံးမှေးမှေးနှင့် ခပ်ဝဝလူက ထ၍ရပ်ပြီး

'ကျွန်တော်ကတော့ သဘောမတူချင်းဘူး။ သူတို့က ကျွန်တော်တို့ ဒီမှာရှိနေတယ်ဆိုတာ တိတိကျကျ ဘယ်လိုလုပ်ပြီး သိသလဲ'

ဦးချိန်မင်းက လက်ဝါးနှစ်ဘက်ဖြန့်ပြလိုက်ပြီး . .

'သူတို့နဲ့ ငါတို့က အဆက်အစပ်ရှိနေကြပြီးသားပဲ။ ငါတို့ အကြောင်းကို အရင်ကတည်းက သိနေတာဆိုတော့ ငါတို့ ဘယ်မှာ ရှိနေနိုင်တယ်ဆိုတာ သိနေတာဖြစ်မှာပေါ့'

ဦးချိန်မင်းအနေနှင့် ထိုလူဝဝအား သဘောမကျလှပေ။ ထိုလူသည် သူရဲဘောကြောင်သူဖြစ်သည်။ သူ့အတွက်သာ ဦးစားပေးသူ၊ အမိကထားသူဖြစ်သည်။ သူသည် တစ်ချိန်က သတ္တုနှင့် သံ ပစ္စည်းများအဝယ်တော်ဖြစ်သည်။ သူတင်သွင်းရသူများနှင့် အပေးအယူလုပ်သည်။ ကုန်သည်နှင့်လည်း အပေးအယူလုပ်သည်။ ဝိုနည်းနှင့်ပင် သူသည် ကြီးပွားချမ်းသာလာသည်။

သူ၏ ချမ်းသာသော ပစ္စည်းများကို ဘဏ်တွင်မထားပေ။ မူ၏အိမ်၌ပင် သိမ်းဆည်းသိုစုက်ထားသည်။ ရွှေများ၊ ရတနာပစ္စည်းများကို မက်မောစွာဝယ်ယူစုဆောင်းသည်။ နောက်ပိုင်း သူ ကျူးလွန်





ခဲ့သော အမှုကိစ္စများ၊ ဗြိတ္တာအဖွဲ့နှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး [illegible] လာသောအခါ၌ သူသည် သူ၏ နေအိမ်၌ မနေနိုင်တော့ပဲ ထွက်ပြေးခဲ့ရသည်။ သူသည် တစ်နေရာမှ တစ်နေရာ၊ တစ်ဆင့်ပြီး တစ်ဆင့် ပြောင်း၍ ပုန်းကွယ်နေထိုင်ခဲ့ရသည်။ သူ၏ ချမ်းသာကြွယ်ဝမှုများကို သူ မခံစားနိုင်တော့ပေ။

သူသည် ကောက်ကျစ်စိတ်ရှိသူ၊ တစ်ကိုယ်ကောင်းသမား တစ်ဦးဖြစ်၍ မည်သူ့အပေါ်ကိုမျှ ယုံကြည်မှုမရှိတတ်ပေ။

'ကျွန်တော်တို့ဘက်က ပြန်ဖို့ ယတိပြတ်မဆုံးဖြတ်သေးဘူး။ အခုကိစ္စက အပေးအယူသဘောပဲ ဖြစ်လိမ့်မယ်။ ဗြိတ္တာအဖွဲ့တစ်က ကျွန်တော်တို့နဲ့ ပူးပေါင်းမယ်။ အကူအညီလိုချင်တယ်။ ကျွန်တော်တို့ အနေနဲ့ ကူညီဖို့ပြင်ဆင်ထားရမယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့ ရဲ့ အခြေအနေက မကောင်းဘူး။ ဘာပဲဖြစ်ဖြစ် အခြေအနေပြောင်းပြီး လမ်းဖြောင့်ထဲရောက်ဖို့လိုလာပြီ။ ပြီးတော့ အောင်မင်းဟာန်ကို သေသေ ချာချာမေးရမယ်။ မင်းတို့ ဗြိတ္တာအဖွဲ့တစ်က ဘယ်အတိုင်းအတာအထိ အကူအညီပေးနိုင်မလဲလို့ ပွင့်ပွင့်လင်းလင်း မေးရမယ်'

ဦးချိန်မင်း စားသောက်ခန်းတံခါးကို ဖွင့်လိုက်သည်။

လိမ္မော်ရောင်နေလုံးကြီးသည် အနောက်ဘက် ပင်လယ်ပြင်ထဲသို့ ငုတ်လျှိုးဝင်ရောက်တော့မည်ဖြစ်သည်။

ပင်လယ်တစ်ပြင်လုံး ရောင်စုံလွှမ်းခြုံနေသော အချိန်ဖြစ်သည်။

နေလုံးသည် အနောက်ဘက်သို့ ငုတ်လျှိုးဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားသည်။

သူအထဲသို့ ပြန်ဝင်လာချိန်၌ အပြင်ဘက်တွင် အောင်မင်းဟန်နှင့် သူ့လူနှစ်ဦး ရောက်လာကြသည်။

ဦးချိန်မင်းက ပြုံးရွှင်စွာဖြင့် . .

'အထဲကို ဝင်လာခဲ့ကြပါ'

အောင်မင်းဟန်နှင့် သူ့လူနှစ်ဦး စားသောက်ခန်းထဲသို့ ဝင်လာကြပြီး ထိုင်ခုံအသီးသီး၌ ဝင်ထိုင်လိုက်ကြသည်။

ဦးချိန်မင်းက

'ကျုပ်တို့ဘက်က လိုက်ဖို့ကိစ္စ သဘောတူတယ်။ မင်းတို့ဘက်က အစီအစဉ်ကို သိပါရစေ'

အောင်မင်းဟန်က ခေါင်းညိတ်လျှက် . .

'အခုလို ဆုံးဖြတ်မယ်လို့ ကျွန်တော် ကြိုတင် မျှော်လင့်ထားပါတယ်'

ပြောပြောဆိုဆိုနှင့် အောင်မင်းဟန်သည် သူ၏လက်ထဲ၌ အသင့်ပါလာသော စာရွက်လိပ်နှင့် စာရွက်စာတမ်းများကို ချလိုက်သည်။ စာရွက်လိပ်ကို ဖြန့်လိုက်သည်။ ထိုစာရွက်ပေါ်၌ အနီရောင်၊ အစိမ်းရောင်လိုင်းများ၊ စက်ဝိုင်းများပြည့်နှက်စွာ ရေး၍ထားသည်ကို တွေ့ကြရသည်။

အောင်မင်းဟန်က တက်ကြွသောလေသံဖြင့် . .

'ကျွန်တော်တို့ အခုလုပ်မယ့်ကိစ္စဟာ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရေငုပ်သင်္ဘောနဲ့ သွားကြမယ်။





ဒီအခန်းထဲမှာရှိနေကြတဲ့ လူတွေထဲမှာ တစ်ချို့ဟာ သင်္ဘောနဲ့ ကျွမ်းကျင်မှုရှိသူတွေ ပါနိုင်မှာပါ။ ကျွန်တော် အလွယ်ဆုံးရှင်းပြပေးသွားပါမယ်။ မရှင်းတာရှိရင် မေးနိုင်ပါတယ်။ ကျွန်တော် ရှင်းပြပါ့မယ်။ အခုကိစ္စဟာ အရေးကြီးတဲ့ ကိစ္စတစ်ခုပါပဲ။ ကျွန်တော်တို့ အားလုံးအောင်မြင်အောင် ဝိုင်းပြီးကြိုးစား ဆောင်ရွက်ဖို့လည်းလိုပါတယ်။ ဒါဆိုရင် ဗြိတ္တာအဖွဲ့တစ်ခုနဲ့ အဖွဲ့နှစ်ဟာ ပြန်ပြီး ပေါင်းဆုံနိုင်ကြမှာပါ။ အားလုံးလည်း အဆင်ပြေသွားကြမှာပါ'

အောင်မင်းဟန်က အခန်းတွင်းရှိ လူများကို အကဲခတ်ကြည့်လိုက်သည်။

လူအားလုံးက သူ့ကို ဝိုင်း၍ကြည့်နေကြသည်။

အချို့၏မျက်နှာမှာ သံသယရှိသော မျက်နှာ။ ကောက်ကျစ်စဉ်းလဲသောမျက်နှာ၊ မရိုးသားသည့်မျက်နှာ၊ ခက်ထန်ကြမ်းတမ်း၍ ရက်စက်သောမျက်နှာ။ အချို့က အမာရွတ်များပြင့် ပြည့်နှက်နေသော မျက်နှာ . . .

မျက်နှာအမူအရာပေါင်းစုံက အောင်မင်းဟန်ကို စူးစိုက်၍ ကြည့်နေကြသည်။

ထိုလူအားလုံးသည် ဒုစရိုက်လောကသားများသာ ဖြစ်ကြသည်။ သူတို့တွင် ရိုးသားဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ နူးညံ့သိမ်မွေ့ယဉ်ကျေးခြင်း၊ နားလည်မှုရှိခြင်းတို့ လုံးဝကင်းဝေးကြသူများ ဖြစ်သည်။ ထို့ပြင် သူတို့အားလုံးသည် ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဗြိန္ဒာအဖွဲ့တစ်နှင့် ပြန်ပေါင်းဆုံ၍ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်မည်ဆိုသောအချက်ကို လွယ်လွယ်မယုံကြည်နိုင်ကြပေ။ သံသယ မျက်လုံး၊ သံသယစိတ်များဖြစ်နေကြပေသည်။

ထိုအချက်ကို အောင်မင်းဟန် ကောင်းစွာနားလည် သဘောပေါက်သည်။

အောင်မင်းဟန်သည် ဦးချိန်မင်းတို့လူစု စိတ်သံသယကင်းစေရန်အတွက် ရှင်းလင်းပြောပြမည်ဟု ဆုံးဖြတ်လိုက်ပြီး ချောင်းတစ်ချက်ဟန့်လိုက်၏။

ထို့နောက် သူ ရှင်းလင်း ပြောဆိုလေတော့သည်။

× × × × ×

ဦးထွန်းပိုင် သူ၏ရုံးခန်းထဲ၌ ထိုင်ရင်း၊ အေးဂျင့်ဩာနစ်၏တာဝန်ကို လျှို့ဝှက်စွာထမ်းဆောင်နေသူများအကြောင်းကို စဉ်းစားနေမိသည်။

ခတ္တရာကျွန်း၌ အမှတ်နှစ်ကို ခန့်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဘချုပ်က သူ့အားကြိုတင်ဖော်ပြမထားပေ။ သို့သော်ရဲမှူးကျော်လွင်မိုး၏သမီးဖြစ်သူ 'စန္ဒာဝေ'၏ ပြောပြချက်အရဆိုလျှင်နံပါတ်နှစ်ထားရှိခြင်းသည်ဟု၍ ကောင်းနေပြန်သည်။

သူ၏ရှေ့မှ အနီရောင် မီးကလေးပွင့်၍လာသည်။

တယ်လီဖုန်းလာခြင်းဖြစ်သည်။





ခလုတ်တစ်ခုကို နှိပ်၍ တယ်လီဖုန်းကို ကိုင်လိုက်၏။

'ဘချုပ်'၏အသံကို ကြားသည်။

'ခတ္တရာကျွန်းက ကျုပ်တို့လူ နံပါတ်နှစ်ဆီက သတင်းတစ်ခုအခုပဲရတယ်။ ချစ်လွင်သေသွားပြီးမှ ရဲမှူးကျော်လွင်မိုး ခွင့်ယူတာအတည်ပြုပြီး ပြောတယ်'

'ဟုတ်တယ် ဆရာ . . .'

'နောက်ထပ် သတင်းက ကျော်လွင်မိုး ခွင့်ယူပြီး၊ ခတ္တရာကျွန်းအပြင်ဘက် အလည်အပတ်ထွက်မယ်လို့ ပြောသွားတယ်။ သူခွင့်ယူပြီး ထွက်သွားတဲ့နေ့က ရုံးမှာ ကျုပ်တို့လူ နံပါတ်နှစ်ရှိနေတယ်။ ကျော်လွင်မိုးဆီကို လေဆိပ်ကနေ လူတစ်ယောက်က ဖုန်းဆက်တယ်။ သူ့အစီအစဉ်က ပထမဆုံးရေဖြူမြို့ကိုသွားမယ်။ နောက် ဗန္ဓုရမြို့ကိုသွားမယ်၊ နောက်တစ်ခါမှ ကတ္တီပါမြို့ကိုသွားမယ်။ ဒါပေမယ့်ရေဖြူမြို့မှာ နာရီဝက်သာသာပဲ စောင့်ရမယ့်အစား ငါးနာရီကြာကြာနေဦးမယ်လို့ လေယာဉ်စာရေးဆီကို ဖုန်းဆက်ပြီးအကြောင်းကြားတယ်'

'သူ့ အစီအစဉ် ပြောင်းတာပေါ့'

'ဟုတ်တယ်။ ကျုပ်တို့ မသိတဲ့ကိစ္စတစ်ခုခုအတွက်ပဲ ဖြစ်မယ်'

'ကျော်လွင်မိုး ဘာဆက်လုပ်မယ်ဆိုတာ စောင့်ကြည့်ကြတာပေါ့ . . .'

'ဘချုပ်'က ဆက်၍ပြောသည်။ ဦးထွန်းပိုင် ခေါင်းပြင်းလိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်ကို ထုတ်၍ မီးညှိပြီးခဲလိုက်သည်။

'ရွက်လှေနဲ့ပတ်သက်ပြီး သတင်းရစရာရှိတယ်။ အဲဒီရွက်လှေဟာ ငှက်ပျောကျွန်းကနေ ကိုးရက်နေ့မှာဖြတ်သွားတယ်။ လင်းပိုင်ရေလက်ကြားကနေ ဆယ်ရယ်နေ့မှာ ဆက်ပြီးဖြတ်သွားတယ်။ ရွက်လှေရဲ့ နာမည်က RAINBOW STAR ရိန်းဘိုးစတားလို့ခေါ်တယ်။ အလေးချိန်တန်တစ်ထောင်။ ပေလေးရာနှစ်ဆယ်ရှည်တယ်။ တာဘိုအင်ဂျင်လေးလုံး တပ်ထားတယ်။ ရွက်လှေကတော့ အတော့်ကိုလှတယ်။ ပိုင်ရှင်ရဲ့အမည်က ဦးဒိဗ္ဗတဲ့။ ဟောင်ကောင်မှာ အခြေစိုက်တယ်။ ဦးဒိဗ္ဗဆိုတာ စက်မှုလုပ်ငန်းပိုင်ရှင်ကြီးတစ်ဦးလို့ သိရတယ်။ အခုနောက်ပိုင်းမှာ သူ့လုပ်ငန်းတွေကနေ အနားယူလိုက်ပြီလို့ သိရတယ်'

ဦးထွန်းပိုင် အတော်လေး စိတ်ဝင်စားသွားမိသည်။

ဦးဒိဗ္ဗဆိုသူသည် အသက်ခြောက်ဆယ်အရွယ်ခန့် ရှိပေဦးမည်။ ကြီးမားလှပသော ရွက်လှေကြီးတစ်စင်း ပိုင်ဆိုင်ထားသူ၊ စက်မှုလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်၍ ဦးဒိဗ္ဗ၏ ချမ်းသာကြွယ်ဝမှုကို အကြမ်းဖျဉ်းခန့်မှန်း၍ရပေသည်။

'ဟောင်ကောင်မှာ သူ့အကြောင်းစုံစမ်းတယ်။ နောက်ထပ်နေရာ အတော်များများမှာပါ စုံစမ်းတယ်။ ဦးဒိဗ္ဗကို မသိကြတဲ့လူများတယ်။ သူဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက ငွေအမြောက်အများ တစ်နည်းနည်းနဲ့ရပြီး ချမ်းသာလာတာတဲ့ လူဖြစ်မယ်လို့ ခန့်မှန်းထားတယ်'





'အခု လောလောဆယ် အခြေအနေမှာကော . .'

'လင်းပိုင် ရေလက်ကြားကို ဖြတ်သွားတဲ့အချိန်မှာ ရွက်လှေပိုင်ရှင် ဦးဒိဗ္ဗဟာ ရွက်လှေကုန်းပတ်ပေါ်ကို လုံးဝတက်မလာဘူး။ သူ့ရဲ့လက်ထောက် လူယုံတွေပဲ တက်လာကြတယ်။ သူ့ရဲ့လက်ထောက် လူယုံတွေပြောတာကတော့ သူတို့ရဲ့ဆရာဟာ ကုန်းပတ်ပေါ် လုံးဝမတက်ဘူးတဲ့။ အတွင်းမှာ ခန်းဆီးချပြီး အလင်းရောင်မှိန်မှိန်ထဲမှာပဲ နေလေ့ရှိတယ်တဲ့'

ဦးထွန်းပိုင်က အံ့သြစွာဖြင့် . .

'ဘာဖြစ်လို့ ဆဲရာ'

'ဦးဒိဗ္ဗက မျက်စိလုံးဝ မမြင်ရတဲ့လူ ဖြစ်နေတယ်'

'ဩော် . . ဒါကြောင့်လား'

'ဘချုပ်'က . .

'အခုကိစ္စတွေအားလုံး ခင်ဗျားကိုလွှဲမယ်။ ဗြိတ္တာအဖွဲ့နဲ့ ပတ်သက်ပြီး စုံစမ်းပါ'

'ဟုတ်ကဲ့။ ကျွန်တော် စုံစမ်းထားပါ့မယ်'

'ဦးဒိဗ္ဗဆိုတဲ့ ပုဂ္ဂိုလ်ဟာ တစ်ချိန်တုန်းက ဗြိတ္တာအဖွဲ့နဲ့ ပတ်သက်ချင် ပတ်သက်နေလိမ့်မယ် . .'

ဦးထွန်းပိုင်က . . .

'စပ်ရန်နိုင်နဲ့ ပတ်သက်လို့ကကော'

'သူက ငြိမ်ပြီးနေလိမ့်မယ်။ သူ ဘယ်သူ ဘယ်ဝါဆိုတာ ဘယ်သူမှ မရိပ်မိကြဘူး။ သူ့ကို ဆရာဝန်တစ်ယောက်လို့ ခေါ်ယုံ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြ သရုပ်ဆောင်ခိုင်းထားတယ်။ သူက အခုကိစ္စမှာ ဘာမှ နားမလည်တဲ့လူ၊ မသိတဲ့လူတစ်ယောက်လိုနေပြီး သူ့အလုပ် သူ ဆက်လုပ်သွားလိမ့်မယ်'

'ကောင်းပါပြီ ဆရာ'

× × × × × × ×



## အခန်း (၁၈)

အောင်မင်းဟန်သည် စီးကရက်တစ်လိပ်ကို သောက်ရင်း ပင်လယ်ပြင်ကို ငေးၡကြည့်ရင်း တွေးနေသည်။

ပထမရေငုပ်သင်္ဘောဟောင်းကြီးမှာ ယမန်နေ့ညနေ လေးနာရီတွင် ထွက်သွားသည်။ ဒုတိယရေငုပ်သင်္ဘောက ညဉ့်နှစ်နာရီတွင် ထွက်သွားသည်။ သူ၏ ရေငုပ်သင်္ဘောက နံနက်ခြောက်နာရီတွင်ထွက်သွားသည်။

တတိယရေငုပ်သင်္ဘော ထွက်ခွာရန်သာ ကျန်တော့သည်။

ဦးချိန်မင်း၊ ဘသက်နှင့် သူ၏ ဗြိတ္တာအဖွဲ့သားနှစ်ဆယ်သည် အောင်မင်းဟန်နှင့် အတူရှိနေကြသည်။ နောက်ထပ် တစ်နာရီကြာ လျှင်ပင်၊ သူတို့အားလုံး ရေငုပ်သင်္ဘောနှင့် အဝေးသို့ ရောက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပေတော့မည်။

သူတို့အားလုံး ထွက်ခွာသွားပြီးလျှင်၊ နောက်ဆုံးအနေနှင့် သူကိုယ်တိုင် ဤနေရာမှာ ထွက်ခွာမည်။ ဗန္ဓုရမြို့သို့ သွားမည့် လေယာဉ်လက်မှတ်တစ်စောင် သူ့အိတ်ထဲ၌ အသင့်ရှိသည်။ ရေငုပ်သင်္ဘောများသတ်မှတ်ချိန်တွင် ထွက်ခွာရန် သူကစောင့်ဆိုင်းနေရခြင်း ဖြစ်သည်။

ဦးချိန်မင်းသည် သင်္ဘောပေါ်သို့တက်ရန် သူ့လူများနှင့် ဆွေးနွေးနေသည်။ နေ့လည်စာစားပြီးလျှင် ကော်ဖီထဲတွင် ထည့်ထား သည့်အိတ်ဆေးကြောင့် အိပ်ငိုက်လာကြမည်။ ထို့နောက် အားလုံး အိတ်ပျော်သွားကြမည်။ ညနေပိုင်း ထိုလူများနိုးလာသောအခါ၌ အောင်မင်းဟန်ကို တွေ့ကြရတော့မည် မဟုတ်။ အောင်မင်းဟန်သည် ဝေးလံသော နေရာဒေသတစ်ခုသို့ ရောက်နေပေလိမ့်မည်။

လက်မှ နာရီကိုကြည့်သည်။

ဦးချိန်မင်းတို့ လူစုထွက်ခွာရန် အချိန် ရောက်နေပေပြီ။

သွားမည့် ရေငုပ်သင်္ဘောမှာ ဟောင်းနွမ်းအိုမင်းနေပြီဖြစ်၍ ခရီးကြာမည်ကို စိုးရိမ်ရသည်။ အချိန်နောက်ကျ၍ မဖြစ်ပေ။

အောင်မင်းဟန်က ဦးချိန်မင်းတို့ လူစုအား နှုတ်ဆက်လိုက် ၏။

'ခင်ဗျားတို့အားလုံး . . ကံကောင်းကြပါစေ'

'ဘသက်'က အောင်မင်းဟန်ကို စူးစမ်းသည့်အကြည့်ဖြင့် ကြည့်၍ . . .





'ခင်ဗျားက ဘာဖြစ်လို့ နှုတ်ဆက်ရတာလဲ။ ကျွန်တော်တို့နဲ့ အတူ မလိုက်ဖူးလား'

အောင်မင်းဟန်က . . .

'ခင်ဗျားတို့ချည်းပဲ သွားရမှာ။ ခင်ဗျားတို့ဆီက လူတစ်ချို့ ထွက်သွားကြပြီပဲ။ ကျွန်တော်က ဒီမှာ ကျန်နေရစ်ခဲ့ရမယ်လို့ အမိန့် ပါတယ် . .'

ဦးချိန်မင်းက မျက်မှောင်ကြုတ်လျှက် . . .

'ခင်ဗျားက ဘာဖြစ်လို့ ချန်နေခဲ့မှာလဲ'

'ကျွန်တော် အမိန့်အတိုင်း ဆောင်ရွက်ရတာပါ'

ဦးချိန်မင်း အေးစက်စွာပြုံးလိုက်၏။

'မင်းက အမိန့်အတိုင်း ဆောင်ရွက်ရတာပေါ့ ဟုတ်လား။ အခု . . ကျုပ် အမိန့်ပေးတယ်။ မင်း . . ကျုပ်တို့နဲ့အတူ လိုက်ခဲ့ပါ'

အောင်မင်းဟန် စိတ်တိုသွားပြီး စီးကရက်ကို လွှင့်ပစ်လိုက် သည်။

'ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ။ ခင်ဗျားတို့ စီးမယ့် ရေငုပ်သင်္ဘောကောင်းကောင်း မွန်မွန် ထွက်သွားပြီးတဲ့အထိ ကျွန်တော် ကစောင့်ကြည့်နေရမယ့် တာဝန်ရှိတယ်။ ခင်ဗျားတို့ ထွက်သွားရင် ကျွန်တော့်တာဝန်ပြီးပြီ'

အောင်မင်းဟန် သူ့အားမှ လူများကိုလှည့်ပတ်ကြည့်သည်။

သူ၏စကားကို လက်ခံမည့်လူမရှိပေ။ အောင်မင်းဟန်ကို သာ သူတို့က အေးစက်စွာစိုက်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူများအားလုံးသည် လွန်စွာရက်စက်သည့် သွေးအေးလူသတ်သမားများဖြစ်ကြောင်း အောင်မင်းဟန် သိထားသည်။

ဦးချိန်မင်းက ခေါင်းညိတ်ပြ၍ နောက်ဆုတ်လိုက်သည်။

ဦးချိန်မင်းထက် ဆယ်နှစ်ခန့်ငယ်သူလေးဦး အောင်မင်းဟန်အနီးကပ်လိုက်ကြသည်။ အောင်မင်းဟန်၏ လက်နှစ်ဘက်ကိုဖမ်းဆွဲလိုက်ကြသည်။ အောင်မင်းဟန်ရုန်း၍ ထွက်ပြေးသည်။ ဤနေရာ၌ သူ မည်သည့်နေရာသို့ ပြေးရမှန်းမသိပဲ ဦးတည်ရာမဲ့ စွပ်၍ပြေးသည်။

သူ ဝေးဝေးမပြေးလိုက်ရပါ။

ဦးချိန်မင်း၏ လူလေးဦးက နောက်မှလိုက်၍ သူ့ကို ဖမ်းချုပ်ခေါ်ဆောင်လာကြသည်။

ဘသက်တ ဦးချိန်မင်းအား -

'သူ့ကို ဘယ်ခေါ်သွားမလဲ'

ဦးချိန်မင်းက အေးစက်သောလေသံဖြင့် . .

'ငါတို့ စားသောက်ခန်းထဲခေါ်သွား'

'အဲဒီမှာ ဘာလုပ်မှာလဲ'

'သူနဲ့ငါတို့ စကားဆက်ပြောကြတာပေါ့'

အောင်မင်းဟန်က ရုန်းကန်နေရာမှ ပြောသည်။

'ခင်ဗျားတို့ အခု လိုက်မသွားကြဘူးလား။ ကျွန်တော်တို့ စီစဉ် ဘားတာတွေအားလုံး ပျက်ကုန်လိမ့်မယ်။ ဒီလို လိုက်မသွားရင် ခင်ဗျားတို့ရမယ့် အခွင့်အရေးတွေ ဆုံးရှုံးကုန်ကြလိမ့်မယ်။ ခင်ဗျားတို့ ဘာမှ နားမလည်တဲ့ အရူးတွေ'





ဦးချိန်မင်းက လေသံအေးအေးဖြင့် ပြောသည်။

'ကျုပ်တို့ မရူးပါဘူး။ အောင်မင်းဟန် အခုသွားမယ့် ခရီးစဉ်ကို မင်းက မလိုက်ပဲ ကျန်နေရစ်ခဲ့မယ်ဆိုတော့ ကျုပ် နည်းနည်း အံ့ဩသွားတယ်။ မင်း ဘာကြောင့် ကျုပ်တို့နဲ့အတူ မလိုက်ရသလဲ ဆိုတဲ့ အကြောင်းနည်းနည်း သိချင်လာတယ် . .'

အောင်မင်းဟန်ကို ဖမ်းဆီး၍ စားသောက်ခန်းရှိရာ တောင်ကုန်းမြင့်ဆီသို့ တက်လာကြသည်။ သူ့ကိုခေါ်ဆောင်လာသူအားလုံးသည် ရက်စက်ကြမ်းကြုတ်သူများဖြစ်သည်။

သူတို့၏နောက်ဘက်ရှိ ပင်လယ်ထဲမှ ရေငုပ်သင်္ဘောစက်ရပ်သံကြားလိုက်ရသည်။ နောက်ထပ် ဘာမှမကြားရ။ ဦးချိန်မင်း ဒေါသဖြစ်နေသည်။ ထို့အတူပင် သူ၏လူများအားလုံးဒေါသဖြစ်နေကြသည်။

ထိုဒေါသများသည် သံသယနှင့် ရောနေသည်။

ထိုဒေါသနှင့် သံသယကြောင့် လက်တုန့်ပြန်ခံရမည့်သားကောင်သည် 'အောင်မင်းဟန်'ဖြစ်၍ လာပေသည်။

အောင်မင်းဟန်တစ်ယောက် ငရဲ၏ရနံ့ကို စတင်၍ရသလို ခံစားလိုက်ရသည်။

× × × × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

'ဒိဗ္ဗ'သည် သူ၏နေကာမျက်မှန်နက်ကြီးကို ချွတ်ထားသည်။

သူ၏မျက်လုံးနှစ်လုံးမှာ နက်ရှိုင်းသော ဟောင်းလောင်းပေါက်ကြီးနှစ်ခုဖြစ်၍ နေပေသည်။ အကြည့်ရဆိုးပြီး ကြောက်မယ်ဖွယ်ရာကောင်းလွန်းလှသည်။

သူ၏ဦးခေါင်းကို ဘယ်မှ ညာသို့ ဖြည်းညင်းစွာလှည့်လိုက်သည်။

ထို့နောက် သတ္တုလိုက်သံပါသော အသံကြီးဖြင့် တစ်လုံးခြင်းပြောသည်။

'ဒီအခန်းထဲမှာ ကျုပ်ကို ဘယ်သူကြောက်နေတာလဲ။ ကြောက်တဲ့အနံ့တစ်မျိုး ကျုပ်ရနေတယ်။ ဘယ်သူ ကြောက်နေသလဲ ဆိုတာပြောစမ်း။ ကျုပ်ကို ဘာဖြစ်လို့ ကြောက်နေကြတာလဲ'





စဝ်ရန်နိုင်က . . .

'ကျွန်တော်တို့ နှစ်ယောက်လုံး ခင်ဗျားကို ကြောက်စရာအကြောင်းမရှိပါဘူး။ ခင်ဗျား ထင်တာမှားနေတယ်။ ဦးဒိဗ္ဗ . . ခင်ဗျားကိုတွေ့ဖို့ ကျွန်တော်တို့လာတာပါ'

ဒိဗ္ဗဆိုသော လူကြီးသည် မျက်လုံးနှစ်လုံးစလုံး မမြင်ရုံမျှမက ရူးသွပ်၍နေသည်ဟုပင် စဝ်ရန်နိုင် တွေးမိသည်။ သို့သော် သျှားသက်ညိုကမူ ဦးဒိဗ္ဗကို ကြောက်၍နေသည်မှာ အမှန်ပင်ဖြစ်သည်။

ဦးဒိဗ္ဗက အေးစက်လေးပင်စွာ ရယ်လိုက်ပြီး

'ကျုပ် . . ကြောက်နေတဲ့ အနံ့ကိုရတယ် . .'

အမြင်အာရုံ လုံးဝမရှိတော့သော လူတစ်ဦးအနေနှင့် အကြားအာရုံ ထူးခြားစွာပို၍ ကောင်းလာတတ်သည်ကို စဝ်ရန်နိုင်ပြန်၍ သတိရလာသည်။ ဒိဗ္ဗသည် လုံးဝမမြင်နိုင်သူဖြစ်သော်လည်း နှာအကြားအာရုံ၌ သာမန်လူများထက်ပို၍ စူးရှထက်မြက်နေမည်မှာ သေချာပေသည်။

ဒိဗ္ဗက ရှေ့သို့တဖြည်းဖြည်း တိုးလာသည်။

'ဒိဗ္ဗ'က . .

'မင်းက ကျုပ်ကို သိပ်ကြောက်နေသလား . . သျှားသက်ညို ဟင်း . . ဟင်း'

စဝ်ရန်နိုင်နှင့် သျှားသက်ညိုတို့အနေဖြင့် ဒိဗ္ဗကို လုံးဝမသိရှိကြပေ။ သို့သော် မျက်စိမမြင်သော 'ဒိဗ္ဗ'ကမူ သူတို့နှစ်ဦးအား ကောင်းစွာသိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒိဗ္ဗ'က ဆက်၍ပြောသည်။

'ဟင်း . . ဟင်း . . ကျုပ်ရဲ့မိတ်ဆွေကြီး ကျော်လွင်မိုးက ခင်ဗျားတို့အကြောင်း ပြောပြထားပြီးလို့ ကျုပ်က မင်းတို့ကို သထားတာပါ။ ကျုပ် ခတ္တရာကျွန်းရောက်တုန်းက ခင်ဗျားကို ကျုပ်ရဲ့ ရွက်လှေပေါ် ခေါ်ပြီး တွေ့ဖို့စဉ်းစားမိသေးတယ်။ ဒါပေမယ့် ခင်ဗျားနဲ့ မဆုံဖြစ်လိုက်ဘူး။ အခု . . ကျုပ် လှေပေါ် ခင်ဗျား ရောက်လာပြီလေ။ အင်း . . ကျုပ်နဲ့ ခင်ဗျား ဆွေးနွေးစရာတွေ အများကြီးရှိတယ်။ ပြီးတော့ ခင်ဗျားနဲ့အတူပါလာတဲ့ သျှားသက်ညိုနဲ့လည်း ဆွေးနွေးရဦးမယ်'

'ခဏနေဦး . . သျှားသက်ညိုက ကျုပ်ကို သိပ်ကြောက်နေသလား။ ဟင်း . . ဟင်း . . ကြူကြူဆွေနဲ့ မင်းကအမျိုးတော်သလား'

သျှားသက်ညို ပါးစပ်ဟ၍ ပြောမည့်ဟန်ပြင်ပြီးမှ ခေါင်းခါ၍နေလိုက်သည်။ သို့သော် သူမ၏ တစ်ကိုယ်လုံး တုန်ခါ၍ကြောက်ရွံ့နေသည်။

စစ်ရန်နိုင်က ရဲမှူးကျော်လွင်မိုးဘက်သို့လှည့်၍ နားမလည်နိုင်စွာ ကြည့်လိုက်သည်။

'ကိုကျော်လွင်မိုး . . ခင်ဗျား အခု ဘာလုပ်လိုက်တာလဲ။ ဗြိတ္တာအဖွဲ့နဲ့ပတ်သက်ပြီး ကူညီဖြေရှင်းနိုင်တဲ့လူဆီခေါ်သွားမယ်လို့ ခင်ဗျားပြောပြီး၊ အခု ခင်ဗျား ဘယ်လို အချိုးပြောင်းသွားတာလဲ'

'ဒိဗ္ဗ'က ကျေနပ်စွာ ရယ်လိုက်သည်။





'သူလုပ်တာ မမှားပါဘူး ဒေါက်တာစစ်ရန်နိုင်။ ဗြိတ္တာအဖွဲ့ အကြောင်း ကောင်းကောင်းသိထားတဲ့လူဆီ ခင်ဗျားတို့နှစ်ယောက်ကို သူခေါ်လာခဲ့တာပဲလေ'

ဒိဗ္ဗက ကြောက်မက်ဖွယ်ရာ အပြုံးတစ်ချက်ပြုံးလိုက်ပြီး ဆက်ပြောသည်။

'ဥပဒေဘက်တော်သား ပုဂ္ဂိုလ်တွေ၊ အဲဒီအထဲမှာ ဒေါ်ကြူကြူဆွေတို့ လူစုလည်းပါတာပေါ့။ ကျုပ်တို့ကို ဗြိတ္တာအဖွဲ့ဝင် တွေအဖြစ် သတ်မှတ်ထားကြတယ်။ ကျုပ်ကိုယ်တိုင်လည်း ဗြိတ္တာ အဖွဲ့ကြီးအတွက် အလုပ်အများကြီးလုပ်ခဲ့တယ်။ ရှင်းစရာရှိရင် ရှင်းပစ် ခဲ့တယ်။ ကျုပ်လူတွေထဲက တစ်ချို့ဟာ အဖမ်းခံရတယ်။ တစ်ချို့ သေကုန်ကြပြီ . .'

ရဲမှူးကျော်လွင်မိုးဘက်သို့ စစ်ရန်နိုင် လှည့်ကြည့်သည်။ ကျော်လွင်မိုးလို လူတစ်ဦးအနေဖြင့် သစ္စာဖောက်တစ်ဦးမဖြစ်နိုင်ဟု တွက်မိသည်။ သို့သော် ကျော်လွင်မိုး၏ မျက်နှာသွင်ပြင်ကို မြင်လိုက် သည့်အခါ၌ အထင်နှင့် အမြင်တက်တက်စင်လွဲ၍နေပေပြီ။

စစ်ရန်နိုင်က . . .

'နေပါဦး။ ခင်ဗျားက အခုကိစ္စမှာ ဘယ်လိုနေရာက ပါတ လဲ'

ကျော်လွင်မိုးက ပခုံးတစ်ချက် တွန့်လိုက်၏။

'ဦးဒိဗ္ဗနဲ့ ကျွန်တော် သိတာကြာပါပြီ။ လွန်ခဲ့တဲ့ဆယ် ကျော်ကျော် ဟုတ်လား'

www.burmeseclassic.com



စဝ်ရန်နိုင်က မယုံကြည်နိုင်စွာဖြင့် . . .

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်ကတည်းက ဟုတ်လား'

'ဟုတ်တယ် စဝ်ရန်နိုင်။ အဲဒီအချိန်ကတည်းက ဗြိတ္တာအဖွဲ့အတွက် အလုပ်လုပ်ပေးခဲ့တယ်။ ဒီအလုပ်လုပ်ရတာ ကျွန်တော် သဘောကျတယ်။ ဗြိတ္တာအဖွဲ့အပေါ် ကျွန်တော်က သဘောကျတယ်။ သိပ်ချမ်းသာနေတဲ့လူတွေ၊ ခေါင်းပုံဖြတ်ပြီး လက်ဝါးကြီးအုပ်နေတဲ့ လူတွေ၊ နေရာတိုင်းမှာ လက်ညှိုးထိုးပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ဖြစ်နေတဲ့လူတွေကို မကျေနပ်ဘူး။ မျှတအောင်လုပ်ဖို့လိုတယ်။ စောစောက ကျွန်တော်ပြောတဲ့လူတွေကို မုန်းတယ်။ ဒီတော့ ဘာပဲပြောပြော ကျွန်တော်တို့ အလုပ် ကျွန်တော်တို့လုပ်တယ်။ ခင်ဗျားတို့ကတော့ ဒုစရိုက်လုပ်ငန်းလုပ်တယ်ပေါ့'

ဒီဗွက ဝင်၍ပြောသည်။

'သူက ကျုပ် အားကိုးရတဲ့ လူယုံတစ်ယောက်ပါ။ လူရင်းတစ်ယောက်ဆို ပိုမှန်တာပေါ့။ သူ ဘယ်အပိုင်းက ပါတယ်ဆိုတာတော့ သူပြောမှာမဟုတ်ဘူး။ ဒီတော့ ကျုပ်ကပဲ ပြောပြပါ့မယ်။ ဗန္ဓုရမြို့မှာတုန်းက ခင်ဗျားရဲ့ရင်ဘတ်မှာ စက္ကူပြန်းထိုးပြီး ထရန်ဆစ္စတာ အသေးစားလေးထည့်ပေးတဲ့ကိစ္စ၊ ထွန်းမြတ်နဲ့ အစီအစဉ်ဆွဲပြီး ခင်ဗျားလာပေးတဲ့ စာအုပ်ထဲက ထရန်ဆစ္စတာထုတ်ယူ တဲ့ကိစ္စအားလုံးဟာ ကျော်လွင်မိုးရဲ့ အစီအစဉ်တွေပါ'

စဝ်ရန်နိုင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။ ရဲမှူးကျော်လွင်မိုး အစစ်ဆိုတာ





တကယ်ရှိသလား။ ခင်ဗျားကတော့ အတုပဲ ဖြစ်ရမယ်'

ကျော်လွင်မိုးက ဂုဏ်ယူဝင့်ကြွားသံဖြင့် . . .

'ရဲမှူးကျော်လွင်မိုး အစစ်ရှိခဲ့တာ အမှန်ပဲ။ အဲဒီအစစ်က သေသွားပြီ'

'ဘယ်နေရာမှာ သေသွားတာလဲ'

'ရဲမှူးကျော်လွင်မိုး အစစ်က ခတ္တရာကျွန်းမှာ တာဝန်ယူဖို့ လာတဲ့လမ်းမှာ ကားတိုက်မှုဖြစ်ပြီး သေသွားတယ်'

ဒီဗွက ဝင်၍ပြောသည်။

'အဲဒီကိစ္စအားလုံး ကျုပ်လူတွေရဲ့ လက်ရာတွေချည်းပါပဲ။ ရဲမှူးကျော်လွင်မိုးရဲ့ ပတ်(စ်)ပို့၊ စာရွက်စာတမ်းတွေ၊ အထုပ်လက်ခံစာရွက်တွေအားလုံး ကျုပ်လူတွေရခဲ့တယ်။ ကျုပ်က သူ့ကို ကျော်လွင်မိုး အဖြစ် အယောင်ဆောင်ပြီး ထည့်ထားခဲ့တယ်။ ကျော်လွင်မိုးအစစ်ရဲ့ ကိုယ်ရေးမှတ်တမ်းကိုလည်း ကျုပ်တို့က ကြိုပြီးသိထားတယ်။ ဒီကိစ္စ လုပ်ရတာ အတော်လေးခက်ခဲပါတယ်။ ကျုပ်တို့ဘက်က အများကြီး ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ရတယ်။ ကျုပ်တို့ဟာ ဗြိတ္တာအဖွဲ့သားတွေ ဖြစ်နေတယ်ဆိုတော့ ဒီအလုပ်မျိုးလုပ်ရတာ သိပ်မခက်ခဲပါဘူး'

'ကျွန်တော်နဲ့ ပတ်သက်ပြီးတော့ကော'

'ဒါကတော့ ခင်ဗျားအပေါ်မှာ မူတည်တယ်။ ခင်ဗျားကို ဘယ်သူက လွှတ်လိုက်တာလဲ။ ကျုပ်တို့အကြောင်း ဘယ်လောက်အထိ ခင်ဗျား သိထားပြီးပြီလဲ'

စဝ်ရန်နိုင်က ခနဲ့သံဖြင့် ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားအတော်ညံ့တဲ့ ပြိတ္တာခေါင်းဆောင်ပဲ။ ကျွန်တော့်ကို ဘယ်သူကမှ လွှတ်တာမဟုတ်ဘူး။ ခတ္တရာကျွန်းနဲ့ ဗန္ဓုရမြို့ကို လာလည်တဲ့ ဧည့်သည်တစ်ယောက်ပဲ'

ဒီဗွ၏လေသံ မသိမသာပြောင်းသွားသည်။

'ခင်ဗျားဟာ ရိုးရိုးသာမန် ခရီးသွားဧည့်သည်တစ်ယောက် ဖြစ်ခဲ့တာမှန်ရင်၊ ခတ္တရာကျွန်းမှာ သီသီဆွေဆိုတဲ့ မိန်းကလေးအသက် ခံရတုန်းက မော်တော်ဘုတ်ပေါ်မှာ ဘာဖြစ်လို့ အတူတူရှိနေရတာလဲ။ လျှို့ဝှက်အေးကျင့်တစ်ခုကနေ တစ်ခုကိုပို့တဲ့ ထရစ်ဆစ္စတာအသံလွှင့် စက်ကို ဘာဖြစ်လို့ ခင်ဗျားက သယ်ပေးရတာလဲ။ ခင်ဗျားဘက်က တိုက်ဆိုင်တာတွေ သိပ်များနေတယ်။ အခုဖြစ်နေတဲ့ အခြေအနေအရ ခင်ဗျားဟာ မသင်္ကာစရာအကောင်းဆုံး လူတစ်ယောက်ဖြစ်နေတယ်။ ပထမဆုံး သျှားသက်ညိုကို အရင်ဆုံး စစ်ဆေးကြည့်မယ်'

'မင်းက ငရဲပြည်နဲ့ တန်တဲ့အကောင်း'

စစ်ရန်နိုင်က ပြောပြောဆိုဆိုနှင့် အနီး၌ရပ်နေသည့် ကျော်လွင်မိုး၏ နားထင်ကိုလက်သီးဖြင့် အရှိန်ပြင်းစွာထိုးချလိုက်၏။ ကျော်လွင်မိုး နာကျင်စွာအော်ဟစ်ပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီး လူးလိမ့်၍နေပေသည်။

ဒီဗွက ပေါ့ပါးဖျတ်လတ်စွာ နောက်သို့ခုန်လိုက်ပြီး သူ၏ အပေါ်ဂျာကင်အင်္ကျီအတွင်းမှ အော်တိုမတ်တစ် ပစ္စတိုတစ်လက်ကို ဆွဲထုတ်လိုက်သည်။

ဒီဗွက ခက်ထန်အက်ကွဲသော လေသံဖြင့် အော်၍ပြော



သည်။

'ဟေ့ . . မင်းတို့နှစ်ယောက်စလုံး နေရာတစ်လက်မမှ မရွေ့နဲ့'

ဒီဗွသည် ဘယ်လက်ဖြင့် စားပွဲခုံ၊ ကုလားထိုင်များကိုစမ်း၍ နောက်ဘက်သို့ဆုတ်သွားသည်။ သူ၏ဟောင်းလောင်းပေါက် မျက်လုံးကြီးများဖြင့် စစ်ရန်နိုင်၏ အသံကြားလိုက်ရသည့် နောက်ဆုံး နေရာသို့ မျက်နှာမူ၍ စိုက်ကြည့်နေသည်။

စစ်ရန်နိုင်က အချိန်ဆွဲပြီး စကားစ ရှာလိုက်သည်။

'ခင်ဗျား ဘယ်သူ့ကို ပြောတာလဲ'

ဒီဗွက . .

'မင်းကို ပြောတာ'

သျှားသက်ညို စိတ်မထိန်းနိုင်တော့။ သူမ၏ ပခုံးမှ လက်ဆွဲ အိတ်ဖြင့် ဒီဗွကို လှမ်း၍ပစ်လိုက်သည်။ လက်ဆွဲအိတ်က ဒီဗွ၏ ပခုံးကိုထိသွားပြီး လက်ဆွဲအိတ်အတွင်းမှတ် မိတ်ကပ်ဘူး၊ နှုတ်ခမ်းနီ ဘူး၊ ပေါင်ဒါဘူး၊ ရေမွှေးပုလင်းနှင့် အခြားတိုလီမိုလီပစ္စည်းများ ပျံ့ကျဲထွက်ကျကုန်သည်။

ဒီဗွ၏လက်ထဲမှ သေနတ်သံကျယ်လောင်စွာ ထွက်ပေါ်လာ သည်။ ကျည်ဆန်က မည်သူ့ကိုမျှ မထိ။ နောက်ဘက်ရှိ သစ်သား တံခါးဘောင်ထဲသို့ နစ်မြုပ်ဝင်သွားသည်။

'ဒီလိုအပြုအမူမျိုး မလုပ်သင့်ဘူး . . စစ်ရန်နိုင်'

စစ်ရန်နိုင်က တံခါးဆီသို့ပြေး၍ ပိတ်ရန်ဟန်ပြင်လိုက်၏။ သူ၏ လည်ကုတ်၌ စူးရှချွန်မြသော ဓားမျှားဖြင့် ထိုးစိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သကဲ့သို့ ပူခနဲခံစားလိုက်ရသည်။ ဒီဗွ၏ပခုံးပေါ်မှ ကြောင်ကြီးက သူ့ကို တိုက်ခိုက်ပြီဖြစ်ကြောင်း သိလိုက်သည်။ ကြောင်လက်သည်းများက အသားထဲ နစ်မြုပ်ဝင်နေပေသည်။ စဝ်ရန်နိုင်က ထိုင်ခုံတစ်လုံးပေါ်၌ထိုင်ချလိုက်ပြီး ကြောင်ကြီး၏ရှေ့လက်နှစ်ဘက်ကို သတိဖြင့် ဆွဲယူလိုက်သည်။

ဒီဗွအဖို့ အချိန်ရသွားသည်။ ဒီဗွက သူ၏အနီးရှိ စားပွဲပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ သူ၏အခန်းထဲသို့ သူ၏လူနှစ်ဦး အပြေးအလွှားဝင်ရောက်လာကြသည်။

စဝ်ရန်နိုင် လှုပ်ရှား၍မရနိုင်တော့။ လည်ကုတ်မှ သွေးများကို လက်တစ်ဘက်ဖြင့် သုတ်လိုက်သည်။ ဒီဗွက စဝ်ရန်နိုင်၏ ရင်ဝသို့ အော်တိုမတ်တစ်ပစ္စတိုဖြင့် တည့်မတ်စွာချိန်ရွယ်ထားပေသည်။

'ဒီဗွ'က

'မင်းတို့နှစ်ယောက်လုံး နေရာက လုံးဝမရွေ့ပဲရပ်နေ'

ပြောရင်း မီးခလုတ်ကိုပိတ်လိုက်သည်။ တစ်ခန်းလုံး မှောင်မည်းတိတ်ဆိတ်၍သွားပေသည်။

ဒီဗွက အားရကျေနပ်စွာ ရယ်လိုက်သည်။

'မျက်လုံးမရှိတဲ့ ငါ့လို လူတစ်ယောက်အဖို့ အလင်းရောင်ရှိတာနဲ့ မရှိတာ ဘာမှ မထူးခြားဘူး။ ကျုပ်က အမှောင်ထဲမှာနေလာခဲ့တာ နှစ်ပေါင်း မနည်းတော့ဘူး။ အခု အခန်းထဲမှာ မှောင်နေတယ်။ ကျုပ်အတွက်ဘာမှ မထူးခြားဘူး။ ဒါပေမယ့် အမှောင်ထဲမှာ မင်းတို့နေရာမရွေ့နဲ့။ ရွေ့ဖို့မကြိုးစားနဲ့ပ။ အသံကြားတာနဲ့ ပစ်ရလိမ့်မယ်။





ဒီမှာ စဝ်ရန်နိုင် . . ပထမဆုံး မင်းရဲ့လည်ချောင်းကို ပစ်မယ်။ လည်ချောင်းကိုမှန်ရင် ချက်ခြင်းမသေဘူး။ ဖြည်းဖြည်းမှ ဝေဒနာမျိုးမဆန့်ခံစားရင်း သေသွားတယ်'

သွားသက်ညှိုက မုန်းတီးစက်ဆုပ်စွာဖြင့် . . .

'ဟုတ်တယ် . . စဝ်။ ဗြိတ္တာအဖွဲ့သားတွေဟာ လူတစ်ယောက် မျိုးမဆန့်ဝေဒနာခံစားပြီး တဖြည်းဖြည်းနဲ့ သေသွားတာမျိုးကို အရသာခံပြီးကြည့်တတ်တဲ့ လူသတ်သမားတွေ၊ အရိုင်းအစိုင်းတွေ . .'

ဒီဗွက အော်ဟစ်၍ ရယ်လိုက်၏။

'ဟုတ်တယ်။ မင်းပြောတာ သိပ်မှန်တယ် . .'

စဝ်ရန်နိုင်အနေနှင့် အမှောင်ထဲ၌ ဘာမျှ မမြင်နိုင်ပဲဖြစ်နေသည်။ ဒီဗွသည် မျက်မမြင်တစ်ဦးဖြစ်သည်။ သို့သော် အနံ့ခံကောင်းသည်။ အကြားအာရုံ အလွန်ကောင်းသူ၊ နားအလွန်ပါးသူ ဖြစ်သည်။

စဝ်ရန်နိုင်အဖို့ အသက်ပင်ပြင်းပြင်း မရှူဝံ့။ အသက်ရှူသံကြားလျှင် သူရပ်နေသည့်နေရာကို 'ဒီဗွ' အလွယ်တကူသိသွားပေမည်။ စဝ်ရန်နိုင် ခြေထောက်ကို ရွှေ့သွားသည်။ ဒီဗွက လှုပ်ရှားသံကို ကောင်းစွာကြားသည်။

'စဝ်ရန်နိုင် . . မင်းရဲ့ ခြေထောက်ရွှေ့သံကြားတယ်။ ရောက်နေတဲ့နေရာက ထပ်မရွှေ့ပါနဲ့။ လူတွေ ဘယ်လို သေတယ်ဆိုတာကို ကျုပ် ကောင်းကောင်းသိတယ်။ ကျုပ် မျက်စိကောင်းတုန်းက နည်းမျိုးစုံကြုံခဲ့ပြီးပြီ။ အခုအချိန်မှာတော့ အဲဒီလိုသေတာတွေ မမြင်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ဒါပေမယ့် ကျုပ်အနေနဲ့ သေတာကို ကြားနိုင်တယ်။ ခံစားနိုင်တယ်။ မင်းတို့နှစ်ယောက် ကျုပ်ကို ကြောက်နေတာကို ကျုပ် ခံစားနိုင်စွမ်းရှိတယ်။ မင်းတို့နှစ်ယောက်သေတာကို ကျုပ်အနေနဲ့ ကောင်းကောင်းအနံ့ခံနိုင်တယ်။ သေတဲ့အနံ့ဟာ အင်မတန်သင်းပျံ့ချိုမြွေးနေတယ်။ ဘယ်အနံ့နဲ့မှမတူဘူး။ ကျုပ်က အားလုံးတွဲ့ ပျော်ရွှင်မှုအပြည့် အဝပေးနိုင်တယ်။ ကျုပ်ရဲ့ မည်းမှောင်နေတဲ့ဘဝမှာ ဒါဟာ ကြီးမားတဲ့ ပျော်ရွှင်မှုတစ်ခုပဲ'

စံပ်ရန်နိုင်က . . .

'ခင်ဗျားဟာ ရူးသွပ်နေတဲ့ လူသတ်သမားကြီးပဲ'

ဒီဗွက တျေနပ်စွာ ရယ်မောလိုက်သည်။

'ဟုတ်တယ် . . ကျုပ်ဟာ လူသတ်သမားကြီးတစ်ယောက်ပဲ။ မျက်စိမမြင်ရတော့တဲ့ အချိန်နောက်ပိုင်းမှာလည်း ကျုပ် လူသတ်ခဲ့တာပဲ။ တကယ်တော့ ရူးတယ်ဆိုတာလည်း ဘာမှမဆန်းပါဘူး'

စံပ်ရန်နိုင်အနေနှင့် ဒီဗွကိုလှည့်စား၍ အချိန်ဆွဲထားမည်ဟု စဉ်းစားမိသည်။ အချိန်ရလျှင် အသက်ရှင်ခွင့်ရှိနေဦးမည်။ အသက်ရှင်နေလျှင် အခွင့်အရေးရှာကြံနိုင်သည်။ ရသမျှအချိန်ကို ဆွဲဆန့်၍ အသုံးပြုရပေမည်။

'ဒီမှာ ဦးဒီဗွ။ ခင်ဗျားသိချင်တာတွေ ကျွန်တော်က ပြောပြမယ်ဆိုရင်ကော၊ ခင်ဗျား ဘယ်လို ပြန်ပြီး ထပ်ပြောဦးမှာလဲ'

ဒီဗွက . .

'မင်း ဘာသိချင်လို့ ဒီလိုပြောတာလဲ'





'ဘယ်သူက ဘာဖြစ်လို့ ကျွန်တော့်ကို လွှတ်တယ်ဆိုတဲ့ ကိစ္စ ခင်ဗျားအနေနဲ့ ဘာဖြစ်လို့ အရေးတကြီး သိချင်နေရတာလဲ'

ဒီဗွက ဘယ်လက်ဖြင့် သူ၏လက်မှ နာရီကိုစမ်းကြည့်သည်။ သူ၏နာရီမှာ မျက်မမြင်များအတွက် အထူးပြုလုပ်ထားသည့် စမ်းကြည့်နာရီဖြစ်သည်။

'နောက်ထပ် နှစ်ဆယ့်လေးနာရီပြည့်ရင် ရေငုပ်သင်္ဘောသုံးစင်းဆီက သတင်းသုံးမျိုးရမယ်။ သူတို့ကို အမိန့်ပေးထားတဲ့အတိုင်း ဘယ်နေရာမှာ ရောက်နေတယ်လို့ သတင်းပို့မယ်။ အဲဒီသတင်းကို ကျုပ်ရဲ့ ရေဒီယိုအော်ပရေတာကနေတစ်ဆင့်ရရင် ကျုပ်က အမိန့်ထပ်ပေးမယ်။ နောက်ထပ်တစ်ခု ကျုပ်ပြောမယ်။ ရေငုပ်သင်္ဘောသုံးစင်းပေါ်မှာ ရှိနေတဲ့လူတွေဟာ အခုအချိန်ထိ ဘာမှ မသိကြသေးဘူး။ သူတို့ ဘာကြောင့် ဘယ်ကိုသွားရတာကအစ မသိကြဘူး။ ရေငုပ်သင်္ဘောတွေပေါ်မှာ အချက်ပြ ခလုတ်တွေရှိတယ်။ အချက်ပြသင်္ကေတကို ကျုပ်တစ်ယောက်တည်းပဲသိတယ်။ အဲဒီအတွက် ကျုပ်ဆီက အချက်ပြလိုက်တာနဲ့ ရေငုပ်သင်္ဘောတွေထဲမှာပါရှိတဲ့ အချက်ပြ ခလုတ်ပွင့်သွားမယ်။ ပြီးတော့ ရေငုပ်သင်္ဘောတွေပေါ်မှာ ပါတဲ့ နူထရွန်ဗုံးတွေ အလိုအလျောက်ပေါက်ကွဲကုန်ကြလိမ့်မယ်။ ရေငုပ်သင်္ဘောသုံးစင်းစလုံးမှာ နူထရွန်ဗုံးတွေ တပ်ဆင်ထားပြီးပြီ။ ရေငုပ်သင်္ဘောတစ်စီးနဲ့တစ်စီး ဘယ်အကွာအဝေးမှာ ရှိရမယ်ဆိုတာ တွက်ချက်ပြီး ချိန်ကိုက်ပြီး တွက်ချက်ထားတယ်။ ရေငုပ်သင်္ဘောတွေမှာပါတဲ့ နူထရွန်ဗုံးတွေ တစ်စင်းပြီးတစ်စင်း ဆင့်ကဲ၊ ဆင့်ကဲ ပေါက်ကွဲ


www.burmeseclassic.com

www.burmeseclassic.com



သွားလိမ့်မယ်။ နူထရွှန်ဖုံးတွေ ပေါက်ကွဲပြီးတာနဲ့ ကမ္ဘာပေါ်မှာ ကြီးကျယ်တဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာကုန်လိမ့်မယ်'

စဝ်ရန်နိုင်က ခပ်ထွေထွေလေသံဖြင့် . .

'ဘာတွေ ပြောင်းလဲကုန်မှာလဲ'

ဒိဗ္ဗသည် ရှုးသွပ်ဖောက်ပြန်သွေးဆာနေသူဖြစ်သည်။ စိတ်ထင်ရာလုပ်မည့်သူဖြစ်ပုံရသည်။ သူလုပ်မည့် အလုပ်သည် လွန်စွာ အန္တရာယ်ကြီးမားမှုရှိကြောင်း စဝ်ရန်နိုင် နားလည်လိုက်သည်။

ဒိဗ္ဗက . . .

'နူထရွှန်ဖုံး ပေါက်ကွဲပြီး ဖြစ်လာမယ့် နောက်ဆက်တွဲကိစ္စတွေ ခင်ဗျားသိချင် သိမှာပါ။ ပင်လယ်သမုဒ္ဒရာတွေထဲက ရေစီးကြောင်းတွေ ပြောင်းလဲကုန်မယ်။ ပြောင်းပြန် စီးကုန်ကြလိမ့်မယ်။ ပေါက်ကွဲမှုကြောင့် ရေစီးကြောင်းအသစ်တွေ ဖြစ်ပေါ်လာစေရမယ်။ ပေါက်ကွဲပြီး ကိုးရက်၊ ဆယ်ရက်ကြာတဲ့အခါမှာ ကမ်းခြေဒေသတွေအပေါ်ကို ကြီးမားတဲ့ ဒီလှိုင်းလုံးတွေ တက်လာလိမ့်မယ်။ အဲဒီ ဒေသတွေမှာ ရာသီဥတုတွေ ပြောင်းလဲကုန်လိမ့်မယ်။ ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာ၊ တောင်တရုတ်ပင်လယ်ဒေသတွေအားလုံး ရာသီဥတုတွေ သိသိသာသာပြောင်းကုန်လိမ့်မယ်။ မုတ်သုံပေါက်ရာသီတို့ နွေရာသီတို့ ပျောက်ကွယ်ကုန်လိမ့်မယ်။ တစ်ချို့ဒေသတွေမှာ နွေရာသီရောက်တာ နောက်ကျလာလိမ့်မယ်။ ရာသီဥတုကြောင့် လူတွေအံ့ဩကုန်မယ် ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်လိမ့်မယ်'

စဝ်ရန်နိုင်က . . .





'ပေါက်ကွဲမှုကြောင့် ရာသီဥတုပြောင်းလဲကုန်တာလို့ သိမှာပေါ့'

'ဟုတ်တယ်။ သိတော့ သိလိမ့်မယ် . .။ မီးတောင်ပေါက်ကွဲလို့ ဒီလှိုင်းတွေ တက်လာတာမျိုးမဟုတ်ခဲ့ရင်၊ မီးတောင်ပေါက်ကွဲတာမျိုးမရှိခဲ့ရင်၊ ဒီလို ဒီလှိုင်းတွေတက်လာပြီး ရေစီးကြောင်းတွေပြောင်းလဲကုန်တာဟာ ရေအောက်မှာ အနုမြူဗုံးပေါက်ကွဲလို့ဖြစ်တာလို့ သတ်မှတ်လာကြလိမ့်မယ်။ အဲဒီအချိန်မှာ ရေအောက်အနုမြူဗုံး စမ်းသပ်တာ သူ့ကြောင့်၊ ငါ့ကြောင့်လို့ စွပ်စွဲကုန်ကြလိမ့်မယ်။ အဲဒီလို စွပ်စွဲတာမျိုးကို ကျုပ်က လက်ပိုက်ကြည့်ပြီး ဟားတိုက်ရယ်မစ်လိုက်ချင်တယ်။ သီးနှံတွေပျက်စီး ကုန်ကြမယ်။ နွေရာသီဆိုတာ မရှိတော့ဘူးဖြစ်လာမယ်။ အင်မတန်ဆိုးရွားပြင်းထန်တဲ့ ဆောင်းရာသီနဲ့ ကြုံတွေ့လာကြရမယ်။ ရေကြောင်းတွေ အေးခဲပြီးပိတ်ဆို့ကုန်မယ်။ ကြီးမားတဲ့ ဒီလှိုင်းလုံးကြီးတွေတက်လို့ ပထမဆုံး ဆိုးကျိုးကတော့ ပျက်စီးမှုတွေနဲ့ ကြုံရမှာပဲ။ ရာသီဥတုတွေ အမြဲတမ်း ဖောက်ပြန်တာမျိုးလည်း ဖြစ်ချင်ဖြစ်ကုန်လိမ့်မယ်'

ဒိဗ္ဗက သူ၏ မဟာအကြံအစည်ကို အားပါးတရ ပြောသည်။

စဝ်ရန်နိုင်က . . .

'အခုလို ဘာဖြစ်လို့ ခင်ဗျားက လုပ်ချင်ရတာလဲ'

စဝ်ရန်နိုင်၏ မျက်လုံးများ အခန်းထဲ၌ တဖြည်းဖြည်းဖြင့် ကျင့်သားရ၍လာသည်။ သာမန်လူတစ်ယောက်ထက်စာလျှင် ပို၍ သူက အမှောင်ထဲ၌ မြင်နိုင်စွမ်းရှိသည်။ အခန်းတွင်း၌ ချထားသော



www.burmeseclassic.com

www.burmeseclassic.com



စားပွဲ၊ ထိုင်ခုံများနှင့် ဒီဗွ၏ ခန္ဓာကိုယ်အနေအထားကို ကောက်ကြောင်းများအဖြစ် တဖြည်းဖြည်းမြင်လာသည်။

ဒီဗွက . . .

'ကျုပ်မှာ ခံစားချက်တွေ၊ နာကျည်းချက်တွေအများကြီးနဲ့ပါ။ ကျုပ် စီးပွားရေးလုပ်ငန်းတွေ လုပ်တာ အောင်မြင်ခဲ့တယ်။ စက်မှုလုပ်ငန်းတွေနဲ့ ကြီးပွားချမ်းသာလာတယ်။ ကျုပ်ကို ခြိမ်းခြောက်အကျပ်ကိုင်လာတာတွေနဲ့ ကြုံရတယ်။ ကျုပ်ကို နောက်ဆုံးမှာ လုပ်ကြံလာတဲ့အထိ ဖြစ်လာတယ်။ ကျုပ် မျက်စိနှစ်လုံးကွယ်သွားတာ ကျုပ်ကိုသေအောင်လုပ်ကြံခဲ့တဲ့ကိစ္စကြောင့်ပဲ။ ဘယ်သူဘယ်ဝါဆိုတာ မသိခဲ့ရပေမယ့် ဘယ်လိုလူစားတွေဆိုတာတော့ သိခဲ့ရတယ်။ အဲဒီလူစားတွေဟာ ကျုပ်အပေါ်မှာ မနာလိုတဲ့လူတွေ၊ စီးပွားပြိုင်ဘက်အုပ်စုတွေက လူတွေပဲ။ သူတို့ကအများကြီး၊ ကြီးပွားချမ်းသာကုန်ကြပြီ။ နိုင်ငံခြားတိုင်းပြည်တွေမှာပါ သူတို့က အရေးပါအရာရောက်တဲ့ သန်းကြွယ်သူဌေးကြီးတွေ ဖြစ်နေကြပြီ။ ကျုပ်ရဲ့လုပ်ငန်းတွေ တော်တော်များများ ပျက်စီးခဲ့ရတယ်။ ကျုပ်ရဲ့ ချမ်းသာကြွယ်ဝမှုဟာ ဖြစ်သင့်သလောက် မဖြစ်ခဲ့ရဘူး။ အဲဒီလူစားတွေကို ကျုပ်က ပြန်ပြီး လက်တုန့်ပြန်ရလိမ့်မယ်။ သူတို့ကို ပျက်စီးအောင်လုပ်ရလိမ့်မယ်။ ကျုပ်ရဲ့ဘဝကို ဖျက်ဆီးတဲ့ အဲဒီလူစားတွေကို မုန်းတီးတယ်။ အဲဒီလူတွေရဲ့ အန္တရာယ်ကိုရှောင်ပြီး ကျုပ်ဟာ နာမည်ပြောင်းပြီး နေခဲ့ရတယ်။ ဒါတော့ ကျုပ် ဆုံးဖြတ်ချက်ချပြီးသွားပြီ။ ပင်လယ်နဲ့ သမုဒ္ဒရာရေကြောင်းတွေကို ကျုပ် ပြောင်းပစ်မယ်။ ဒါဟာ ကျုပ်ရဲ့ အကောင်း





ဆုံးလက်တုန့်ပြန် တိုက်ခိုက်မှုပဲ။ ဒီကိစ္စကို ကျုပ် သေသေချာချာ စမ်းသပ် လေ့ကျင့်ပြီးသွားပြီ . .'

ဒီဗွအသံမှာ တဖြည်းဖြည်း မာကျောခက်ထန်လာသည်။ ဒီဗွသည် နာကျည်းချက်တစ်ခုဖြင့် ရူးသွပ်နေသူ၊ ငွေကြေးမရှုည်းမက်မောမှုကြောင့် ရူးသွပ်နေသူတစ်ဦးဖြစ်သည်။ ကြောက်စရာအကောင်းဆုံး၊ အန္တရာယ်အပေးနိုင်ဆုံး အခြေအနေတွင် ရှိနေသူဖြစ်သည်။

သူ၏အကြောင်းပြချက်များနှင့် ပတ်သက်၍ စဝ်ရန်နိုင်မှန်မမှန် စစ်ကြောဝေဖန်မှု ပြုစရာမလိုအပ်ပေ။ သို့သော် သူသည်လက်ရှိအခြေအနေ၌ ပြောသည့်အတိုင်းလုပ်ပေလိမ့်မည်။ သူ၏ဖောက်ပြန်ရူးသွပ်မှုသည် ကြီးမားလှသော အန္တရာယ်ကြီးတစ်ခုပင်ဖြစ်သည်။

စဝ်ရန်နိုင်က . . .

'ခင်ဗျား အသုံးပြုတဲ့ ရေငုပ်သင်္ဘောဟောင်းကြီးတွေထဲမှာ ဘယ်သူတွေ ရှိနေကြလဲ'

ဒီဗွ၏အသံ ရုတ်တရက် ပြောင်းသွားသည်။

စူးစူးရှရှအသံဖြင့် ပြောသည်။

'သူတို့အကြောင်း မင်းသိလည်း ဘာမှ မလုပ်နိုင်တော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သင်္ဘောပေါ်မှာရှိတဲ့ လူအားလုံး နောက်နာရီပိုင်းအတွင်းမှာ သေကုန်ကြတော့မှာမို့လို့ပဲ။ အဲဒီလူတွေက ဗြိတ္တာအဖွဲ့က လူတွေပါပဲ။ အဲဒီလူတွေက ဒုစရိုက်မှုပေါင်းမြောက်များ



www.burmeseclassic.com

www.burmeseclassic.com



ရွာကို ကျူးလွန်ခဲ့ကြတဲ့ ကြေးစားလက်မရှိတွေချည်းပဲ။ သူတို့ရဲ့ ပြစ်မှုတွေကို နောက်က အရိပ်လိုလိုက်လာတော့ အားလုံးထွက်ပြေးတိမ်းရှောင်ကုန်ကြတယ်။ လျှို့ဝှက်တဲ့နေရာတစ်ခုမှာ ဖြိုးသွာအဖွဲ့နှစ်အဖြစ်ရပ်တည်တယ်။ အင်း . . ကျုပ်ရဲ့လူတွေက ဖြိုးသွာအဖွဲ့နှစ်က လူတွေကိုသွားရှာတယ်။ ဒီလို လွယ်လွယ်ခေါင်းရှောင်တဲ့လူတွေ၊ သတ္တိမရှိတဲ့လူကြောက်တွေဟာ မကြာခင် သေကုန်ကြတော့မယ်လေ'

သွားသက်ညိုက . . .

'ဖြိုးသွာအဖွဲ့နှစ်ကလူတွေကို ရှင်က ဘယ်လိုလှည့်စားပြီးခေါ်လာတာလဲ'

ဒိဗ္ဗက ခပ်သဲ့သဲ့ ရယ်လိုက်သည်။

'ဒါက ဘာမှ မခက်ခဲပါဘူး။ ကျုပ်လူတွေက သူတို့ကောင်းကြောင်းတွေ၊ သူတို့ရဲ့ ကြိုးစားမှုတွေအကြောင်း၊ သူတို့ရဲ့ လုပ်ဆောင်ချက်တွေအကြောင်း ချီးကျူးမြှောက်ပင့်ပြောဆိုကြတယ်။ သူတို့အတွက် နေရာကောင်းတွေ၊ အခွင့်အရေးကောင်းတွေ ပေးမယ်။ အားလုံးအစစအရာရာ အဆင်ပြေအောင်လုပ်ကိုင်ပေးမယ်လို့ ကျုပ်လူတွေက ပြောကြတယ်လေ။ ဒါ ဘာမှ မခက်ခဲလှပါဘူး။ သူတို့ကို ဖြိုးသွာအဖွဲ့တစ်ခုနဲ့ ပြန်ပေါင်းစည်းဖို့ခေါ်တယ်။ ကွဲကွာနေတဲ့ သူတို့မိသားစုတွေနဲ့ ပြန်ဆုံတွေ့နိုင်ဖို့ စီစဉ်ပေးမယ်။ လိုအပ်တဲ့ ငွေကြေးထောက်ပံ့မယ်။ သူတို့အတွက် ရေအောက်ပင်လယ်ငါးနဲ့ပုဇွန်သုတေသနပုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေမှာ အလုပ်နေရာပေးမယ်ပေါ့'





စဝ်ရန်နိုင်က . . .

'ဒီမှာ ဒိဗ္ဗ။ ခင်ဗျားကို ကျွန်တော် မေးပါရစေ . .'

'ဘာမေးမှာလဲ'

'ခင်ဗျားပြောတဲ့ ရေဒီယိုအချက်ပြသင်္ကေတကို ခင်ဗျားတစ်ယောက်တည်းပဲ နားလည်သလား'

'ကျုပ်ရဲ့ လျှို့ဝှက်ချက်ကို ဘယ်သူမှ ပြည့်ပြည့်စုံစုံမသိကြဘူး။ ရေဒီယိုအချက်ပြသင်္ကေတကိုလည်း ကျုပ် တစ်ယောက်တည်းပဲသိတယ်။ ရေငုပ်သင်္ဘောတွေပေါ်မှာ ပါသွားတဲ့လူတွေကိုလည်း ကျုပ်ရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး အပြည့်အစုံ ပြောပြမထားဘူး။ သူတို့လုပ်ရမယ့် အလုပ်အတိုင်းအတာလောက်ပဲ အကန့်အသတ်နဲ့ပြီး သိထားစေတယ်။ သူတို့လုပ်ရမယ့် အပိုင်းလောက်ပဲ သူတို့သိတယ်'

စဝ်ရန်နိုင်က ခေါင်းခါလိုက်သည်။

'ဦးဒိဗ္ဗ . . ခင်ဗျားကတော့ ရူးနေပြီ။ ခင်ဗျားလုပ်တာတွေ မအောင်မြင်နိုင်ပါဘူး'

'စောင့်ကြည့်ကြတာပေါ့။ ကဲ . . မင်း ကတိပေးထားတဲ့အတိုင်း ဖြေစမ်း။ မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ။ နောက်တစ်ခါ ဘယ်သူ့အတွက် မင်း အလုပ်လုပ်ပေးနေတာလဲ'

စဝ်ရန်နိုင်က တည်ငြိမ်စွာဖြင့် . . .

'ကျွန်တော် ဘယ်သူ့အတွက်မှ အလုပ် လုပ်မပေးဘူး။ ဘယ်သူကမှလည်း ကျွန်တော့်ကို မလွှတ်ဘူး'

ရုတ်တရက် တိတ်ဆိတ်၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှ အချက်ပေး ခေါင်းလောင်းသံတစ်ချက် မြည်သံကို ကြားလိုက်ရသည်။

ဒီဗွက အံဆွဲတစ်ခုကိုစမ်း၍ ဖွင့်လိုက်သံပေါ်လာသည်။

'ဒေါက်တာ စဝ်ရန်နိုင်။ မင်းက ကျုပ်ကို လှည့်စားတာပေါ့ ဟုတ်လား။ ကောင်းပြီလေ . . ကျုပ်ကလည်း ပြန်ပြီး မင်းကို လက်ဆောင်ကောင်းကောင်းလေး ပေးရတာပေါ့။ ဟောဒီမှာ ကြည့်သား ရေအစမ်နဲ့ လုပ်ထားတဲ့ကြာပွတ်။ ဒီကြာပွတ်အကြောင်း မင်း ခံစား ဖူးသွားစေရမယ်'

လေထဲ၌ တဖြောင်းဖြောင်းမြည်သံ ထွက်လာသည်။ ကြာပွတ်သံသည် သေနတ်ပစ်လိုက်သည့်အလား မြည်ဟီး၍ထွက်လာသည်။ နားရွက်နား၌ အေးကနဲ တစ်ချက် ခံစားလိုက်ရသည်။ သတိထား၍ ရှောင်တိမ်းလိုက်သည့်ကြားက စဝ်ရန်နိုင်၏ပါးပြင်၌ မီးစနှင့် ထိုးလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

'ဘယ်လိုလဲ စဝ်ရန်နိုင်။ ဟား . . ဟား . . ဟား ကျုပ်ရဲ့ ကြာပွတ်အကြောင်း သိသွားပြီလား။ မင်း ရယ်နိုင်၊ ပြုံးနိုင်သေး သလား'

ကြမ်းပြင်ပေါ်မှ လှုပ်ရှားသံတစ်ချက် ကြားရသည်။ ရဲမှူး ကျော်လွင်မိုး သတိရလာခြင်းပင်ဖြစ်မည်။

ဒီဗွက . . .

'ကဲ . . စဝ်ရန်နိုင်။ မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ။ မင်း ဘယ်သူ့အတွက် အလုပ် လုပ်ပေးနေရတာလဲ . .'





'ကျုပ် အမှန်အတိုင်း ပြောပြီးပြီပဲ'

ဒီဗွ ဒေါသအကြီးအကျယ် ထွက်သွားပုံရသည်။

'မင်းကို ကျုပ် လုံးဝမယုံနိုင်တော့ဘူး'

ထိုင်ခုံအောက်မှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ဝင်ပေါက် နှစ်ထပ်တံခါးကြီးပွင့်သွားသည်။ အပြင်မှ လူနှစ်ဦးဝင်လာသည်။ တစ်ဦး၏လက်ထဲ၌ ကြာပွတ်တစ်ချောင်းကိုင်ထားပြီး ကျန်တစ်ဦး၏ လက်ထဲ၌ အော်တိုမက်တစ်ပစ္စတိုတစ်လက် ကိုင်ထားသည်။

ကျော်လွင်မိုးအတွသည် ကြမ်းပြင်ပေါ်၌ လဲကျနေရာမှ ထ၍ စဝ်ရန်နိုင်ရှိရာသို့ လျှောက်လာသည်။ သျှားသက်ညိုက နံရံတွင် ကပ်၍ရပ်နေသည်။ ဒီဗွက ဆိုဖာထိုင်ခုံကြီးတစ်လုံးဘေး၌ ကြာပွတ် ကိုင်ပြီးရပ်နေသည်။ နှစ်ထပ်တံခါးကြီး ပြန်ပိတ်သွားသည်။ တစ်ခန်း လုံး ပြန်၍ မှောင်မည်းသွားသည်။

ဒီဗွက လှောင်ပြောင် ရယ်မောလိုက်သည်။

'ကဲ . . စလိုက်ကြရအောင် စဝ်ရန်နိုင်။ မင်းကို ကျုပ် မမြင် ရဘူး။ ဒါပေမယ့် မင်းရဲ့အသက်ရှူသံကိုတော့ ကောင်းကောင်းကြား နေရတယ်'

ကြာပွတ်သံ ဖျန်းခနဲပေါ်လာသည်။ ကြာပွတ်တစ်ချက်က စဝ်ရန်နိုင်၏ လက်ကိုအဖျားခတ်၍ ထိသွားသည်။ သျှားသက်ညို ထံမှ အသက်ပြင်းပြင်း ရှူလိုက်သံကိုကြားရသည်။

စဝ်ရန်နိုင်ဘေးဘက်သို့ အသာလှည့်လိုက်၏။ ဘေးရှိ ကျော်လွင်မိုးအတွ၏ ဘောင်းဘီခွကြားသို့မှန်း၍ ခြေနှစ်ဦးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကန်လိုက်သည်။ ကျော်လွှင်မိုးအတွေထဲမှ နှာကျင်ဖွယ်အော်လိုက်သံနှင့်အတူ ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားသည်။

ဒီဇွထံမှ ကြာပွတ်သံ အဆက်မပြတ်ပေါ်လာသည်။

စဝ်ရန်နိုင်၏ ခန္ဓာကိုယ်ပေါ်သို့ ကြာပွတ်ရိုက်ချက်များ ဆက်တိုက်ထိသည်။ သျှားသက်ညှိထဲမှ အော်သံတစ်ချက်ကြားလိုက်ရသည်။

ကြာပွတ်ရိုက်ချက်တစ်ချက် စဝ်ရန်နိုင်၏ပါးကိုထိသည်။ လည်ပင်းကိုပါ ဓားနှင့်မွှန်းလိုက်သကဲ့သို့ ရိုက်ချက်တစ်ခုက ပွတ်ဆွဲသွားသည်။ စဝ်ရန်နိုင် လည်ပင်းကိုလက်ဖြင့် ကိုင်လိုက်သည်။ ကော်လာပေါ်၌ ထိုးထားသည့် ပင်အပ်ကလေးကို အမှတ်မထင်စမ်းမိသည်။

ဒေါ်ကြူကြူဆွေ ထံအသွား၊ စက္ကူပန်းပွင့်ကလေးကို ရင်ဘတ်၌ ပင်အပ်ဖြင့် ထိုးချိတ်ထားခဲ့ပုံ၊ ဒေါ်ကြူကြူဆွေက စက္ကူပန်းကိုယူသည်။ စဝ်ရန်နိုင်က ပင်အပ်ကလေးကို လိုရမည်ရ အသုံးတည့်နိုင်သည်ဟု ယူပြီး ကော်လာ၌ ထိုးထားခဲ့သည်။

ဒီဇွကို ထိန်းချုပ်ထားနိုင်ဖို့လိုသည်။ ရေငုပ်သဘော်များထဲမှ အချက်ပြသဘော်တကို ဒီဇွတစ်ဦးတည်းသာ သိသည်။ ရေငုပ်သဘော်များထံသို့ သူက တုန့်ပြန်၍ အချက်မပေးခဲ့လျှင် ရေငုပ်သဘော်ပေါ်၌ တာဝန်ပေးထားသူများ နူထရွန်ဗုံးဖောက်ခွဲကြမည် မဟုတ်။ ရေငုပ်သဘော်များတစ်နေရာသို့ စု၍ထွက်ခွာသွားမည်။ ဒီရေလှိုင်းများလည်း တက်လာနိုင်စရာ မရှိတော့။





စဝ်ရန်နိုင်အနေနှင့် တရုတ်အပ်စိုက်ပညာကို လေ့လာထားသူဖြစ်သည်။ တရုတ်အပ်စိုက်နည်းကိုသုံး၍ ဒီဇွကို အမှောင်ထဲ၌ ထိန်းချုပ်နိုင်သည်။ ဒီဇွ၏ ဘယ်ဘက်နဖူးပြင်အောက်ရှိ အာရုံကြောကို အပ်ဖြင့်စိုက်လိုက်နိုင်လျှင် ဒီဇွကို ထိန်းချုပ်ပြီးသား ဖြစ်သွားပေလိမ့်မည်။ ထိုသို့ ထိုးစိုက်လိုက်မှု တိကျမှန်ကန်ဖို့လိုပေသည်။ တိကျမှန်ကန်စွာထိုးစိုက်နိုင်ပါက ဒီဇွ သတိလစ်မေ့မြော၍ သွားပေမည်။

ဒီဇွကို ထိန်းချုပ်နိုင်မည့် တစ်ခုတည်းသော အခွင့်အရေးပင်ဖြစ်သည်။

ဒီဇွ၏အသံ ပေါ်လာသည်။

'ဘယ်လိုလဲ . . စဝ်ရန်နိုင်။ မင်းဆီက စကားသံနည်းနည်းလောက်တောင် မကြားရတော့ပါလား။ ဒါ အပျော်ကစားတာမဟုတ်မှန်း မင်း သိသွားပြီ မဟုတ်လား . .။ ကျုပ်အတွက်တော့ ဒီလိုကစားနည်းမျိုးကို သဘောအကျဆုံးပဲ'

ကြာပွတ်သံ 'ရွှမ်း'ခနဲ ပေါ်လာသည်။ စဝ်ရန်နိုင်၏ဘေးလေထုထဲမှ ဖြတ်ကျော်သွားသည်။ စဝ်ရန်နိုင် မထိ။ ကြာပွတ်ရိုက်သံကြောင့် ဒီဇွရှိသည့်နေရာကို စဝ်ရန်နိုင် သိလိုက်သည်။ ခြေသံလုံးဝမကြားစေရန် အထူးသတိထားပြီး ရှေ့သို့ ဖြည်းညင်းစွာတိုးကပ်သွားသည်။ လက်ညှိုးနှင့် လက်မကြား၌ ပင်အပ်ကလေးကို ညှပ်ကိုင်ထားသည်။

ကြာပွတ်သံ တစ်ချက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သျှားသက်ညှိထံမှ အော်သံ ကြားရသည်။ ဒီဇွ၏ တပည့်က လှမ်း၍ ရိုက်လိုက်ခြင်းပင် ဖြစ်မည်။

ဒီဇွက ကျေနပ်အားရသံဖြင့် . .

'ကဲ . . ခေါက်တာစစ်ရန်နိုင်။ မင်းရဲ့ ကောင်မလေးကို ရိုက်လိုက်တဲ့အသံ ကြားတယ် မဟုတ်လား။ ဟင်း . . ဟင်း မင်း ရယ်နိုင်၊ ပြုံးနိုင်သေးရဲ့လား။ အိုး . . ဟိုး . . ဟိုး . . မင်းရဲ့အသံကို ကျွပ်မကြားရပါလား။ မင်း ဘယ်နေရာမှာလဲ စစ်ရန်နိုင်'

'ငါ . . ဒီမှာရှိတယ် အရူးရဲ့'

စစ်ရန်နိုင်က လက်ထဲမှ ပင်အပ်ဖြင့် ဒီဇွ၏ ဘယ်ဘက် နဖူးပြင်ထဲသို့ အဆုံးထိ ထိုးစိုက်သွင်းလိုက်သည်။ စစ်ရန်နိုင်သည် အောက်ဘက်သို့ ခုန်ဆုတ်လိုက်၏။

ဒီဇွက စူးရှနာကျင်စွာတစ်ချက် အော်ဟစ်လိုက်သည်။

စစ်ရန်နိုင်က . . .

'မီးဖွင့် . . မီးဖွင့်'

ဒီဇွသည် ဒယီးဒယိုင်ဖြင့် စားပွဲနှင့်တိုက်ပြီးလဲကျသွားသည်။ စားပွဲပေါ်ရှိ အရက်ပုလင်းများနှင့် ဖန်ခွက်များကျကွဲကုန်သည်။

နံရံမှ မီးပွင့်လာသည်။

အခန်းတွင်း၌ အားလုံးကို မြင်လာရသည်။ ဒီဇွမှာ ကော်ဇော ပေါ်၌ လဲကျနေသည်။ သူ၏မျက်နှာပေါ်၌ မျက်မှန် မရှိတော့။ မျက်လုံး ပေါက်နှစ်ခုနေရာ၌ ပေါင်းလောင်းပေါက်ပြီး နှစ်ခုကို ကြောက်ရွံ့ ဖွယ်ရာ စက်ဆုတ်ဖွယ်ရာ မြင်နေရသည်။





ဒီဇွမှာ ခြေထောက်နှစ်ဘက်လုံး အကြောဆွဲသလို တုန်ခါပြီး တစ်ချက်တစ်ချက် ညည်းညူအော်ဟစ်နေပေသည်။ သူ၏တပည့် များမှာ ဒီဇွကို စိုးရိမ်တကြီး ဝိုင်း၍ငုံ့ကြည့်နေကြသည်။ သူ၏ တပည့်များအားလုံး စိုးရိမ်စိတ်ဖြင့် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ပြီး မျက်နှာများ ဖြူရော်၍နေကြသည်။

ကြာပွတ်များမှာ ကြမ်းပြင်ကော်ဇောပေါ်၌ ကျ၍နေသည်။

ဒီဇွ၏တပည့်များမှာ၊ ညာဏ်မရှိသူများ ခပ်တုံးတုံးများ ဖြစ်ပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဒိဗ္ဗကား ကြမ်းပြင်ကော်ဇောပေါ်၌ လဲကျပြီး သတိလစ်နေသည်။

စဝ်ရန်နိုင်က သျှားသက်ညိုဘက်သို့ လှည့်၍ . . .

'မင်း . . ထိသွားသေးလား'

'လက်မောင်း အဖျားလောက်ပဲ နည်းနည်းထိသွားတယ်'

ကျော်လွင်မိုး သတိရ၍ ထလာသည်။ လဲကျသွားစဉ် လျှာနှင့်သွားတိုက်မိပြီး ပါးစပ်မှ သွေးများထွက်နေသည်။

စဝ်ရန်နိုင်က . . .

'မင်းတို့အားလုံး သေသေချာချာ နားထောင်။ မင်းတို့ရဲ့ ဆရာကြီး ဦးဒိဗ္ဗရဲ့ ဦးနှောက်နဲ့ အာရုံကြော ထိခိုက်နေတယ်။ သူ့ကို အမြန်ဆုံးဆေးကုမှ ဖြစ်မယ်'





ကျော်လွင်မိုးက မျက်နှာကိုရှုံ့တွလျှက် မပီမသအသံဖြင့် ပြောလိုက်သည်။

'စဝ်ရန်နိုင် . . သူ့ကို မင်း ဘာလုပ်လိုက်သေးလဲ'

စဝ်ရန်နိုင်က ခေါင်းခါလျှက် . . .

'ငါ ဘာမှ မလုပ်ပါဘူး။ အခု . . သူ သတိလစ်နေတယ်။ အာရုံကြောကို ပြင်းပြင်းထန်ထန် ထိခိုက်သွားပုံရတယ်။ အခု . . သတိလစ်နေတယ်။ အခု မကုရင် သေသွားလိမ့်မယ်'

ကျော်လွင်မိုးက မယုံကြည်နိုင်သော လေသံဖြင့် . .

'မင်းလာပြီး လိမ်မနေနဲ့။ သူ မသေနိုင်ဘူး'

စဝ်ရန်နိုင်က . . .

'ကျုပ်က ဆရာဝန်ပါ။ ကျုပ် မျက်စိအောက်မှာ ဒီလို အခြေအနေရှိပြီး သေသွားတဲ့လူတွေ အများကြီးကို မြင်ဖူးတယ်။ ကျုပ်ပြောတာမယုံရင်၊ သူ့ကို အသေခံလိုက်ပေါ့'

ကျော်လွင်မိုးက . . .

'ခင်ဗျား ဆရာဝန်ပဲ။ သူ့ကို ကုပေးလေ'

'ကျုပ် ဘာနဲ့ ကုရမှာလဲ။ ကျုပ်က လက်ချည်းသက်သက်နဲ့ ကုပေးရမှာလား။ ကျုပ်မှာ ဆေးဝါးပစ္စည်းတစ်ခုမှ မပါဘူး။ အခု ဦးဒိဗ္ဗရဲ့ အခြေအနေ လုံးဝမကောင်းဘူး။ အသက်ငင်သလို ဖြစ်နေပြီ။ ဒီအတိုင်းကြည့်နေရင်တော့ သူ သေမှာပဲ။ သူလိုလူမျိုးသေတာသိရင် လူအတော်များများက ဝမ်းသာမှာပဲ။ မင်းတို့ သူ့အသက်ကိုကယ်ချင်တယ်ဆိုရင်တော့ တစ်နည်းပဲရှိတယ်။ ဆေးဝါးပစ္စည်းကိုယူလာပြည့်စုံ

www.burmeseclassic.com



တဲ့ ဆရာဝန်တစ်ယောက်လောက်ရှာပြီး ဒီလိုခေါ်လာခဲ့ပေါ့'

ကျော်လွင်မိုး ခေတ္တမျှ ချိန်ဆနေသည်။

'ဘယ်လို လုပ်ပြီးခေါ်မှာလဲ'

'ခင်ဗျား တော်တော်ညံ့တဲ့ လူပဲ။ အခုကိစ္စက ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး။ ကျုပ်က လက်ပိုက်ကြည့်နေလို့ရတယ်။ ဒီရွက်လှေပေါ်မှာ ခင်ဗျားက လုပ်ပိုင်ခွင့်ရှိတဲ့လူ ဖြစ်နေတယ်။ ခင်ဗျားမှာ မော်တော်ဘုတ်ရှိတယ် မဟုတ်လား။ ကုန်းပေါ်က ဆရာဝန်တစ်ယောက်သွားပြီး ခေါ်မလာနိုင်ဘူးလား'

'ဒီရွက်လှေပေါ်ကို လူစိမ်းတက်လို့ မဖြစ်ဘူး။ ခင်ဗျားပြောသလို ဆရာဝန်ခေါ်ဖို့ဆိုတာ တော်တော်လေး စွန့်စားရမယ့်အလုပ်ပဲ'

'ဒါကတော့၊ ခင်ဗျားတို့ သဘောပဲလေ'

စဝ်ရန်နိုင်က ကျေနပ်စွာ ပြုံးလိုက်သည်။ မိမိ၏အကွက်ဝင်လာပေပြီ။ ထိုင်၍စောင့်ကြည့်ရုံသာရှိသည်။

ကျော်လွင်မိုးမှာ ချီတုံ၊ ချတုံဖြစ်နေသည်။ ထို့နောက် အံဆွဲအတွင်းမှ စာအုပ်တစ်အုပ်ကို ထုတ်ပြီး ကြည့်သည်။ စားပွဲပေါ်ရှိ တယ်လီဖုန်းကို မလိုက်၏။

'ကပ္ပတိန် . . အခု ဘယ်နေရာရောက်နေသလဲဆိုတာ အမြန်ပြောပါ'

တစ်ဘက်မှ ကပ္ပတိန်က . . .

'လင်းပိုင်ရေလက်ကြားက ထွက်ပြီး ခရုကျွန်းကမ်းခြေမှာ



ရောက်နေတယ်'

'ကောင်းပါပြီ . . ကျေးဇူးတင်ပါတယ်'

ကျော်လွင်မိုးက စဝ်ရန်နိုင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'ကျုပ်တို့ ဆရာဝန်ခေါ်ဖို့ စီစဉ်လိုက်ဦးမယ်။ ခင်ဗျားတို့နှစ်ယောက်ကို ထစ်နေရာမှာ ဝှက်ထားဖို့လိုတယ်။ ကျုပ်တို့အနေနဲ့ တတ်နိုင်သမျှ လျှို့ဝှက်မှ ဖြစ်မယ်'

ကျော်လွင်မိုးက ရှုတ်တရက် အရှိက်ကိုလက်သီးဖြင့် ထိုးသွင်းလိုက်သည်။ စဝ်ရန်နိုင်က လက်ဝါးစောင်းဖြင့်ခုတ်၍ တားသည်။ နောက်ဘက်မှ အစောင့်က တစ်စုံတစ်ရာဖြင့် ရိုက်ချလိုက်သည်။ စဝ်ရန်နိုင် မည်သို့မျှ မရှောင်နိုင်ပဲ သတိလစ်၍ လဲကျသွားသည်။

× × × × ×

အပြင်ဘက်၌ နှင်းများမြူများ သိပ်သည်းစွာကျဆင်းနေသည်။

လမ်းပေါ်တွင် ကားတစ်စီးတစ်လေမျှပင် ဖြတ်သန်းသွားခြင်းမရှိ။ တိတ်ဆိတ်ငြိမ်သက်၍ နေသည်။ ဤသို့ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ခြောက်ခြားဖွယ်ရာအတိပင်။

သော်စင်သည် သူ၏ကိုယ်ပိုင် ဟိုတယ်ကောင်တာနံဘေး တစ်ခုတည်းထိုင်၍ စဉ်းစားနေသည်။ သူ့ထံသို့ ရောက်လာတော့မည်

www.burmeseclassic.com



သေခြင်းတရားကို တရားကျစွာ တွေးနေမိသည်။ သူသည် ဗြိတ္တာအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ထို့အတွက် သူသည် နာမည်ပြောင်း၍ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ သူ၏ မိသားစုကိုပါ ခွဲခွာ၍ ထားခဲ့ရသည်။

ယခုအချိန်၌ သူ၏ ရုပ်သွင်ပါ ပြောင်း၍နေပေပြီ။ ထို့အတွက် အတို့ရှာမှုအရိပ်များ လွယ်ကူစွာ မလိုက်နိုင်တော့ဟု တွေးမိသည်။ ယခု သူရောက်သော ဒေသ၌ စီးပွားရေးလုပ်ကိုင်ရသည်မှာ အဆင်ပြေသည်။ စပ်စုသူများ၊ မနှာလိုသူများ မရှိ။ ရိုးသားသူ၊ ဖော်ရွေသူများသာရှိကြသည်။ ထို့ကြောင့် သူ့အတွက် အားလုံး အဆင်ပြေသည်။ ဤဒေသ၌ပင် သူအိမ်ထောင်ထပ်ပြုသည်။ သားနှစ်ဦးပင်ရ၍ နေပြီဖြစ်သည်။

ယခုလတ်တလော အခြေအနေ၌ သူ ချောင်းဆိုး၍လာသည်။ ပျောက်အောင် မည်သို့မျှ ကု၍မရ။ လည်ချောင်းပါနာလာသည်။ ထို့အတွက် သူနှင့်ရင်းနှီးသော ဒေါက်တာဥက္ကာထံပြသသည်။ ဒေါက်တာဥက္ကာက ဓါတ်မှန်ရိုက်၍ စစ်ဆေးသည်။ ဒေါက်တာဥက္ကာက သူနှင့်ရင်းနှီးသည့် အထူးကုပါရဂူကြီးတစ်ဦးထံ စာရေး၍ သွားနိုင်းသည်။ အထူးကုဆရာဝန်က စစ်ဆေးကြည့်ပြီး သက်ပြင်းတစ်ချက်ချသည်။ ထို့နောက် သူမည်မျှသာ နေရတော့မည်ဟု ပြောသည်။

ယခု သူသည် ဘဝကို အထီးကျန်စွာ လျှောက်လှမ်း၍နေရသည်ဟု သူ့ကိုယ်သူ့ သိမ်ငယ်စွာခံစားနေရသည်။

ပြာမှုံသောမိုးကောင်းကင်၊ ပြာလွင်နေသည့် ပင်လယ်၊ နီစွေး





နေသည့် ညနေခင်း၏ နေလုံး . . စသည်တို့သည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူ၏ သေရမည့်နေ့ရက်နှင့် အချိန်ကိုစောင့်နေကြသည်။

ရုတ်တရက်

အပြင်ဘက်မှ လူခေါ်ခေါင်းလောင်းသံ ဆူညံကျယ်လောင်စွာ ပေါ်ထွက်လာသည်။ သော်ဇင် နှလုံးသွေးများ ရပ်လုမတတ် ထိတ်လန့်သွားမိသည်။

တံခါးဝ၌ ကုတ်အင်္ကျီရှည်ကြီးဖြင့် လူတစ်ယောက်ရပ်နေသည်။ ဦးခေါင်း၌ အနက်ရောင်ဦးထုပ်တစ်လုံးဆောင်းထားသည်။

သော်ဇင်က . . .

'တံခါးဖွင့်ထားပါတယ်။ အထဲကို ဝင်နိုင်ပါတယ်'

အပြင်မှ လူက . .

'ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက်နဲ့ပတ်သက်ပြီး အကူအညီတစ်ခုလိုချင်ပါတယ်'

သော်ဇင်က မျက်မှောင်တစ်ချက် ကြုတ်လိုက်၏။

'ဘယ်လို အကူအညီမျိုးလဲ'

ပထမရောက်နေသူက နောက်ဘက်ကိုလှည့်၍ ခေါင်းညိတ်ပြသည်။ နောက်ထပ် လူတစ်ဦး ဝင်လာသည်။ ထိုလူသည် ကုတ်အင်္ကျီရှည်ကြီး ဝတ်ဆင်ထားပြီး ဦးထုပ်ကိုငိုက်၍ ဆောင်းထားသည်။

သော်ဇင်က အခြေအနေကို အကဲခတ်လိုက်သည်။

'ခင်ဗျားတို့ ဘယ်က လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

ပထမလူက . . .

'ကျွန်တော်တို့ ရှက်လှေကြီးပေါ်က လာတဲ့လူတွေပါ။ ကျွန်တော်တို့ရဲ့ သူဌေး တော်တော်နေမကောင်းဖြစ်နေပါတယ်။ ဆရာဝန်တစ်ယောက်လောက် ခေါ်ပေးနိုင်မလား။ သူဌေးရဲ့အသက်ကို စိုးရိမ်ရတယ် . .'

သော်ခင်က တိုတိုတုတ်တုတ်ပင် ဖြေလိုက်၏။

'ဒီမှာ ဆရာဝန် မရှိဘူး'

ပထမလူက သဘောမကျသည့် လေသံဖြင့် . . .

'ဒီအနားပတ်ဝန်းကျင်မှာ ဆရာဝန်တစ်ယောက်တောင် မရှိဘူးလား'

'ရှိတော့ ရှိတယ်။ အဲဒီ ဆရာဝန် ခရီးသွားနေတယ်'

'အဲဒီ တစ်ယောက်တည်းပဲရှိသလား'

'ဟုတ်တယ်။ တစ်ယောက်တည်းပဲ ရှိတယ် . .'

'အခုကိစ္စက သေရေးရှင်ရေးဖြစ်နေတယ်။ ကျုပ်တို့သူဌေးအတွက် ဆရာဝန်တစ်ယောက် အရေးတကြီးလိုချင်တယ်'

'ကျုပ် မကူညီနိုင်တာ ဝမ်းနည်းပါတယ်'

ပထမလူက သူ့နောက်မှ လူကို တစ်ချက်ကြည့်လိုက်သည်။

ဒုတိယလူက ရှေ့သို့တိုးလာပြီး

'ဒါ . . ခင်ဗျားရဲ့ ဟိုတယ်လား'

'ဟုတ်ပါတယ် . .'

'ဒါဆို . . ဒီဟိုတယ်က ရွှေသခင် ဟိုတယ်ပေါ့'





'ဟုတ်တယ် . . ဘာဖြစ်လို့လဲ မိတ်ဆွေ'

ဒုတိယလူက မသိမသာပြုံးလိုက်ပြီး . . .

'အခန်းလွတ်တစ်ခုထဲမှာ ခင်ဗျားနဲ့ ကျုပ်တို့ ဆွေးနွေးချင်ပါတယ်'

'ဖြစ်ပါတယ် . .'

သော်ခင်က အခန်းကျဉ်းတစ်ခုထဲခေါ်သွားသည်။ သို့သော် ထိုအခန်းမှာ ခမ်းနားလှပစွာ ပြုပြင်ထားသောအခန်းဖြစ်သည်။ အခန်းနံရံ၌ သူ၏သားနှစ်ဦး၏ ဓါတ်ပုံများကိုချိတ်ဆွဲထားသည်။

ပထမလူက သားရေအိတ်တစ်လုံးကို ကုတ်အင်္ကျီရှည်ကြီးထဲမှထုတ်သည်။ အတွင်းမှ ဓါတ်ပုံတစ်ပုံကို ထုတ်၍ပေးသည်။ လူငယ်တစ်ဦး၏ပုံ။ ဦးထုပ်ဆောင်းထားသည်။ အမှတ်အသားတံဆိပ်တစ်ခုတပ်ဆင်ထားသည်။

'ဒီပုံကို . . ခင်ဗျား မြင်ဖူးလား'

[illegible]ခင် ယူ၍ကြည့်သည်။ သူငယ်စဉ်က ရိုက်ထားသောဓါတ်ပုံဖြစ်သည်။ ဗြိတ္တာအဖွဲ့ဝင်တစ်ဦးဖြစ်စဉ်က ဓါတ်ပုံဖြစ်သည်။ သူက လက်မတုန်စေရန် သတိထား၍ ပြန်ပေးသည်။

သော်ခင် ခေါင်းခါလျက် . .

'ကျုပ် . . တစ်ခါမှ မမြင်ဖူးဘူး'

နောက်ထပ် တစ်ပုံထုတ်ပြသည်။

'ဒီပုံကိုကော . .'

အမျိုးသမီးတစ်ဦး၏ ဓါတ်ပုံ။ သူ့သား၌ ကလေးတစ်ဦး


www.burmeseclassic.com

 www.burmeseclassic.com 

သူ မှီလနေထိုင်သည့် ဒေသမှ ဇနီး[illegible]သူနှင့်သား၏ပုံ။ ဤဓါတ်ပုံများ သူတို့မည်သို့ ရလာသည်မှန်းမသိ။ ထို့အတွက် သော်ဇင် သိသာစွာ တုန်လှုပ်ခြောက်ခြားလာသည်။

သူ၏အသံမှာ မသိမသာ တုန်ခါ၍သွားသည်။

'ဒီပုံလဲ . . တစ်ခါမှ မမြင်ဖူးဘူး'

နောက်ထပ် တစ်ပုံ ထုတ်ပြပြန်သည်။

'ဒီပုံဆိုရင်ကော'

သူ၏သား ဆုယူစဉ်က ရိုက်ထားသော ဓါတ်ပုံ။ သူကိုယ်တိုင်ရိုက်ကူးခဲ့သည့် ဓါတ်ပုံဖြစ်သည်။ ကွဲကွာနေခဲ့ရသည့် ဇနီးနှင့်သားဖြစ်သူကို လွမ်းဆွတ်သတိရလာသည်။ ယခုပုံကို သူမသိပါ။ မတွေ့ဘူး၊ မမြင်ဘူးဟု မငြင်းနိုင်ပဲဖြစ်သွားသည်။

ပထမလူက လေသံနှိမ့်၍ ပြောသည်။

'ခင်ဗျား . . ဝင်းလွင် မဟုတ်လား'

သော်ဇင်၏နဖူးမှ ချွေးသီး၊ ချွေးပေါက်များ စို့၍လာသည်။ နှုတ်ခမ်းကိုလည်း ခပ်တင်းတင်းကိုက်ထားမိသည်။

သူ ပုန်းရှောင်ခဲ့သမျှ အရိပ်လိုလိုက်လာပေပြီ။

သူ၏ အတိတ်မှ ကျူးလွန်ခဲ့သည့် ရက်စက်မှုများအတွက် လိုက်လာကြပေပြီ။ သူ မည်သူမည်ဝါဆိုသည်ကို သူ့ရှေ့မှ လူနှစ်ဦး သိနေပေပြီ။ အလှည့်ဆိုသည်မှာ သူ့ထံသို့ ရောက်လာပြီဟု တုန်လှုပ်စွာတွေးမိသည်။

သော်ဇင်က ခြောက်ကပ်စွာဖြင့် . .

'မင်းတို့ ဘယ်သူတွေလဲ။ ကျုပ် , . ကျုပ် ဘာအကူအညီ ပေးရမလဲ။ မင်းတို့ ရဲအဖွဲ့ကလား'

ပထမလူက သော်ဇင်ကို စိုက်၍ကြည့်ရင်းမှ

'ကျုပ်တို့ ရဲအဖွဲ့က မဟုတ်ဘူး။ ရွက်လှေကြီးတစ်စီးပေါ်က နေ ခင်ဗျားဆီကိုလာတာ။ ကျုပ်တို့ရဲ့ သူဌေးဟာ အဓော်ကိုစိုးရိမ်ရတဲ့ အခြေအနေမျိုးဖြစ်နေတယ်။ ဆရာဝန်တစ်ယောက် အမြန်လိုချင်တယ်။ ခင်ဗျား ရှာမပေးနိုင်ဘူးဆိုရင်တော့ ကျုပ်တို့က ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ ဖော်ထုတ်လိုက်မယ်။ ခင်ဗျားဟာ ဗြိတ္တာအဖွဲ့ဝင် တစ်ဦးဖြစ်တယ်။ နာမည်ပြောင်းပြီး ဒီနေရာမှာလာပြီး ပုန်းခိုနေတယ်။ ပြီးတော့ ဟိုတယ်တစ်ခုဖွင့်ထားတယ်လို့ပါ သက်ဆိုင်ရာကို အကြောင်းကြားလိုက်ရုံပဲ'

သော်ဇင်က . . .

'မင်းတို့ကို ကျုပ် မမြင်ဖူးဘူး။ ဘာဖြစ်လို့ ကျုပ်ကိုမှရွေးပြီး ဒုက္ခပေးရတာလဲ'

'[illegible]ခုလိုဖြစ်ရတာ ခင်ဗျားကို တမင်ရွေးချယ်ပြီးလုပ်တာ မဟုတ်ဘူး။ တိုက်ဆိုင်လို့ ဖြစ်လာတာပါ။ ခင်ဗျားအနေနဲ့ ဆရာဝန် တစ်ယောက်သာ အမြန်ဆုံးခေါ်ပေးပါ။ ကျုပ်တို့ဆီမှာ ဗြိတ္တာအဖွဲ့ဝင်တွေရဲ့ မှတ်တမ်းအပြည့်အစုံရှိတယ်။ ကျုပ်တို့ရွက်လှေကပ်တဲ့ နေရာမှာ အနီးဆုံးရှိတာက ခင်ဗျားပဲ။ ဒါကြောင့် ခင်ဗျားကို ခိုင်းရတာပါ'

'အခု . . ဆရာဝန် မရှိပါဘူး'

'ခင်ဗျား ငါးမိနစ်အတွင်း ဆရာဝန်တစ်ယောက် ရှာမပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးလား'

'ဆော်ဇင် ရွေးချယ်စရာလမ်း မရှိတော့ပေ။

'ကောင်းပြီ။ ခင်ဗျားတို့ ဒီမှာစောင့်နေပါ။ ဒါပေမယ့် ရဲကို မတိုင်ဘူးလို့ အာမခံချက်ပေးမှာလား'

ပထမလူက သဘောကျစွာ ရယ်မောလိုက်၏။

'စိတ်ချပါ။ ခင်ဗျားကို ဘျူပ်တို့ မတိုင်ပါဘူး'

မဖိတ်ခေါ်ပဲရောက်လာသည့် ဧည့်သည်နှစ်ဦးကို အခန်းထဲ၌ တံခါးသေချာစွာပိတ်၍ ထားခဲ့ပြီး တယ်လီဖုန်းရှိရာသို့ လေးလံသော ခြေလှမ်းများဖြင့် လျှောက်လာသည်။

ဒေါက်တာဥက္ကာထံသို့ ဖုန်းဆက်လိုက်၏။

'ဒေါက်တာလား . . ။ ဟုတ်ကဲ့ . . သိပ်အရေးကြီးနေလို့ပါ။ အခုချက်ခြင်း ကျွန်တော့်ဆီလာခဲ့ပါ ခင်ဗျာ'

ဒေါက်တာဥက္ကာက . . .

'ခုချက်ခြင်းလာခဲ့မယ်။ ဘာတွေ အရေးကြီးနေလို့လဲ'

'အရေးသိပ်ကြီးနေလို့ပါ ဒေါက်တာ'

'နေဦး၊ ခင်ဗျား ခင်ဗျားအတွက်လား။ ခင်ဗျား မိန်းမအတွက် လား'

'ဟိုတယ်ကို ရောက်နေတဲ့လူအတွက်ပါ။ အခုပြောလို့အချိန် မရဘူး။ ဒေါက်တာရောက်လာရင် အပြင်မှာ အကြောင်းစုံပြောပါ့မယ်။ မြန်မြန်သာလာခဲ့ပါ ဒေါက်တာ'

'စိတ်ချ။ အခုပဲ လာခဲ့မှာပါ'





ဒေါက်တာဥက္ကာထံမှ ဖုန်းချသွားသည်။

အပြင်ဘက်သို့ သူ လှမ်းကြည့်မိသည်။ မည်သည့်အရာကိုမျှ မမြင်ရ။ သူ ဤဒေသတွင် နေထိုင်လာခဲ့သည်မှာ ဆယ့်ငါးနှစ်ကာလကြာမြင့်ခဲ့ပေပြီ။ စိတ်မချမ်းသာစရာ တစ်ခုမျှမကြုံခဲ့။ နေထိုင်စားသောက်မှုအားလုံး အဆင်ပြေသည်။ ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေသည်။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်၍အောင်မြင်သည်။ ကလေးများ ဤနေရာမှပင် ကြီးပြင်း၍ ပညာတတ်မြောက်ပြီး အလုပ်အကိုင်များရရှိစေမည်ဟု ရည်ရွယ်သည်။

သူ သက်ပြင်းရှည်ကြီးတစ်ချက် လေးလံစွာချလိုက်သည်။

ဒေါက်တာဥက္ကာကို ထိုင်၍ သူစောင့်နေသည်။ ကားဟွန်းသံတစ်ချက်နှင့်အတူ မီးရောင်ကိုမြင်သည်။ ကားဆီသို့ သူလျှောက်သွားသည်။

အပြင်ဘက်၌ အုံတော်ကလေး အေးမြ၍နေ၏။

ဒေါက်တာဥက္ကာက သူ့ကို နှုတ်ဆက်သည်။

'ခင်ဗျား စောင့်နေတာလား'

ဆော်ဇင်က ဒေါက်တာဥက္ကာ၏လက်ကို ဆုပ်ကိုင်လိုက်၏။

'အခုခေါ်တာ ခင်ဗျားအတွက်လား'

'တစ်ခြားကိစ္စတစ်ခုကြောင့်ပါ ဒေါက်တာ။ လူနှစ်ယောက် ကျွန်တော့်ဆီရောက်နေတယ်။ သူတို့ပြောတာကတော့ သူတို့ ပင်လယ်ထဲက ရွက်လှေပေါ်ကနေလာတာတဲ့။ အဲဒီ ရွက်လှေပိုင်ရှင်က ငွေးတအတော်ကြီး နေမကောင်းဖြစ်နေတာ အသက်အန္တရာယ်ပါ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ပြောတယ်။ သူတို့ ဆရာဝန်တစ်ယောက်လိုနေတယ် ဒေါက်တာ'

'ဟုတ်လား။ ဒါဆို အတော်အရေးကြီးမှာပေါ့'

သော်ဇင်၏ရင်ထဲ၌ လေးလံ၍နေသည်။ သူမပြောချင်သည့် အတိတ်မှ အကြောင်းများကို ယခုအချိန်တွင် ဖွင့်ဟပြောရပေတော့မည်။ သူ့ရှေ့မှ ဒေါက်တာဥက္ကာသည် ရိုးသားသူ၊ ခင်မင်ဖွယ်ရာ ကောင်းသူတစ်ဦးဖြစ်သည်။

သော်ဇင်၏ မျက်လုံးအိမ်ထဲ၌ မျက်ရည်ကြည်များ စိမ့်ထွက်၍လာနေပေသည်။

'ဒေါက်တာ ကျွန်တော့်ကို သိတာကြာပြီနော်'

ဒေါက်တာဥက္ကာက သော်ဇင်အား ထူးဆန်းသည့်အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်၏။

'ဟုတ်တယ်။ တစ်ဆယ့်ငါးနှစ်လောက်ရှိပြီ ထင်တယ်'

'ဟုတ်ပါတယ်။ ဒေါက်တာ့ကို ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောစရာတွေရှိပါတယ်။ ကျွန်တော့်နာမည်ဟာ သော်ဇင်မဟုတ်ပါဘူး။ နာမည်အရင်း ဝင်းလွင်ပါ ဒေါက်တာ။ အခုတော့ သော်ဇင့်အဖြစ်နဲ့ပဲ ဒီကလူတွေ သိထားကြပါတယ်။ တကယ်တော့ တစ်ချိန်တုန်းက ကျွန်တော်ဟာ ဗြိတ္တာအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့ဖူးသူတစ်ယောက်ပါ။ ဒါပေမယ့် ကျွန်တော့် ဘဝကို ကျွန်တော်ပြည်ဖုံးကားချပြီး ဘဝသစ်မှာနေခဲ့တယ်။ အတိတ်က ဘဝဟောင်း ကျွန်တော့်ဆီ ရောက်မလာနိုင်တော့ဘူးလို့ ထင်မှတ်ခဲ့





တယ်။ အခု ကျွန်တော့်ဆီကို ကျွန်တော့်အတိတ်ဘဝက လူတွေ ရောက်လာကြပြီ ဒေါက်တာ။ ကျွန်တော့်မှာ ပတမဇနီးနဲ့သားတွေ ရှိတယ်။ အခုအချိန်မှာ အရွယ်ရောက်ကုန်ပါပြီ။ ရွက်လှေပေါ်ကလူတွေက ကျွန်တော် ဆရာဝန်တစ်ယောက် ရှာမပေးနိုင်ရင် ကျွန်တော့် အကြောင်း ရဲဘက်ကိုတိုင်မယ်လို့ ခြိမ်းခြောက်လာတယ်။ အခု လက်ရှိ ဇနီးနဲ့ကလေးတွေ ဒီကိစ္စကို လုံးဝမသိစေချင်ဘူး။ ကျွန်တော် ဆက်ပြောချင်ပါတယ်။ အခု ကျွန်တော့်ဆီလာတဲ့လူတွေဟာ ဗြိတ္တာ အဖွဲ့ဝင်တွေပဲဖြစ်မယ်။ လှေပေါ်က သူတို့ရဲ့သူဌေးဆိုတာဟာလည်း ဗြိတ္တာခေါင်းဆောင်တစ်ဦး ဖြစ်လိမ့်မယ်။ တကယ်တော့ အခုလာတဲ့ ရွက်လှေပေါ်ကလူတွေဟာ ဗြိတ္တာအဖွဲ့ဝင်တွေပဲဖြစ်မယ်။ သူတို့ဟာ လူကောင်းတွေကို လိမ်ညာလှည့်ဖျား၊ ဒုက္ခပေးပြီးနေတဲ့လူတွေ။ သူတို့ကိုဖမ်းဆီးနိုင်ဖို့ ဒေါက်တာ့အနေနဲ့ အကူအညီပေးစေချင်တယ်။ သက်ဆိုင်ရာရဲအဖွဲ့ကိုပဲ ဒေါက်တာ အကြောင်းကြား ဆက်သွယ်ပေး ပါလား'

ဒေါက်တာဥက္ကာက သော်ဇင်ကို တစ်ချက်ကြည့်လိုက်ပြီး ကျွန်တော် ပြောမယ်လို့ ကတိမပေးနိုင်ဘူး။ ဒါပေမယ့် ဒီဒေသက ရဲမှူးဆီကို သတင်းပို့ပေးမယ်။ ခင်ဗျားပြောတာတွေကို ရေရေရာရာ ကျွန်တော် နားမလည်ဘူး'

သော်ဇင်က သက်ပြင်းတစ်ချက် ချလိုက်၏။

'ကျွန်တော့်အနေနဲ့ လူ့လောကထဲမှာ ကြာကြာနေရတော့မှာ မဟုတ်ပါဘူး။ ကျွန်တော် အခုပြောတာ ကျွန်တော့်ဘဝရဲ့ တစ်စိတ်

www.burmeseclassic.com



တစ်ဒေသလောက်ကို အတိုချုံးပြီး ပြောတာပါ။ ဒေါက်တာအနေနဲ့ နားလည်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော့်ကို ကယ်ဖို့ ပြောနေတာမျိုးလည်း မဟုတ်ဘူး။ အခုလက်ရှိ ကျွန်တော့်ဇနီးနဲ့ ကလေးနှစ်ယောက်အတွက် တတ်နိုင်သလောက် ကူညီပေးဖို့ပဲ ကျွန်တော် ပြောချင်ပါတယ်'

ဒေါက်တာဥက္ကာက . . .

'ကျွန်တော် တယ်လီဖုန်းဆက်မယ်။ ခင်ဗျားဆီရောက်နေတဲ့ လူတွေ ကြားသွားနိုင်မလား'

'ရှပ်မြင်သံကြားစက်ဖွင့်ထားရင် မကြားနိုင်ပါဘူး'

'ဒါဆို ခင်ဗျားရဲ့ ရုပ်မြင်သံကြားကို အသံကျယ်ကျယ်သာ ဖွင့်ထားလိုက်ပေတော့ ...'

ထို့နောက် သူတို့နှစ်ဦးသည် တယ်လီဖုန်းဆက်ရန်အတွက် အတွင်းဘက်သို့ဝင်လာကြသည်။

× × × × × × ×

## အခန်း (၂၁)

အောင်မင်းဟန်၏ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍နေသည်။

ကိုယ်ပေါ်တွင် အင်္ကျီ အဝတ်အစားမရှိ။

ခြေနှင့်လက်များကို ကြိုးနှင့် တုပ်နှောင်ထားသည်။ အနီးတွင် [illegible]သွားမီးဖိုကြီးတစ်ခု ဖိုထားသည်။ မီးခဲများမှာရဲ၍ အပြာရောင်မီးတောက်များ တောက်လောင်၍နေပေသည်။ ထိုမီးဖိုထဲ၌ သံချောင်းနှစ်ချောင်းထည့်၍ မီးဖုတ်ထားသည်။

ဦးချိန်မင်းက ခါးထောက်၍ရပ်နေသည်။

သူ၏ မျက်လုံးအစုံမှာ အေးစက်မာကျော၍နေသည်။ လက်ထဲ၌ ကြာပွတ်တစ်ချောင်းကိုင်ထားသည်။

ကြာပွတ်သံတစ်ချက် မြည်၍သွားပြီး၊ အောင်မင်းဟန်၏

www.burmeseclassic.com

www.burmeseclassic.com



အော်သံတစ်ချက်ပေါ်လာသည်။

ဦးချိန်မင်းက အေးတိအေးစက်လေသံဖြင့် . . .

'မင်း ပုံပြင်က တော်တော် နားထောင်လို့ကောင်းတယ် အောင်မင်းဟာန်။ မင်း ပြောတာကို ငါတို့က တကယ်ယုံရမှာလား'

'ကျွန်တော် အမှန်အတိုင်းပြောတာ။ ခင်ဗျားတို့ ယုံပါ'

'မင်းဘက်က တော်တော်ပြည့်စုံတာပဲ။ ငါတို့ကို မက်လောက်အောင်အယုံသွင်းနိုင်တယ်။ သိပ်တော်တယ် အောင်မင်းဟာန်။ ဗြိတ္တာနစ်ဖွဲ့ပေါင်းပြီး ငါတို့ကို ဘဝသစ်တစ်ခုဖန်တီးပေးမယ်။ ငွေကြေးကအစ ထောက်ပံ့မှုပေးမယ်။ တကယ်တမ်းကျတော့ မင်းက နေရစ်ခဲ့ပြီး ငါတို့ချည်းပဲလွှတ်ဖို့ စီစဉ်ထားတယ်။ မင်းရဲ့အကြံ ဒါ အကုန်ပဲလား'

အောင်မင်းဟာန်မှာ မောပန်း၍နေသည်။ သူ၏တစ်ကိုယ်လုံး ချွေးများ ဒဏ်ရာများရော၍နေ၏။

ဦးချိန်မင်းက လက်ညှိုးထိုး၍

'သူ့ကို နည်းနည်းလောက် ပညာပေးလိုက်'

အောင်မင်းဟာန်သည် ဤလူစုထဲ၌ ဦးချိန်မင်းကို အကြောက်ဆုံးဖြစ်သည်။ ဤလူကြီး၏မျက်လုံးများသည် မကောင်းဆိုးဝါး တစ်ကောင်၏ မျက်လုံးများနှင့်တူသည်။ မျက်နှာမှ ဒဏ်ရာများ၊ အမာရွတ်များကြောင့် ပို၍ ကြောက်မက်ဖွယ်ကောင်းနေပေသည်။

နီရဲသော မီးခဲများကြား၌ သံချောင်းများ လှုပ်ရှား၍သွားသည်။



ဦးချိန်မင်းက . . .

'အခု . . မင်းပြောတာ အမှန်အတိုင်းချည်းပဲလား'

အောင်မင်းဟာန်က ထိတ်လန့်တုန်လှုပ်စွာဖြင့် . . .

'ဟုတ်တယ်။ အမှန်အတိုင်း ပြောတာ'

'အခု ငါ့လူတွေ ရေငုပ်သင်္ဘောပေါ်မှာ ပါသွားကြပြီ။ အဲဒီလူတွေအတွက် မင်းမှာ တာဝန်ရှိတယ်။ အဲဒီလူတွေတစ်ခုခုဖြစ်သွားရင် မင်း ဘာဖြစ်မလဲဆိုတာ စဉ်းစားထား။ ဒါပေမယ့် မင်းပြောတာကို ငါတို့ မယုံတာက ခက်နေတယ်'

ဦးချိန်မင်း၏လူတစ်ဦး အောင်မင်းဟာန်အနီးသို့ တပ်သွားသည်။ အောင်မင်းဟာန်၏ မျက်နှာပေါ်သို့ တစ်စုံတစ်ခုနှင့် ထိုးလိုက်သည်။

အောင်မင်းဟာန်၏ အော်ဟစ်သံ တစ်ခန်းလုံး ဆူညံ၍သွားသည်။

ဦးချိန်မင်းက အက်ကွဲသောလေသံဖြင့် တစ်လုံးခြင်းပြောသည်။

'ရေငုပ်သင်္ဘောပေါ်ပါသွားတဲ့ ငါ့လူတွေရဲ့ အသက်ကို ငါတို့ မကယ်နိုင်တော့ဘူး။ ဒါ . . မင်းကြောင့်ပဲ အောင်မင်းဟာန်။ ငါတို့ရဲ့ ဆုံးရှုံးသွားမှုအတွက် အလျော်ရတာ မင်းတစ်ယောက်ပဲရှိတယ်။ ကဲ အောင်မင်းဟာန် မင်း အမှန်အတိုင်းပြောစမ်း . .'

အောင်မင်းဟာန် ဝါးစပ်ဟ၍ ပြောသည်။

ဦးချိန်မင်းက နားထောင်ရင်း ခေါင်းခါသည်။

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

အောင်မင်းဟန်၏ အော်ဟစ်သံ ထပ်မံ၍ ပေါ်ထွက်လာပြန်သည်။

× × × × ×

ပင်လယ်ကမ်းခြေ၌ မော်တော်ဘုတ်တစ်စီး တစ်ဟုန်ထိုး မောင်း၍နေသည်။

မော်တော်ဘုတ်ပေါ်၌ ဆေးဝါးပစ္စည်းအစုံ ထည့်သည့် အိတ်ကို ကိုင်ထားသည့် ဒေါက်တာ 'ဥက္ကာ' ပါလာသည်။ နောက်ဘက်၌ ကုတ်အင်္ကျီအရှည်နှင့် လူနှစ်ဦးထိုင်၍ပါလာသည်။

နှင်းများက ကျ၍နေသည်။

မော်တော်ဦးပိုင်းမှ ရေပန်းဖွားများ ဘေးသို့ဖြာထွက်၍နေ၏။

မော်တော်ဘုတ်၏ အင်ဂျင်စက်သံ လျော့၍သွားသည်။ ရှေ့ဘက်၌ ရွက်လှေကြီးတစ်စင်း၏ ကိုယ်ထည်ကို မြင်နေရသည်။ ရွက်လှေပေါ်မှ လှေကားတစ်ခုကျလာသည်။ လှေကားထိပ်ဘက်၌ သင်္ဘောသားတစ်ဦး ရပ်နေသည်။

ထိုသင်္ဘောသားက . .

'လှေကားအတိုင်း ဖြည်းဖြည်းတက်လာပါ . . ဒေါက်တာ'

ဒေါက်တာဥက္ကာ ရွက်လှေပေါ်သို့ ရောက်လာသည်။ ရွက်လှေပေါ်၌ မီးများလင်းထိန်၍နေ၏။

'ဒီ စင်္ကြံလမ်းအတိုင်း လိုက်ခဲ့ပါ ဒေါက်တာ'





သင်္ဘောစတီးဝပ်က ဒေါက်တာဥက္ကာအား ဦးဆောင်၍ ခေါ်လာပြီး နှစ်ထပ်တံခါးကြီးကို ဖွင့်ပေးသည်။

'အထဲမှာပါ ဒေါက်တာ'

အခန်းထဲရှိ ခုတင်ပေါ်၌ လူနာကိုတွေ့ရသည်။ အပြာရောင် မီးထွန်းထားသည်။ လူနာ၏ မျက်နှာပေါ်၌ အရိပ်ကျနေ၍ မမြင်ရပေ။ လူနာမှာ နာကျင်သည့်ဝေဒနာကြောင့် လူးလွန့်လူးလှိမ့်ရုန်း၍နေသည်။

ဒေါက်တာဥက္ကာက . . .

'ဒါ . . ကျွန်ုပ် ကုပေးရမယ့် လူနာလား'

'ဟုတ်ပါတယ် . . ဒေါက်တာ'

'ဘယ်လိုဖြစ်တာလဲ။ သူ့ရဲ့ရောဂါဇစ်မြစ်ကို ပြောပြပါလား'

သင်္ဘောစတီးဝပ် ဘာပြောရမှန်းမသိ။ သူ့နောက်မှ သင်္ဘောသားအစောင့်ကို လှမ်းကြည့်လိုက်၏။ ထို့နောက် ဒေါက်တာဥက္ကာဘက်လှည့်ပြီး

'ကျွန်တော်တို့သင်္ဘောပေါ်မှာ ဆရာဝန်တစ်ယောက်ရှိပါတယ်။ သူဆိုရင် ပြောနိုင်ပါလိမ့်မယ်'

ဒေါက်တာဥက္ကာ အံ့အားသင့်သွားသည်။

'ခင်ဗျားတို့ဆီမှာ ဆရာဝန်တစ်ယောက်ရှိတယ် ဟုတ်လား။ ဒါဆို သူနဲ့တွေ့ရအောင် ခေါ်ပေးပါ'

'ခဏစောင့်ပါ ဒေါက်တာ။ ကျွန်တော် သွားခေါ်လာခဲ့ပါမယ်'

သင်္ဘောစတီးဝပ်နှင့် သင်္ဘောသားအစောင့်တို့ အခန်းထဲက


www.burmeseclassic.com

www.burmeseclassic.com



သို့ ဆင်းသွားကြသည်။

ခေါက်တာဥက္ကာအခန်းထဲ၌ အကဲခတ်ကြည့်ရင်း လူနာသည် မျက်မမြင်တစ်ဦးဖြစ်ကြောင်း သိလိုက်သည်။ စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို သူယူကြည့်သောအခါ၌ အပေါက်ကလေးများ အဖုကလေးများပါနေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

လူနာကို ငုံ့၍ကြည့်လိုက်ရင်းမှ

'ခင်ဗျား ဘာဖြစ်နေသလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါ။ ဒါမှ ကျွန်တော်ကုပေးလို့ရနိုင်မယ်'

လူနာထံမှ စကားသံထွက်ပေါ်လာ၏။

ညည်းညူသံသာပေါ်လာသည်။

× × × × ×

အခန်းကျယ်ကြီးတစ်ခုအတွင်း၌ ဖြစ်သည်။

စစ်ရန်နိုင်နှင့် သျှားသက်ညီရပ်နေသည်။ သူတို့၏ ဘေးပတ်လည်၌ အစောင့်များ ဝိုင်းထားသည်။

ရဲမှူးကျော်လွင်မိုးအတုက ထိုင်ခုံ၌ထိုင်၍နေသည်။

စစ်ရန်နိုင်ဘက်သို့ လှည့်လိုက်သည်။

'ဒီမှာ စစ်ရန်နိုင်။ ကျုပ်ပြောတာ သေသေချာချာနားထောင်စမ်း။ ကျုပ်တို့ ကုန်းပေါ်က ဆရာဝန်တစ်ယောက်ခေါ်လာတယ်။ သူ့ဆီကိုသွားပြီး ကျုပ်တို့ဆရာကြီး ဘ[illegible]တယ်ဆိုတာ ရှင်းပြလိုက်





ပါ'

'ဆရာဝန်ဆိုရင် ဘာဖြစ်တယ်ဆိုတာ သိမှာပေါ့'

ကျော်လွင်မိုး၏ မျက်နှာတင်းမာ၍သွားသည်။

'ခင်ဗျား အပိုတွေ ပြောမနေနဲ့။ ခင်ဗျား အခြေအနေကို ခင်ဗျား နားလည်ပါ။ ခင်ဗျား အခုထိ အသက်ရှင်နေတာ သိပ်ကံကောင်းတယ်လို့ မှတ်ပါ။ အခုရောက်နေတဲ့ဆရာဝန်ကို ဦးဒိဗ္ဗလဲကျသွားပြီး တံခါးနဲ့ ဆောင့်မိတယ်လို့ပြော။ ဆေးကုတာကလွဲပြီး ခင်ဗျားရဲ့ အခြေအနေကို ပြောမယ်လို့တော့ မကြံနဲ့။ ဟောဒီ အမျိုးသမီးကို ကျုပ်တို့နဲ့အတူထားမယ်။ ဒီရွက်လှေကြီးပေါ်မှာ နေရာတိုင်း အသံလွှင့်စက်တွေ တပ်ထားတယ်။ ခင်ဗျား ဘာပဲပြောပြော ကျုပ်တို့ ဒီကကြားနေရမှာပဲ။ ခင်ဗျား တစ်ခုခုပြောလိုက်တာနဲ့ ဒီမှာရှိနေတဲ့ ခင်ဗျားရဲ့ အမျိုးသမီးကို ကျုပ်တို့ သတ်ပစ်လိုက်မယ်။ နားလည်ရဲ့လား'

စစ်ရန်နိုင် ပခုံးတစ်ချက်တွန့်သည်။

'ကောင်းပါပြီ။ ခင်ဗျားခိုင်းတဲ့အတိုင်း ပြောရတာပေါ့။ ဒါပေမယ့် ကျုပ်က ဆရာဝန်ကို စာရေးပြီးပြောရင်ကော . .'

ကျော်လွင်မိုးက . . .

'ခင်ဗျား လွယ်လွယ်ရေးလို့ရမယ်များ ထင်နေသလား။ ကျုပ်တို့ရဲ့ သဘောၤစတီးဝပ်က ခင်ဗျားဘေးမှာ ရှိနေလိမ့်မယ်။ ခင်ဗျား စာရေးတာပဲဖြစ်ဖြစ်၊ မသင်္ကာစရာတစ်ခုခု လုပ်လိုက်တာနဲ့ သူက လျှို့ဝှက်ခလုတ်နှိပ်ပြီး ကျုပ်တို့ဆီ အကြောင်းကြားလိမ့်မယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခါကျရင် ကျုပ်တို့က လုပ်စရာရှိတာ လုပ်ရုံပဲ။ ခင်ဗျား အမျိုးသမီးရဲ့အသက် မရှိစေချင်ရင်တော့ လုပ်ပေါ့'

'ဩော် . . ခင်ဗျားက၊ အားလုံး စီစဉ်ထားပြီးသားကိုး'

'ကျုပ်တို့ ဒီလောက်အထိ မညံ့ပါဘူး စဝ်ရန်နိုင်။ ကဲဟော့ သူ့ကို ဆရာဝန်ဆီ ခေါ်သွားပေတော့'

ဒေါက်တာဥက္ကာကို ခေါ်ဆောင်လာသော ကုတ်အင်္ကျီရှည်နှင့် လူနှစ်ဦးက စဝ်ရန်နိုင်အား သေးတစ်ဘက်စီမှညှပ်၍ သဘောစတီးဝပ်ရှိရာအခန်းသို့ ခေါ်လာကြသည်။

အခန်းထဲသို့ရောက်လျှင် စဝ်ရန်နိုင်က . .

'ကျွန်တော် ဒေါက်တာ စဝ်ရန်နိုင်ပါ'

အပြင်မှ အခန်းတံခါးကို ပိတ်လိုက်ကြသည်။

သူ၏ရှေ့၌ ခေါ်လာသော ဆရာဝန်ကို တွေ့ရသည်။ ဆရာဝန်သည် မီးခိုးရောင်ဆွယ်တာနှင့် အနက်ရောင်ဘောင်းဘီကို ဝတ်ထားသည်။ သိမ်မွေ့နူးညံ့သည့် မျက်နှာထားမျိုးရှိသည်။

ဒေါက်တာဥက္ကာက စဝ်ရန်နိုင်အား စိုက်၍ကြည့်နေရင်းမှ

'ကျွန်တော် ဒေါက်တာဥက္ကာပါ။ ခင်ဗျားလည်း ဆရာဝန်တစ်ယောက်လို့ သူတို့က ပြောတယ်'

'ဟုတ်ပါတယ် . . . ဒေါက်တာဥက္ကာ'

စဝ်ရန်နိုင်၏ ရင်ထဲ၌မူ ပြုံးနေမိသည်။ သို့သော် အချိန်မရှိဟု ဦးနှောက်ထဲမှ အချက်ပေးသံ မြည်၍နေသည်။

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။





ဒေါက်တာဥက္ကာက ရင်းနှီးခင်မင်သံဖြင့် . . .

'ကျွန်တော့်ကို ဘာဖြစ်လို့ ခေါ်ရတာလဲ။ ခင်ဗျား ကုတာ မရလို့လား'

စဝ်ရန်နိုင်က အလိုက်သင့် ဖြေလိုက်၏။

'ဟုတ်ပါတယ်။ ကျွန်တော် ကုလို့မရဘူး'

ဒေါက်တာဥက္ကာ၏ မျက်လုံးတည့်တည့်သို့ စိုက်ကြည့်လိုက်၏။ ဒေါက်တာဥက္ကာသည် ပါးနပ်သူတစ်ဦးဖြစ်လျှင် ပို၍ကောင်းပေမည်ဟုတွေးမိသည်။ ယခုအချိန်၌ ကျော်လွင်မိုးနှင့် သူ၏လူများက သျှားသက်ညို၏နံကြား၌ သေနတ်နှင့်ထောက်ထားမည်ကို တွေးမိသည်။ သူ့ဘက်မှ တစ်စုံတစ်ခု မှားယွင်းသွားသည်နှင့် သျှားသက်ညို အရင်သေပေမည်။

သဘောစတီးဝပ်က ဆရာဝန်နှစ်ဦးစလုံးကို အကဲခတ်၍ ကြည့်နေသည်။ သူ့အနေနှင့် မသင်္ကာစရာ ယခုအချိန်အထိ မတွေ့ရသေး။

ဒေါက်တာဥက္ကာက လူနာ၏မျက်နှာကို မီးရောင်ဖြင့် သေချာစွာကြည့်သည်။ မျက်နှာပေါ်၌ ကြမ်းတမ်းသော အမာရွတ်များ ပြည့်နှက်၍နေ၏။ မျက်လုံးနှစ်လုံးစလုံး ဟောင်းလောင်းပေါက်ကြီး ဖြစ်၍နေပေသည်။

'ဒါ . . ဘယ်လို ဖြစ်ရတာလဲ'

စဝ်ရန်နိုင်က သဘောစတီးဝပ်ဘက်လှည့်၍ . .

'ဒါတော့ ကျွန်တော်လည်း မသိဘူး။ ဒီလူကြီး သိသလား

www.burmeseclassic.com

www.burmeseclassic.com



တော့ မပြောတတ်ဘူး'

သဘော်စတီးဝပ်က . . .

'ကျွန်တော်လည်း မသိဘူး။ ကျွန်တော် ဒီရွက်လှေသဘော်ကြီးပေါ်မှာ စပြီး အလုပ်လာလုပ်ကတည်းက ဆရာကြီးမှာ မျက်လုံးတွေ ရှိမနေဘူး'

စဝ်ရန်နိုင်က . . .

'ဘာပဲဖြစ်ဖြစ်လေ၊ လူနာကို သက်သာအောင်ကုသဖို့ကသာ အဓိကပါ။ ဒေါက်တာဥက္ကာ အခုလို ရောက်လာတာ ဝမ်းသာပါတယ်။ လူနာဟာ သိမ်ပြီးတော့ နာကျင်တဲ့ဝေဒနာကို ခံစားနေရပုံရတယ်။ စကားလည်း မပြောနိုင်ဘူး။ တစ်ခုခုနဲ့ ပြင်းပြင်းထန်ထန် ထိမိတာလည်း ဖြစ်နိုင်တယ်။ ဒီတော့ ကျွန်တော်တို့ လူနာအမြန်ဆုံးသက်သာလာအောင် တရုတ်အပ်စိုက်နည်းနဲ့ ကုသပေးရင်ပိုကောင်းမယ်လို့ စဉ်းစားထားတယ်'

'ရှေးခေတ် တရုတ်အပ်စိုက်နည်းပညာအကြောင်း ကျွန်တော်ကြားဖူးနားဝရှိပါတယ်။ ဒါပေမယ့် အနောက်တိုင်းဆရာဝန်တစ်ဦးက တရုတ်အပ်စိုက်နည်းနဲ့ ကုသတာမျိုးတော့ မမြင်ဖူးသေးဘူး'

'ဒီနည်းက လောလောဆယ်မှာ အကောင်းဆုံးဖြစ်လိမ့်မယ် ဒေါက်တာ ဥက္ကာ။ ဒါနဲ့ ဒေါက်တာ့ဆီမှာ အပ်ခပ်သေးသေးလေးတွေ များပါသလား။ ကျွန်တော့်ကို ခဏလောက်ငှားပါ'

ဒေါက်တာဥက္ကာက သူ့ဆေးအိတ်ကိုဖွင့်၍ အတွင်းမှ အပ်ထည့်ထားသည့်ဗူးကိုဖွင့်သည်။



'ကျွန်တော့်မှာပါ ပါတယ်။ ခင်ဗျား လိုချင်တာသာရွေးယူပါ'

စဝ်ရန်နိုင်က အပ်ဗူးထဲမှ သေးငယ်သော အပ်တစ်ချောင်းရွေးထုတ်ယူလိုက်သည်။ သဘော်စတီးဝပ်ဘက်သို့လှည့်၍ . .

'ဟဲ . . မင်းက ငါ့ကို ကူညီပါ။ မင်းတို့ရဲ့ဆရာကြီး ဦးဒီဗွာရဲ့ လက်မောင်းကို ခပ်တင်းတင်းဆုပ်ပြီးကိုင်ထား'

သဘော်စတီးဝပ်က စဝ်ရန်နိုင် ခိုင်းသည့်အတိုင်းလုပ်ရန် ဒီဗွာ၏လက်မောင်းကို မလိုက်သည်။ သဘော်စတီးဝပ်၏ မျက်လုံးများက ညည်းညူးတွန့်လိမ်နေသည်။ ဒီဗွာ၏ခန္ဓာကိုယ်ကို ငေးစိုက်ကြည့်နေသည်။

စဝ်ရန်နိုင်က အပ်ဖြင့် ဒီဗွာ၏နားထင်ကို ထိုးစိုက်လိုက်၏။ ဒီဗွမှာ နာကျင်စွာဖြင့် အိပ်ရာပေါ်၌ လူးလိမ့်၍နေပေသည်။ ဒီဗွာ၏အပေါ် အာရုံရောက်နေသည့် သဘော်စတီးဝပ်လည်မျိုကို စဝ်ရန်နိုင်က ဖြတ်၍ ရိုက်ချလိုက်၏။ သဘော်စတီးဝပ် အသံပင်မထွက်နိုင်ဘဲ လဲကျသွားသည်။

ဒေါက်တာဥက္ကာ အံ့အားသင့်စွာဖြင့် ပါးစပ်ဟ၍သွားသည်။

စဝ်ရန်နိုင်က သူ့ပါးစပ်ကို လက်ညှိုးနှင့်ပိတ်ပြသည်။ ဒေါက်တာဥက္ကာ နားမလည်နိုင်စွာဖြင့် ခေါင်းညိတ်ပြသည်။

သဘော်စတီးဝပ်၏ ပါးစပ်ကို စဝ်ရန်နိုင်က လက်ဖြင့်အုပ်၍ ပိတ်ထားရင်းမှ အသံကျယ်ကျယ်ဖြင့်ပြောသည်။

'ဟဲ . . ဒေါက်တာ မြင်ပြီ မဟုတ်လား။ ဒီကုသနည်းဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ အကောင်းဆုံးထိရောက်တဲ့ အာရုံ

မီးဆိမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြောကုသနည်းတစ်ခုပါပဲ။ ခဏနေဦး ဒေါက်တာ . . ။ စကား မပြောဘဲနဲ့ ဆက်ကြည့်နေပါဦး။ ကျွန်တော် ဆက်ပြီးကုကြည့်ဦးမယ်'

စစ်ရန်နိုင်က ကိုယ်ကိုကိုင်းလျှက်၊ ဒေါက်တာဥက္ကာ၏အိတ်ထဲမှ ပိုင်းလော့ဘောပင်ကိုယူ၍ အနီးရှိခုံပေါ်၌ ရေးထိုက်သည်။

'ဘာမှ မပြောပါနဲ့။ ဒီမှာ ကျွန်တော့်ကို အကြပ်ကိုင်ပြီး ဖမ်းထားတယ်။ ဒီအခန်းထဲမှာ အသံဖမ်းစက်အသေးစားတွေတပ်ထားတယ်။ ကျွန်တော့်ရဲ့ အမျိုးသမီးကိုပါ သူတို့ဖမ်းပြီး ဓားစာခံလုပ်ထားတယ်။ ဒီလူတွေက ပြဿာအဖွဲ့သားတွေ။ ဒေါက်တာ့အနေနဲ့ သဘောဝေါက ဆင်းပြီး ရဲအဖွဲ့ကို အမြန်ဆုံးသတင်းပို့ပါ'

စစ်ရန်နိုင်က အသံကိုအနည်းငယ်မြှင့်၍ ပြောသည်။

'မှတ်တယ် ဒေါက်တာ။ အခုအခြေအနေက အရေးကြီးတာ အမှန်ပဲ။ ဒေါက်တာပြောတဲ့ အကြံဉာဏ်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်'

ဒေါက်တာဥက္ကာက အဓိပ္ပါယ်ပါသော စကားကိုပြော၍ ခေါင်းညိတ်လိုက်သည်။ သူမလာခင် သော်ဇင်ပြောလိုက်သည့် စကား မှန်နေပေပြီ။

စစ်ရန်နိုင်က အောက်ထပ်အခန်းမှစောင့်၍ အသံဖမ်းစက်မှ နားထောင်နေသူများ ကြားနိုင်စေရန် အသံကျယ်ကျယ်ပြောလိုက်သည်။

'ကဲ . . ဒေါက်တာ။ ကျွန်တော်တို့ ဘယ်လိုဆက်ပြီးကုသရင် ပိုကောင်းနိုင်မလဲ'





စစ်ရန်နိုင်က ဆေးအိတ်ထဲမှ ပလာစတာကိုထုတ်၍ သဘော်စတီးဝပ်၏ပါးစပ်၌ သုံးချက်ကပ်လိုက်သည်။ လက်နှစ်ဘက်ကိုစုး၍ ပလာစတာဖြင့် ကပ်၍ပတ်ပြီး ချည်နှောင်သည်။ ခြေထောက်နှစ်ဘက် မရုန်းနိုင်အောင် ကုတင်အောက်၌ အသင့်တွေ့ရသော ကြိုးဖြင့်

၇၀ ချည်နှောင်လိုက်သည်။

စစ်ရန်နိုင်က သဘော်စတီးဝပ်၏ လည်မျိုးကို ရိုက်ချက်မှာ ပြင်းသည်။ သဘော်စတီးဝပ်မှာ သတိလစ်၍မေ့မျောနေပေသေးသည်။

'ဒီကုသချက်က ကောင်းပါတယ်။ ဒါပေမယ့် လူနာရဲ့ အခြေအနေက သိပ်စိတ်မချရသေးဘူး'

ဒေါက်တာဥက္ကာက အလိုက်သင့်ဝင်၍ ပြောသည်။

'ကျွန်တော်တို့ လူနာကို သေသေချာချာ စမ်းသပ်ဖို့လိုတယ်။ အခု ပစ္စည်းကရိယာပြည့်ပြည့်စုံစုံမရှိဘဲနဲ့ ဘာမှ စမ်းသပ်လို့ မရနိုင်ဘူး။ လူနာရဲ့ သွေးကိုဖောက်ပြီး စစ်ဆေးကြည့်ရမယ်။ ဓါတ်မှန်ရိုက်ရမယ်။ သွေးပေါင်ချိန်ဖို့လည်း လိုသေးတယ်'

'ဦးဒိဗ္ဗဟာ ချမ်းသာတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ။ ဒါပေမယ့် သူက အလုပ်သိပ်များတယ်။ သူ့အနေနဲ့ ဒီရွက်လှေကြီးပေါ်က ခွာပြီး ကုန်းပေါ်ကို လိုက်နိုင်မယ် မထင်ဘူးဒေါက်တာ'

ဒေါက်တာ ဥက္ကာက ခေါင်းခါလျှက် . . .

'ဒီလိုဆိုရင်တော့၊ ဒီလူနာကို ကျွန်တော် ဆက်ကုလို့မဖြစ်နိုင်ဘူး'

စစ်ရန်နိုင်က လက်မထောင်၍ အချက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ခေါက်တာပြောတာ မှန်ပါတယ်။ ကျွန်တော်တို့ စတီးဝပ်ကို ခေါ်ပြီး သူ့ရဲ့လူတွေနဲ့ သွားပြီး ဆွေးနွေးကြည့်လိုက်ကြရင် ပိုကောင်းမယ်ထင်တယ်'

စစ်ရန်နိုင်က သဘော်စတီးဝပ်၏ ဂျာကင်အင်္ကျီကိုလှန်၍ ရှာဖွေလိုက်သည်။ အတွင်းသိုင်းကြိုးနှင့် အိတ်ထဲ၌ထည့်ထားသော အော်တိုမက်တစ်ပစ္စတိုတစ်လက်ကို တွေ့ရသည်။ အော်တိုမက်တစ်ပစ္စတိုကိုထုတ်ယူ၍ နှစ်ဦးသား စကြံလမ်းအတိုင်းလျှောက်လာကြသည်။

× × × × × × ×



# အခန်း (၂၂)

အခန်းတံခါးရှေ့၌ ရပ်လိုက်ကြသည်။

စစ်ရန်နိုင်က တံခါးကို ခေါက်လိုက်သည်။

အတွင်းမှ ကျော်လွင်မိုးက . .

'ဝင်ခဲ့ပါ . .'

စစ်ရန်နိုင်က တံခါးကို ဖြည်းညင်းစွာ မ၍ တွန်းလိုက်၏။ တံခါးကြားမှ အသာကြည့်သည်။ သူ့ငြားသက်ညိုက နံရံတွင် ကျောမှီ၍ကပ်ပြီးရပ်နေသည်။ အစောင့်နှစ်ဦးက တစ်ဘက်စီ၌ ရပ်၍စောင့်နေကြသည်။ သူတို့၏လက်များကို အပေါ်ဂျာကင်အင်္ကျီထဲ၌ထည့်


www.burmeseclassic.com

www.burmeseclassic.com



ားသည်။

ကျော်လွင်မိုးက သူတို့နှင့် အနည်းငယ်ကွာသောနေရာ၌ ုံနေပြီး တံခါးကိုစိုက်၍ကြည့်နေသည်။

စဝ်ရန်နိုင်က တံခါးကြားမှနေ၍ အော်တိုမက်တစ်ပစ္စတိုဖြင့် ကျော်လွင်မိုးကို ချိန်၍ပစ်လိုက်၏။ ကျယ်လောင်သော ပေါက်ကွဲသံ င့်အတူ ကျော်လွင်မိုး၏ လက်ကိုကျည်ဆန်ထိမှန်သွားသည်။ ကျော်လွင်မိုး သူ၏လက်ကိုကိုင်၍ ဆွေ့ဆွေ့ခုန်အော်နေသည်။

စဝ်ရန်နိုင်က တံခါးကို ခြေတစ်ဘက်ဖြင့် ဆောင့်ကန်၍ အတွင်းသို့ ခုန်ဝင်ပြီး သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

အစောင့်နှစ်ဦးကို သေနတ်ဖြင့် ထိုးချိန်၍အမိန့်ပေးသည်။

'မင်းတို့နှစ်ယောက် သေနတ်တွေချလိုက်။ လက်နှစ်ဘက် ခေါင်းပေါ်တင်ပြီး နံရံကိုမျက်နှာပေးပြီး ရပ်စမ်း'

အစောင့်တစ်ဦးက သူ၏ သေနတ်ကိုကြမ်းပြင်ပေါ်သို့ ပွယ်ကူစွာ ပစ်ချလိုက်၏။ ကျန်တစ်ဦးက လှုပ်လှုပ်ရှားရှားပြုရန် ပြင်သဖြင့် ဒူးဆစ်ကို ချိန်၍ပစ်လိုက်သည်။ ဒုတိယအစောင့်မှာ ကြမ်းပြင်ပေါ်သို့ ခွေ၍ကျပြီး သေနတ်ပါ လွတ်ကျသွားသည်။

စဝ်ရန်နိုင်က သေနတ်ကို ကောက်ယူလိုက်၏။

သျှားသက်ညို သူ့ထံသို့ ပြေးလာသည်။ စဝ်ရန်နိုင်က သူမ





အား သေနတ်တစ်လက်ပေးလိုက်သည်။ ကျန်တစ်လက်ကို ခါးကြား၌ ထိုးထည့်ထားလိုက်သည်။

ကျော်လွင်မိုးသည် လက်တစ်ဘက်မြှောက်ထားသည်။ ကျန်လက်တစ်ဘက်မှာ သေနတ်ကျည်ဆန်ထိမှန်၍ တွဲလောင်းကျ နေသည်။

နီရဲနေသည့် ဒေါသမျက်လုံးများဖြင့် စဝ်ရန်နိုင်ကို စိုက်၍ ကြည့်နေသည်။

ဒေါက်တာဥက္ကာက ရယ်ကျဲကျဲဖြင့် နောက်ပြောင် ပြောဆို သည်။

'ဘယ်လိုဖြစ်ကုန်တာလဲ စဝ်ရန်နိုင်။ ကျွန်တော်တို့လာတာ ဆေးပညာသုတေသန ဆွေးနွေးပွဲတစ်ခု လုပ်ရမယ်လို့ထင်နေမိတာ'

စဝ်ရန်နိုင်က . . .

'ခင်ဗျား ဆေးကုပေးရမယ့် လူနာ ဦးဒိဗ္ဗဟာ ဗြိဿာအဖွဲ့ရဲ့ ခေါင်းဆောင်ပဲ'

ဒေါက်တာဥက္ကာမှာ နားမလည်နိုင်အောင် အံ့အားသင့်၍ သွားမိသည်။

'ကျွန်တော်တို့သုံးယောက် ကမ်းပေါ်ကို အမြန်ဆုံး တက်မှ ဖြစ်မယ်။ ဦးဒိဗ္ဗက ရေအောက်မှာ နူထရွန်ဗုံးတွေ ဖောက်ခွဲဖို့စီစဉ်



www.burmeseclassic.com

www.burmeseclassic.com

ထားတယ်။ အဲဒီဗုံးတွေပေါက်ကွဲရင် ငလယ်သမုဒ္ဒရာတွေထဲက ဒီလှိုင်းတွေတက်လာလိမ့်မယ် . .'

ဒေါက်တာ ဥက္ကာမှာ မျက်လုံးပြူး၍သွားပြီး

'ဘုရား . . ဘုရား။ မျက်လုံး ဘာမှုမမြင်တဲ့လူကြီးက ဒီအထိ စီစဉ်ထားတယ် ဟုတ်လား'

'ဟုတ်တယ် ဒေါက်တာဥက္ကာ။ ကျွန်တော်တို့ တားနိုင်သမျှ တားရမယ်'

ရုတ်တရက် တံခါးပွင့်လာသည်။

စစ်ရန်နိုင် သေနတ်ဖြင့် ထိုးချိန်လိုက်၏။

ဒီဗွကို တံခါးဝ၌ မြင်လိုက်ရသည်။ တံခါးဘောင်ကို အားပြု၍ မှီပြီးရပ်နေသည်။ နာကျင်လွန်းလှသည့် ဝေဒနာကြောင့် ဒီဗွသည် နှုတ်ခမ်းကိုသွားဖြင့် ဖိကိုက်ထားသည်။

သူ၏မျက်နှာပေါ်၌ အမာရွတ်များ၊ အစင်းကြောင်းများဖြင့် ပြည့်နှက်၍နေ၏။ ထို့ပြင် ယောင်းလောင်းပေါက်ဖြစ်နေသော မျက်လုံး နှစ်လုံးက ကြောက်မက်ဖွယ်ရာအတိ ဖြစ်နေသည်။

ဒီဗွက အံကို တင်းတင်းကြိတ်လျက် ပြောသည်။

'ဒေါက်တာစစ်ရန်နိုင်။ ကျုပ် စီစဉ်ထားတာတွေလုပ်လို့ မရနိုင်အောင် မင်းက အချိန်ဆွဲထားတယ်။ ဒါပေမယ့် မင်းထင်သလို





မလုပ်နိုင်တော့ဘူးဆိုတာ မရှိဘူး။ ကျုပ်က အချက်ပေးသကော်ဗာကို တိုပ်ခွေထဲမှာ ကြိုပြီး အသံသွင်းထားတယ်။ မင်း ကျုပ်ရဲ့နဖူးကြောကို အပ်နဲ့ထိုးသွင်းလိုက်ချိန်မှာပဲ အချက်ပေးသရော်တကို အော်တိုမက်တစ် အသံလွှင့်ပြီးသားဖြစ်နေပြီ။ မင်း ကျုပ်ကို တားလို့ရမယ်များထင်နေသလား . . စစ်ရန်နိုင်။ ဟား . . ဟား . . ဟား . . ဘယ်သူမှ ကျုပ်ကို တားလို့မရတော့ဘူး . . ဟား . . ဟား . . ဟား'

ဒီဗွက ရူးသွပ်ဖောက်ပြန်သူတစ်ဦးကဲ့သို့ ခေါင်းမော့၍ အဆင်မပြတ် ရယ်မောနေသည်။

ထိုအချိန်မှာပင် . . .

ရဲဘော်ဖွဲ့မှ မော်တော်များ၏ ဥဩဆွဲသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

ဒီဗွက အသံကြားရာဘက်သို့ ခေါင်းကိုစောင်းငဲ့လိုက်ပြီး

'ဒါ . . ဘာသံတွေလဲ။ ဘာသံတွေလဲ'

စစ်ရန်နိုင်က ဒေါက်တာဥက္ကာဘက်သို့လှည့်၍ . . .

'ရဲမော်တော်တွေ၊ ဘာဖြစ်လို့ ခပ်မြန်မြန် ရောက်လာကြတာလဲ'

ဒေါက်တာဥက္ကာက ပြုံး၍ . . .

'ကျွန်တော် ဒီကို လိုက်မလာခင်ကတည်းက ဖုန်းဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားထားခဲ့တယ်လေ'

စစ်ရန်နိုင်က ခေါင်းညိတ်၍ . .

'ခင်ဗျား . . တကယ်တော်တဲ့လူပဲ'

သျှားသက်ညိုက . .

'အားလုံးကိစ္စပြီးသွားပြီလို့ ထင်တယ် . .'

'အင်း . . ကိုယ်လည်း၊ အားလုံးပြီးသွားပြီလို့ ထင်တယ်'

ကျော်လွင်မိုးက ခြေတစ်ဘက်ဖြင့် ကော်ဇောကို ဆွဲကန်လိုက်သည်။ သျှားသက်ညို ကော်ဇောပေါ်လဲကျသွားသည်။ ကျော်လွင်မိုးက စစ်ရန်နိုင်ထံသို့ ခုန်အုပ်လိုက်၏။

စစ်ရန်နိုင်၏ အော်တိုမက်တစ်ပစ္စတိုမှ ကျယ်လောင်စွာ အသံထွက်သွားသည်။ ကျော်လွင်မိုးစားပွဲပေါ်သို့ မှောက်လျက်သား လဲကျသွားသည်။ စားပွဲပေါ်၌ အရက်များစီး၍ ကျလာသည်။ ဝိုင်ပုလင်းအနီမှ အရက်များသည် ကော်ဇောပေါ်သို့ ကျ၍နီရဲ၍သွားပေသည်။

ဒေါက်တာဥက္ကာ အံ့အားသင့်၍နေသည်။

စစ်ရန်နိုင် ဤမျှအထိ လက်မြန်လိမ့်မည်ဟု သူ မထင်မှတ်မိပေ။

စစ်ရန်နိုင်က ဒိဗ္ဗဘက်သို့ လှည့်၍ . .





'ဦးဒိဗ္ဗ . . ကျော်လွင်မိုး သေသလို ခင်ဗျားကော သေချင်သလား၊ ခင်ဗျား သေလို့မရဘူး၊ တရားဥပဒေအရ အရေးယူခံရလိမ့်မယ်'

ဒိဗ္ဗက အက်ကွဲသံကြီးဖြင့် တစ်ချက်ရယ်လိုက်၏။

'ကျုပ်က မင်းပြောတဲ့နည်းနဲ့ ဘယ်တော့မှ အသေမခံဘူး။ စစ်ရန်နိုင်'

ဒိဗ္ဗသည် အံကိုကြိတ်၍ တစ်စုံတစ်ခုကို ဖိပြီးဝါးလိုက်သည်။

သူ၏မျက်နှာမှာ ပြုံး၍လာသည်။ ကြောက်စရာအလွန်ကောင်းသော အပြုံးမျိုးဖြစ်သည်။

စက္ကန့်ပိုင်းအတွင်းမှာ ဒိဗ္ဗ၏ အပြုအမူကို နားလည်လိုက်၏။ ဒိဗ္ဗထံသို့ စစ်ရန်နိုင် ခုန်ဝင်သွားပြီး ဒိဗ္ဗ၏ ပါးစပ်ကို ဆွဲဟလိုက်၏။ ပြီးနောက် လျှင်မြန်စွာပင် ပါးစပ်ထဲမှ မျိုလိုက်သော ပစ္စည်းအား ဆွဲထုတ်လိုက်သည်။

ဒိဗ္ဗ၏လက်ကို လှိမ်ချိုးလိုက်ပြီး လက်ထိပ်ခတ် လိုက်သည်။

လူဆိုးလူမိုက်များအား ဥပဒေ၏စီရင်မှုကို နာခံရန်အတွက် စစ်ရန်နိုင်တို့တွင် တာဝန်ဆိုသည်ဟုခံယူထားကြသည်က အစဉ်အလာတစ်ရပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဥက္ကာက ထိုင်ခုံ၌ထိုင်လိုက်သည်။ ဖန်ခွက်တစ်လုံးကိုယူ၍ အရက်ပုလင်းထဲမှ အရက်များလောင်းထည့်လိုက်သည်။ ခြေနှစ်ဘက်ကိုချိတ်၍ ဖန်ခွက်ကိုမြှောက်ပြလိုက်ပြီး မော့သောက်လိုက်လေသည်။

× × × × ×

မီးထွက်မတတ် နီရဲနေသည့် မျက်လုံးအစုံဖြင့် ဦးချိန်မင်းက အောင်မင်းဟန်ကို စိုက်၍ကြည့်နေသည်။

အောင်မင်းဟန်မှာ ခေါင်းငိုက်စိုက်ကျ၍ နေ၏။

ဦးချိန်မင်းက . .

'ဟေ့ကောင် . . ပြောစမ်း'

အောင်မင်းဟန်က လေးတွဲ့စွာဖြင့် တစ်လုံးခြင်းပြောသည်။

'ကျွန်တော် ခင်ဗျားတို့ကို အားလုံးအမှန်အတိုင်း ပြောပြီးပြီ။ ဒါ့ထက်ပိုပြီး နောက်ထပ် ပြောစရာ စကားမရှိတော့ဘူး။ ခင်ဗျားတို့ မယုံလည်း ဘာမှမတတ်နိုင်တော့ဘူး။ ရေအောက်ပေါက်ကွဲမှုဖြစ်လာလိမ့်မယ်။ ဒီလှိုင်းတွေ တက်လာတော့မယ်'

'ဟား . . ဟား . . ဟား . . ဟား မင်းရူးနေပြီလား



'ဟား . . ဟား . . ဟား . . ဟား မင်းရူးနေပြီလား အောင်မင်းဟန်။ သေရခါနီးလို့ သွေးရူးသွေးတန်းတွေ လျှောက်ပြောနေတာလား။ ငါတို့နေတဲ့ အခုနေရာကို ဘယ်ဒီရေမှ မရောက်နိုင်ဘူးကွ သိရဲ့လား . . ဟား . . ဟား . . ဟား . . ဟား'

ဦးချိန်မင်းက ကိုယ့်ကိုကိုင်း၍ အဆက်မပြတ် ရယ်နေသည်။

ရုတ်တရက် လေပြင်းများ တဝေါဝေါဖြင့် မြည်သံပေး၍ တိုက်ခတ်လာသည်။ တံခါးရွက်များ တဂျိုင်းဂျိုင်းမြည်၍ ရိုက်ခတ်ကုန်သည်။

မုန်တိုင်း၏ရှေ့ပြေးလေ တိုက်ခတ်လာပေပြီ။

တံခါးမကြီးကို ဖွင့်၍ကြည့်သည်။ ပင်လယ်ပြင်သည် သိသာစွာထူးခြား၍နေသည်။ ပင်လယ်ပျော်ငှက်များ ထိတ်လန့်စွာအော်ဟစ်ပြီး ကမ်းခြေသို့ ပျံသန်းလာကြသည်။

အဝေးဘက်ပင်လယ်ပြင်မှ ဒီလှိုင်းများလာနေသည်ကို မြင်ရသည်။

လှိုင်းခေါင်းဖြူများ ပင်လယ်ပြင်၌မြင့်တက်၍ လျှင်မြန်စွာလာနေပေသည်။ လှိုင်းခေါင်းဖြူများသည် ကောင်းကင်ယံသို့ မြင့်မားစွာထိုးတက်လာနေကြသည်။

လှိုင်းလုံးကြီးများ၏ အမြင့်သည် ပေရှစ်ဆယ်ကျော်အထိ



www.burmeseclassic.com

www.burmeseclassic.com



မြင့်တက်၍လာသည်။ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသော လှိုင်းလုံးများသည် အရှိန်အဟုန်ဖြင့် ကမ်းခြေသို့ လျှင်မြန်စွာပြေးလွှားလာနေကြသည်။

'ဘုရား . . ဘုရား . .။ ဘာတွေဖြစ်ကုန်ပြီလဲ'

ဦးချိန်မင်း ထိတ်လန့်စွာ အော်ဟစ်လိုက်၏။ သူတို့လူစုဤနေရာမှပေးရန် ကြံရွယ်လိုက်ကြ၏။

သို့သော် သူတို့လူစု လွန်စွာနောက်ကျသွားကြပေပြီ။

ဒီလှိုင်းလုံးကြီးများသည် အရှိန်အဟုန်ဖြင့် ကမ်းခြေပေါ်သို့ ထိုး၍တက်လာပေသည်။

ဆိပ်ကမ်းရှိလှေငယ်များ၊ လွင့်ပျံထွက်ကုန်သည်။ ပင်လယ်ထဲမှ ရေငုပ်သင်္ဘောဟောင်းကြီး မြောက်တက်သွားပြီး ကမ်းခြေပေါ်သို့ ရောက်သွားသည်။ အဆောက်အဦးများမှာ ကျိုးပဲ့ပျက်စီးကုန်သည်။ တံခါးများပွင့်ထွက်၍ လွင့်စဉ်ပြီး ကမ်းခြေပေါ်သို့ကျကုန်သည်။

အခန်းတွင်း၌ ရှိနေကြသည့် ဦးချိန်မင်းတို့လူစုသည် မတ်တက်ရပ်မနေနိုင်တော့။ နံရံကိုလက်ဖြင့်ကိုင်ပြီး ထိန်းထားကြရသည်။ တဝေါဝေါဖြင့် မြည်ဟီးသံကြီးများ ကျယ်လောင်စွာထွက်ပေါ်လာသည်။ 'ဝုန်း'ခနဲ ဒီလှိုင်းကြီးတစ်လုံးက ဆောင့်၍တိုက်ခတ်လိုက်သည်။ တံခါးများ၊ အဆောက်အဦးနံရံများ ပွင့်ထွက်သွားပြီး အခန်း





တွင်းရှိ လူအချို့ အော်ဟစ်ရင်း ရေလှိုင်းလုံးကြီးများကြား၌ မျောပါသွားကြသည်။

နောက်ထပ် ဒီလှိုင်းလုံးကြီးတစ်လုံး သူတို့နေသောစားသောက်ခန်းကို ရိုက်ချလိုက်၏။ အမိုးများပြုတ်ထွက်ကုန်သည်။ စားပွဲ၊ ကုလားထိုင်၊ ဘီရိုများ မျောပါကုန်သည်။ နံရံအားလုံး တုန်ခါ၍ ပြိုကျလာသည်။

အောင်မင်းဟန်က ဒီလှိုင်းကြီးများကို မျက်လုံးပြူးမျက်ဆန်ပြူးကြည့်၍ အော်လိုက်သည်။

'ခင်ဗျားတို့ မြင်ကြပြီ မဟုတ်လား။ ကျုပ်ပြောတာမှန်တယ်မဟုတ်လား။ ကျုပ်ပြောတာ . .'

ရေလှိုင်းလုံးများက အောင်မင်းဟန်၏ခန္ဓာကိုယ်ကို ရိုက်ချလိုက်သည်။ အောင်မင်းဟန်မှာ အရုပ်တစ်ခုနှယ် ရေထဲ၌ မျောပါ၍ ပျောက်ကွယ်သွားသည်။

ဒီလှိုင်းလုံးကြီးများသည် တောင်ကုန်းပေါ်အထိ တိုးတက်လာကြသည်။ မိနစ်အနည်းငယ်အတွင်းမှာပင် ဒီလှိုင်းများ ပင်လယ်ပြင်သို့ ပြန်ဆင်းကြသည်။

ကမ်းခြေတစ်လျှောက် ပတ်ဝန်းကျင်၌ မည်သည့်အရာမျှ ရှိမနေ။ သစ်ပင်တစ်ပင်မျှပင် မမြင်ရတော့။ အရာအားလုံး ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com

ပြင်သို့ ပြန်ဆင်းသွားကြသည်။

ကမ်းခြေတစ်လျှောက် ပတ်ဝန်းကျင်၌ မည်သည့်အရာမျှ ရှိမနေ။ သစ်ပင်တစ်ပင်မျှပင် မမြင်ရတော့။ အရာအားလုံး ဖြောင်တလင်းခါ၍ တိတ်ဆိတ်ငြိမ်သက်နေပေသည်။

ဦးချိန်မင်းနှင့် သူ၏ကျန်ရှိနေသေးသူများ ဒီလှိုင်းလုံးများနှင့် အတူပင်လယ်ထဲသို့မျောပါသွားကြသည်။ မည်သူတစ်ဦး တစ်ယောက်၏ အရိပ်အရောင်ကိုမျှ မမြင်တွေ့နိုင်တော့ပေ။

× × × × × × ×



အခန်း (၂၃)

လက်ထောက်အရာရှိတစ်ဦးက အစိမ်းရောင်ဖိုင်တွဲတစ်ခု စားပွဲပေါ်သို့ လာ၍တင်သည်။

ဦးထွန်းပိုင်က မော့ကြည့်၍ . . .

'ဘာသတင်းတွေလဲ။ နောက်ထပ် ဘာထူးသေးသလဲ'

လက်ထောက်အရာရှိက . . .

'ဘချုပ်က ငြိစ္ဆာအဖွဲ့နဲ့ပတ်သက်တဲ့ နောက်ဆက်တွဲ


www.burmeseclassic.com

www.burmeseclassic.com

ဓာတ်လမ်းနဲ့ပတ်သက်ပြီး ပြောတယ်။ ဘယ်လို အဆုံးသတ်တယ်ဆိုတာ သိချင်တယ်လို့ မေးနေပါတယ်'

'ဦးထွန်းပိုင်က ထိုင်ခုံ၌ ကျောမှီလိုက်ပြီး . . '

'ငါတို့က ဘယ်လိုမှ အဆုံးသတ်ပေးနိုင်မှ မဟုတ်ဘူး။ အနောက်ဘက် ကမ်းရိုးတန်းကို ဒီလှိုင်းတွေတက်လာတယ်။ ပင်လယ်အောက်မှာ မီးတောင်ပေါက်ကွဲတာကြောင့် ဒီလှိုင်းတွေမြင့်တက်လာတာဖြစ်မယ်။ ဒါ့ထက်ပိုပြီး ငါတို့ ဘာမှ မသိရသေးဘူး'

'ဆရာပြောတဲ့အတိုင်းပဲ ပြန်ပြောလိုက်မယ်'

'အဲဒါ အကောင်းဆုံးပဲ . .'

× × × × ×

ဒေါက်တာဥက္ကာက ပြုံးရယ်၍ပြောသည်။

'အသည်းထိတ် ရင်တုန်စရာကောင်းတဲ့ ဒီလိုညမျိုးရဲ့ အတွေ့အကြုံကိုတော့ ကျွန်တော်တစ်သက်လုံး မေ့နိုင်တော့မှာ မဟုတ်ဘူး။





ဒီအကြောင်းကို ကျွန်တော့်ရဲ့လူနာတွေ ပြန်ပြောပြရင် သူတို့အနေနဲ့ ယုံမယ်မထင်ဘူး'

စဝ်ရန်နိုင်က . .

'ဖြစ်နိုင်ပါတယ် ဒေါက်တာ'

'နေပါဦး စဝ်ရန်နိုင်။ ခင်ဗျားဟာ ဆရာဝန်အစစ်တစ်ယောက်မှ ဟုတ်ရဲ့လား။ ကျွန်တော်တော့ ခင်ဗျား လုပ်ပုံကိုင်ပုံတွေကို ကြည့်ပြီး မယုံနိုင်အောင်ကို ဖြစ်နေမိတယ်'

စဝ်ရန်နိုင်က ရယ်မောလျက် . . .

'ကဲပါဗျာ။ ကျွန်တော်တို့ ဆိပ်ကမ်းစောင့်ရဲ့အဖွဲ့လာတာကို စောင့်ရင်း အချမ်းပြေ နည်းနည်းပါးပါး သောက်လိုက်ကြရအောင်'

'အကောင်းဆုံး အစီအစဉ်ပါပဲ။ ကျွန်တော့်ရဲ့လူနာတွေကို ထူးဆန်းတဲ့ ဆရာဝန်တစ်ယောက်အကြောင်း ပြောပြရဦးမယ် . .'

အပြင်၌ မြူနှင်းများ ပျောက်ကွယ်၍ သွားပေပြီ။

ကောင်းကင်ယံ၌ ကြယ်ပွင့်ကလေးများ တောက်ပ၍ နေ သည်။


www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦးစားပွဲတွင် အတူတကွ ထိုင်လိုက်ကြသည်။

× × × × ×

ရေနံ့သာဥယျာဉ်အတွင်းရှိ အထည်အဝတ်ပစ္စည်းမျိုးစုံ ရောင်းချသည့် ကုမ္ပဏီကြီးတစ်ခု၏ လှေကားထစ်များအတိုင်း စဝ်ရန်နိုင် တက်လာသည်။

စုံစမ်းရန်ဟူသော ဆိုင်းဘုတ်ကလေးရှေ့၌ ရပ်သည်။

စားပွဲ၌ထိုင်နေသော အမျိုးသမီးငယ်တစ်ဦးက မော့ကြည့်ပြီး တဖြည်းဖြည်းပြုံးသည်။

'ဟော . . ကိုရန်နိုင်ပါလား။ ကျွန်မတို့က ကတ္တီပါမြို့မှာပဲ ရှိဦးမယ်ထင်နေတာ'

'ဦးထွန်းပိုင်ရှိသလား . .'

'ခဏစောင့်ပါ။ ကျွန်မ မေးကြည့်လိုက်မယ်'

သူမက အင်တာကွန်းကိုဖွင့်၍ စကားပြောသည်။





စဝ်ရန်နိုင် အတွင်းဘက် အခန်းသို့ဝင်သွားသည်။ စားပွဲတစ်လုံး၌ ဆေးပြင်းလိပ်ခဲရင်း ဦးထွန်းပိုင် ထိုင်နေသည်ကိုတွေ့ရသည်။

'ထိုင်ပါ . . စဝ်ရန်နိုင်'

စဝ်ရန်နိုင် ထိုင်ခုံတစ်လုံး၌ ထိုင်လိုက်သည်။

ဦးထွန်းပိုင်က တစ်ချက်ပြုံး၍ . .

'ဒီတစ်ကြိမ် မင်းဆောင်ရွက်သွားတာ သိပ်ကောင်းတယ်။ ဘယ်သူမှ မထင်မှတ်နိုင်လောက်အောင်ကို ပိရိသေသပ်တယ်။ ဗြိဿာ အဖွဲ့ခေါင်းဆောင်လည်း ပျောက်ကွယ်သွားပြီ။ သူ့အဖွဲ့လည်း ပြိုကွဲသွားပြီ . .'

စဝ်ရန်နိုင်က . .

'ဒီဖွဲ့ကို ဥပဒေအရအရေးယူဖမ်းဆီး ဆောင်ရွက်နိုင်အောင်လို့ ကြိုးပမ်းခဲ့ကြရတယ်လေ၊ ဒီကောင်က ကျွန်တော်တို့ လက်မဦးရင် သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားသေးတာ . . . ဒါပေမယ့် ဘယ်ရမလဲ တရားဥပဒေအရ အမိန့်ကို နာခံနိုင်အောင် လက်ရဖမ်းဆီးခဲ့ရတယ်လေ'


www.burmeseclassic.com

www.burmeseclassic.com



'ရဲမှူးအတုကျော်လွင်မိုးက ကြံရည်ဖန်ရည်အတော်ကောင်းတဲ့လူပဲ။ သုတေသနရေငုပ်သင်္ဘောတစ်စီးကိုရအောင် ပြန်ပေးဆွဲတယ်။ ဗြိတ္တာအဖွဲ့ကလူတွေကို သင်္ဘောသားအဖြစ်ထည့်တယ်။ ပင်လယ်ထဲမှာ လှုပ်ရှားတယ်။ သူ့ရဲ့လူတွေဟာ အဆိုးသွမ်းဆုံး၊ အရက်စက်ဆုံး ကြေးစားလူဆိုးလူမိုက်းချည်းပဲ'

ဦးထွန်းပိုင်က . . .

'အချိန်တန်တော့၊ ဥပဒေဘက်တော်သားတွေကပဲ အနိုင်ရလိုက်တယ် မဟုတ်လား'

'ဒါပေမယ့် ဒီဗွက သူလုပ်ချင်တာ လုပ်သွားနိုင်ခဲ့တယ်။ ရေဒီယိုအချက်ပေးစနစ်နဲ့ နူထရွှန်ဗုံးကို ဖောက်ခွဲသွားနိုင်ခဲ့တယ်'

'ရေစီးကြောင်းတွေကတော့ ဘာမှ မပြောင်းလဲပါဘူး။ ပုံမှန်အတိုင်းပါပဲ။ ဒါပေမယ့် ပေါက်ကွဲမှုအရှိန်ကြောင့် ဒီလှိုင်းတွေတက်တာလောက်တော့ ရှိတယ်။ ဒီဗွက ဒီလှိုင်းတွေတက်လာအောင် ဖောက်ခွဲမယ်လို့ပြောတဲ့အတိုင်း လုပ်သွားခဲ့တယ်'

စစ်ရန်နိုင်က ခေါင်းညိတ်၍ . . .



'ဖောက်ခွဲနိုင်ခဲ့တာကတော့ မှန်ပါတယ်။ ပင်လယ်ရေအောက် ရေစီးကြောင်းတွေ ပြောင်းလဲနိုင်ဖို့အတွက် သူ့အနေနဲ့ ဖောက်ခွဲမှု သုံးခုစလုံးအောင်မြင်မှ ဖြစ်နိုင်မယ်။ ရေငုပ်သင်္ဘောနှစ်စီးပဲ ထွက်သွားနိုင်တယ်။ ရေငုပ်သင်္ဘောယောင်းကြီးတစ်စင်းက ကမ်းခြေနဲ့ မနီးမဝေးမှာ ကျန်ရစ်ခဲ့တယ်။ ဒီသင်္ဘောယောင်းကြီးက ဘာမှအလုပ် မလုပ်ခဲ့ဘူး။ ဒါကြောင့် ဒီဗွရဲ့အကြံအစည် မအောင်မြင်ပါဘူး'

ဦးထွန်းပိုင်က . .

'လောကကြီးမှာ အနိုင်နဲ့ အဆုံးသတ်ရတာ အကောင်းဆုံးပဲ မဟုတ်လား။ ဒါနဲ့ မင်းနဲ့အတူတွဲပြီး အလုပ် လုပ်သွားတဲ့ ကောင်မလေးက ဘယ်သူလဲ'

'သူ့နာမည်က သျှားသက်ညိုပါ'

ဦးထွန်းပိုင်က ပြုံး၍ . . .

'သျှားသက်ညိုလည်း တော်ပါတယ်။ သူလည်း အကောင်းဆုံး အလုပ် လုပ်သွားနိုင်ခဲ့တယ်။ လှလည်း တော်တော်လှတဲ့ ကောင်မလေးပဲ'

စစ်ရန်နိုင် ပြုံးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သျှားသက်ညို၏ မျက်နှာလေးကို မြင်လာမိသည်။

ညနေစောင်းပေတော့မည်။

ဦးထွန်းပိုင်နှင့် စစ်ရန်နိုင်တို့ လှေကားမှအတူ ဆင်းလာကြသည်။

သူတို့နှစ်ဦးစလုံး၏ မျက်နှာများပြုံးနေကြသည်။

ဗြိစ္ဆာအဖွဲ့အပေါ် အောင်နိုင်မှုအတွက် အပြုံးများပင်ဖြစ်သည်။

ဗြိစ္ဆာမှတ်တမ်းကား ဤကမ္ဘာမြေပြင်ပေါ်မှ လုံးဝကွယ်ပျောက်သွားခဲ့ပြီ ဖြစ်ပေတော့သည်။

ပြီး။

ဇော်ထက်အောင်


www.burmeseclassic.com